ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျေးလက်ဒေသများ၊ ကျောင်းများနှင့် ဆေးရုံဆေးပေးခန်းများ ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ

# ရင်းနှီးမြှုပ်နှံမှု အစီအစဉ်

# (၂၀၁၆ - ၂၀၃၀)

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

# ကျေးလက်ဒေသများ၊ ကျောင်းများနှင့် ဆေးရုံဆေးပေးခန်းများ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ

## ရင်းနှီးမြှုပ်နှံမှုအစီအစဉ်
## (၂၀၁၆-၂၀၃၀)

၂၀၁၆ ခု၊ အောက်တိုဘာလ

# ဥယျောဇဉ်

၁။ ကျေးလက်ဒေသများ၊ ကျောင်းများနှင့် ဆေးရုံဆေးပေးခန်းများ ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ကို ၂၀၁၄ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ၏ ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ အကဲဖြတ်ဆန်းစစ်ချက်၊ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတို့တွင် ဖော်ပြထားသည့် အချက်အလက်များနှင့် ၂၀၁၄ ခုနှစ်နောက်ပိုင်း ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများကို အခြေခံ၍ ရေးဆွဲပြုစုထားပါသည်။

၂။ ဤမဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ကို " စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၏ အခြေခံပညာဦးစီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အခြားလုပ်ငန်းအဖွဲ့ဝင် ဌာနအသီးသီးနှင့် ယူနီဆက် "တို့ ပူးပေါင်းပြုစုထားခြင်းဖြစ်ပါသည်။ မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်အား ပြည်နယ်/တိုင်းဒေသကြီးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများပါဝင်သော အလုပ်ရုံဆွေးနွေးပွဲများကို နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတို့တွင် ကျင်းပခဲ့ပြီး တက်ရောက်လာကြသူများထံမှ အကြံဉာဏ်များ ရယူ ထည့်သွင်းရေးဆွဲထားပါသည်။

၃။ ဖော်ပြပါမဟာဗျူဟာနှင့်ရင်းနှီးမြှုပ်နှံမှုအစီအစဉ်သည် ကျေးလက်ဒေသများ၊ ကျောင်းများ အားလုံး၊ မြို့နယ်ဆေးရုံဆေးပေးခန်းများတွင် သန့်ရှင်းသောသောက်သုံးရေ ရရှိရေးကို ရည်ရွယ်၍ ရေးဆွဲထားပါသည်။ ထို့အပြင် အဆိုပါနေရာများအသီးသီးတွင် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးကဏ္ဍများကိုလည်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရည်ရွယ်ရေးဆွဲထားပါသည်။ အရေးပေါ်အခြေအနေများအတွက်လည်း လွှမ်းခြုံပါဝင်ပါသည်။

၄။ ရေးဆွဲပြုစုထားသော မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်သည် ကျေးလက်နေပြည်သူများ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေးအမူအကျင့်များ မြှင့်တင်နိုင်ရန်အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် လမ်းပြမြေပုံလည်း ဖြစ်ပါသည်။ ၂၀၃၀ ပြည့်နှစ်အရောက်တွင် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အကူဖြစ်စေမည် ဖြစ်ပါသည်။

၅။ ကျေးလက်ဒေသများ၊ စာသင်ကျောင်းများနှင့် ဆေးရုံဆေးပေးခန်းများ၏ အခြေခံလိုအပ်ချက်ဖြစ်သော သောက်သုံးရေနှင့်သန့်ရှင်းမှုဆိုင်ရာကဏ္ဍများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရည်မှန်းလျက် ပြုစုထားသော ဤမဟာဗျူဟာနှင့်ရင်းနှီးမြှုပ်နှံမှုအစီအစဉ် ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသည့် ဌာနဆိုင်ရာအဖွဲ့စည်းများ၊ အကြံပြုဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ပေးကြသူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ဝိုင်းဝန်းကူညီခဲ့ကြသော ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပအစိုးရမဟုတ်သည့် အဖွဲ့အစည်းများအား မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်းနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်(၆)ပါ ရည်မှန်းချက်များပြည့်မီအောင် အားလုံးအတူတကွ လက်တွဲဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။

ဒေါက်တာအောင်သူ
ပြည်ထောင်စုဝန်ကြီး
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန

ဒေါက်တာမျိုးသိမ်းကြီး
ပြည်ထောင်စုဝန်ကြီး
ပညာရေးဝန်ကြီးဌာန

10.2.17
ဒေါက်တာမြင့်ထွေး
ပြည်ထောင်စုဝန်ကြီး
ကျန်းမာရေးနှင့်အားကစား
ဝန်ကြီးဌာန

## မာတိကာ


| စဉ်။ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | အခိပ္ပါယ်ဖွင့်ဆိုချက်များ | xiii |
| | အကျဉ်းချုပ် | ix |
| ၁။ | နိဒါန်း | ၁ |
| ၂။ | လွှမ်းခြုံမည့် နယ်ပယ်နှင့် အတိုင်းအတာ ထည့်ဝင်မှုများနှင့် အချိန်ဇယား | ၇ |
| ၃။ | လက်ရှိလွှမ်းခြုံမှုအခြေအနေ | ၁၅ |
| ၄။ | မျှော်မှန်းချက်ပန်းတိုင်၊ ရည်ရွယ်ချက်များနှင့် လျာထားချက်များ | ၂၁ |
| ၅။ | ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်များ | ၂၇ |
| ၆။ | မတည်ရင်းနှီးမြှုပ်နှံရန် လိုအပ်ချက် | ၄၉ |
| ၇။ | နှစ်စဉ်ကုန်ကျစရိတ်များ | ၆၃ |
| ၈။ | စုစုပေါင်းရန်ပုံငွေ လိုအပ်ချက်နှင့် ရရှိနိုင်မှုအခြေအနေ | ၇၅ |
| ၉။ | ရန်ပုံငွေရရှိရေး မဟာဗျူဟာ | ၈၅ |
| | ကျမ်းကိုးစာရင်း | ၉၅ |
| | နောက်ဆက်တွဲ-၁။ အခိပ္ပါယ် ဖွင့်ဆိုချက်များ | ၉၇ |
| | နောက်ဆက်တွဲ-၂။ တွက်ချက်ပုံနည်းလမ်းများနှင့် အချက်အလက်များ | ၁၀၃ |
| | နောက်ဆက်တွဲ-၃။ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်၏ နောက်ခံအချက်အလက်များ | ၁၁၉ |

## ဇယားများ


| | | |
|---|---|---|
| အချုပ်ဇယား-၁။ | ရေကောင်းရေသန့်ရရှိနိုင်သော ရေပေးရေးစနစ် လိုအပ်သည့် လူဦးရေ (ထောင်ပေါင်း)။ | xiii |
| အချုပ်ဇယား-၂။ | စာသင်ကျောင်းများအတွက် လိုအပ်သော ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာအခြေခံအဆောက်အဦများ (၂၀၁၇-၂၀၃၀)။ | xiii |
| အချုပ်ဇယား-၃။ | ဆေးရုံ၊ ဆေးပေးခန်းများအတွက် လိုအပ်သော ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ အခြေခံအဆောက်အဦများ (၂၀၁၇-၂၀၃၀)။ | xiv |
| အချုပ်ဇယား-၄။ | ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးကဏ္ဍ စီမံခန့်ခွဲရေးအတွက် လိုအပ်မည့် အဖွဲ့/ရုံးအဖွဲ့များ(၂၀၁၇-၂၀၃၀)။ | xv |
| အချုပ်ဇယား-၅။ | ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးကဏ္ဍ လိုအပ်သော ရင်းနှီးမြှုပ်နှံမှုစာရင်းချုပ်(အမေရိကန်ဒေါ်လာ) (၂၀၁၇-၂၀၃၀)။ | xvii |
| ဇယား-၁။ | ရင်းနှီးမြှုပ်နှံမှု အစီအစဉ်တွင် ကုန်ကျစရိတ်ခန့်မှန်းတွက်ချက်ထားသော အစိတ်အပိုင်းများ | ၇ |
| ဇယား-၂။ | ငွေလုံးငွေရင်းနှင့် သာမန်အသုံးစရိတ်များကို ခွဲဝေချထားရန် လိုအပ်ချက်။ | ၁၁ |
| ဇယား-၃။ | ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ကို ကဏ္ဍအလိုက် အကောင်အထည်ဖော်မည့် ကာလ။ | ၁၃ |
| ဇယား-၄။ | ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးစနစ်များ အမျိုးမျိုးရရှိသုံးစွဲနေသော လူဦးရေ (%) | ၁၈ |
| ဇယား-၅။ | ကျန်းမာရေးဌာနများရှိ အခြေခံ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးရရှိမှုအခြေအနေ (%) | ၂၀ |
| ဇယား-၆။ | မဟာဗျူဟာမျှော်မှန်းချက်ပန်းတိုင်၊ရည်ရွယ်ချက်များနှင့် ပါဝင်သော ကဏ္ဍများ။ | ၂၁ |
| ဇယား-၇။ | ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာအခြေခံအချက်အလက်များနှင့် လျာထားချက် (%)။ | ၂၄ |
| ဇယား ၈။ | ရေရရှိရေး လျာထားချက် (%) | ၂၅ |
| ဇယား-၉။ | ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက်ရေပေးရေးစနစ်များ လိုအပ်နေသော လူဦးရေ (ထောင်ပေါင်း) | ၂၆ |

| | | |
|---|---|---|
| ဇယား-၁၀။ | ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ကျေးလက်ဒေသများတွင် ပတ်ဝန်းကျင်သန့်ရှင်းရေးစနစ်များ လိုအပ်နေသော လူဦးရေ (ထောင်ပေါင်း)။ | ၃၃ |
| ဇယား-၁၁။ | ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်များ - ကျေးလက်ဒေသပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးအတွက် နည်းပညာပံ့ပိုးပေးရန်လိုအပ် ချက်များ (၂၀၁၇-၂၀၃၀)။ | ၃၇ |
| ဇယား-၁၂။ | စာသင်ကျောင်းများအတွက် ရေ၊ ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည် သန့်ရှင်းရေး ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များ။ | ၃၉ |
| ဇယား-၁၃။ | ဆေးရုံ၊ ဆေးပေးခန်းများအတွက် ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များ။ | ၄၃ |
| ဇယား-၁၄။ | ရေပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေးကဏ္ဍစီမံခန့်ခွဲရေး အတွက် လိုအပ်သော ရုံး/အဖွဲ့ လိုအပ်ချက်စာရင်း။ | ၄၇ |
| ဇယား-၁၅။ | တိုင်းဒေသကြီး/ပြည်နယ်အလိုက် စိတ်ချရသောသောက်သုံးရေ ရရှိရေးအတွက် မတည်ရင်းနှီးမြှုပ်နှံရမည့် ငွေပမာဏ | ၅၀ |
| ဇယား-၁၆။ | ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေးအတွက်မတည်ရင်းနှီး မြှုပ်နှံရန် လိုအပ်ချက် (အမေရိကန်ဒေါ်လာ(ထောင်ပေါင်း)) | ၅၂ |
| ဇယား-၁၇။ | စာသင်ကျောင်းများတွင် ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည် သန့်ရှင်းရေးအတွက် မတည်ရင်းနှီးမြှုပ်နှံရန်လိုအပ်ချက် (အမေရိကန် ဒေါ်လာ(ထောင်ပေါင်း)) | ၅၆ |
| ဇယား-၁၈။ | ဆေးရုံဆေးပေးခန်းများတွင်ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည် သန့်ရှင်းရေးအတွက် မတည်ရင်းနှီးမြှုပ်နှံရန် လိုအပ်ချက် (အမေရိကန်ဒေါ်လာ (ထောင်ပေါင်း)) | ၅၇ |
| ဇယား-၁၉။ | အရေးပေါ်ကာလများအတွက် ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးဆိုင်ရာ မတည်ရင်းနှီးမြှုပ်နှံရန် လိုအပ်ချက် (အမေရိကန် ဒေါ်လာ(ထောင်ပေါင်း)) | ၅၈ |
| ဇယား-၂၀။ | သက်ဆိုင်ရာ လုပ်ငန်းဌာနများအလိုက် လုပ်ဆောင်မှုစွမ်းရည် မြှင့်တင်ရေးအတွက် မတည်ရင်းနှီးမြှုပ်နှံရန် လိုအပ်ချက် (အမေရိကန်ဒေါ်လာ (ထောင်ပေါင်း)) | ၅၉ |
| ဇယား-၂၁။ | ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေး ကဏ္ဍအတွက်စုစုပေါင်း မတည်ရင်းနှီးမြှုပ်နှံရန် လိုအပ်ချက် (အမေရိကန်ဒေါ်လာ (ထောင်ပေါင်း)) | ၆၀ |

| | | |
|---|---|---|
| ဇယား-၂၂။ | ရေ၊ ပတ်ဂန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေးကဏ္ဍ အစားထိုးပြင်ဆင်ရန် စုစုပေါင်းကုန်ကျမည့်စရိတ် (အမေရိကန်ဒေါ်လာ ထောင်ပေါင်း) | ၆၆ |
| ဇယား-၂၃။ | စာသင်ကျောင်းများအတွက်ရေပတ်ဂန်းကျင်နှင့်တစ်ကိုယ်ရည် သန့်ရှင်းရေးကဏ္ဍ အစားထိုးပြင်ဆင်ရန် စုစုပေါင်းကုန်ကျမည့်စရိတ် (အမေရိကန်ဒေါ်လာ (ထောင်ပေါင်း)) | ၆၈ |
| ဇယား-၂၄။ | ဆေးရုံ/ဆေးပေးခန်းများအတွက်ရေပတ်ဂန်းကျင်နှင့်တစ်ကိုယ်ရည် သန့်ရှင်းရေးကဏ္ဍ အစားထိုးပြင်ဆင်ရန် စုစုပေါင်း ကုန်ကျမည့် စရိတ် (အမေရိကန်ဒေါ်လာ (ထောင်ပေါင်း)) | ၆၉ |
| ဇယား-၂၅။ | အရေးပေါ်အခြေအနေများအတွက် ရေ၊ ပတ်ဂန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးကဏ္ဍ အစားထိုး ပြင်ဆင်ရန် စုစုပေါင်းကုန်ကျမည့်စရိတ် (အမေရိကန်ဒေါ်လာ(ထောင်ပေါင်း)) | ၇၀ |
| ဇယား-၂၆။ | ရေ၊ ပတ်ဂန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးကဏ္ဍစီမံခန့်ခွဲရေး အတွက် အစားထိုး ပြင်ဆင်ရန် စုစုပေါင်း ကုန်ကျမည့်စရိတ် (အမေရိကန်ဒေါ်လာ (ထောင်ပေါင်း)) | ၇၁ |
| ဇယား-၂၇။ | ရေပတ်ဂန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးကဏ္ဍ အားလုံးအတွက် အစားထိုးပြင်ဆင်ရန် စုစုပေါင်းကုန်ကျမည့် စရိတ်စာရင်းချုပ် (အမေရိကန်ဒေါ်လာ (ထောင်ပေါင်း)) | ၇၂ |
| ဇယား-၂၈။ | ရေပတ်ဂန်းကျင်နှင့်တစ်ကိုယ်ရည် သန့်ရှင်းရေးကဏ္ဍ လိုအပ်သောရင်းနှီးမြှုပ်နှံမှုစာရင်းချုပ် (အမေရိကန် ဒေါ်လာ (ထောင်ပေါင်း)) (၂၀၁၇-၂၀၃၀) | ၇၆ |
| ဇယား-၂၉။ | ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ရေပတ်ဂန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးကဏ္ဍ လိုအပ်သော ရင်းနှီးမြှုပ်နှံမှု စာရင်းချုပ် (အမေရိကန် ဒေါ်လာ (ထောင်ပေါင်း)) (၂၀၁၇-၂၀၃၀) | ၇၇ |
| ဇယား-၃၀။ | ပတ်ဂန်းကျင်သန့်ရှင်းရေးကဏ္ဍအတွက် လိုအပ်သော မတည်ရင်းနှီးမြှုပ်နှံမှု ကွာဟချက် စာရင်းချုပ် (အမေရိကန်ဒေါ်လာ (ထောင်ပေါင်း)) | ၈၃ |
| ဇယား-၃၁။ | ကဏ္ဍအား ထိခိုက်လွယ်မှု အလားအလာ ဆန်းစစ်ချက် အဖြေ။ (Results of Sensitivity analysis) | ၉၃ |

## ပုံများ


| | | |
|---|---|---|
| အကျဉ်းချုပ်ပုံ-၁။ | ရေပေးရေးကဏ္ဍအတွက် နှစ်အလိုက် ငွေလုံးငွေရင်းခွင့်ပြု ရံပုံငွေနှင့် လိုအပ်ချက် | xviii |
| အကျဉ်းချုပ်ပုံ-၂။ | ပတ်ဝန်းကျင်သန့်ရှင်းရေး ကဏ္ဍအတွက် နှစ်အလိုက် ငွေလုံး ငွေရင်း ခွင့်ပြုရံပုံငွေနှင့် လိုအပ်ချက် | xviii |
| ပုံ-၁။ | ရင်းနှီးမြှုပ်နှံမှု အစီအစဉ်တွင် ပါဝင်သော အခန်းများ | ၃ |
| ပုံ-၂။ | သွင်းအားစုများနှင့် ရလဒ်များ(ကမ္ဘာ့ဘဏ်၏ တွက်ချက်နည်းအရ) | ၅ |
| ပုံ-၃။ | ၂၀၃၀ ခုနှစ်တွင် ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ သန့်ရှင်းသော သောက်သုံးရေအမျိုးအစားအလိုက် ရရှိသုံးစွဲမှု ရည်မှန်းချက်ပြပုံ (လူဦးရေ ရာခိုင်နှုန်း) | ၃၁ |
| ပုံ-၄။ | ကျေးလက်ဒေသ ပတ်ဝန်းကျင်သန့်ရှင်းရေး ကဏ္ဍတွင် အချိန်နှင့် အမျှ (နှစ် အလိုက်) သုံးစွဲရမည့် မတည်ရင်းနှီး လိုအပ်ချက်ပြပုံ။ | ၅၃ |
| ပုံ-၅။ | ကျေးလက်ဒေသ ရေ၊ ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည် သန့်ရှင်းရေး ကဏ္ဍ၊ မတည်ရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံတော်နှင့်မိသားစုများမှ ပျှမ်းမျှ နှစ်စဉ်ထည့်ဝင် ရမည့် ပမာဏပြပုံ။ (အမေရိကန်ဒေါ်လာ (ထောင်ပေါင်း)) | ၅၄ |
| ပုံ-၆။ | ကျေးလက်ဒေသ ရေရရှိရေးကဏ္ဍ၊ မတည်ရင်းနှီးမြှုပ်နှံမှု (ပစ္စည်း ထောက်ပံ့ခြင်း)တွင်နိုင်ငံတော်အစိုးရ၊မိသားစုများနှင့်အခြားသော အဖွဲ့အစည်းများမှ နှစ်အလိုက် ထည့်ဝင်ရမည့် ပမာဏပြပုံ။ (အမေရိကန်ဒေါ်လာ (သန်းပေါင်း)) | ၅၅ |
| ပုံ-၇။ | စာသင်ကျောင်းများ ရေ၊ ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည် သန့်ရှင်းရေး ကဏ္ဍ၊ မတည်ရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံတော်အစိုးရနှင့်ပြည်သူတို့မှ ပျှမ်းမျှ နှစ်အလိုက် ထည့်ဝင်ရမည့် ပမာဏပြပုံ။ (အမေရိကန်ဒေါ်လာ (ထောင်ပေါင်း)) | ၅၆ |
| ပုံ-၈။ | ဆေးရုံ၊ ဆေးပေးခန်းများ ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေး ကဏ္ဍ၊ မတည်ရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့မှ ပျှမ်းမျှ နှစ်အလိုက်ထည့်ဝင်ရမည့် ပမာဏပြပုံ။ (အမေရိကန်ဒေါ်လာ (ထောင်ပေါင်း)) | ၅၈ |
| ပုံ-၉။ | ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးကဏ္ဍ၊ မတည်ရင်းနှီး မြှုပ်နှံရမည့်အသုံးစရိတ်။(နှစ်စဉ်ရင်းနှီးမြှုပ်နှံရမည့်အမေရိကန်ဒေါ်လာ (သန်းပေါင်း)) | ၆၁ |

ပုံ-၁၀။ ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးကဏ္ဍ၊ စီမံခန့်ခွဲရေး အတွက် မတည်ရင်းနှီး မြှုပ်နှံရမည့်အသုံးစရိတ်။ (အမေရိကန် ဒေါ်လာ (သန်းပေါင်း)) ၆၂
ပုံ-၁၁။ အဖွဲ့အစည်းအသီးသီး၏ ကဏ္ဍအလိုက် နှစ်စဉ် မတည်ရင်းနှီး မြှုပ်နှံရမည့် အသုံးစရိတ်။ (အမေရိကန်ဒေါ်လာ (ထောင်ပေါင်း)) ၆၂
ပုံ-၁၂။ ကျေးလက်ဒေသ ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေး ကဏ္ဍအတွက် ပတ်သက်ဆက်နွယ်သူအသီးသီးမှ နှစ်စဉ်ထည့်ဝင် ရမည့် အစားထိုး ပြင်ဆင်စရိတ်။ ၆၇
ပုံ-၁၃။ စာသင်ကျောင်းများ ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး ကဏ္ဍအတွက် ပတ်သက်ဆက်နွယ်သူအသီးသီးမှ နှစ်စဉ် ထည့်ဝင် ရမည့် အစားထိုး ပြင်ဆင်စရိတ်။ ၆၈
ပုံ-၁၄။ ဆေးရုံ၊ဆေးပေးခန်းများ ရေ၊ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး ကဏ္ဍအတွက် ပတ်သက်ဆက်နွယ်သူ အသီးသီးမှ နှစ်စဉ်ထည့်ဝင်ရမည့် အစားထိုး ပြင်ဆင်စရိတ်။ ၇၀
ပုံ-၁၅။ နှစ်စဉ်ထည့်ဝင်ရမည့် အစားထိုး ပြင်ဆင်စရိတ် စာရင်းချုပ်။ ၇၃
ပုံ-၁၆။ (က)၊ (ခ)။ ကျေးလက်ဒေသ ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးကဏ္ဍအတွက် ဘဏ္ဍာငွေရရှိနိုင်မှုနှင့် လိုအပ်ချက် အခြေအနေ။ ၇၉
ပုံ-၁၇။ ကျေးလက်ဒေသ ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲရေးအတွက် ဘဏ္ဍာငွေ ရရှိနိုင်မှုနှင့် လိုအပ်ချက် အခြေအနေ။ ၈၁
ပုံ-၁၈။ ကျေးလက်ဒေသ၊ စာသင်ကျောင်းများနှင့် ဆေးရုံ၊ ဆေးပေးခန်း များ၏ ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးကဏ္ဍ အတွက် နှစ်အလိုက် လိုအပ်သော ဘဏ္ဍာငွေအခြေအနေ။ (က) မတည်ရင်းနှီးရန်ပုံငွေ။ ( ခ ) နှစ်စဉ်အစားထိုးပြင်ဆင်စရိတ်နှင့် ( ဂ ) နှစ်ရပ်ပေါင်း လိုအပ်ရန်ပုံငွေ အခြေအနေ။ ၈၇-၈၈

**နောက်ဆက်တွဲ ဇယားများ**


| | | |
|---|---|---|
| ဇယား-၂:၁။ | မြန်မာနိုင်ငံဆိုင်ရာအချက်အလက်များ | ၁၀၈ |
| ဇယား-၂:၂။ | ကျေးလက်ဒေသများအတွက် ရေရရှိရေး နည်းလမ်းများ။ | ၁၀၉ |
| ဇယား-၂:၃။ | စာသင်ကျောင်းများ၏ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးဆိုင်ရာ အချက်အလက်များ။ | ၁၁၀ |
| ဇယား-၂:၄။ | ဆေးရုံဆေးပေးခန်းများ၏ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးဆိုင်ရာ အချက်အလက်များ။ | ၁၁၂ |
| ဇယား-၂:၅။ | ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ စနစ်တစ်ခုခြင်း၏ ကုန်ကျစရိတ်များ။ | ၁၁၃ |
| ဇယား-၂:၆။ | အခြားစနစ်တစ်ခုချင်းစီ၏ ဈေးနှုန်းများ။ | ၁၁၅ |
| ဇယား-၃:၁။ | ပုံပိုးမှု အမျိုးအစားများ။ | ၁၁၉ |

## အစိပ္ပါယ်ဖွင့်ဆိုချက်များ

## Acronyms and abbreviations

| | | |
|---|---|
| CLTS | ရပ်ရွာလူထုဦးဆောင်သော အလုံးစုံသန့်ရှင်းရေး |
| DHREP | လူ့စွမ်းအား အရင်းအမြစ်နှင့် ပညာရေးစီမံကိန်းဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန<br>Department of Human Resources and Education Planning, MoE |
| DBE | အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန<br>Department of Basic Education, MoE |
| DPH | ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန<br>Department of Public Health, MoHS |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>Department of Rural Development |
| DEWATS | မိလ္လာပိုက်လိုင်းနှင့် ဆက်စပ်မှုမရှိသော ရေဆိုးသန့်စင်စနစ်<br>Decentralized Wastewater Treatment System |
| ESD | ပတ်ဝန်းကျင်သန့်ရှင်းရေးဌာနစိတ်<br>Environmental Sanitation Division |
| GoM | ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရ<br>Government of the Republic of the Union of Myanmar |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန<br>Ministry of Agriculture, Livestock and Irrigation |
| MoE | ပညာရေးဝန်ကြီးဌာန<br>Ministry of Education |
| MoHS | ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန<br>Ministry of Health and Sport |
| O&M | လုပ်ငန်းလည်ပတ်စေခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း<br>Operation and Maintenance |
| ODF | ပတ်ဝန်းကျင်၌အပေါ့အလေးသွားခြင်းကို ပပျောက်အောင်ဆောင်ရွက်ခြင်း<br>Open Defecation Free |
| TDC | မြို့နယ်စည်ပင်သာယာရေးကော်မတီ<br>Township Development Committee |
| WASH | ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေး<br>Water, Sanitation and Hygiene |
| WWT | ရေဆိုးသန့်စင်စနစ်<br>Wastewater Treatment |
| UNICEF | ကုလသမ္မဂ္ဂကလေးများရန်ပုံငွေအဖွဲ့<br>United Nations Children's Fund |
| WHO | ကမ္ဘာ့ကျန်းမာရေးအဖွဲ့<br>World Health Organization |
| WSP | ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးအစီအစဉ်၊ ကမ္ဘာ့ဘဏ်<br>Water and Sanitation Program, World Bank |

# အကျဉ်းချုပ်

ကျေးလက်ဒေသများ၊ ကျောင်းများနှင့်ဆေးရုံဆေးပေးခန်းများ ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ မဟာဗျူဟာ၏ မျှော်မှန်းချက် ပန်းတိုင်နှင့် ရည်ရွယ်ချက်များပြည့်မီပြီး ရေရှည်တည်တံ့နေစေရန် ကုန်ကျမည့်စရိတ်များကို ဤရင်းနှီးမြှုပ်နှံမှု အစီအစဉ်၌ ဖော်ညွှန်းထားပါသည်။ အစီအစဉ်တွင် ကျေးလက်ဒေသရှိ ကျေးရွာများအားလုံး၊ မြို့ရွာများရှိ အထက်တန်း၊အလယ်တန်းနှင့် မူလတန်းကျောင်းများအားလုံး၊ကျေးလက်ကျန်းမာရေးဆေးပေးခန်း/ခွဲများမှ မြို့နယ်ဆေးရုံများအထိ ဆေးရုံ/ ဆေးပေးခန်းများနှင့် အရေးပေါ်ကာလ အခြေအနေများအတွက် ရေရရှိရေး၊ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး ကဏ္ဍကို လွှမ်းခြုံထားပါသည်။ လိုအပ်မည့် မတည်ရင်းနှီးငွေနှင့် နှစ်စဉ်လိုအပ်သောရန်ပုံငွေများ၊ ရန်ပုံငွေ ရရှိနိုင်မည့် အရင်းအမြစ်များ (ဥပမာ- အစိုးရ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်များထံမှ ချေးငွေနှင့် ထောက်ပံ့ငွေများ စသည်တို့)နှင့် ရန်ပုံငွေရရှိနိုင်မှုနှင့် ထပ်မံလိုအပ်ချက်များကို ဤအစီအစဉ်၌ ခန့်မှန်းတွက်ချက်ဖော်ပြထားပါသည်။

ရင်းနှီးမြှုပ်နှံမှု အစီအစဉ်ကို တွက်ချက်ပြင်ဆင်ရာတွင် အချက်အလက်များစွာ လိုအပ်ပါသည်။ လိုအပ်သော အချက်အလက်များကို ပြည့်စုံစွာမရနိုင်သော အခြေအနေများ၌ ဖြစ်နိုင်ခြေများအပေါ် ယူဆချက်များချမှတ်၍ ကုန်ကျနိုင်မည့် တန်ဘိုးများကို ခန့်မှန်းတွက်ချက်မှုများ ပြုလုပ်ထားပါသည်။

# အစီအစဉ်ရေးဆွဲမှုကာလနှင့် အဆင့်ဆင့်သတ်မှတ်ခြင်း

ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး ကဏ္ဍအတွက် ၂၀၃၀ ခုနှစ်အထိ ပြုလုပ်မည့် လုပ်ငန်းစဉ်များနှင့် ဘဏ္ဍာငွေသုံးစွဲရေးအတွက် မှီငြမ်းနိုင်ရန် ဤရင်းနှီးမြှုပ်နှံမှု အစီအစဉ်ကို ပြုစုထားခြင်းဖြစ်ပါသည်။ ၂၀၁၆-၂၀၁၈ ခုနှစ် ကာလကို “အသွင်ကူးပြောင်းရေး ကာလ” ဟု သတ်မှတ်ထားပါသည်။ ယင်းအချိန်ကာလ၌ ဌာနနှင့်အဖွဲ့အစည်းများဆိုင်ရာ အစီအမံများကို ပြုလုပ်ဆောင်ရွက်ခြင်း၊ ရန်ပုံငွေများ ရရှိအောင် ဆောင်ရွက်ခြင်းနှင့် အခြားအစပြုဆောင်ရွက်ရမည့် လုပ်ငန်းများကို အဓိကထားဆောင်ရွက်ရန်ဖြစ်ပါသည်။ ၎င်းတို့ အပေါ်မူတည်၍ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးအတွက် ဝန်ဆောင်မှုများပြုလုပ်ရာ၌ စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန် ဖြစ်ပါသည်။

## လက်ရှိလွှမ်းခြုံမှုနှင့် ထပ်မံလိုအပ်မှုဆိုင်ရာ အခြေအနေ

ဤရင်းနှီးမြှုပ်နှံအစီအစဉ်ကို ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ လက်ရှိလွှမ်းခြုံမှုအခြေအနေနှင့် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူချက်နှင့် နောက်ဆုံးရရှိသော အချက်အလက် အစုများပေါ် မူတည်၍ ရေးဆွဲပြုစုထားပါသည်။ ကျောင်းများနှင့် ဆေးရုံးဆေးပေးခန်းဆိုင်ရာ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့်ပတ်သက်သော အချက်အလက်များကို အခြေခံပညာဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ပံ့ပိုးထားပါသည်။ ကျေးလက်ဒေသများ၊ ကျောင်းများနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ မဟာဗျူဟာမှ ၂၀၃၀ ခုနှစ် တွင် ရာနှုန်းပြည့် လွှမ်းခြုံမှု ရှိစေရန်ဟု လျာထားချက်ချမှတ်ထားပါသည်။ ဤသို့ပြည့်မီရန် တွက်ချက်ရာတွင် မပြည့်စုံသော အချက်အလက်များနေရာ၌ ယူဆချက်အချို့တို့ကို ထည့်သွင်းထားရပါသည်။ အသေးစိတ်ကို ဤအစီအစဉ်၏ အဓိကအခန်းများ၌ ဖော်ပြထားပါသည်။

လက်ရှိအခြေအနေတွင် ၆၁% သော ကျေးလက်နေပြည်သူများသည် ရေရရှိရေး လွှမ်းခြုံမှုရှိပြီး ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ လွှမ်းခြုံမှုမှာ ၆၇% ဖြစ်ပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ လွှမ်းခြုံမှုများသည် တစ်ခုနှင့်တစ်ခု ကွာဟချက်များ ရှိနေပါသည်။

ရေရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ရာနှုန်းပြည့်မီရန် လွှမ်းခြုံမှု ထပ်မံလိုအပ်မည့် လူဦးရေကို အကျဉ်းချုပ်ဇယား-၁ တွင် ဖော်ပြထားပါသည်။ ထို့အပြင် အောက်ပါတို့လည်း ပံ့ပိုးဆောင်ရွက်ရန် လိုအပ်ပါသည်-

- ❖ ကျေးရွာပေါင်း(၆၃၈၉၉)ရွာ၌ ပတ်ဝန်းကျင်တွင် အပေါ့အလေးစွန့်ခြင်း ပပျောက်စေ၍ ၎င်းကို စစ်ဆေးအတည်ပြုခြင်း၊
- ❖ ပြည်နယ်နှင့် တိုင်းဒေသကြီး(၁၄)ခုတွင် ပုဂ္ဂလိကအခန်းကဏ္ဍ တိုးတက်စေ၍ အသုံးပြုဆဲ အိမ်သာများ အဆင့်မြှင့်တင်ခြင်း၊ အိမ်သာသစ်များ ထောက်ပံ့ပေးခြင်းနှင့် မိလ္လာစွန့်ခြင်းစနစ်ဆိုင်ရာ ဈေးကွက်မြှင့်တင်ခြင်းများ ဆောင်ရွက်ခြင်း၊
- ❖ တစ်နှစ်လျှင် ပျမ်းမျှအိမ်ထောင်စု(၆၆၄၀၀၀)အတွက် အမှိုက်စွန့်ခြင်းဆိုင်ရာ ဝန်ဆောင်မှုကို ဆောင်ရွက်ခြင်း။

ကျောင်းများ၊ ဆေးရုံဆေးပေးခန်းများ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ လိုအပ်ချက်များ၊ ဌာနနှင့် အဖွဲ့အစည်းများဆိုင်ရာ ဖွဲ့စည်းပုံ အစီအမံများအတွက် လိုအပ်ချက်များကို အကျဉ်းချုပ်ဇယား-၂၊ အကျဉ်းချုပ်ဇယား-၃ နှင့် အကျဉ်းချုပ် ဇယား-၄ တို့တွင် အသီးသီး ဖော်ပြထားပါသည်။

**အကျဉ်းချုပ်ဇယား-၁။** ရေကောင်းရေသန့်ရရှိနိုင်သော ရေပေးရေးစနစ် လိုအပ်သည့် လူဦးရေ (ထောင်ပေါင်း)

| | **ရေရရှိရေး** | | | | **ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည် သန့်ရှင်းရေး** | | | |
|---|---|---|---|---|---|---|---|---|
| ပြည်နယ်/ တိုင်းဒေသကြီး | နှစ်စဉ်လိုအပ်ချက် | | အသစ်တည်ဆောက်ခြင်းနှင့် အစားထိုးခြင်း | | နှစ်စဉ် လိုအပ်ချက် | | အသစ်တည်ဆောက်ခြင်းနှင့် အစားထိုးခြင်း | |
| | အသစ်တည် ဆောက်ခြင်း | အစားထိုး ပြင်ဆင်ခြင်း | နှစ်စဉ်လို အပ်ချက် | ၂၀၁၇-၂၀၃၀ | အသစ်တည် ဆောက်ခြင်း | အစားထိုး ပြင်ဆင်ခြင်း | နှစ်စဉ်လို အပ်ချက် | ၂၀၁၇-၂၀၃၀ |
| ကချင် | ၂၂ | ၇၀ | ၉၂ | ၁,၂၈၆ | ၁၁ | ၄၃ | ၅၄ | ၇၅၁ |
| ကယား | ၈ | ၁၇ | ၂၅ | ၃၄၆ | ၂ | ၈ | ၁၀ | ၁၄၁ |
| ကရင် | ၃၈ | ၇၃ | ၁၁၁ | ၁,၅၅၄ | ၃၂ | ၇၁ | ၁၀၃ | ၁,၄၃၈ |
| ချင်း | ၈ | ၃၃ | ၄၁ | ၅၇၆ | ၈ | ၁၉ | ၂၇ | ၃၇၈ |
| စစ်ကိုင်း | ၅၈ | ၁၉၅ | ၂၅၃ | ၃,၅၄၁ | ၉၃ | ၂၃၄ | ၃၂၆ | ၄,၅၆၉ |
| တနင်္သာရီ | ၃၅ | ၇၆ | ၁၁၁ | ၁,၅၅၀ | ၂၉ | ၆၀ | ၈၉ | ၁,၂၄၄ |
| ပဲခူး | ၇၅ | ၂၄၀ | ၃၁၅ | ၄,၄၁၇ | ၇၆ | ၂၀၁ | ၂၇၇ | ၃,၈၈၁ |
| မကွေး | ၅၅ | ၁၆၆ | ၂၂၁ | ၃,၀၉၅ | ၇၆ | ၁၇၈ | ၂၅၄ | ၃,၅၅၀ |
| မန္တလေး | ၅၁ | ၁၇၈ | ၂၂၉ | ၃,၂၀၅ | ၇၁ | ၂၁၆ | ၂၈၇ | ၄,၀၂၂ |
| မွန် | ၃၈ | ၉၉ | ၁၃၇ | ၁,၉၁၄ | ၂၆ | ၇၅ | ၁၀၀ | ၁,၄၀၄ |
| ရခိုင် | ၁၃၁ | ၁၅၇ | ၂၈၈ | ၄,၀၃၆ | ၁၅၀ | ၁၅၀ | ၃၀၀ | ၄,၂၀၀ |
| ရန်ကုန် | ၉၀ | ၁၅၉ | ၂၄၉ | ၃,၄၈၉ | ၂၇ | ၁၀၃ | ၁၃၀ | ၁,၈၁၈ |
| ရှမ်း | ၁၇၂ | ၃၂၄ | ၄၉၆ | ၆,၉၄၉ | ၁၃၁ | ၂၅၀ | ၃၈၁ | ၅,၃၂၈ |
| ဧရာဝတီ | ၁၉၆ | ၃၄၈ | ၅၄၄ | ၇,၆၁၅ | ၉၉ | ၂၇၄ | ၃၇၃ | ၅,၂၁၉ |
| နေပြည်တော် | ၁၁ | ၃၈ | ၄၉ | ၆၈၉ | ၈ | ၃၅ | ၄၃ | ၅၉၈ |
| **စုစုပေါင်း** | **၉၈၉** | **၂,၂၆၀** | **၃,၁၆၁** | **၄၄,၂၆၀** | **၈၃၆** | **၁၉၁၇** | **၂,၇၅၃** | **၃၈,၅၄၀** |

**အကျဉ်းချုပ်ဇယား-၂။** စာသင်ကျောင်းများအတွက် လိုအပ်သော ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးဆိုင်ရာ အခြေခံအဆောက်အဦများ (၂၀၁၇-၂၀၃၀)

| ကျောင်းအဆင့် | ရေရရှိရေး (ကျောင်းအရေအတွက်) | | ကျောင်းအိမ်သာ(ကျောင်းသူ/သား (ထောင်ပေါင်း) နှင့် ဆရာ/ဆရာမ) | | တစ်ကိုယ်ရည် သန့်ရှင်းရေး ဆိုင်ရာသင်တန်း (ဆရာ/ဆရာမ အရေအတွက်) | ကျောင်းသင်ခန်း စာပြင်ပတစ်ကိုယ် ရည် သန့်ရှင်းရေး ဆိုင်ရာ အစီအစဉ်များ (ပျှမ်းမျှ ကျောင်း အရေအတွက်/နှစ်) |
|---|---|---|---|---|---|---|
| | အသစ်တည် ဆောက်ခြင်း | အစားထိုး ပြင်ဆင်ခြင်း | အသစ်တည် ဆောက်ခြင်း | အစားထိုး ပြင်ဆင်ခြင်း | | |
| မူလတန်းဆင့် | ၁၃၆၂၂ | ၄၁၀၂၈ | ၂၄၈၄ | ၅၇၄၄ | ၁၀၃၅၅၂ | ၄၀၅၅၅ |
| အလယ်တန်းဆင့် | ၁၉၂၇ | ၃၅၈၉ | ၂၈၈၇ | ၅၅၈၉ | ၄၇၃၄၉ | ၃၅၅၉ |
| အထက်တန်းဆင့် | ၂၇၀၆ | ၃၈၃၁ | ၁၆၀၃ | ၂၄၃၄ | ၂၄၇၀၆ | ၃၈၀၇ |
| **စုစုပေါင်း** | **၁၈၂၅၅** | **၄၈၄၄၈** | **၉၂၀၁** | **၆၀၀၈၅** | **၁၇၅၆၀၇** | **၄၇၉၂၁** |

**အကျဉ်းချုပ်ဇယား-၃။** ဆေးရုံ၊ ဆေးပေးခန်းများအတွက် လိုအပ်သော ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာအခြေခံအဆောက်အဦများ (၂၀၁၇-၂၀၃၀)

| အဆင့် | အသစ် တည်ဆောက်ခြင်း | အစားထိုး ပြင်ဆင်ခြင်း | စုစုပေါင်း |
|---|---|---|---|
| ရေရရှိရေး(အရေအတွက်) | | | |
| ကျေးလက်ကျန်းမာရေးဌာနခွဲ | ၂၀,၂၉၁ | ၁၈,၂၄၉ | ၃၈,၅၄၁ |
| ကျေးလက်ကျန်းမာရေးဌာန | ၂,၉၆၄ | ၄,၀၅၁ | ၇,၀၁၅ |
| တိုက်နယ်ဆေးရုံ | ၅၅ | ၈၇၀ | ၉၂၅ |
| မြို့နယ်ဆေးရုံ | ၁၀၀ | ၃၉၂ | ၄၉၂ |
| စုစုပေါင်း | ၂၃,၄၁၀ | ၂၃,၅၆၂ | ၄၆,၉၇၂ |
| ပတ်ဝန်းကျင်သန့်ရှင်းရေး (အိမ်သာအရေအတွက်) | | | |
| ကျေးလက်ကျန်းမာရေးဌာနခွဲ | ၈၅,၅၈၅ | ၁၁၉,၁၄၂ | ၂၀၄,၇၂၇ |
| ကျေးလက်ကျန်းမာရေးဌာန | ၂၆,၉၃၆ | ၄၈,၂၀၃ | ၇၅,၁၃၉ |
| တိုက်နယ်ဆေးရုံ | - | ၂၀,၅၇၄ | ၂၀,၅၇၄ |
| မြို့နယ်ဆေးရုံ | ၃,၀၇၁ | ၁၉,၈၀၇ | ၂၂,၈၇၈ |
| စုစုပေါင်း | ၁၁၅,၅၉၂ | ၂၀၈,၇၂၆ | ၃၂၄,၃၁၈ |
| ရေဆိုးသန့်စင်စနစ် (ဆေးရုံအရေအတွက်) | | | |
| တိုက်နယ်ဆေးရုံ | ၆၁၀ | ၁၅၉ | ၇၆၉ |
| မြို့နယ်ဆေးရုံ | ၃၂၅ | ၈၅ | ၄၁၀ |
| စုစုပေါင်း | ၉၃၅ | ၂၄၃ | ၁,၁၇၈ |
| အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများစွန့်ပစ်စနစ် (ဆေးရုံ/ဆေးခန်းအရေအတွက်) | | | |
| ကျေးလက်ကျန်းမာရေးဌာနခွဲ | - | - | - |
| ကျေးလက်ကျန်းမာရေးဌာန | - | - | - |
| တိုက်နယ်ဆေးရုံ | - | - | - |
| မြို့နယ်ဆေးရုံ | ၃၀၀ | ၂၃၇ | ၅၃၇ |
| စုစုပေါင်း | ၃၀၀ | ၂၃၇ | ၅၃၇ |

**အကျဉ်းချုပ်ဇယား-၄။** ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးကဏ္ဍ စီမံခန့်ခွဲရေးအတွက် လိုအပ်မည့် အဖွဲ့/ရုံးအဖွဲ့များ (၂၀၁၇-၂၀၃၀)

| ပြည်နယ်/ တိုင်းဒေသကြီး | ရုံးအဖွဲ့ အရေအတွက် | | |
|---|---|---|---|
| | မြို့နယ်အဆင့် | ပြည်နယ်/ တိုင်းဒေသကြီးအဆင့် | ပြည်ထောင်စု အဆင့် |
| ကချင် | ၁၇ | ၁ | ၀ |
| ကယား | ၆ | ၁ | ၀ |
| ကရင် | ၆ | ၁ | ၀ |
| ချင်း | ၈ | ၁ | ၀ |
| စစ်ကိုင်း | ၃၆ | ၁ | ၀ |
| တနင်္သာရီ | ၉ | ၁ | ၀ |
| ပဲခူး | ၂၇ | ၁ | ၀ |
| မကွေး | ၂၄ | ၁ | ၀ |
| မန္တလေး | ၃၀ | ၁ | ၀ |
| မွန် | ၉ | ၁ | ၀ |
| ရခိုင် | ၁၆ | ၁ | ၀ |
| ရန်ကုန် | ၄၄ | ၁ | ၀ |
| ရှမ်း | ၅၄ | ၁ | ၀ |
| ဧရာဝတီ | ၂၆ | ၁ | ၀ |
| နေပြည်တော် | ၁၃ | ၁ | ၀ |
| ပြည်ထောင်စု | ၀ | ၀ | ၁ |
| **စုစုပေါင်း** | **၃၂၅** | **၁၅** | **၁** |

## မတည်ရင်းနှီးငွေနှင့် လုပ်ငန်းများလည်ပတ်နေစေရန် နှစ်စဉ်လိုအပ်ငွေများ

အထက်ဖော်ပြပါလိုအပ်ချက်များနှင့် သက်ဆိုင်ရာဌာနအသီးသီးတို့မှ ပံ့ပိုးသော အချက်အလက်များပေါ်မူတည်၍ လိုအပ်မည့် မတည်ရင်းနှီးငွေနှင့် လုပ်ငန်းလည်ပတ်နေစေရန် နှစ်စဉ်လိုအပ်ငွေ စုစုပေါင်းကို အကျဉ်းချုပ်ဇယား-၅ တွင် ဖော်ပြထားပါသည်။


ဤစုစုပေါင်းလိုအပ်ငွေကို မည်သည့်အရင်းအမြစ်တို့မှ ခွဲခြားရရှိနိုင်မည်ကို ဖော်ပြထားပါသည်။ အခြေခံအားဖြင့် အကျိုးခံစားခွင့်ရှိမည့် အိမ်ထောင်စုများနှင့် ရပ်ရွာများတို့ ဖြစ်ပါသည်။ ရေရရှိရေးအတွက် ရန်ပုံငွေလိုအပ်ချက်ကို အကျဉ်းချုပ်ပုံ-၁ တွင်လည်းကောင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် လိုအပ်ချက်ကို အကျဉ်းချုပ်ပုံ-၂ တွင်လည်းကောင်း ဖော်ပြထားပါသည်။ ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ နည်းပညာပံ့ပိုးခြင်း (ရပ်ရွာလူထုဦးဆောင်သော အလုံးစုံပတ်ဝန်းကျင်သန့်ရှင်းရေးနည်းလမ်းနှင့် လူတန်းစားမရွေး ဝယ်ယူသုံးစွဲနိုင်သော သင့်လျော်သည့် အိမ်သာပုံစံအမျိုးမျိုးကို အရောင်းမြှင့်တင်ခြင်း စသည်တို့) အတွက် ပြည်သူ့ဘဏ္ဍာ (အစိုးရ) မှ ကျခံသုံးစွဲရန်ဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လတ်တလောဘဏ္ဍာငွေတွင် ဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက် အဖွဲ့အစည်းများထံမှ ရန်ပုံငွေများလည်း ပါရှိပါသည်။

ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ ဝန်ဆောင်မှုများ လုပ်ငန်းများပုံမှန်လည်ပတ်နေစေရန် နှစ်စဉ်လိုအပ်သော ရန်ပုံငွေအများစုကို အကျိုးခံစားပြီးအသုံးပြုသူများမှ ကျခံရန်ဖြစ်ပါသည်။ ဤအတွက် မြို့နယ်၊ ကျေးရွာအဆင့်များတွင် ဝန်ဆောင်မှုလုပ်ငန်းများ ပုံမှန်လည်ပတ်၍ ပြုပြင်ထိန်းသိမ်းမှုများပြုလုပ်နိုင်မှုအတွက် ရန်ပုံငွေကောက်ခံရရှိမှုများ သတ်မှတ်ထားရန် လိုအပ်ပါသည်။


**အကျဉ်းချုပ်ဇယား-၅။** ရေ၊ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးကဏ္ဍ လိုအပ်သော ရင်းနှီးမြှုပ်နှံမှု စာရင်းချုပ် (အမေရိကန် ဒေါ်လာ(ထောင်ပေါင်း)) (၂၀၁၇-၂၀၃၀)

| ကဏ္ဍ | အသစ် တည်ဆောက်ခြင်း | အစားထိုး ပြင်ဆင်ခြင်း | စုစုပေါင်း | စုစုပေါင်း လိုအပ်ချက် (၂၀၁၇-၂၀၃၀) |
|---|---|---|---|---|
| ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး ကဏ္ဍ | | | | |
| -စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း။ | ၁,၆၀၇ | | ၁,၆၀၇ | ၂၂,၄၉၁ |
| -လုပ်ငန်းလည်ပတ်ခြင်း။ | | ၁၆,၃၃၉ | ၁၆,၃၃၉ | ၂၂၈,၇၄၃ |
| ပေါင်း | ၁,၆၀၇ | ၁၆,၃၃၉ | ၁၇,၉၄၅ | ၂၅၁,၂၃၅ |
| ကျေးလက်ဒေသ ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးကဏ္ဍ | | | | |
| -ရေရရှိရေး | ၁၆၂,၆၄၈ | ၂၄၂,၀၁၀ | ၄၀၄,၆၅၈ | ၅,၆၆၅,၂၁၄ |
| -ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲခြင်း | ၆၀,၆၀၃ | ၄၄,၉၀၃ | ၁၀၅,၅၀၆ | ၁,၄၇၇,၀၇၈ |
| -အမှိုက်စွန့်ပစ်ခြင်း | ၁၂,၉၆၈ | ၆၆,၁၇၇ | ၇၉,၁၄၅ | ၁,၁၀၈,၀၃၀ |
| -အလုံးစုံ သန့်ရှင်းရေး (CLTS) | ၅,၂၅၈ | | ၅,၂၅၈ | ၇၃,၆၁၂ |
| -အိမ်သာနှင့်မိလ္လာစနစ်များ ဆောက်လုပ်သုံးစွဲမှု မြှင့်တက်လာစေရန် ဆွဲဆောင်ခြင်း။ | ၂၆,၄၉၀ | | ၂၆,၄၉၀ | ၃၇၀,၈၆၃ |
| -သက်ဆိုင်ရာသုတေသနများပြုလုပ်ခြင်း | ၁၀၇ | | ၁၀၇ | ၁,၅၀၀ |
| -တစ်ကိုယ်ရည်သန့်ရှင်းရေးမြှင့်တင်ခြင်း | ၁၁ | ၃၀,၂၃၈ | ၃၀,၂၄၉ | ၄၂၃,၄၈၅ |
| ပေါင်း | ၂၆၈,၀၈၅ | ၃၈၃,၃၂၈ | ၆၅၁,၄၁၃ | ၉,၁၁၉,၇၈၃ |
| စာသင်ကျောင်းများ၏ ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး ကဏ္ဍ | | | | |
| -ရေရရှိရေး | ၂၄,၈၉၁ | ၁၀,၀၂၂ | ၃၄,၉၁၃ | ၄၈၈,၇၇၆ |
| -ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲခြင်း | ၁၀,၁၀၅ | ၆၁,၉၂၅ | ၇၂,၀၃၀ | ၁,၀၀၈,၄၁၉ |
| -တစ်ကိုယ်ရည် သန့်ရှင်းရေး | ၁၁၈ | ၈,၈၂၁ | ၈,၉၃၉ | ၁၂၅,၁၄၅ |
| ပေါင်း | ၃၅,၁၁၄ | ၈၀,၇၆၈ | ၁၁၅,၈၈၁ | ၁,၆၂၂,၃၃၉ |
| ဆေးရုံ၊ ဆေးပေးခန်းများ၏ ရေ၊ ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည် သန့်ရှင်းရေး ကဏ္ဍ | | | | |
| -ရေရရှိရေး | ၂,၈၇၀ | ၉၀၂ | ၃,၇၇၂ | ၅၂,၈၀၈ |
| -ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲခြင်းနှင့် ရေဆိုးသန့်စင် စနစ် | ၁၂,၅၄၂ | ၁၄,၅၇၆ | ၂၇,၁၁၈ | ၃၇၉,၆၅၇ |
| -စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲခြင်း | ၃၈၄ | ၂၂၅ | ၆၀၉ | ၈,၅၂၂ |
| ပေါင်း | ၁၅,၇၉၆ | ၁၅,၇၀၃ | ၃၁,၄၉၉ | ၄၄၀,၉၈၇ |
| လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာ ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေး ကဏ္ဍ | | | | |
| -စီမံချက်များရေးဆွဲ ပြင်ဆင်ခြင်း | ၇၁ | ၈၆ | ၁၅၇ | ၂,၂၀၀ |
| -လိုအပ်မည့်ပစ္စည်းများစုဆောင်းခြင်း | ၁၂၉ | ၅၉ | ၁၈၇ | ၂,၆၂၂ |
| ပေါင်း | ၂၀၀ | ၁၄၄ | ၃၄၄ | ၄,၈၂၂ |
| **စုစုပေါင်း** | **၃၂၀,၈၀၁** | **၄၉၆,၂၈၂** | **၈၁၇,၀၈၃** | **၁၁,၄၃၉,၁၆၆** |

**အကျဉ်းချုပ်ပုံ-၁။** ရေပေးရေးကဏ္ဍအတွက် နှစ်အလိုက် ငွေလုံးငွေရင်းခွင့်ပြု ရံပုံငွေနှင့် လိုအပ်ချက်




**အကျဉ်းချုပ်ပုံ-၂။** ပတ်ဝန်းကျင်သန့်ရှင်းရေး ကဏ္ဍအတွက် နှစ်အလိုက် ငွေလုံးငွေရင်း ခွင့်ပြု ရံပုံငွေနှင့် လိုအပ်ချက်



## အချိန်ကာလ သတ်မှတ်ချက်

ဤရင်းနှီးမြှုပ်နှံမှုအစီအစဉ်ကို အချိန်ကာလသုံးခုခွဲခြား၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် အဆိုပြုထားပါသည်-

❖ **အချိန်ကာလ အပိုင်း-၁ (၂၀၁၇-၂၀၁၈)**

ပြောင်းလဲခြင်းအချိန်ကာလ။ မတည်ရင်းနှီးငွေအတွက် လိုအပ်သော ရန်ပုံငွေ(အမေရိကန်ဒေါ်လာ သန်း ၃၉၀ ခန့်ကိုလည်း ရအောင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဤနှစ်စဉ် လိုအပ်ငွေ၏ အမေရိကန်ဒေါ်လာ ၂၈၄ သန်းသည် ကျေးလက်ရေရရှိရေးအတွက်ဖြစ်၍ အကျိုးခံစားရသော သုံးစွဲသူများထံမှ ကျခံရန်ဖြစ်ပါသည်။

❖ **အချိန်ကာလ အပိုင်း-၂ (၂၀၁၉-၂၀၂၃)**

ရင်းနှီးမြှုပ်နှံမှုအစီအစဉ်အကောင်အထည်ဖော်မှုကို တိုးချဲ့ဆောင်ရွက်ခြင်း။ မတည်ရင်းနှီးငွေအတွက် နှစ်စဉ်ဒေါ်လာ ၃၈၃ သန်းလိုအပ်မည်ဖြစ်ပါသည်။ ပုံမှန်လည်ပတ်မှုနှင့် ထိန်းသိမ်းပြုပြင်မှုများအတွက် နှစ်စဉ်လိုအပ်သော ရန်ပုံငွေများသည်လည်း ဝန်ဆောင်မှုလုပ်ငန်းများတိုးလာသည်နှင့်အမျှ ပို၍လိုအပ်လာမည် ဖြစ်ပါသည်။ ဖော်ပြပြီးဖြစ်သည့်အတိုင်း သုံးစွဲသူများက ကျခံရန်ဖြစ်ပါသည်။

❖ **အချိန်ကာလ အပိုင်း-၃ (၂၀၂၄-၂၀၃၀)**

အစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်မှုကို ပုံမှန်အဆုံးသတ်ခြင်း။ မတည် ရင်းနှီးငွေအတွက် နှစ်စဉ်ပျမ်းမျှ ဒေါ်လာ ၃၀၉ သန်း ကုန်ကျမည်ဖြစ်ပါသည်။ ပြုပြင်ထိန်းသိမ်းမှုအတွက် နှစ်စဉ်ပျမ်းမျှဒေါ်လာ ၄၉၈ သန်း ကုန်ကျမည်ဖြစ်သည်။ ထိုအထဲမှ ဒေါ်လာ ၃၈၃ သန်းသည် ကျေးလက်ဒေသရေရရှိရေးအတွက်ဖြစ်ပြီး အကျိုးခံစားရသော သုံးစွဲသူများက ကျခံရန်ဖြစ်ပါသည်

# အခန်း(၁)

## နိဒါန်း

ကျေးလက်ဒေသများ၊ ကျောင်းများနှင့် ဆေးရုံဆေးပေးခန်းများ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ မဟာဗျူဟာ(၂၀၁၆)တွင် ချမှတ်ထားသော မျှော်မှန်းချက် ပန်းတိုင်နှင့် ရည်ရွယ်ချက်များပြည့်မီပြီး ရေရှည်တည်တံ့နေစေရန် ကုန်ကျမည့် စရိတ်များကို ဤရင်းနှီးမြှုပ်နှံမှုအစီအစဉ်၌ ဖော်ညွှန်းထားပါသည်။ ဤအစီအစဉ်ကိုရေးဆွဲရာတွင် "လုပ်ငန်းအဖွဲ့ (Task Force)" ဖွဲ့စည်း၍ သက်ဆိုင်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများတို့မှ ဆွေးနွေး အကြံဉာဏ် ရယူ၍ ရေးဆွဲခဲ့ပါသည်။ လုပ်ငန်းအဖွဲ့တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်သည် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ သက်ဆိုင်ရာအစိုးရဝန်ကြီးဌာန အသီးသီးမှ ကိုယ်စားလှယ်များ၊ ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်များနှင့် အခြားနှီးနွှယ်သော အဖွဲ့အစည်း ပုဂ္ဂိုလ်များ ပါဝင်ပါသည်။ ယူနီဆက်မှလည်း ဤအစီအစဉ်ရေးဆွဲရာတွင် ပံ့ပိုးမှုများ ပြုလုပ်ခဲ့ပါသည်။

ဤအစီအစဉ်တွင် ကျေးလက်ဒေသရှိ ကျေးရွာများအားလုံး၊ မြို့ရွာများရှိ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများအားလုံး၊ ကျေးလက်ကျန်းမာရေးဌာန / ဌာနခွဲများမှ မြို့နယ်ဆေးရုံများအထိ ဆေးရုံဆေးပေးခန်းများနှင့် အရေးပေါ်အခြေအနေများအတွက် ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးကဏ္ဍကို လွှမ်းခြုံထားပါသည်။

ဤအစီအစဉ်တွင် ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး လွှမ်းခြုံမှုအတွက် လိုအပ်မည့် ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းနှင့်အတူ အစိုးရ၊ ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်းများနှင့် အခြားအရင်းအမြစ်များမှ ရန်ပုံငွေရရှိနိုင်ခြေနှင့် ထပ်မံလိုအပ်သော ရန်ပုံငွေ ကွာဟမှုကိုလည်း ခန့်မှန်းတွက်ချက်ဖော်ပြထားပါသည်။ မတည်ရင်းနှီးငွေနှင့် နှစ်စဉ်လိုအပ်သော ရန်ပုံငွေများတို့ကိုလည်း ခြုံငုံတွက်ချက် ခန့်မှန်းထားပါသည်။ လိုအပ်သော မတည်ရင်းနှီးငွေကို ပစ္စည်းပံ့ပိုးခြင်းနှင့် နည်းပညာပံ့ပိုးခြင်းဟူ၍ နှစ်ပိုင်းခွဲကာ ခန့်မှန်းချက်များပြုလုပ်ထားပါသည်။ ပစ္စည်းပံ့ပိုးခြင်းအပိုင်း၌ အဆောက်အဦနှင့် စက်ပစ္စည်းပိုင်းများပါဝင်၍ နည်းပညာပံ့ပိုးခြင်း အပိုင်း၌ သင်တန်းများ၊ နည်းပညာပိုင်းဆိုင်ရာ ထောက်ပံ့မှုများနှင့် အခြားကြိုတင်ပြင်ဆင်မှု အပိုင်းများ ပါဝင်ပါသည်။ ထို့အပြင် မတည်ရင်းနှီးငွေကို အသစ်ထပ်မံဆောက်လုပ်ရန် လိုအပ်သောငွေနှင့် လက်ရှိဟောင်းသွားမည့် ရေပေးရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးဆိုင်ရာ အဆောက်အဦများကို အစားထိုး ဆောက်လုပ်ရန်လိုသော ငွေများဟူ၍ (၂)ပိုင်းခွဲပြီး ခန့်မှန်းတွက်ချက်မှုကိုလည်း ပြုလုပ်ထားပါသည်။ ဤအစီအစဉ်ကိုလည်း အချိန်အပိုင်းအခြားဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် အဆိုပြုထားပါသည်။


## ရင်းနှီးမြှုပ်နှံမှုအစီအစဉ် အစီရင်ခံစာကို ဖွဲ့စည်းထားပုံ

ရင်းနှီးမြှုပ်နှံမှုအစီအစဉ် အစီရင်ခံစာကို အောက်ပါအတိုင်း ဖွဲ့စည်းထားပါသည်-

- **အပိုင်း (၁)** နိဒါန်းနှင့် ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေး ကဏ္ဍအတွက် ဘဏ္ဍာရေးကိစ္စများကို ခြုံငုံ ဖော်ပြထားပါသည်။ သက်ဆိုင်သော ယူဆချက်များ၊ ချဉ်းကပ်မှုများနှင့် အစီအစဉ်ကို ဖော်ဆောင်မည့် နည်းလမ်းများကိုလည်း ဖော်ပြထားပါသည်။
- **အပိုင်း(၂)** ရင်းနှီးမြှုပ်နှံမှုအစီအစဉ်တွင် ပါဝင်သော အစိတ်အပိုင်းများကို ဖော်ပြထားပါသည်။
- **အပိုင်း(၃-၄)** ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးဆိုင်ရာ လက်ရှိလွှမ်းခြုံမှုအခြေအနေနှင့် ၂၀၃၀ ခုနှစ်အတွက် လျာထားချက်များကို ဖော်ပြထားပါသည်။
- **အပိုင်း(၅)** လက်ရှိအခြေအနေနှင့် လျာထားချက်များအပေါ်မူတည်၍ ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်များ၏ ခန့်မှန်းတွက်ချက်မှုကိုဖော်ပြထားပါသည်။
- **အပိုင်း(၆-၇)** ပစ္စည်းပံ့ပိုးမှုအပိုင်း လိုအပ်ချက်များအတွက် ကုန်ကျမည့် မတည်ရင်းနှီးငွေနှင့် နှစ်စဉ်လိုအပ်မည့်ရန်ပုံငွေများကို တွက်ချက်ဖော်ပြထားပါသည်။
- **အပိုင်း(၈)** လိုအပ်သော ရန်ပုံငွေနှင့် ရရှိနိုင်သော ရန်ပုံငွေအခြေအနေ တို့ကို အကျဉ်းချုပ် ဖော်ပြထားပါသည်။
- **အပိုင်း(၉)** ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးဆိုင်ရာ ကဏ္ဍ၏ မဟာဗျူဟာကိုဖော်ပြ၍ လာမည့် အချိန်တိုကာလအတွင်း အရေးကြီးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဖော်ပြထားပါသည်။
- **နောက်ဆက်တွဲ(၁)** ဤအစီစဉ်တွင်ပါဝင်သော ဝေါဟာရစာရင်းကို ဖော်ပြထားပါသည်။
- **နောက်ဆက်တွဲ(၂)** ရင်းနှီးမြှုပ်နှံမှုကို တွက်ချက်ရာတွင် အသုံးပြုသောနည်းလမ်းများနှင့် အချက်အလက်များကို ဖော်ပြထားပါသည်။
- **နောက်ဆက်တွဲ(၃)** ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ရေးဆွဲရာ၌ အသုံးပြုသော နည်းလမ်းများ၊ တွေးခေါ်ချဉ်းကပ်မှုများနှင့် ရင်ဆိုင်ရသောစိန်ခေါ်မှုများ၊ ငွေကြေး ဆိုင်ရာမူဝါဒများနှင့် ထောက်ပံ့မှုဆိုင်ရာကိစ္စများ၏ နောက်ကြောင်း သတင်းအချက်အလက်များကို ဖော်ပြထားပါသည်။

ပုံ-၁ ၌ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်တွင်ပါဝင်သော အစိတ်အပိုင်းများ၏ ဖွဲ့စည်းတည်ရှိပုံကို ဖော်ပြထားပါသည်။

ပုံ-၁။ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်တွင် ပါဝင်သော အခန်းများ



# ချဉ်းကပ်မှု

ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ကို ရေးဆွဲရန်အတွက် လိုအပ်သော အချက်အလက်များရရှိမှု အကန့်အသတ်များရှိသော်လည်း ဤအစီအစဉ်ကိုဖြစ်နိုင်သမျှ Life-Cycle Cost Approach[1] အပေါ်မူတည်၍ ပြုစုထားပါသည်။ ဤချဉ်းကပ်မှုတွင် ပုံ-၂ တွင် ဖော်ပြထားသည့်အတိုင်း ရင်းနှီးမြှုပ်နှံမှုအတွက် လိုအပ်ချက်များ၊ အစိုးရ၊ ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်များနှင့် အခြား အရင်းအမြစ်များမှ ရရှိနိုင်သော ရန်ပုံငွေများနှင့် ကွာဟနေသော လိုငွေတို့ကို တွက်ချက်ခန့်မှန်း ပါသည်။ မတည်ရင်းနှီးငွေနှင့် နှစ်စဉ်လိုအပ်သော ရန်ပုံငွေများတို့ကိုလည်း ခြုံငုံတွက်ချက် ခန့်မှန်းပါသည်။ လိုအပ်သော မတည်ရင်းနှီးငွေကို ပစ္စည်းပံ့ပိုးခြင်းနှင့် နည်းပညာပံ့ပိုးခြင်းဟူ၍ (၂)ပိုင်းခွဲကာ ခန့်မှန်းချက်များပြုလုပ်ထားပါသည်။ ပစ္စည်းပံ့ပိုးခြင်းအပိုင်း၌ အဆောက်အဦနှင့် စက်ပစ္စည်းများ ပါဝင်၍ နည်းပညာပံ့ပိုးခြင်းအပိုင်း၌ သင်တန်းများ၊ နည်းပညာပိုင်းဆိုင်ရာ ထောက်ပံ့မှုများနှင့် အခြားကြိုတင်ပြင်ဆင်မှုအပိုင်းများ ပါဝင်ပါသည်။ ထို့အပြင် မတည်ရင်းနှီး ငွေကို အသစ်ထပ်မံ ဆောက်လုပ်ရန် လိုအပ်သောငွေနှင့် လက်ရှိဟောင်းသွားမည့် ရေပေးရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ အဆောက်အဦများကို အစားထိုးဆောက် လုပ်ရန် လိုအပ်သော ငွေများဟူ၍ (၂)ပိုင်းခွဲ ခန့်မှန်းတွက်ချက်မှုကိုလည်း ပြုလုပ်ပါသည်။ ဤ အစီအစဉ်ကိုလည်း အချိန်အပိုင်းအခြားဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်လည်း အဆိုပြု ထားပါသည်။


လိုအပ်သော ကုန်ကျစရိတ်ခန့်မှန်းခြေကို တွက်ချက်ရာ၌ နည်းလမ်းအမျိုးမျိုးကို အသုံး ပြုထားပါသည်။ အချို့နေရာများတွင် သာမန်ရိုးရှင်းလွယ်ကူသော နည်းလမ်းများကို အသုံးပြု ထားပါသည်။ သို့သော် သက်တမ်းကန့်သတ်မှုရှိသော အဆောက်အဦများနှင့် စက်ပစ္စည်းများ အတွက် ခန့်မှန်းခြေများ တွက်ချက်ရာ၌ ရှုပ်ထွေးမှုများရှိပါသည်။ အချို့တို့တွင် ကမ္ဘာ့ဘဏ်မှ ထုတ်လုပ်ထားသော ကုန်ကျစရိတ်တွက်ချက်သည့် နည်းလမ်းကို အသုံးပြု၍ ခန့်မှန်းခြေများကို တွက်ချက်ထားပါသည်။

ကမ္ဘာ့ဘဏ်အဖွဲ့အစည်းမှ ထုတ်လုပ်ထားသော ကုန်ကျစရိတ်ခန့်မှန်းမှုကို ဤရင်းနှီးမြှုပ် နှံမှုအစီအစဉ်ရေးဆွဲရာ၌ နေရာအတော်အတန်များများတွင် အသုံးပြုထားပါသည်။ ဤတွက် ချက်မှုမှာ ဇယားပုံစံဖြင့် ဖြစ်၍ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှဒေသတွင် ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ ကဏ္ဍအတွက် ငွေကြေးသုံးစွဲမှုများနှင့် ရန်ပုံငွေလိုအပ်ချက်နှင့် ကွာဟမှုများကို ထုတ်ဖော်ရာတွင် အတော်များများ အသုံးပြုထားပါ သည်။ (World Bank, 2015; World Bank and UNICEF, 2015) ရုပ်ဝတ္ထုပစ္စည်းလိုအပ် ချက်များကို တွက်ချက်မှုပြုရာတွင် လူဦးရေ၊ လူဦးရေတိုးနှုန်း၊ လက်ရှိအခြေအနေနှင့် လျာထား နှစ်များအတွက် လိုအပ်သော နည်းပညာများ၊ နည်းပညာတစ်ခုစီအတွက် ကုန်ကျမည့် စရိတ်

[1] Catarina Fonseca, Franceys et al., 2011, Briefing Note 1a: Life-cycle costs approach: Costing sustainable services, IRC International Water and Sanitation Center, NL-see Appendix 3 (နောက်ဆက်တွဲ-၃ )

များ၊ ၎င်းနည်းပညာများဖြင့် တည်ဆောက်ထားသော အဆောက်အဦများ၏ သက်တမ်းများ စသည့် အချက်အလက်များ လိုအပ်ပါသည်။ ၎င်းရပ်ပိုင်းဆိုင်ရာ အဆောက်အဦများ မရှိသေးသော အိမ်ထောင်စုများ၊ လက်ရှိအဆောက်အဦများကို ပြုပြင်မွမ်းမံရန် လိုအပ်သော အိမ်ထောင်စုများနှင့် အသစ်ပြန်လည်တည်ဆောက်ပေးရမည့် အိမ်ထောင်စုများအပေါ် မူတည်၍ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်ရလဒ်များ ရရှိပါသည်။ ဤရလဒ်များအပေါ် မူတည်၍ တစ်ခုစီ၏ ကုန်ကျစရိတ်အပေါ် မူတည်ပြီး လိုအပ်မည့် ကုန်ကျစရိတ်စုစုပေါင်း လိုအပ်ချက်ကို ခန့်မှန်းခြေပြုစုထားပါသည်။

ပုံ-၂။ ။သွင်းအားစုများနှင့် ရလာဒ်များ(ကမ္ဘာ့ဘဏ်၏ တွက်ချက်နည်းအရ)




ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ကို ရေးဆွဲရာတွင် အချက်အလက်များစွာ လိုအပ်ပါသည်။ ကုန်ကျစရိတ်ခန့်မှန်းခြေများရရှိရန် နေရာအတော်အတန်များများ၌ အချက်အလက်ရရှိမှု ကန့်သတ်ချက်များကြောင့် ယူဆချက်များ ထည့်သွင်း၍သော်လည်းကောင်း၊ နည်းလမ်းအသစ်များ ရှာဖွေ၍သော်လည်းကောင်း၊ တွက်ချက်မှုများကို ပြုလုပ်ထားပါသည်။ ဤသို့တွက် ချက်ခန့်မှန်းရာ၌ အချက်အလက်များ ပိုမိုတိကျမှန်ကန်စေရန် သက်ဆိုင်ရာကျွမ်းကျင်သူများနှင့် ကဏ္ဍအတွင်းရှိ လက်ရှိလုပ်ဆောင်နေသူများနှင့် အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။

# အခန်း (၂)

## လွှမ်းခြုံမည့် နယ်ပယ်နှင့် အတိုင်းအတာ ထည့်ဝင်မှုများနှင့် အချိန်ဇယား

ဤရင်းနှီးမြှုပ်နှံမှုအစီအစဉ်သည် ကျေးလက်ဒေသများ၊ စာသင်ကျောင်းများ၊ ဆေးရုံ ဆေးပေးခန်းများနှင့် အရေးပေါ်အခြေအနေများ၌ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေး လွှမ်းခြုံနိုင်ရန်ဖြစ်သည်။ စည်ပင်သာယာအဖွဲ့များ ဖွဲ့စည်းမှု မရှိသေးသော မြို့များရှိ ရပ်ကွက်များလည်း ပါဝင်ပါသည်။[2]

**ဇယား(၁)တွင်** ရင်းနှီးမြှုပ်နှံမှုအစီအစဉ်တွင် ကုန်ကျစရိတ်တွက်ချက် ခန့်မှန်းထားသော အစိတ်အပိုင်းများကို ဖော်ပြထားပါသည်။ ၎င်းတွင် ခန့်မှန်းကုန်ကျစရိတ် မပြုလုပ်ထားသော ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး အစိတ်အပိုင်းအချို့ကိုလည်း တွေ့နိုင် မည် ဖြစ်သည်။

**ဇယား-၁။** ရင်းနှီးမြှုပ်နှံမှု အစီအစဉ်တွင် ကုန်ကျစရိတ် တွက်ချက်ခန့်မှန်းထားသော အစိတ်အပိုင်းများ

| ပါဝင်သော အစိတ်အပိုင်းများ (ပြည်နယ်/ တိုင်းဒေသကြီးအဆင့်) | ခန့်မှန်းကုန်ကျစရိတ် | |
|---|---|---|
| | အသစ်ဆောင်ရွက်ခြင်း | အစားထိုးပြင်ဆင်ခြင်း |
| **ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးကဏ္ဍ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှု** [a] | | |
| ဌာနဆိုင်ရာများ၏ စွမ်းဆောင်ရည်မြင့်တင်ခြင်း | X | |
| သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် (စောင့်ကြည့်စစ်ဆေးခြင်း) | X | X |
| **ကျေးလက်ရေရရှိရေး (ပြည်နယ်နှင့်တိုင်း-၁၄ ခု+ နေပြည်တော်)** | | |
| အခြေခံအဆောက်အဦများ | | |
| ရေပေးရေး-ရေကိုထုတ်ယူခြင်း၊ရေသန့်စင်ခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးခြင်း [b] | X | X |
| ရေမီတာသုံးအိမ်တိုင်ယာရောက် စနစ်များ၊ ရေတိုင်စနစ်များနှင့် အိမ်တွင်းအထိသွယ်တန်းထားသော စနစ်များ | | X |
| အသိပညာပေးလုပ်ငန်းများ | X | |

[2] စည်ပင်သာယာရေးကော်မတီမရှိသော မြို့အရေအတွက် စာရင်းမရရှိပါ။

| ပါဝင်သော အစိတ်အပိုင်းများ (ပြည်နယ်/ တိုင်းဒေသကြီးအဆင့်) | ခန့်မှန်းကုန်ကျစရိတ် | |
|---|---|---|
| | အသစ်ဆောက်ရွက်ခြင်း | အစားထိုးပြင်ဆင်ခြင်း |
| **ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး (ပြည်နယ်နှင့်တိုင်း-၁၄ ခု+ နေပြည်တော်)** | | |
| ရေဆွဲအိမ်သာများ၊ ရေလောင်းအိမ်သာများ၊ ယင်လုံအိမ်သာများ [b] | X | |
| ရေဆိုးသန့်စင်စနစ် | | |
| အိမ်သာနှင့်မိလ္လာစနစ်များ ဆောက်လုပ်သုံးစွဲမှု မြင့်တက်လာစေရန် ဆွဲဆောင်ခြင်း | | |
| အဆုံးအဖြတ်ပြုနိုင်မည့် သုတေသနများပြုလုပ်ခြင်း | X | |
| အကောင်အထည်ဖော်ခြင်း | X | |
| ရပ်ရွာလူထုဦးဆောင်သောအလုံးစုံသန့်ရှင်းရေး (CLTS) | X | |
| တစ်ကိုယ်ရည်သန့်ရှင်းရေး | | |
| အမှိုက်စွန့်ပစ်ခြင်းဆိုင်ရာစီမံမှု [c] | X | X |
| **စာသင်ကျောင်းများရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး** | | |
| အဆင့် | | |
| - မူလတန်းကြိုကျောင်းများ | | |
| - မူလတန်းကျောင်းများ | X | |
| - အလယ်တန်းကျောင်းများ | X | |
| - အထက်တန်းကျောင်းများ | X | |
| - အခြေခံပညာအထက်တန်းကျောင်းများ | | |
| ကုန်ကျစရိတ် | | |
| - ရေရရှိရေး | X | |
| - ကျောင်းအိမ်သာ | X | |
| - ဆရာ/မများအတွက် တစ်ကိုယ်ရည် သန့်ရှင်းရေးဆိုင်ရာ သင်တန်းများ | X | |
| - တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ သင်ထောက်ကူပစ္စည်းများ | | |
| **ဆေးရုံ၊ဆေးပေးခန်းများရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေး** | | |
| အဆင့် | | |
| - ကျေးလက်ကျန်းမာရေးဌာနခွဲများ | X | |
| - ကျေးလက်ကျန်းမာရေးဌာနများ | X | |

| ပါဝင်သော အစိတ်အပိုင်းများ (ပြည်နယ်/ တိုင်းဒေသကြီးအဆင့်) | ခန့်မှန်းကုန်ကျစရိတ် | |
|---|---|---|
| | အသစ်ဆောင်ရွက်ခြင်း | အစားထိုးပြင်ဆင်ခြင်း |
| - တိုက်နယ်ဆေးရုံများ | X | |
| - မြို့နယ်ဆေးရုံများ | X | |
| - အခြား | | |
| ကုန်ကျစရိတ် | | |
| - ရေရရှိရေး | X | |
| - အိမ်သာများ | X | |
| - ရေဆိုးသန့်စင် စနစ်များ | X | |
| - ဆေးရုံဆေးပေးခန်းများမှ အန္တရာယ်ရှိသောများစွန့်ပစ်စနစ် | X | |
| **အရေးပေါ်ကာလများအတွက် ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေး** | | |
| - အရေးပေါ်အခြေအနေအတွက် ကြိုတင်ပြင်ဆင်ထားမှု | | |
| - ကနဦး ကြိုတင်ပြင်ဆင်ထားရှိမှုများ [e] | X | |
| - နှစ်အလိုက်ပြန်လည်ပြင်ဆင်ခြင်းများ/ပြန်လည်ချိန်ညှိခြင်းများ | | |
| - အရေးပေါ်ကာလသုံး ပစ္စည်းများကြိုတင်စုဆောင်းထားရှိခြင်း/ အရံစုဆောင်းထားခြင်း | | |
| - သိုလှောင်ရုံများ | | |
| - လျော့နဲသွားသော ပစ္စည်းများကို ပြန်လည်ဖြည့်တင်းခြင်း။ | | |

မှတ်ချက်

[a] ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊ လူအင်အား၊ ရုံးပိုင်းဆိုင်ရာနှင့် သယ်ပို့စရိတ်စသည်များ စီမံခန့်ခွဲခြင်းဆိုင်ရာ ကုန်ကျ စရိတ်များကို ရည်ညွှန်းပါသည်။

[b] ငွေလုံးငွေရင်းနှင့် သာမန်အသုံးစရိတ်များကို ဆိုလိုပါသည်။

[c] ငွေလုံးငွေရင်းနှင့် သာမန်အသုံးစရိတ်များ၊ ပစ္စည်းပံ့ပိုးခြင်းနှင့် နည်းပညာပံ့ပိုးခြင်းတို့ကို ဆိုလို ပါသည်။

[d] အဆင့်တိုင်းအတွက်ကုန်ကျစရိတ်များကို တွက်ချက်ပါမည်။

[e] သဘာဝဘေးအန္တရာယ်များနှင့် အရေးပေါ်အခြေအနေများအတွက် ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေး ဆိုင်ရာလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ထားမှုများကို ရည်ညွှန်းပါသည်။

[f] မြို့ပြဒေသရှိ ကျန်းမာရေးဌာနများသည် ကျေးလက်ကျန်းမာရေးဌာန (သို့မဟုတ်) တိုက်နယ် ဆေးရုံများ ခေါင်းစဉ်အောက်တွင် ပါဝင်ပါသည်။

မတည်ရင်းနှီးငွေနှင့် နှစ်စဉ်လိုအပ်သော ရန်ပုံငွေများကို အိမ်ထောင်စုများနှင့် ပြည်သူ့ဘဏ္ဍာမှ ကျခံရန်ဖြစ်ပါသည်။ ပြည်သူ့ဘဏ္ဍာဟုဆိုရာတွင် အစိုးရ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအလှူရှင်များနှင့် အခြားသောအဖွဲ့ အဖွဲ့အစည်းများမှ ရရှိသော ရန်ပုံငွေစုစုပေါင်း ဖြစ်ပါသည်။ ကုန်ကျစရိတ်အတွက် ရန်ပုံငွေများကိုခွဲဝေရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းတစ်ခုစီ ပါဝင်လက်ခံနိုင်သည့် အခြေအနေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကျေးရွာတစ်ခုစီ၏ ဆင်းရဲမှုအခြေအနေများအပေါ်တွင် မူတည်မည်ဖြစ်ပါသည်။

**ဇယား** (၂) တွင် ကုန်ကျစရိတ်အတွက် ရန်ပုံငွေခွဲဝေသုံးစွဲရန် Task Force ၏ လျာထားချက်ကို ဖော်ပြထားပါသည်။[3] ဤသို့ ခွဲဝေရာတွင် အောက်ပါအချက်(၄)ချက်ကို သတိပြုရန် လိုအပ်ပါသည်-

- ❖ အိမ်ထောင်စုများက သုံးစွဲခများကို ရေပေးရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး အဆောက်အဦများ ဆောက်လုပ်ခြင်း ကုန်ကျစရိတ်များတွင် ထည့်သွင်းနိုင်ပါသည်။ ဤသို့ဖြင့် အိမ်ထောင်စုများမှ အဆောက်အဦဆောက်လုပ်ရာတွင် အဓိကပါဝင်သောသူများ ဖြစ်လာနိုင်ပါသည်။ သုံးစွဲခများကိုသတ်မှတ်ခြင်း မရှိသေးသောကြောင့် ဇယား (၂)တွင် အဆောက်အဦများဆောက်လုပ်ရာတွင် ရှေးဦးပထမ ကုန်ကျခံရသော အဖွဲ့အစည်းကိုသာ ဖော်ပြထားပါသည်။ နောက်ဆုံး မည်သူမှ ကုန်ကျခံရမည်ကို ဖော်ပြမထားပါ။
- ❖ အိမ်သာ/မိလ္လာစနစ် ဆောက်လုပ်ရာ၌ ပစ္စည်းပံ့ပိုးခြင်းများ၏ (၁၀%)ကို ပြည်သူ့ဘဏ္ဍာမှ ကုန်ကျခံရန် ဤရင်းနှီးမြှုပ်နှံမှုအစီအစဉ်၌ အဆိုပြုထားပါသည်။ ဤသည်မှာ နိုင်ငံအတွင်း အဆင်းရဲဆုံး အိမ်ထောင်မိသားစုများကို လူမှုရေးအရ အထောက်အကူပြုပေးနိုင်ရန် ရည်ရွယ်ပါသည်။
- ❖ ရေရရှိရေးဆိုင်ရာ အဆောက်အဦများ ဆောက်လုပ်ရာတွင် ပစ္စည်းပံ့ပိုးခြင်း၏ (၃၀%)ကို သုံးစွဲသူအိမ်ထောင်မိသားစုများကကျခံရန် ဤရင်းနှီးမြှုပ်နှံမှု အစီအစဉ်၌ အဆိုပြုထားပါသည်။ ဤသည်မှာ ကုန်ကျစရိတ်ခန့်မှန်းမှုပြုနိုင်ရန် ပျမ်းမျှကုန်ကျစရိတ်အနေဖြင့် ဖြစ်ပါသည်။ အမှန်တကယ်ကုန်ကျမည့် နှုန်းထားများကို တိုင်းဒေသကြီး/ပြည်နယ်အသီးသီးက မိမိတို့၏ နယ်နိမိတ်အတွင်း လူမှုစီးပွားရေး ဆင်းရဲမှုအခြေအနေများအပေါ်မူတည်၍ သတ်မှတ်ရန် ဖြစ်ပါသည်။
- ❖ ကျောင်းများနှင့် ဆေးရုံ၊ ဆေးပေးခန်းများ၏ ရေပေးရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ အဆောက်အဦများကို ဆောက်လုပ်ရာတွင် သက်ဆိုင်ရာ အိမ်ထောင်မိသားစုများမှ (၂၀%)ပါဝင် ထည့်ဝင်ရန် ဤရင်းနှီးမြှုပ်နှံမှုအစီအစဉ်၌ အဆိုပြုထားပါသည်။ ထို့အပြင် ၎င်းအဆောက်အဦများ၏ ပြင်ဆင်

[3] Task Force ၏ ၂၀၁၆ ခုနှစ်၊ မေလ (၄) ရက်နှင့် (၂၆)ရက်နေ့ အစည်းအဝေးများအရ

ထိန်းသိမ်းခြင်းအတွက် လိုအပ်သော ကုန်ကျစရိတ်၏ (၁၀%)ကိုလည်း သက်ဆိုင်သည့် အိမ်ထောင်မိသားစုများမှ ပါဝင်ကျခံရန် ဖြစ်ပါသည်။

**ဇယား-၂။** ငွေလုံးငွေရင်းနှင့် သာမန်အသုံးစရိတ်များကို ခွဲဝေချထားရန်လိုအပ်ချက်

| ပါဝင်သော ကဏ္ဍများ | အသစ်တည်ဆောက်ခြင်း | | အစားထိုးပြင်ဆင်ခြင်း | |
|---|---|---|---|---|
| | အိမ်ထောင်စုများ | ပြည်သူ့ဘဏ္ဍာ | အိမ်ထောင်စုများ | ပြည်သူ့ဘဏ္ဍာ |
| **ကျေးလက်ဒေသ ရေရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေး** | | | | |
| ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေး ကဏ္ဍစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှု | ၀% | ၁၀၀% | ၀% | ၁၀၀% |
| **ကျေးလက်ရေရရှိရေး** | | | | |
| ပစ္စည်းပံ့ပိုးခြင်း | ၃၀% | ၇၀% | ၉၅% | ၅% |
| နည်းပညာပံ့ပိုးခြင်း | ၀% | ၁၀၀% | n/a | n/a |
| **ကျေးလက် ပတ်ဝန်းကျင်သန့်ရှင်းရေး** | | | | |
| အိမ်သာများ | ၉၀% | ၁၀% | ၁၀၀% | ၀% |
| ပတ်ဝန်းကျင်သန့်ရှင်းရေးကဏ္ဍ မိလ္လာစနစ်ဈေးကွက်မြှင့်တင်ခြင်း | ၀% | ၁၀၀% | n/a | n/a |
| ရပ်ရွာလူထုဦးဆောင်သောအလုံးစုံသန့်ရှင်းရေး | ၀% | ၁၀၀% | n/a | n/a |
| တစ်ကိုယ်ရည်သန့်ရှင်းရေးမြှင့်တင်ခြင်း | ၀% | ၁၀၀% | ၀% | ၁၀၀% |
| အမှိုက်စွန့်ပစ်ခြင်းဆိုင်ရာစီမံမှု | ၀% | ၁၀၀% | ၁၀၀% | ၀% |
| **စာသင်ကျောင်းများ** | | | | |
| အိမ်သာများ | ၂၀% | ၈၀% | ၁၀% | ၉၀% |
| ရေရရှိရေး | ၂၀% | ၈၀% | ၁၀% | ၉၀% |
| တစ်ကိုယ်ရည်သန့်ရှင်းရေးမြှင့်တင်ခြင်း | ၀% | ၁၀၀% | ၀% | ၁၀၀% |
| **ကျန်းမာရေးဌာနများ** | | | | |
| ရေရရှိရေး | ၂၀% | ၈၀% | ၁၀% | ၉၀% |
| အိမ်သာများ | ၂၀% | ၈၀% | ၁၀% | ၉၀% |
| ရေဆိုးသန့်စင် စနစ်များ | ၀% | ၁၀၀% | ၀% | ၁၀၀% |
| ဆေးရုံဆေးပေးခန်းများမှ အန္တရာယ်ရှိသော ပစ္စည်းများ စွန့်ပစ်စနစ် | ၀% | ၁၀၀% | ၀% | ၁၀၀% |
| **အရေးပေါ်ကာလများအတွက် ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည် သန့်ရှင်းရေး** | ၀% | ၁၀၀% | ၀% | ၁၀၀% |

## အစီအစဉ်ရေးဆွဲခြင်းကာလနှင့် အချိန်အပိုင်းအခြားသတ်မှတ်ခြင်း

ဤရင်းနှီးမြှုပ်နှံမှုအစီအစဉ်ကို ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ ကဏ္ဍအတွက် ၂၀၃၀ ခုနှစ်အထိ လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ငွေကြေးသုံးစွဲခြင်းများ ပြုလုပ်နိုင်ရန်အတွက် လမ်းညွှန်နိုင်ရန် စီစဉ်ထားခြင်းဖြစ်ပါသည်။ ၂၀၁၆ မှ ၂၀၁၈ ခုနှစ်အထိကို အသွင်ကူးပြောင်းရေးကာလအနေဖြင့် သတ်မှတ်ထားပါသည်။ ဤကာလ၌ ရေရရှိရေး၊ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ အပြည့်အဝဖွံ့ဖြိုးတိုးတက်မှုရှိလာနိုင်ရန် အုပ်ချုပ်ရေးဆိုင်ရာစနစ်များ၊ ရန်ပုံငွေရှာခြင်းများ၊ စျေးပြိုင်စနစ်များ စသည်တို့ကို အဓိကဖွံ့ဖြိုးတိုးတက် လာစေရန်ဖြစ်ပါသည်။ ဇယား (၃) တွင် အချိန်နှင့်အညီ ပြုလုပ်ရမည့်လုပ်ငန်းများကို အကျဉ်းချုပ်ဖော်ပြထားပါသည်။ သက်ဆိုင်ရာလုပ်ငန်းများအတွက် သတ်မှတ်ထားသော ကုတ်အမှတ်များ(Codes)ကို အောက်တွင် ဖော်ပြထားပါသည်-

$T_1$ - ပြောင်းလဲခြင်းအချိန်ကာလ၊ ဝန်ဆောင်မှုလုပ်ငန်းများ အပြည့်အဝဖွံ့ဖြိုးတိုးတက်လာစေရန် စီမံရေးနှင့် အုပ်ချုပ်မှုဆိုင်ရာစနစ်များ မြင့်မားဖြစ်ပေါ်လာခြင်း၊ ရန်ပုံငွေရှာခြင်း၊ စျေးပြိုင်ခေါ်ယူမှုများ စသည်တို့ကို ပြင်ဆင်ခြင်း၊

- ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် နည်းပညာပံ့ပိုးခြင်းအပိုင်းကို ဖော်ထုတ် ဆောင်ရွက်ခြင်း၊ လူဦးရေတိုးသည်နှင့်အမျှ ရေရရှိရေး၊ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ အဆောက် အဦများကို သုံးစွဲနိုင်မှုပါ တိုးလာစေနိုင်ရန် မတည်ရန်ပုံငွေများ ချမှတ်ခြင်း၊ ပြုပြင်ထိန်းသိမ်းရေး အတွက် နှစ်စဉ်လိုအပ်သော ရန်ပုံငွေများကို ဆက်လက်ချမှတ်ဆောင်ရွက်ခြင်း၊

$T_2$ - အဆောက်အဦအသစ် ဆောက်လုပ်ခြင်းနှင့် အစားထိုးဆောက်လုပ်ခြင်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခြင်း၊

**ဇယား-၃။** ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ကို ကဏ္ဍအလိုက်အကောင်အထည်ဖော်မည့်ကာလ

| **ဖော်ပြချက်** | **နှစ်** | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄-၂၀၃၀ |
| **အကျဉ်းချုပ်** | အသွင်ကူးပြောင်းကာလ | | | | | | | | |
| | | | အကောင်အထည်ဖော်ခြင်း | | | | | | |
| **ပါဝင်သောကဏ္ဍများ** | | | | | | | | | |
| **ကျေးလက်ရေရရှိရေး** | | | | | | | | | |
| ပစ္စည်းပံ့ပိုးခြင်း | T1 | T1 | T1 | T2 | T2 | T2 | T2 | T2 | T2 |
| နည်းပညာပံ့ပိုးခြင်း | T1 | T1 | T1 | T2 | T2 | T2 | T2 | T2 | T2 |
| **ကျေးလက် ပတ်ဝန်းကျင်သန့်ရှင်းရေး** | | | | | | | | | |
| ပစ္စည်းထောက်ပံ့ခြင်း-ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲခြင်း | T1 | T1 | T1 | T2 | T2 | T2 | T2 | T2 | T2 |
| နည်းပညာပံ့ပိုးခြင်း-ရပ်ရွာလူထုအခြေပြု အလုံးစုံ သန့်ရှင်းရေး | T1 | T1 | T1 | T2 | T2 | T2 | T2 | T2 | T2 |
| နည်းပညာပံ့ပိုးခြင်း- မိလ္လာစနစ်စျေးကွက်မြင့်တင်ခြင်းအတွက်သုတေသနပြုလုပ်ခြင်း | T1 | T1 | T1 | | | | | | |
| နည်းပညာပံ့ပိုးခြင်း- မိလ္လာစနစ်စျေးကွက်မြင့်တင်ခြင်း | T1 | T1 | T2 | T2 | T2 | T2 | T2 | T2 | |
| နည်းပညာပံ့ပိုးခြင်း- တစ်ကိုယ်ရည်သန့်ရှင်းရေးမြှင့်တင်ခြင်း | T1 | T1 | T1 | T2 | T2 | T2 | T2 | T2 | T2 |
| အမှိုက်စွန့်ပစ်ခြင်းဆိုင်ရာစီမံမှု | T1 | T1 | T1 | T2 | T2 | T2 | T2 | T2 | T2 |
| **စာသင်ကျောင်းများ** | | | | | | | | | |
| ရေရရှိရေး | T1 | T1 | T1 | T2 | T2 | T2 | T2 | T2 | T2 |
| ပတ်ဝန်းကျင်သန့်ရှင်းရေး-ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲခြင်းနှင့် ရေဆိုးစွန့်ထုတ်စနစ် | T1 | T1 | T1 | T2 | T2 | T2 | T2 | T2 | T2 |
| ဆရာ၊ဆရာမများအား တစ်ကိုယ်ရည်သန့်ရှင်းရေးမြှင့်တင်ခြင်းဆိုင်ရာသင်တန်းများ ပို့ချခြင်း။ | T1 | T1 | T1 | T2 | T2 | T2 | T2 | T2 | T2 |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| **ကျန်းမာရေးဌာနများ** | | | | | | | | | |
| ရေရရှိရေး | T1 | T1 | T1 | T2 | T2 | T2 | T2 | T2 | T2 |
| ပတ်ဝန်းကျင်သန့်ရှင်းရေး- ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲခြင်း နှင့် ရေဆိုးစွန့်ထုတ်စနစ် | T1 | T1 | T1 | T2 | T2 | T2 | T2 | T2 | T2 |
| ဆေးရုံဆေးခန်းထွက် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲခြင်း | T1 | T1 | T1 | T2 | T2 | T2 | T2 | T2 | T2 |
| **အရေးပေါ်အခြေအနေများ** | | | | | | | | | |
| အစီအမံများကြိုတင်ပြုလုပ်ထားခြင်း | T1 | T1 | T2 | T2 | | | | | |
| ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တွင် အရေးပေါ်ကာလသုံး ပစ္စည်းများ ကြိုတင်စုဆောင်းထားရှိခြင်း | T1 | T1 | T2 | | | | | | |
| တိုင်းဒေသကြီး(၃)ခု တွင် အရေးပေါ်ကာလသုံး ပစ္စည်းများ ကြိုတင်စုဆောင်းထားရှိခြင်း | T1 | T1 | T2 | | | | | | |

# အခန်း(၃)

## လက်ရှိလွှမ်းခြုံမှု အခြေအနေ

### ကျေးလက်ဒေသ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး

ရင်းနီးမြှုပ်နှံမှုအစီအစဉ်အတွက် နောက်ဆုံးနှင့် ပြည့်စုံသော အချက်အလက်များမှာ ၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့သည့် "လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း" အစီရင်ခံစာနှင့် အချက်အလက်ဇယားများမှ ဖြစ်ပါသည်။ အခြားတစ်ခုမှာ ကမ္ဘာ့ကျန်းမာရေး အဖွဲ့နှင့် ယူနီဆက်တို့ ပူးတွဲကောက်ယူသည့် "ပူးတွဲစောင့်ကြည့်လေ့လာခြင်း အစီအစဉ်" (Joint Monitoring Programme) တို့ဖြစ်ပါသည်။[4] သို့ရာတွင် ၎င်းမှာ ၂၀၁၀ ခုနှစ်တွင် ပြုလုပ်ထားသော နမူနာလေ့လာမှုမှ ၂၀၁၅ ခုနှစ်တွင် ရှိမည့်အခြေအနေကို ခန့်မှန်းတွက်ချက်ထားခြင်း ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့သည့် "လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း" ကို အခြေပြု၍ ကျေးလက်ဒေသရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးလွှမ်းခြုံမှုအခြေအနေကို ဇယား-၄ တွင် ဖော်ပြထားပါသည်။

### အချက်အလက်များနှင့် ပြဿနာများ

ရရှိနိုင်သော အချက်အလက်များနှင့် စပ်လျဉ်းပြီး အောက်ဖော်ပြပါ သတိပြုသင့်သော အချက်များ ရှိနေပါသည်။

- **ပုံမှန်လည်ပတ်မှု အခြေအနေ** - လက်ရှိ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ စနစ်များ (အဆောက်အဦများ)၏ ပုံမှန်လည်ပတ်နေမှု အခြေအနေနှင့် ၎င်းတို့၏ သက်တမ်းများဆိုင်ရာ အချက်အလက်များသည် ကန့်သတ်ချက်ရှိနေပါသည်။ ၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့သည့် "လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း" နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ယူနီဆက်တို့ ပူးတွဲကောက်ယူသည့် "ပူးတွဲစောင့်ကြည့်လေ့လာခြင်း အစီအစဉ်" တွင် ပါဝင်သော အချက်အလက်များမှာ အိမ်ထောင်စုဝင်များမှ ပြောပြသော အချက်အလက်များသာ ဖြစ်ပါသည်။ "သောက်သုံးရေကို မည်သည့်နေရာက ရရှိသနည်း၊ အသုံးပြုနေသော အိမ်သာသည် မည်သို့သော အမျိုးအစားဖြစ်သနည်း" စသည်ဖြင့် ဖြေဆိုမည့်သူများကို မေးမြန်းပါသည်။ ရေရရှိရေးအတွက်ဆိုပါက ဖြေကြားသူများသည် မေးခွန်းမေးခံရသည့် အချိန်တွင် ၎င်းတို့သုံးနေသောရေကို ပြောပြမည်ဖြစ်သော်လည်း ရေရရှိရေးစနစ်(အဆောက်အဦ)၏ ပုံမှန်လည်ပတ်နေခြင်း ရှိ/မရှိကို ထည့်သွင်း ဖြေဆိုထားခြင်းမရှိပေ။

[4] ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ယူနီဆက်တို့ ပူးတွဲကောက်ယူသည့် "ပူးတွဲစောင့်ကြည့်လေ့လာခြင်း အစီအစဉ်

သို့ဖြစ်ပါ၍ အမှန် တကယ်ကောင်းမွန်ပြီး ပုံမှန်လည်ပတ်နေသော ရေရရှိရေး စနစ် အရေအတွက်မှာ ကောက်ခံရရှိသော စနစ်အရေအတွက်ထက် ပိုမိုများ နေနိုင်ပါသည်။ ထို့ကြောင့်ပုံမှန် လည်ပတ်မှု ရရှိရန် ပြုပြင်မှု အချို့တို့လည်း လိုအပ်မည် ဖြစ်ပါသည်။ ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာအတွက် ဆိုပါမူ အမှန်တကယ် ရှိသည်ထက် ပိုမိုဖြေဆိုထားခြင်းမျိုးများ ရှိနိုင်ပါသည်။ ၂၀၁၁ ခုနှစ်တွင် ယူနီဆက်မှ မြို့နယ်ပေါင်း (၂၄) မြို့နယ်တွင် ပြုလုပ်ခဲ့သော စစ်တမ်းအရ ကျေးလက်ဒေသရှိ (၇)% ခန့်သော အိမ်သာ/ မိလ္လာစနစ်များသည် ပုံမှန်အသုံးပြုနိုင်ခြင်း/လည်ပတ်မှု မရှိကြောင်း တွေ့ရှိရသည်ဟု ဖော်ပြထားပါသည်။

- **အမှိုက်စွန့်ပစ်ခြင်းဆိုင်ရာ စီမံခန့်ခွဲမှုအလေ့အထများ** - ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့် စနစ်တကျ အမှိုက်စွန့်ပစ်ခြင်းဆိုင်ရာ လွှမ်းခြုံမှုနှင့် ပတ်သက်သော အချက်အလက်များကို မရရှိနိုင်ပေ၊ တရားဝင်မဟုတ်သော သတင်းအချက်အလက်များ အရ ကျေးလက်ဒေသများတွင် စနစ်တကျ အမှိုက်စွန့်ပစ်သည့် စနစ်များ ကျင့်သုံးခြင်း မရှိကြောင်း သိရှိရပါသည်။
- **တစ်ကိုယ်ရည် သန့်ရှင်းရေးဆိုင်ရာအမူအကျင့်များ** - ဤအချက်နှင့်ပတ်သက်၍လည်း အမျိုးသားအဆင့်တွင်သော်လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တွင် သော်လည်းကောင်း တိကျသော အချက်အလက်များမရှိပေ။ ၂၀၁၁ ခုနှစ်တွင် ယူနီဆက်မှ မြို့နယ်ပေါင်း(၂၄)မြို့နယ်တွင် ပြုလုပ်ခဲ့သော စစ်တမ်းတွင်မူ တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့်သက်ဆိုင်သော အချက်အလက် ဖော်ပြထားပါသည်-
  - (က) အိမ်သာ /မိလ္လာများ၏ ၁၁.၇ % သည် သန့်ရှင်းမှု မရှိပေ၊
  - (ခ) ကျေးလက်ဒေသတွင် နေထိုင်သောသူ ၁၀.၉ % သည် အိမ်သာ အသုံးပြုပြီးလျှင် လက်ဆေးခြင်းမရှိချေ၊
  - (ဂ) ကျေးလက်နေ အိမ်ထောင်စုများ၏ ၃၃ % သည် မီးဖိုချောင်ထွက် အညစ်အကြေးများကို မြစ်၊ချောင်း၊အင်း၊အိုင်၊ ကွင်းပြင်တို့တွင် စွန့်ပစ်၍ ၃၆.၈% သည် မီးရှို့ဖျက်ဆီးသည်၊
  - (ဃ) ကျေးလက်နေ မေးခွန်းဖြေဆိုသူ ၇၇.၅% သည် သန့်(၄)သန့် စီမံချက် အကြောင်းကို မသိရှိပေ။

- **သန်းခေါင်စာရင်း မကောက်ယူနိုင်သော ဒေသများ-** လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရာတွင် အကြောင်းအမျိုးမျိုးကြောင့် ရခိုင်၊ ကချင်နှင့် ကရင်ပြည်နယ်တို့မှ လူဦးရေ အချို့မပါဝင်ကြောင်း တွေ့ရှိရပါသည်။ ပြည်ထောင်စု သန်းခေါင်စာရင်း အစီရင်ခံစာ အတွဲ-၂ တွင် လူဦးရေ စုစုပေါင်း ၁,၂၀၆,၃၅၃ ဦး (၂.၃၄ % ခန့်) မပါဝင်ကြောင်းကို ဖော်ပြထားပါသည်။သို့ရာတွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းပါ အချက်အလက်များသည် ကောက်ယူထား

သော လူဦးရေ စုစုပေါင်းအပေါ်တွင်သာ မူတည်ပြီး အသေးစိတ် ဆန်းစစ်ချက်များ နှင့် အစီရင်ခံခြင်းများ ပြုစုထားပါသည်။[5] ဤကျန်ရှိနေခဲ့သော.လူဦးရေပါဝင်စေရန် လူဦးရေနှင့် အိမ်အကြောင်းအရာပါအချက်အလက်များနှင့် ပြည်နယ်များ၏ ပျှမ်းမျှ လွှမ်းခြုံမှုရာခိုင်နှုန်းကို ထုတ်နှုတ်အသုံးပြုပြီး တွက်ချက်ထားပါသည်။[6]

[5] ၂၀၁၄ ခု၊ မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ ပြည်ထောင်စု သန်းခေါင်စာရင်း အစီရင်ခံစာ အတွဲ-၂

[6] ရခိုင်ပြည်နယ်- ၁,၀၉၀,၀၀၀၊ ကချင်-၄၆,၆၀၀နှင့် ကရင်-၆၉,၇၅၃။

**ဇယား-၄။** ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးစနစ် အမျိုးမျိုး ရရှိသုံးစွဲနေသော လူဦးရေ ရာခိုင်နှုန်း (%)

| ပြည်နယ်/ တိုင်းဒေသကြီး | ရေပေးရေး | | | | ပတ်ဝန်းကျင်သန့်ရှင်းရေး | | | |
|---|---|---|---|---|---|---|---|---|
| | သန့်ရှင်းသော အရင်းအမြစ်များ | | | မသန့်ရှင်းသော အရင်းအမြစ်များ [b] | သန့်ရှင်းသော စနစ်များ | | မသန့်ရှင်းသော စနစ်များ [c] | အိမ်သာ မရှိ |
| | ရေပိုက်လိုင်း | အဝီစိတွင်း | အခြားသန့်ရှင်းသော အရင်းအမြစ်များ [a] | | ရေဆွဲအိမ်သာ | ရေလောင်းအိမ်သာ | | |
| ကချင် | ၆ | ၃၀ | ၃၀ | ၃၄ | ၁ | ၈၁ | ၁၅ | ၃ |
| ကယား | ၂၄ | ၃ | ၂၁ | ၅၂ | ၁ | ၈၆ | ၅ | ၉ |
| ကရင် | ၄ | ၃ | ၄၈ | ၄၅ | ၁ | ၆၀ | ၈ | ၃၀ |
| ချင်း | ၆၅ | ၀ | ၁ | ၃၄ | ၀ | ၆၉ | ၁၁ | ၁၉ |
| စစ်ကိုင်း | ၆ | ၄၉ | ၂၄ | ၂၁ | ၁ | ၆၇ | ၁၃ | ၁၉ |
| တနင်္သာရီ | ၉ | ၅ | ၃၈ | ၄၈ | ၁ | ၅၉ | ၂၁ | ၂၀ |
| ပဲခူး | ၁ | ၄၉ | ၂၁ | ၂၉ | ၁ | ၇၀ | ၁၇ | ၁၃ |
| မကွေး | ၄ | ၅၀ | ၂၀ | ၂၅ | ၁ | ၆၅ | ၁၄ | ၂၀ |
| မန္တလေး | ၄ | ၅၂ | ၂၄ | ၁၉ | ၂ | ၇၂ | ၅ | ၂၁ |
| မွန် | ၆ | ၃ | ၅၁ | ၃၉ | ၁ | ၇၂ | ၆ | ၂၁ |
| ရခိုင် | ၂ | ၂ | ၂၈ | ၆၇ | ၁ | ၂၃ | ၅ | ၇၁ |
| ရန်ကုန် | ၄ | ၃၀ | ၉ | ၅၇ | ၁ | ၈၁ | ၁၀ | ၈ |
| ရှမ်း | ၂၂ | ၅ | ၁၅ | ၅၉ | ၁ | ၅၄ | ၃၁ | ၁၄ |
| ဧရာဝတီ | ၀ | ၃၃ | ၁၃ | ၅၃ | ၀ | ၇၂ | ၁၃ | ၁၄ |
| နေပြည်တော် | ၂ | ၅၅ | ၂၀ | ၂၃ | ၂ | ၈၂ | ၆ | ၁၀ |
| စုစုပေါင်း | ၆ | ၃၃ | ၂၂ | ၃၉ | ၁ | ၆၆ | ၁၄ | ၁၉ |

ရည်ညွှန်း- ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

မှတ်ချက်-

[a] အခြားစိတ်ချ ရသောအရင်း အမြစ်များတွင် ကာကွယ်ထားသော လက်တူးတွင်းကျယ်များ၊ စိမ့်စမ်း ရေသွယ်များနှင့် ရေသန့်စင်စနစ်ပါဝင်သော သောက်ရေကန်များ

[b] စိတ်မချရသော ရေအရင်းအမြစ်များတွင် အကာအကွယ်မဲ့ လက်တူးတွင်းကျယ်များ၊ စိမ့်စမ်းရေသွယ်များ၊ ရေအိုင်များ၊ ရေကန်များ၊ မြစ်၊ချောင်း၊ဆည်မြောင်းရေများ၊ ရေစည်လှည်း/ရေကားများနှင့် အခြားအရင်းအမြစ်များ

[c] စိတ်မချရသော စနစ်များတွင် မိရိုးဖလာ ကျင်းအိမ်သာများ၊ ဇလားအိမ်သာများနှင့်အခြားစနစ်များ

## စာသင်ကျောင်းများ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး

စာသင်ကျောင်းများ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး လွှမ်းခြုံမှု အခြေအနေနှင့် ပတ်သက်သော အချက်အလက်များ ပြည့်စုံစွာ မရရှိပါ။ စာသင်ကျောင်း အများစုတွင် ရေရရှိရေးနှင့် အိမ်သာ/မိလ္လာစနစ်များ ရှိနေနိုင်မည် ဖြစ်သော်လည်း မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းဆင့်သင် ကျောင်းများ၌ လုံလောက်မှု ရှိ/မရှိ၊ ကောင်း/မကောင်း စသည့် အချက်အလက်များကို ပြည်ထောင်စုအဆင့်တွင် စုစည်းထားရှိမှု မရှိပေ။

စာသင်ကျောင်းများ၏ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ပတ်သက်သော ရရှိနိုင်သည့် အချက်အလက်များမှာ-

- ကျန်းမာရေးဝန်ကြီးဌာန အစီရင်ခံစာ (၂၀၁၁) ကို ကိုးကားပြီး "မြန်မာနိုင်ငံ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးကဏ္ဍ အခြေအနေဆန်းစစ်မှု အစီရင်ခံစာ"[7] တွင် စာသင်ကျောင်းများ၏ (၈၁) % တွင် သန့်ရှင်းသောရေ ရရှိလျက်ရှိသည်ဟု ဖော်ပြထားပါသည်။ သို့ရာတွင် သတိပြုရန်အချက်မှာ ကျောင်းဝင်း အတွင်း ရရှိခြင်း၊ ရေလုံလောက်မှုနှင့် ရေအရည်အသွေး စိတ်ချရမှု အခြေအနေများကို တိကျစွာ ဖော်ပြထားခြင်း မရှိပေ။
- ယူနီဆက်၏ ၂၀၁၁ ခုနှစ်တွင် ပြုလုပ်သော မြန်မာနိုင်ငံရှိ အချို့သော မူလတန်းအဆင့်သင် စာသင်ကျောင်းများ၏ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေး ဆိုင်ရာ ဆန်းစစ်လေ့လာချက်တွင် အောက်ဖော်ပြပါ အချက်များကို ဖော်ပြထားပါသည်။
- ကျောင်းများ၏ (၅၉) % ၌ "လုံလောက်သောရေ" ရရှိနေသည်ဟု ဖော်ပြပါသည်၊ သို့သော် "လုံလောက်သောရေ" ဟူသော ဝေါဟာရ၏ အဓိပ္ပါယ်ဆိုလိုရင်းသည် ရှင်းလင်းမှုမရှိပေ။
- ကျောင်းသား(၆၉)ယောက်အတွက် အိမ်သာတစ်လုံးနှုန်းရှိ၍ ကျောင်းအိမ်သာ (၆၅)% သာ အသုံးပြုနိုင်ကြောင်း ဖော်ပြထားပါသည်။

## ဆေးရုံ၊ ဆေးပေးခန်း ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး

- ၂၀၁၅ ခုနှစ်တွင် ရေရရှိရေးနှင့်အိမ်သာ/မိလ္လာစနစ် အချက်အလက်များအပါအဝင် အခြေခံကလေးပျော် ကျောင်းများ၏ အခြေအနေဆိုင်ရာများကို ကျန်းမာရေးဝန်ကြီး ဌာန၏ Nation-wide Service Availability and Rediness Assessment (SARA) of Myanmar (၂၀၁၆)တွင် ဖော်ပြထားပါသည်။ (ဇယား-၅) သို့ရာတွင် ဝန်ဆောင်မှုလုပ် ငန်းများ၏ ပုံမှန်လည်ပတ်မှု အခြေအနေကို အသစ်ရေးဆွဲနေသော

[7] ကမ္ဘာ့ဘဏ်နှင့် ယူနီဆက်၊ ၂၀၁၅၊ မြန်မာနိုင်ငံ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေး ကဏ္ဍ အခြေအနေဆန်းစစ်မှု အစီရင်ခံစာ

ကျေးလက်ဒေသ၊ ကျောင်းများနှင့် ဆေးရုံ၊ ဆေးပေးခန်းများ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးဆိုင်ရာ မဟာဗျူဟာကဲ့သို့ အစီအစဉ်ပွဲဖွဲ့ဆိုမှုများ မဖော်ပြထားပေ။ အခြားဖော်ပြထားသော အချက်အလက်များမှာ-

- ကျေးလက်ကျန်းမာရေး ဆေးပေးခန်းဆိုင်ရာ အချက်အလက်များကို ဒေသန္တရ ဆေးပေးခန်းများနှင့်အတူ ဖော်ပြထားပါသည်။
- ဆေးရုံ၊ ဆေးပေးခန်းထွက် အန္တရာယ်ရှိ ပစ္စည်းများစနစ်တကျ စွန့်ပစ်မှုနှင့် ပတ်သက်သော အချက်အလက်များ ဖော်ပြထားခြင်း မပါရှိပေ။

**ဇယား-၅။** ကျန်းမာရေးဌာနများရှိ အခြေခံရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ရရှိမှုအခြေအနေ (%)

| **အမျိုးအစား** | **စိတ်ချရသော ရေအရင်းအမြစ်များ** | **ပတ်ဝန်းကျင် သန့်ရှင်းရေးစနစ်များ** |
|---|---|---|
| မြို့နယ်ဆေးရုံ/ တိုက်နယ်ဆေးရုံ | ၉၁ % | ၁၀၀ % |
| ကျေးလက်ကျန်းမာရေးဌာန | ၉၃ % | ၉၈ % |
| ကျေးလက်ကျန်းမာရေးဌာနခွဲ | ၅၇ % | ၇၉ % |
| ရည်ညွှန်း။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန (၂၀၁၆) | | |

# အခန်း (၄)

## မျှော်မှန်းချက်ပန်းတိုင်၊ ရည်ရွယ်ချက်များနှင့် လျာထားချက်များ

ကျေးလက်ဒေသများ၊ ကျောင်းများနှင့် ဆေးရုံ၊ ဆေးပေးခန်းများအတွက် ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးမဟာဗျူဟာတွင် ချမှတ်ထားသော မျှော်မှန်းချက်ပန်းတိုင်၊ မဟာဗျူဟာဆိုင်ရာ ရည်ရွယ်ချက်များနှင့် လျာထားချက်များကို ဇယား-၆ တွင် ဖော်ပြထားပါသည်၊ ချမှတ်ထားသည့် လျားထားချက်များ၏ ကိန်းဂဏန်းများကို ဇယား-၇ နှင့် ၈ တို့တွင် ဖော်ပြထားပါသည်။[8]

**ဇယား-၆။** မဟာဗျူဟာ မျှော်မှန်းချက်ပန်းတိုင်၊ ရည်ရွယ်ချက်များနှင့်ပါဝင်သော ကဏ္ဍများ

| | |
|---|---|
| **မဟာဗျူဟာဆိုင်ရာ ရည်မှန်းချက်** | **၂၀၃၀ ခုနှစ်အရောက်တွင် ထိရောက် အကျိုးရှိသော၊ တန်းတူညီမျှရှိသော ကုန်ကျစရိတ် ကျခံနိုင်သည့် ရေကောင်း ရေသန့်ရရှိရေး ၊ တစ်ကိုယ်ရည်နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ ဂန်ဆောင်မှုများကို ဖော်ထုတ်ချမှတ် ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေ ပြည်သူများ အားလုံး၏ လူမှုစီးပွား ဘ၀ ပိုမိုတိုးတက်လာစေရေးကို အထောက်အကူ ဖြစ်စေရန်** |
| **မဟာဗျူဟာဆိုင်ရာ ရည်မှန်းချက်များနှင့် အခန်းကဏ္ဍများ** | |
| | ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေအောင် ဆောင်ရွက်ခြင်းနှင့် သဘာဝဘေးအန္တရာယ် ဖြစ်နိုင်ချေလျော့ချရေး။<br>၀:၁- သဘာဝဘေးအန္တရာယ် ဖြစ်နိုင်ချေလျော့ချရေးနှင့် ရာသီဥတု ပြောင်းလဲမှုနှင့် လိုက်လျောညီထွေအောင် ဆောက်ရွက်ခြင်း။ |
| ၁။ ရေရရှိရေး | ၂၀၃၀ ခုနှစ်တွင် ကျေးလက်နေပြည်သူများအားလုံးသည် ရေကောင်းရေသန့် ရရှိရေးအတွက် ထိရောက် အကျိုးရှိပြီး စရိတ်ကျခံနိုင်သည့် ဝန်ဆောင်မှုများကို ရရှိသုံးစွဲနိုင်မည်။<br>၁:၁။ ရေအရင်းအမြစ်စီမံခန့်ခွဲမှု။<br>၁:၂။ ရေရရှိရေးပုံစံ၊ စီစဉ်ခြင်းနှင့် အခြေခံအဆောက်အဦ။<br>၁:၃။ ရေအရည်အသွေးစံသတ်မှတ်ချက်နှင့် သောက်သုံးရေ လုံခြုံစိတ်ချရေး စီမံချက်။<br>၁:၄။ လုပ်ငန်းလည်ပတ်ခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်း။ |

[8] ဤရည်မှန်းချက်များသည် ရင်းနှီးမြုပ်နှံမှု အစီအစဉ်တွင် ရှင်းလင်းလွယ်ကူစေရန် ပြုစုထားပါသည်။ စိတ်ဝင်စားသည့် စာရှုသူများအနေနှင့် အသေးစိတ်ကို မဟာဗျူဟာတွင် လေ့လာ ဖတ်ရှုနိုင်ပါသည်။

| | |
|---|---|
| ၂။ ပတ်ဂန်းကျင် သန့်ရှင်းရေး | ၂၀၃၀ တွင် ကျေးလက်နေပြည်သူများအားလုံးသည် ပြင်ပတွင် အပေါ့အလေး စွန့်သော ဓလေ့များ ပပျောက်သည့် လူမှုပတ်ဝန်းကျင်၌ နေထိုင်လျက်ရှိကြမည်။ သန့်ရှင်းသော၊ လုံခြုံသော၊ လူမှုရေး၊ ယဉ်ကျေးမှုတို့နှင့် ကိုက်ညီသော၊ သိက္ခာရှိသော ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ အဆောက်အဦ၊ အသုံးအဆောင်များကို သုံးလျက် ရှိကြမည်။ ထိရောက်၍ အကျိုးရှိကာ ကုန်ကျစရိတ်ခံနိုင်သော အမှိုက်စွန့်ခြင်း ဂန်ဆောင်မှုများ ရရှိလျက် အမှိုက်ပြန်လည်သန့်စင်အသုံးပြုရန် စီမံခန့်ခွဲမှုများ ရှိနေမည်။<br>၂.၁။ အိမ်ထောင်စုများပတ်ဝန်းကျင်သန့်ရှင်းရေးတိုးမြှင့်လာရန် ဆောင်ရွက်ခြင်းနှင့် ပတ်ဝန်းကျင်၌ အပေါ့အလေးသွားခြင်းကို ပပျောက်အောင်ဆောင်ရွက်ခြင်း။<br>၂.၂။ နည်းပညာပိုင်းဆိုင်ရာရွေးချယ်စရာများပြားလာစေခြင်း။<br>၂.၃။ ပတ်ဂန်းကျင်သန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းလည်ပတ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း<br>၂.၄။ အမှိုက်စွန့်ပစ်ခြင်းဆိုင်ရာစီမံမှု။ |
| ၃။ တစ်ကိုယ်ရည် သန့်ရှင်းရေးဆိုင်ရာ အလေ့အထပြုပြင် ပြောင်းလဲခြင်း | ကျေးလက်နေပြည်သူများအားလုံးသည် အခြေခံတစ်ကိုယ်ရည်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာအလေ့အထများ ကျင့်သုံးလာကြသည်။ ယင်းအလေ့အထများတွင် အဆင့်မြှင့်ထားသည့်အိမ်သာများ အသုံးပြုခြင်း၊ သတ်မှတ်ထားသည့် လက်ဆေးသင့်သော အချိန်များတွင် လက်ဆေးခြင်းနှင့် မွေးကင်းစကလေးများ၏ မစင်များကို စနစ်တကျ စွန့်ပစ်ခြင်း၊ သန့်ရှင်းသောရေ အသုံးပြုမှုစီမံခြင်းတို့ပါဝင်သည်။<br>၃.၁။ တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာအလေ့အထကို လက်ခံကျင့်သုံးခြင်း။<br>၃.၂။ မွေးကင်းစကလေးငယ်များ၏ မစင်များအား စနစ်တကျစွန့်ပစ်ခြင်း။<br>၃.၃။ ပတ်ဝန်းကျင်သန့်ရှင်းရေး။ |
| ၄။ စာသင်ကျောင်းများ ရေရရှိရေး၊ပတ်ဝန်းကျင်သန့်ရှင်းရေး နှင့်တစ်ကိုယ်ရည် သန့်ရှင်းရေး | ကျောင်းများအားလုံးသည် ရေကောင်းရေသန့်ရရှိရန်၊ လုံလောက်သော အိမ်သာများရှိရန်နှင့် အမှိုက်များအားစနစ်တကျ စွန့်ပစ်နိုင်စေရန် လိုအပ်သည်များကို ထောက်ပံ့ပေးခြင်း၊လုပ်ဆောင်ပေးခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းအားဖြင့် တစ်ကိုယ်ရည်သန့်ရှင်းရေးကို ကိုယ်တွေ့ခံစား ရရှိလာနိုင်မည့် ဝန်းကျင်ကိုဖန်တီးပေးသည်။ တစ်ချိန်တည်းမှာပင် ကျောင်းများသည် ဘေးကင်းစိတ်ချရသည့် ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး အလေ့အထများကိုလည်း အားပေးမြှင့်တင်ပေးသည်။<br>၄.၁။ ရေရရှိရေး၊ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်တစ်ကိုယ်ရည် သန့်ရှင်းရေးဆိုင်ရာအသုံးအဆောင်များ။<br>၄.၂။ တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာအမူအကျင့်ပြောင်းလဲခြင်း။<br>၄.၃။ သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေး။ |

| | |
|---|---|
| ၅။ ဆေးရုံ၊ဆေးပေးခန်းများ ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး | ကျေးလက် ကျန်းမာရေးဌာန/ခွဲများ၊ မြို့နယ်နှင့် တိုက်နယ်ဆေးရုံများအားလုံးတွင် လူနာများ၊ လူနာစောင့်ရှောက်သူများနှင့် ဝန်ထမ်းများအတွက် လုံလောက်သည့် သောက်သုံးရေနှင့်အိမ်သာများ၊ ဆေးရုံဆေးခန်းထွက် အညစ်အကြေး ပစ္စည်းစွန့်စနစ်များ၊ ရေဆိုးစွန့်စနစ်များ၊ ကျန်းမာရေးဝန်ဆောင်မှုများအတွက် သင့်လျော်သည့် ရေအမျိုးအစားရှိပြီး သန့်ရှင်းသော ပတ်ဝန်းကျင်ကို ထိန်းသိမ်းထားသည်။<br>၅.၁ ရေရရှိရေး<br>၅.၂ ပတ်ဝန်းကျင်သန့်ရှင်းရေး<br>၅.၃ အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်း<br>၅.၄ ရေဆိုးစွန့်ထုတ်ခြင်း၊ ပြန်လည်သန့်စင်စေခြင်းနှင့် စွန့်ပစ်ခြင်း |
| ၆။ အရေးပေါ်အခြေအနေများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တကိုယ်ရည်သန့်ရှင်းရေး | ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုရှိ၍ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနှင့် အခြားအရေးပေါ်အခြေအနေများတွင် ဒုက္ခသည်များကို ထိရောက်စွာအကျိုးရှိသည့် တုန့်ပြန်မှုကို ပေးနိုင်မည်။<br>၆.၁ ဘေးအန္တရာယ်အတွက်ကြိုတင်ပြင်ဆင်ထားခြင်း။<br>၆.၂ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာတုံ့ပြန်ဆောင်ရွက်ချက်<br>၆.၃ စောလျင်စွာ ပြန်လည်တည်ထောင်ခြင်း |
| ၇။ ဌာန၊ အဖွဲ့စည်းများဆိုင်ရာ ဖွဲ့စည်းပုံ အစီအမံများ | ၂၀၁၈ ခုနှစ်တွင်နိုင်ငံတော်၊ ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်အဆင့်များရှိ အစိုးရဌာနများ၊ ပုဂ္ဂလိကကဏ္ဍနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ကျေးရွာအုပ်စုအဆင့်ရှိ ကျေးရွာလူထုများအတွက်ဖွဲ့စည်းပုံဆိုင်ရာ အစီအစဉ်များ၊ တရားဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ လူ့စွမ်းအားရင်းမြစ် စသည်တို့ ပြုစုဆောင်ရွက်ထားနိုင်ပြီ ဖြစ်သည်။ ထို့ပြင် ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာအလေ့အထကောင်းများအတွက် လိုအပ်သည့် ဝန်ဆောင်မှုများကိုလည်း တိုးမြှင့်လုပ်ဆောင်ကာ ထိန်းသိမ်းစောင့်ရှောက်ထားနိုင်မည်။<br>၇.၁။ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးဆိုင်ရာကဏ္ဍစီမံခန့်ခွဲမှုနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း။<br>၇.၂။ လူ့စွမ်းအားအရင်းအမြစ်များနှင့် စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်စေခြင်း<br>၇.၃။စောင့်ကြည့်စစ်ဆေးခြင်းနှင့် သတင်းအချက်အလက် စနစ်များ စီမံခန့်ခွဲခြင်း<br>၇.၄။ သုတေသနပြုခြင်း၊ တိုးတက်ခြင်းနှင့် ဆန်းသစ်တီထွင်ခြင်း၊ |

| | |
|---|---|
| ၈။ ဘဏ္ဍာရေးနှင့် ငွေကြေး အထောက်အပံ့ | ရေရရှိရေး၊ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာဝန်ဆောင်မှုများ ပံ့ပိုးရန်နှင့်ရေရှည်တည်တံ့ရေးအတွက် မတည်ရင်းနှီးငွေနှင့် နှစ်စဉ်လိုအပ်ငွေ ကုန်ကျစရိတ်များအတွက် ရန်ပုံငွေထောက်အပံ့ ရှိနေမည်။<br>၈.၁။မတည်ရင်းနှီးငွေထောက်ပံ့ခြင်း<br>၈.၂။နှစ်စဉ်အသုံးပြုရမည့်ကုန်ကျစရိတ်များအတွက်ငွေကြေးထောက်ပံ့ခြင်း<br>၈.၃။ ရန်ပုံငွေ ရရှိရန် ကျိုးကြောင်းပြ အဆိုပြုခြင်း |

ဇယား-၇။ ပတ်ဂန်းကျင်သန့်ရှင်းရေးဆိုင်ရာ အခြေခံအချက်အလက်များနှင့်လျာထားချက် (%)

| | ၂၀၁၅ | ၂၀၂၀ | ၂၀၂၅ | ၂၀၃၀ |
|---|---|---|---|---|
| ကျေးရွာများ | | | | |
| တောထိုင်သည့် အလေ့အထ ကင်းစင်မှု | ၀.၃ | ၉၂ | ၉၇ | ၁၀၀ |
| အမှိုက် စီမံခန့်ခွဲမှုစနစ် [a] | | | | ၁၀၀ |
| ကျေးလက်အိမ်ထောင်စုများ | | | | |
| ယင်လုံအိမ်သာသုံးစွဲမှု (မိသားစုသုံး/အတူသုံး) [b] | ၆၇.၃ | ၈၀ | ၉၀ | ၁၀၀ |
| စာသင်ကျောင်းများ | | | | |
| မိန်းကလေးနှင့် ယောကျ်ားလေးများအတွက် သီးသန့်အိမ်သာလုံလောက်မှု | | ၄၀ | ၆၅ | ၁၀၀ |
| လက်ဆေးရန်နေရာနှင့် အသုံးအဆောင်များ | | ၄၀ | ၆၅ | ၁၀၀ |
| ကျေးလက်ဒေသ ဆေးရုံ၊ ဆေးပေးခန်းများ [c] | | | | |
| ရေပေးရေး | | | | ၁၀၀ |
| အိမ်သာ | ၅၀ | ၇၀ | ၈၅ | ၁၀၀ |
| ရေဆိုး သန့်စင်စနစ် [d] | | | | ၁၀၀ |
| အန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ | | | | ၁၀၀ |
| | ၂၀၁၅ | ၂၀၂၀ | ၂၀၂၅ | ၂၀၃၀ |

မှတ်ချက်။
[a] အမှိုက်စီမံခန့်ခွဲမှုစနစ်တွင် အမှိုက်သိမ်းဆည်းခြင်း၊ သဘာဝအလျောက် ပျက်စီးသွားစေခြင်း၊ ပြန်လည်ပြုပြင်အသုံးပြုခြင်းနှင့် ဘေးကင်းလုံခြုံစွာစွန့်ပစ်ခြင်း စသည်တို့ပါဝင်ပါသည်။
[b] အိမ်ထောင်စု တစ်ခုလျှင် ယင်လုံအိမ်သာတစ်လုံးစီ ရှိသည်ဟု ယူဆထားပါသည်။
[c] စံ သတ်မှတ်ချက်များကို မဟာဗျူဟာ၏ ဇယား-၅.၄ တွင်ဖော်ပြထားပါသည်။
[d] တိုက်နယ်ဆေးရုံများနှင့် မြို့နယ်ဆေးရုံများသာ

**ဇယား ၈။** ရေရရှိရေးဆိုင်ရာ လျာထားချက် (%)

| | ၂၀၁၅ | ၂၀၂၀ | ၂၀၂၅ | ၂၀၃၀ |
|---|---|---|---|---|
| ကျေးရွာရေရရှိရေး* | | | | |
| အိမ်များ၌ သောက်သုံးရန် ရေကောင်းရေသန့် ရရှိရေး (ပိုက်လိုင်းရေပေးရေးစနစ် အပါအဝင်) | ၆၁ | ၇၀ | ၈၅ | ၁၀၀ |
| စာသင်ကျောင်းများ ရေရရှိရေး | | | | |
| ရေကောင်းရေသန့်ရရှိရေး(ပိုက်လိုင်းရေပေးရေးစနစ်အပါအဝင်) | | ၄၀ | ၆၅ | ၁၀၀ |
| ကျေးလက်ကျန်းမာရေးဌာန/ခွဲများရေကောင်းရေသန့် ရရှိရေး | | | | |
| ရေကောင်းရေသန့်ရရှိရေး(ပိုက်လိုင်းရေပေးရေးစနစ်အပါအဝင်) | | ၅၀ | ၇၅ | ၁၀၀ |
| * ကျေးရွာတစ်ရွာလျှင် ရေစနစ်တစ်ခုစီရှိရန်လိုအပ်သည်ဟု ယူဆတွက်ချက်ထားပါသည်။ | | | | |

ရင်းနှီးမြှုပ်နှံမှု အစီအစဉ်တွင် ပါဝင်သော လုပ်ငန်းများနှင့် လျာထားချက်များမှာ-

- ❖ ကျေးလက်ဒေသ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ
  - တစ်ကိုယ်ရည်သန့်ရှင်းရေးမြှင့်တင်ခြင်းလုပ်ငန်းများ
  - ပြည်သူလူထုဦးဆောင်သော အလုံးစုံသန့်ရှင်းရေး မြှင့်တင်ခြင်းလုပ်ငန်းများ
  - ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် အိမ်သာနှင့် မိလ္လာစနစ်ဆောက်လုပ် သုံးစွဲမှု မြှင့်တက်လာစေရန် ဆွဲဆောင်ခြင်းနှင့် သုတေသနလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်း။
- ❖ စာသင်ကျောင်းများ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ
  - တစ်ကိုယ်ရည်သန့်ရှင်းရေး သင်ခန်းစာများကို သင်ကြားပြသပေးသော ပညာရေးဝန်ထမ်းများအတွက် သင်တန်းပို့ချပေးခြင်း။
  - စာသင်ကျောင်းတိုင်းတွင် ကျောင်းသင်ခန်းစာပြင်ပဖြစ်သော တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ သင်ခန်းစာများ ပို့ချပေးခြင်း။
- ❖ အရေးပေါ်ကာလ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ
  - တစ်နိုင်ငံလုံးခြုံငုံမိသော ကြိုတင်ပြင်ဆင်မှုများ စီမံထားရှိခြင်း။
  - ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ အရေးပေါ်ကာလသုံးပစ္စည်းများကို ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတွင် ကြိုတင်ပေးပို့ထားရှိခြင်းနှင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးတို့တွင် ကြိုတင်စုဆောင်းထားရှိခြင်း။

# အခန်း (၅)

## ရပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များ

အခန်း(၄)တွင် ဖော်ပြထားသော လျာထားချက်များကို ပြည့်မီစေရန် လိုအပ်သော ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဤအခန်း၌ ဖော်ပြထားပြီးဖြစ်ပါသည်။

ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက် သို့မဟုတ် ဝန်ဆောင်မှုများ၏ အချိုးအစားအလိုက်အပေါ် မူတည်၍ အခြေခံရေတွက်မှုများကိုလည်း အမျိုးမျိုးခွဲ၍ ဖော်ပြထားပါသည်။ ပို၍တိကျသော ရေတွက်ပုံတို့ကို အောက်တွင် ဖော်ပြထားပါသည်-

- အဆောက်အဦ (ဥပမာ- အိမ်သာရေပေးရေးစနစ်၊ ဆေးရုံအညစ်အကြေးစွန့်စနစ်၊ ရေသန့်စင်ရေးစနစ်)
- လူဦးရေ
- အိမ်ထောင်စု/မိသားစု
- ဒေသဖွဲ့စည်းမှု/ရေတွက်မှု (ဥပမာ- ကျေးရွာ၊ မြို့နယ်၊ တိုင်းဒေသကြီး/ပြည်နယ်)

အောက်ဖော်ပြပါအချက်အလက်များကို အသုံးပြု၍ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို တွက်ချက်ပေးပါသည်။

- လက်ရှိ လွှမ်းခြုံမှုနှုန်းထား
- လျာထားချက် (သို့မဟုတ်) ၂၀၃၀ ခုနှစ်တွင် ရှိစေမည့် လွှမ်းခြုံမှုနှုန်းထား
- လက်ရှိနှင့် ခန့်မှန်းတွက်ချက်ထားသော လူဦးရေ
- အဆောက်အဦများ၏ ခန့်မှန်းသက်တမ်း (လိုအပ်ပါက)

အိမ်သာကဲ့သို့သော အဆောက်အဦတို့၌ သက်တမ်း ကန့်သတ်မှုရှိသောကြောင့် ၎င်းတို့အတွက် အစားထိုးပြန်လည်တည်ဆောက်ပေးရန် လိုအပ်ချက်များ ပါဝင်လာပါသည်။

တွက်ချက်မှုများပြုလုပ်ရန် လိုအပ်သောအချက်အလက်များကို စုစည်းရန် လွယ်ကူသောကြောင့် အပိုင်းကဏ္ဍအလိုက် တွက်ချက်ရာတွင် အခြေခံအဓိကကျသော ယူဆချက်များ အောက်၌ ရှင်းလင်းဖော်ပြထားပါသည်။

## ကျေးလက်ဒေသရေရရှိရေး
## ကြားကာလရည်မှန်းရလဒ်များ

၂၀၃၀ ခုနှစ်အတွက် ရေရရှိရေးဆိုင်ရာ လွှမ်းခြုံမှု လျာထားချက် ပြည့်မီနိုင်စေရန် လွှမ်းခြုံရမည့် လူဦးရေကို ဇယား-၉ ၌ ဖော်ပြထားပါသည်။

- ၂၀၁၇ မှ ၂၀၃၀ အထိ လူဦးရေပေါင်း (၄၄)သန်းကို လွှမ်းခြုံရန် လိုအပ်မည်။ တနည်းဆိုသော် တစ်နှစ်လျှင် လူဦးရေ(၃)သန်းနှုန်း ဖြစ်ပါသည်။
- ရေရရှိရေးစနစ် (အဆောက်အဦ)များ၏ (၆၉%)ခန့်မှာ ဤကာလအတွင်း ၎င်းတို့၏ သက်တမ်းကုန်ဆုံးချိန်ရောက်ပြီဖြစ်၍ ပြန်လည်အစားထိုးတည်ဆောက်ရန် လိုအပ်ပါသည်။ နိုင်ငံတွင်း ရေရရှိရေးလွှမ်းခြုံမှုနှုန်း ဦးစွာပထမမြင့်မားသော်လည်း လွှမ်းခြုံမှု လိုအပ်သော လူဦးရေနှင့် နိုင်ငံတွင်း လူဦးရေကွာခြားမှု နည်းရသည့်အကြောင်းကို ဤသို့ သက်တမ်းပြည့်မည့် ရေရရှိရေးစနစ်များ အစားထိုး ပြန်လည်ဆောင်ရွက်ရန် ရင်းနှီးမြှုပ်နှံရမည့် ငွေအား ထပ်ဆင့် ဖော်ပြပါသည်။
- ရပ်ပိုင်းဆိုင်ရာလိုအပ်မှု အများဆုံးသော တိုင်းဒေသကြီး/ပြည်နယ်များမှာ နိုင်ငံတွင်း လူဦးရေအထူထပ်ဆုံးသော တိုင်းဒေသကြီး/ပြည်နယ်တို့ပင် ဖြစ်နေပါသည်။ (ဧရာဝတီ၊ ပဲခူး၊ စစ်ကိုင်း၊ ရှမ်း)။ ရခိုင်ပြည်နယ်၌မူ အခြားတိုင်းဒေသကြီး/ပြည်နယ်များနှင့် နှိုင်းယှဉ်လျှင် လူဦးရေနည်းသော်လည်း ရေရရှိရေး လွှမ်းခြုံမှု နည်းလျက် ရှိနေသောကြောင့် ရပ်ပိုင်းဆိုင်ရာ လိုအပ်ချက်မြင့်မားကြောင်း တွေ့နိုင်ပါသည်။

**ဇယား-၉။** ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ရေပေးရေးစနစ်များလိုအပ်နေသော လူဦးရေ (ထောင်ပေါင်း)

| **ပြည်နယ်/ တိုင်းဒေသကြီး** | **ရေရရှိရေး** | | | |
|---|---|---|---|---|
| | **နှစ်စဉ် လိုအပ်ချက်** | | **အသစ်တည်ဆောက်ခြင်းနှင့် အစားထိုးခြင်း** | |
| | အသစ်တည် ဆောက်ခြင်း | အစားထိုး ပြင်ဆင်ခြင်း | နှစ်စဉ်လို အပ်ချက် | ၂၀၁၇-၂၀၃၀ |
| ကချင် | ၂၂ | ၇၀ | ၉၂ | ၁၂၈၆ |
| ကယား | ၈ | ၁၇ | ၂၅ | ၃၄၆ |
| ကရင် | ၃၈ | ၇၃ | ၁၁၁ | ၁၅၅၄ |
| ချင်း | ၈ | ၃၃ | ၄၁ | ၅၇၆ |
| စစ်ကိုင်း | ၅၈ | ၁၉၅ | ၂၅၃ | ၃၅၄၁ |
| တနင်္သာရီ | ၃၅ | ၇၆ | ၁၁၁ | ၁၅၅၀ |
| ပဲခူး | ၇၅ | ၂၄၀ | ၃၁၅ | ၄၄၁၇ |
| မကွေး | ၅၅ | ၁၆၆ | ၂၂၁ | ၃၀၉၅ |
| မန္တလေး | ၅၁ | ၁၇၈ | ၂၂၉ | ၃၂၀၅ |
| မွန် | ၃၈ | ၉၉ | ၁၃၇ | ၁၉၁၄ |
| ရခိုင် | ၁၃၁ | ၁၅၇ | ၂၈၈ | ၄၀၃၆ |
| ရန်ကုန် | ၉၀ | ၁၅၉ | ၂၄၉ | ၃၄၈၉ |
| ရှမ်း | ၁၇၂ | ၃၂၄ | ၄၉၆ | ၆၉၄၉ |
| ဧရာဝတီ | ၁၉၆ | ၃၄၈ | ၅၄၄ | ၇၆၁၅ |
| နေပြည်တော် | ၁၁ | ၃၈ | ၄၉ | ၆၈၉ |
| **စုစုပေါင်း** | **၉၈၉** | **၂၁၇၃** | **၃၁၆၁** | **၄၄၂၆၀** |

**အညွှန်း။** ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာပေါ်တွင် အခြေခံပြီး တွက်ချက်ထားပါသည်။

**ယူဆချက်များ**

လိုအပ်ချက်များကို တွက်ချက်ရာတွင် အဓိကယူဆချက်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။


- ၂၀၁၆၊ ၂၀၁၈ နှင့် ၂၀၃၀ အတွက် လူဦးရေများကို ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူမှုနှင့်အတူ အခြေပြု၍ The World Statistics Pocket Book (United Nation, 2014)[9] တွင် ပါဝင်သော မြန်မာနိုင်ငံ၏ ကျေးလက်ဒေသ လူဦးရေ တိုးနှုန်းကို မှီငြမ်း၍ ခန့်မှန်းတွက်ချက်ထားပါသည်။ တိုင်းဒေသကြီး/ပြည်နယ် အလိုက် လူဦးရေတိုးနှုန်းကို မရရှိ နိုင်၍ ကျေးလက်ဒေသတွင်း လူဦးရေ တိုးနှုန်း သည် ဒေသတစ်ခုစီအလိုက် ပုံမှန်တိုးနှုန်းအတိုင်း တိုးနေသည်ဟု တွက်ချက်မှု၌ ယူဆချက်ပြုထားပါသည်။ နောက်ဆက်တွဲဇယား ၂-၁ တွင် ဤဆန်းစစ်တွက်ချက် မှု အသုံးပြုသော လူဦးရေစာရင်းကို ဖော်ပြထားပါသည်။
- ၂၀၁၆-၂၀၁၈ ကူးပြောင်းကာလ၌ ရေရရှိရေးစနစ်(အဆောက်အဦ) လွှမ်းခြုံမှု ရာခိုင်နှုန်းသည် ၂၀၁၄ ခုနှစ်တွင်ရှိသော ရာခိုင်နှုန်းနှင့် အတူတူပင်ဖြစ်သည်[10]။ ရေရရှိရေးစနစ် (အဆောက်အဦ)သုံးစွဲသော လူဦးရေပြောင်းလဲမှုသည် စုစုပေါင်း လူဦးရေပြောင်းလဲမှုနှင့် ရေရရှိရေးစနစ် (အဆောက်အဦ)များ သက်တမ်းကုန်ဆုံးမှု ကြောင့် အစားထိုးပြန်လည်တည်ဆောက်ရခြင်းတို့နှင့် အချိုးကျသက်ဆိုင်မှု ရှိနေ သည်ဖြစ်သည်။ ၂၀၃၀ ခုနှစ်တွင် ကျေးလက်လူဦးရေအားလုံး ရေရရှိမှု လွှမ်းခြုံမှု ရနိုင်ရန် ၂၀၁၉ မှစ၍ လွှမ်းခြုံမှုတိုးတက်နှုန်းနှင့် အဓိကရင်းနှီးမြှုပ်နှံမှုတို့ကို တိုးချဲ့ စီစဉ်ရန် လိုအပ်ပါသည်။
- ပုံ-၃ နှင့် နောက်ဆက်တွဲဇယား ၂-၂ တို့တွင် ၂၀၃၀ အတွက် အဆိုပြုထားသော ရေရရှိရေး စနစ်(အဆောက်အဦ)တို့ကို ဖော်ပြထားပါသည်။ ၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ကျေးလက်နေပြည်သူလူထုအများစု (၂၀%)သည် ပိုက်လိုင်းရေသွယ် စနစ်ကို ၂၀၃၀ ခုနှစ်တွင် အသုံးပြုနေနိုင်မည်ဖြစ်ပါသည်။
- နောက်ဆက်တွဲဇယား ၂-၂ တွင် ရေရရှိရေးဆိုင်ရာစနစ်၊ အဆောက်အဦများ၏ သက်တမ်းများကို တင်ပြထားပါသည်။ တန်ဘိုးသင့်ထားမှုကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြုစုပေးထားပါသည်။

---

[9] ဤလူဦးရေတိုးနှုန်းမှာ သန်းခေါင်စာရင်းအရ ကျေးလက်ဒေသရှိ လူဦးရေများကို သီးခြား တွက်ချက်ထားခြင်း ဖြစ်သော်လည်း အချို့သော လူဦးရေတိုးနှုန်းကို ခန့်မှန်းတွက်ချက် ပြုထား သော်လည်း ကျေးလက်ဒေသမှ မြို့များသို့ ရွှေ့ပြောင်းသော လူဦးရေကိုထည့်သွင်း စဉ်းစားထား ခြင်းမရှိသေးပါ။

[10] အသေးစိတ်ကိုဇယား-၄ တွင်ရှု့ပါ

**ပုံ-၃။** ၂၀၃၀ ခုနှစ်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ သန့်ရှင်းသော သောက်သုံးရေ အမျိုးအစားအလိုက် ရရှိသုံးစွဲမှု ရည်မှန်းချက်ပြပုံ(လူဦးရေ ရာခိုင်နှုန်း)




| Item | Tap water/ Piped | Tube well, borehole | Protected well/ Spring/ Pond |
|---|---|---|---|
| Access in 2030 (% of population) | | | |
| Ayeyawaddy | 15% | 50% | 35% |
| Bago | 20% | 60% | 20% |
| Chin | 90% | 0% | 10% |
| Kachin | 20% | 30% | 50% |
| Kayah | 30% | 10% | 60% |
| Kayin | 20% | 20% | 60% |
| Magway | 20% | 70% | 10% |
| Mandalay | 20% | 70% | 10% |
| Mon | 20% | 5% | 75% |
| Nay Pyi Taw | 25% | 70% | 5% |
| Rakhine | 15% | 5% | 80% |
| Sagaing | 20% | 70% | 10% |
| Shan | 25% | 25% | 50% |
| Tanintharyi | 15% | 15% | 70% |
| Yangon | 20% | 35% | 45% |
| Union | 20% | 45% | 34% |
| Expected life (years) | 15 | 15 | 15 |

## ကျေးလက်ဒေသပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး

ကျေးလက်ဒေသပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ပစ္စည်းပံ့ပိုးခြင်းနှင့် နည်းပညာပံ့ပိုးခြင်း ဟူ၍ (၂)ပိုင်းခွဲထားပါသည်။ ပစ္စည်းပံ့ပိုးခြင်း အပိုင်း၌ အိမ်သာနှင့် အမှိုက်စွန့်စနစ် (အဆောက်အဦ)များ ပါဝင်၍ နည်းပညာပံ့ပိုးခြင်းအပိုင်း၌ အိမ်သာနှင့် မိလ္လာစနစ်များ ဆောက်လုပ်သုံးစွဲမှု မြင့်တက်လာစေရန် ဆွဲဆောင်ခြင်း (သုတေသနများနှင့်ပူးတွဲလျက်)၊ ရပ်ရွာလူထု အခြေပြု အလုံးစုံ သန့်ရှင်းရေးလုပ်ငန်းများနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ တိုးတက်မြှင့်တင်ပေးမည့် စီမံချက်များ ပါဝင်ပါသည်။

## ကြားကာလ ရည်မှန်းချက်ရလဒ်များ (ပစ္စည်းပံ့ပိုးခြင်း)

ဇယား-၁၀ တွင် ဖော်ပြထားသည့်အတိုင်း ပစ္စည်းပံ့ပိုးခြင်းအတွက် ရပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များမှာ-

- လူဦးရေ (၃၉)သန်းနီးပါး အိမ်သာများ ဆောက်လုပ်သုံးစွဲရန် လိုအပ်ပါသည်။ (တစ်နှစ်လျှင် (၃)သန်းမျှ) ယင်းဆောက်လုပ်ရမည့် အများစုမှာ သက်တမ်းကုန်သွားမည့် လက်ရှိသုံးစွဲလျက်ရှိသော အိမ်သာများကို အစားထိုးပြန်လည် ဆောက်လုပ်ရန်ဖြစ်ပါသည်။
- အိမ်ထောင်စုပေါင်း (၁၂)သန်းကျော်ခန့် စနစ်တကျ အမှိုက်စွန့်ပစ်မှုဆိုင်ရာစနစ် (အဆောက်အဦ)နှင့် ဝန်ဆောင်မှုများ လိုအပ်မည် ဖြစ်ပါသည်။ ကုန်ကျမည့်စရိတ်အများစုမှာ အိမ်သာ အသစ်ဆောက်လုပ်ခြင်းများအတွက် ဖြစ်ပါသည်။ လက်ရှိ၌မူ ယင်းဝန်ဆောင်မှုများ မရှိသောကြောင့်ဖြစ်ပါသည်။ (အခန်း-၃ နှင့် အောက်ဖော်ပြပါ ယူဆချက်များကို ကြည့်ရှုရန်)
- လူဦးရေ ထူထပ်သော တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ အိမ်သာနှင့်အမှိုက်စွန့်စနစ် (အဆောက်အဦ)လိုအပ်ချက် ပို၍မြင့်မားမည်ဖြစ်ပါသည်။

**ဇယား-၁၀။** ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ကျေးလက်ဒေသများတွင် ပတ်ဝန်းကျင် သန့်ရှင်းရေးစနစ်များ လိုအပ်နေသော လူဦးရေ (ထောင်ပေါင်း)

| | **ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည် သန့်ရှင်းရေး** | | | |
|---|---|---|---|---|
| **ပြည်နယ်/ တိုင်းဒေသကြီး** | **နှစ်စဉ် လိုအပ်ချက်** | | **အသစ်တည်ဆောက်ခြင်း နှင့် အစားထိုးခြင်း** | |
| | အသစ်တည် ဆောက်ခြင်း | အစားထိုး ပြင်ဆင်ခြင်း | နှစ်စဉ်လို အပ်ချက် | ၂၀၁၇-၂၀၃၀ |
| ကချင် | ၁၁ | ၄၃ | ၅၄ | ၇၅၁ |
| ကယား | ၂ | ၈ | ၁၀ | ၁၄၁ |
| ကရင် | ၃၂ | ၇၁ | ၁၀၃ | ၁၄၃၈ |
| ချင်း | ၈ | ၁၉ | ၂၇ | ၃၇၈ |
| စစ်ကိုင်း | ၉၂ | ၂၃၄ | ၃၂၆ | ၄၅၆၉ |
| တနင်္သာရီ | ၂၉ | ၆၀ | ၈၉ | ၁၂၄၄ |
| ပဲခူး | ၇၆ | ၂၀၁ | ၂၇၇ | ၃၈၈၁ |
| မကွေး | ၇၆ | ၁၇၈ | ၂၅၄ | ၃၅၅၀ |
| မန္တလေး | ၇၁ | ၂၁၆ | ၂၈၇ | ၄၀၂၂ |
| မွန် | ၂၅ | ၇၅ | ၁၀၀ | ၁၄၀၄ |
| ရခိုင် | ၁၅၀ | ၁၅၀ | ၃၀၀ | ၄၂၀၀ |
| ရန်ကုန် | ၂၇ | ၁၀၃ | ၁၃၀ | ၁၈၁၈ |
| ရှမ်း | ၁၃၁ | ၂၅၀ | ၃၈၁ | ၅၃၂၈ |
| ဧရာဝတီ | ၉၉ | ၂၇၄ | ၃၇၃ | ၅၂၁၉ |
| နေပြည်တော် | ၈ | ၃၅ | ၄၃ | ၅၉၈ |
| **စုစုပေါင်း** | **၈၃၇** | **၁၉၁၇** | **၂၇၅၄** | **၃၈၅၄၀** |

**အမှိုက်စွန့်ပစ်ခြင်း**

| ပြည်နယ်/ တိုင်းဒေသကြီး | အမှိုက်စွန့်ပစ်ခြင်း (လူဦးရေထောင်ပေါင်း) | | | |
|---|---|---|---|---|
| | **နှစ်စဉ် လိုအပ်ချက်** | | **အသစ်တည်ဆောက်ခြင်း နှင့် အစားထိုးခြင်း** | |
| | အသစ်တည် ဆောက်ခြင်း | အစားထိုး ပြင်ဆင်ခြင်း | နှစ်စဉ်လို အပ်ချက် | ၂၀၁၇-၂၀၃၀ |
| ကချင် | ၁၅ | ၅ | ၂၀ | ၂၇၈ |
| ကယား | ၃ | ၁ | ၅ | ၆၅ |
| ကရင် | ၂၁ | ၇ | ၂၈ | ၃၈၉ |
| ချင်း | ၆ | ၂ | ၈ | ၁၀၉ |
| စစ်ကိုင်း | ၇၅ | ၂၄ | ၉၉ | ၁,၃၈၉ |
| တနင်္သာရီ | ၁၈ | ၆ | ၂၄ | ၃၂၉ |
| ပဲခူး | ၇၄ | ၂၄ | ၉၈ | ၁,၃၇၅ |
| မကွေး | ၆၅ | ၂၁ | ၈၆ | ၁,၂၀၀ |
| မန္တလေး | ၇၄ | ၂၄ | ၉၉ | ၁,၃၈၁ |
| မွန် | ၂၅ | ၈ | ၃၄ | ၄၆၉ |
| ရခိုင် | ၅၂ | ၁၇ | ၆၉ | ၉၆၆ |
| ရန်ကုန် | ၄၂ | ၁၄ | ၅၆ | ၇၈၂ |
| ရှမ်း | ၇၃ | ၂၄ | ၉၇ | ၁,၃၅၃ |
| ဧရာဝတီ | ၁၀၆ | ၃၄ | ၁၀ | ၁,၉၅၉ |
| နေပြည်တော် | ၁၅ | ၅ | ၂၀ | ၂၇၉ |
| **စုစုပေါင်း** | **၆၆၄** | **၂၁၆** | **၇၅၃** | **၁၂,၃၂၃** |

**ယူဆချက်များ (ပစ္စည်းပံ့ပိုးခြင်း)**

လိုအပ်ချက်အတွက် တွက်ချက်မှုပြုလုပ်ရာတွင် အဓိကယူဆချက်များမှာ-

- ၂၀၁၆-၂၀၁၈ ခုနှစ်အတွင်း အိမ်သာလွှမ်းခြုံမှု ရာခိုင်နှုန်းနှင့် ၂၀၁၄ အိမ်သာလွှမ်းခြုံမှု ရာခိုင်နှုန်းတို့မှာ အတူတူပင်ဖြစ်သည်။[11] ဆိုလိုရင်းမှာ အိမ်သာအသစ်တည်ဆောက် သုံးစွဲသူတို့မှာ ယခင်အိမ်သာ သက်တမ်းကုန်ဆုံး၍ အစားထိုး အသစ်ပြန်လည်ဆောက်လုပ်သုံးစွဲမည် ဖြစ်သောကြောင့် ဖြစ်ပါသည်။ ၂၀၃၀ ခုနှစ်တွင် ကျေးလက်ဒေသရှိ လူဦးရေအားလုံး အိမ်သာ ဆောက်လုပ်သုံးစွဲရန် ၂၀၁၉ ခုနှစ်မှစ၍

[11] အသေးစိတ်ကို ဇယား-၄ တွင်ရှု။

လွှမ်းခြုံမှုတိုးတက်နှုန်းနှင့် အဓိကမတည်ရင်းနှီးမြှုပ်နှံမှုတို့ကို အရှိန်မြှင့်စီစဉ်ဆောင်ရွက်ရန် လိုအပ်သည်။

- နောက်ဆက်တွဲဇယား ၂-၂ တွင် ၂၀၃၀ ခုနှစ်၌ ရှိမည့် အိမ်သာနှင့် မိလ္လာစနစ် အမျိုးအစားများကို ဖော်ပြထားပါသည်။ ၂၀၁၄ နှင့် နှိုင်းစာလျှင်လူဦးရေ အများစု (၁၀%) သည် ၂၀၃၀ ခုနှစ်တွင် ရေလောင်းအိမ်သာ အမျိုးအစားကို အသုံးပြုလျက်ရှိမည် ဖြစ်သည်။ ရေဆိုးကန်နှင့် ရေလောင်းအိမ်သာတို့ကို အသုံးပြုခြင်းကြောင့် ရေဆိုးနှင့် မိလ္လာစွန့်ပစ်ခြင်းဆိုင်ရာ ဝန်ဆောင်မှုများလည်း ထပ်မံလိုအပ်လာမည် ဖြစ်သော်လည်း ဤရင်းနှီးမြှုပ်နှံမှုအစီအစဉ်တွင် ထည့်သွင်း၍ ခန့်မှန်းတွက်ချက်ခြင်း မပြုလုပ်ထားပေ။
- အိမ်သာအရေအတွက်ကို အိမ်ထောင်စုတစ်စုအတွက် တစ်လုံးနှုန်း တွက်ချက်ထားပါသည်။ ထုံးတမ်းအစဉ်အလာများအရ သော်လည်းကောင်း၊ မြေနေရာ အခက်အခဲများကြောင့် သော်လည်းကောင်း အချို့သောဒေသများအတွက် အဆိုပါ ယူဆချက်မှာ အဆင်မပြေမှုများရှိနေမည်ဖြစ်သော်လည်း ခန့်မှန်းကုန်ကျမှုတွက်ချက်ရာတွင် လိုအပ်သောကြောင့် ဤသို့ ယူဆချက်ကို ပြုလုပ်ထားပါသည်။ ပို၍တိကျသော ခန့်မှန်းတွက်ချက်မှုကို ပြုလုပ်နိုင်ရန် အများသုံးအိမ်သာများနှင့် ပတ်သက်၍ လုံလောက်သော အချက်အလက်များလည်း မရှိပေ။
- အိမ်သာ၊ မိလ္လာစနစ်များ၏ သက်တမ်းကို ခန့်မှန်းချက်ပြုရာ၌ မြန်မာနိုင်ငံ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေးကဏ္ဍ အခြေအနေဆန်းစစ်မှု (ကမ္ဘာ့ဘဏ်နှင့် ယူနီဆက်၊၂၀၁၅)ပေါ်တွင် အခြေပြုကောက်နုတ်ထားပါသည်။ ရေဆွဲအိမ်သာနှင့် ရေလောင်းအိမ်သာအမျိုးအစားများကို အနှစ်(၂၀)နှင့် (၁၀)နှစ်စီ အသီးသီးသက်တမ်းရှိမည်ဟု ခန့်မှန်းတွက်ချက်ထားပါသည်။

လက်ရှိအခြေအနေတွင် ကျေးလက်ဒေသများ၌ စနစ်တကျအမှိုက် စွန့်ပစ်စနစ် သော်လည်းကောင်း တိတိကျကျမရှိသေးပေ၊ နောက်ဆက်တွဲဇယား ၂-၁ တွင် ဖော်ပြထားသော ၂၀၁၄ ခုနှစ်ရှိ အိမ်ထောင်စုအရေအတွက်မှာ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူချက်အရ လူဦးရေစုစုပေါင်းကို တစ်အိမ်ထောင်တွင်ရှိမည့် ပျမ်းမျှ မိသားစု အရေအတွက်ဖြင့် စား၍ တွက်ချက်ထားခြင်း ဖြစ်ပါသည်။ ဤနည်းအတိုင်း UN World Statistics Pocket Book(2014)[12] တွင် ပါရှိသော မြန်မာနိုင်ငံအတွက် လူဦးရေတိုးနှုန်းကို ယူ၍ ၂၀၁၆ ၊ ၂၀၁၈ နှင့် ၂၀၃၀ ခုနှစ်တို့တွင် ရှိမည့် အိမ်ထောင်စုအရေအတွက်ကို တွက်ချက်မှုပြုလုပ်ထားပါသည်။ ပစ္စည်းပုံ့ပိုးခြင်းနှင့် ပတ်သက်၍ အမှိုက်စွန့်ပစ်ခြင်းစနစ်တို့၏ သက်တမ်းကို (၂၀)နှစ်ဟု ခန့်မှန်းချက်ပြုလုပ်ထားခြင်းသည် ဗီယက်နမ်နိုင်ငံတွင် ပြုလုပ်ထားသော အမှိုက်စွန့်ပစ်

[12] United Nations, 2014, World Statistics Pocketbook 2104 Edition. Series V, No-38. Statistics Division, Department of Economic and Social Affairs, United Nations, New York

ခြင်း စီမံချက်ကို ကမ္ဘာ့ဘဏ် မှ ပြုလုပ်ထားသော ဆန်းစစ်ချက် (Nguyen et.al, 2012)[13] အပေါ် မှီငြမ်း၍ ယူဆထားပါသည်။

## အဓိကထွက်ပေါ်ရလဒ်များ (နည်းပညာပံ့ပိုးမှုအပိုင်း)

**ဇယား-၁၁** တွင် ကျေးလက်ဒေသများအတွက် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးအတွက် ရပ်ပိုင်းဆိုင်ရာလိုအပ်ချက်များ အစီအစဉ်ရေးဆွဲထားမှုကို ဖော်ပြထားပါသည်။ ၎င်းတို့ကို အောက်ပါအတိုင်းဖော်ညွှန်းထားပါသည်-

- မြန်မာနိုင်ငံ ကျေးလက်ဒေသအတွင်းရှိ ကျေးရွာအားလုံးသည် ရပ်ရွာလူထုအခြေပြု အလုံးစုံ သန့်ရှင်းရေးနှင့် ပတ်သက်၍ သိရှိနေကြမည်ဖြစ်သည်။
- (၂)နှစ်တာကာလအတွင်း တိုင်းဒေသကြီး/ပြည်နယ်များတွင် အိမ်သာနှင့် မိလ္လာစနစ်များ ဆောက်လုပ်သုံးစွဲမှု မြှင့်တက်လာစေရန် ဆွဲဆောင်ခြင်းနှင့် ပတ်သက်၍ ကနဦး လေ့လာမှုများ ပြုလုပ်နိုင်ပြီး ဖြစ်သည်။
- ပထမ(၅)နှစ်တာ ကာလအတွင်း တိုင်းဒေသကြီး/ပြည်နယ်များတွင် အိမ်သာနှင့် မိလ္လာစနစ်များ ဆောက်လုပ်သုံးစွဲမှု မြှင့်တက်လာစေရန် ဆွဲဆောင်ခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်နေနိုင်မည်ဖြစ်သည်။
- တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ အမူအကျင့်ပြောင်းလဲခြင်း စီမံကိန်းများတွင် ပါဝင်ပြင်ဆင်ထားရမည့် ပစ္စည်းပစ္စယများ၊ သင်တန်းများအတွက် လိုအပ်ချက်များနှင့် ရှေ့ပြေးစမ်းသပ်မှုများအတွက် မတည်ရင်းနှီးရန်ပုံငွေများကို ကနဦးနှစ်များ၌ ပါဝင်စေမည် ဖြစ်ပါသည်။ ၎င်းကနဦးနှစ်အပြီး နောက် (၅)နှစ်တာ ကာလအတွင်း မြို့နယ်တစ်ခုစီတွင် တစ်ကိုယ်ရည်သန့်ရှင်းရေး မြှင့်တင်မှုစီမံချက်များ တစ်နှစ်လျှင် (၃)ကြိမ်၊ ပြီးနောက် ၂၀၃၀ အထိ တစ်နှစ်လျှင် တစ်ကြိမ်နှုန်းဖြင့် အားလုံး (၂၂)ကြိမ် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

[13] The programme involves the collection and disposal of waste in a sanitary landfill

**ဇယား-၁၁။** ရပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များ-ကျေးလက်ဒေသ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးအတွက် နည်းပညာပံ့ပိုးပေးရန် လိုအပ်ချက်များ (၂၀၁၇-၂၀၃၀)

| ပြည်နယ်/ တိုင်းဒေသကြီး | ရပ်ရွာလူထု ဦးဆောင်သော အလုံးစုံ သန့်ရှင်းရေး (ကျေးရွာ အရေအတွက်) | ပတ်ဝန်းကျင် သန့်ရှင်းရေး ဆိုင်ရာ သုတေသနများ | မိလ္လာစနစ် ဈေးကွက် မြင့်တင်ခြင်း (နှစ်ပေါင်း) | တစ်ကိုယ်ရည် သန့်ရှင်းရေးဆိုင်ရာ အစီအစဉ်များ | |
|---|---|---|---|---|---|
| | | | | မြို့နယ်အဆင့် ဆောင်ရွက်ရမည့် အကြိမ်/သင်တန်းများ | ပညာပေး ဆိုင်ရာများ ပြုစုခြင်း |
| ကချင် | ၂,၅၈၂ | ၁ | ၅ | ၅၇၂ | |
| ကယား | ၅၁၁ | ၁ | ၅ | ၅၇၂ | |
| ကရင် | ၂,၀၆၃ | ၁ | ၅ | ၅၇၂ | |
| ချင်း | ၁,၃၄၆ | ၁ | ၅ | ၅၇၂ | |
| စစ်ကိုင်း | ၆,၀၀၅ | ၁ | ၅ | ၅၇၂ | |
| တနင်္သာရီ | ၁,၂၃၀ | ၁ | ၅ | ၅၇၂ | |
| ပဲခူး | ၆,၄၉၅ | ၁ | ၅ | ၅၇၂ | |
| မကွေး | ၄,၇၉၅ | ၁ | ၅ | ၅၇၂ | |
| မန္တလေး | ၄,၇၈၁ | ၁ | ၅ | ၅၇၂ | |
| မွန် | ၁,၁၅၀ | ၁ | ၅ | ၅၇၂ | |
| ရခိုင် | ၃,၇၆၀ | ၁ | ၅ | ၅၇၂ | |
| ရန်ကုန် | ၂,၁၂၉ | ၁ | ၅ | ၅၇၂ | |
| ရှမ်း | ၁၄,၃၄၈ | ၁ | ၅ | ၅၇၂ | |
| ဧရာဝတီ | ၁၁,၉၀၈ | ၁ | ၅ | ၅၇၂ | |
| နေပြည်တော် | ၇၉၆ | ၁ | ၅ | ၅၇၂ | ၁ |
| **စုစုပေါင်း** | **၆၃,၈၉၉** | **၁၅** | **၇၅** | **၈,၅၈၀** | **၁** |

## နည်းပညာပံ့ပိုးမှုအပိုင်းဆိုင်ရာ ယူဆချက်များ

နည်းပညာပံ့ပိုးမှုအပိုင်း လိုအပ်ချက်များကို တွက်ချက်ရာတွင် အောက်ဖော်ပြပါ အဓိက ကျသော ယူဆချက်များကို ပြုလုပ်ထားပါသည်။

- ကုန်ကျစရိတ်များ ခန့်မှန်းတွက်ချက်ရန်အတွက် ကျေးရွာအားလုံးတွင် "ရပ်ရွာလူထု အခြေပြုအလုံးစုံသန့်ရှင်းရေး" လုပ်ငန်းစဉ်ကို ဆောင်ရွက်မည်ဖြစ်သည်၊ အိမ်သာ လွှမ်းခြုံမှုမြင့်မားလျက်ရှိသော ကျေးရွာများအတွက်မူ ဤလုပ်ငန်းစဉ် လိုအပ်မည်

မဟုတ်ပါ၊ သို့ရာတွင် ပတ်ဝန်းကျင်တွင် မစင်စွန့်မှုမရှိတော့ကြောင်း အတည်ပြုရန်နှင့် အသိအမှတ်ပြုရန်မှု ကျေးရွာအားလုံးအတွက် လိုအပ်မည် ဖြစ်ပါသည်။

- အိမ်သာနှင့် မိလ္လာစနစ်များ ဆောက်လုပ်သုံးစွဲမှု မြင့်တက်လာစေရန် ဆွဲဆောင်ခြင်းနှင့် ပတ်သက်၍ အခြားသောနိုင်ငံများရှိ စီမံချက်များ၌လည်း အသေးစားလုပ်ငန်းများ ဖွံ့ဖြိုးမှုနှင့် သော်လည်းကောင်း၊ အခြားအကူအညီမရယူဘဲ ရေရှည်တည်တံ့ လုပ်ဆောင်နိုင်မှုနှင့် သော်လည်းကောင်း၊ ရေရာသော သတင်းအချက်အလက်များ မရရှိပေ၊ ဤရင်းနှီးမြှုပ်နှံမှုအစီအစဉ်၌ အသေးစားလုပ်ငန်းများ (၅)နှစ်အတွင်း ပေါ်ပေါက်၍ နောက်ပိုင်းတွင် ပြင်ပကူညီထောက်ပံ့မှု မလိုအပ်ဘဲ အိမ်သာနှင့်ပတ်သက်သော လုပ်ငန်းနှင့် ဝန်ဆောင်မှုများကို တည်တံ့စွာ ဆောင်ရွက်နိုင်မည်ဟု ယူဆချက်ပြုလုပ်ထားပါသည်။
- တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ အလေ့အကျင့် ကောင်းများရရှိနိုင်ရန် မဟာဗျူဟာဖြင့် ဆောင်ရွက်ရာကာလအတွင်း တစ်ကိုယ်ရည်သန့်ရှင်းရေးမြှင့်တင်ရေး ဆောင်ရွက်မှုများကို ကျေးရွာလူထုများအတွက် အဖန်တလဲလဲ ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

## ကျောင်းများ ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး ကြားကာလရလဒ်များ

ဇယား-၁၂ တွင် ကျောင်းများ ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးအတွက် ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်များကို ဖော်ပြထားပါသည်။ အဓိကအချက်များမှာ-

- ရေရရှိရေးနှင့် ကျောင်းအိမ်သာစနစ် (အဆောက်အဦ)များအတွက် အသစ် ပြန်လည်ဆောက်လုပ်ရန်အတွက် လိုအပ်သော ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေသည် အသစ်ဆောက်လုပ်ရမည့် အဆောက်အဦများအတွက် မတည်ရင်းနှီးငွေထက် ပို၍များမည်ဟု ခန့်မှန်းရပါသည်။
- ကျောင်းသင်ရိုးညွှန်းတမ်း၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ကောင်းမွန်သော တစ်ကိုယ်ရည်သန့်ရှင်းရေး အလေ့အထများကို သင်ကြားပြသနိုင်ရန်အတွက် ဆရာ/ဆရာမပေါင်း (၁၇၅,၆၀၇)ဦးတို့ကို သင်တန်းပေးရမည်ဟု ခန့်မှန်းရပါသည်။
- သင်ရိုးညွှန်းတမ်းပြင်ပ တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ စီမံချက်များကို ၂၀၁၉ မှ ၂၀၃၀ ခုနှစ်အတွင်း ကျောင်းများအားလုံး၌ နှစ်စဉ် ပြုလုပ်သွားမည်ဖြစ်ပါသည်။

**ဇယား-၁၂။** စာသင်ကျောင်းများအတွက် ရေ၊ ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည် သန့်ရှင်းရေး ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များ

| အဆင့် | ရေပေးရေး (ကျောင်းအရေအတွက်) | | ယင်လုံအိမ်သာ ((ကျောင်းသားဦးရေ (ထောင်ပေါင်း)နှင့် ဆရာ/ဆရာမ)) | | တစ်ကိုယ်ရည်သန့်ရှင်းရေးသင်တန်း (ဆရာ/ ဆရာမ အရေ အတွက်) | ကျောင်းသခ်န်းစာပြင်ပ တစ်ကိုယ်ရည် သန့်ရှင်းရေး အစီအစဉ် (ပျှမ်းမျှ ကျောင်းအရေ အတွက်/နှစ်) |
|---|---|---|---|---|---|---|
| | အသစ်တည်ဆောက်ခြင်း | ပြုပြင်ခြင်း | အသစ်တည်ဆောက်ခြင်း | ပြုပြင်ခြင်း | | |
| မူလတန်းဆင့် | ၁၃,၆၂၂ | ၄၁,၀၂၈ | ၂,၄၈၄ | ၅,၇၄၄ | ၁၀၃,၅၅၂ | ၄၀,၅၅၅ |
| အလယ်တန်းဆင့် | ၁,၉၂၇ | ၃,၅၈၉ | ၂,၈၈၇ | ၅,၅၈၉ | ၄၇,၃၄၉ | ၃,၅၅၉ |
| အထက်တန်းဆင့် | ၂,၇၀၆ | ၃,၈၃၁ | ၁,၆၀၃ | ၂,၄၃၄ | ၂၄,၇၀၆ | ၃,၈၀၇ |
| **စုစုပေါင်း** | **၁၈,၂၅၅** | **၄၈,၄၄၈** | **၆,၉၇၄** | **၁၃,၇၆၇** | **၁၇၅,၆၀၇** | **၄၇,၉၂၁** |

## အချက်အလက် လိုအပ်ချက်များ

ကျောင်းများတွင် လိုအပ်ချက်များကို တွက်ချက်ရန် အောက်ပါအချက်အလက်များ လိုအပ်ပါသည်-

- ၂၀၁၆ ၊ ၂၀၁၈ နှင့် ၂၀၃၀ ခုနှစ်များတွင် ရှိမည့် ကျောင်းများအားလုံးအရေအတွက်။
- ၂၀၁၆ နှင့် ၂၀၃၀ တွင် ရှိမည့် ကျောင်းသားဦးရေ။
- ၂၀၁၆ နှင့် ၂၀၃၀ တွင် ရှိမည့် ကျောင်းသားဦးရေနှင့် ကျောင်းအိမ်သာအချိုး။
- ၂၀၁၆ နှင့် ၂၀၃၀ တွင် ရှိမည့် ဆရာ/မ ဦးရေနှင့် ၎င်းတို့အတွက် အိမ်သာအချိုး။
- ၂၀၁၆ နှင့် ၂၀၃၀ တွင် ရှိမည့် ကျောင်းများ ရေရရှိရေးလွှမ်းခြုံမှု။
- ကျောင်းအိမ်သာ၊ မိလ္လာစနစ်နှင့် ရေရရှိရေးဆိုင်ရာစနစ် (အဆောက်အဦ)များ။

ပညာရေးဝန်ကြီးဌာန လူ့စွမ်းအား အရင်းအမြစ်နှင့် ပညာရေးစီမံကိန်းဦးစီးဌာနထံမှ ၂၀၁၄ ခုနှစ်တွင်ရှိသော ကျောင်းများအရေ အတွက်၊ ကျောင်းသားနှင့် ဆရာ/ဆရာမ ဦးရေ အရေအတွက်ကို ရရှိပါသည်။ ယင်း၌ အစိုးရကျောင်းများ၊ ပုဂ္ဂလိကကျောင်းများနှင့် ဘုန်းတော်ကြီးသင် စာသင်ကျောင်းများပါဝင်ပါသည်။ ဘုန်းတော်ကြီးသင် စာသင်ကျောင်းများနှင့် ပုဂ္ဂလိက

ကျောင်းများကိုပါ ဤရင်းနှီးမြှုပ်နှံမှု အစီအစဉ်တွင် ထည့်သွင်းထားပါသည်။ [14] နောက်ဆက်တွဲ ဇယား ၂-၃ တွင် ဤစိစစ်တွက်ချက်မှုလုပ်ရာတွင် အသုံးပြုထားသော ကိန်းဂဏန်းများကို တင်ပြထားပါသည်။

## ယူဆချက်များ

## ကျောင်းသူ/ကျောင်းသားအရေအတွက်

- ၂၀၃၀ ခုနှစ်အရောက်တွင် ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းအပ်နှံ၍ ကျောင်းတက်နေလိမ့်မည်။ လက်ရှိအခြေအနေတွင် ကျောင်းအပ်နှံသော ကလေးအရေအတွက်သည် ကျောင်းနေအရွယ် ကလေးအရေအတွက်ထက် လျော့နည်းနေပါသည်။
- ၂၀၃၀ ခုနှစ်တွင်ရှိနေမည့် ကျောင်းသား/ကျောင်းသူအရေအတွက်ကို ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းပါ အသက်အုပ်စုအလိုက် လူဦးရေနှင့် ကမ္ဘာ့ကုလသမဂ္ဂ (၂၀၁၄) ၏ လူဦးရေတိုးနှုန်းတို့ကို အခြေခံပြီး တွက်ချက်ထားပါသည်။ ၂၀၁၆ ခုနှင့် ၂၀၁၈ ခုနှစ်များတွင်ရှိ အရေအတွက်များကိုမူ ၂၀၁၄ ခုနှစ်မှ စတင်ပြီး ကျောင်းအပ်နှံမှု တဖြည်းဖြည်းခြင်း တိုးတက်လာလျက် ၂၀၃၀ ခုနှစ်အရောက်တွင် ရာခိုင်နှုန်းပြည့် ကျောင်းနေကြ လိမ့်မည်ဟု ယူဆပြီး တွက်ချက်ထားခြင်းဖြစ်ပါသည်။ ယင်းသို့ တွက်ချက်ရာတွင် လူဦးရေတိုးနှုန်းကိုလည်း ထည့်သွင်းစဉ်းစားထားပါသည်။
- ၂၀၁၆၊ ၂၀၁၈ နှင့် ၂၀၃၀ ခုနှစ်များတွင် ရှိနေမည့် စာသင်ကျောင်းအရေအတွက်စာရင်းများ မရရှိပါ။ သို့ဖြစ်ပါ၍ ကျောင်းသား/ကျောင်းသူ အရေအတွက် တိုးတက်နှုန်းနှင့် အလားတူဖြစ်ပြီး ဤတိုးတက်နှုန်းအတိုင်း ကျောင်းအရေအတွက် တိုးတက်လာမည်ဟု ယူဆထားပါသည်။ စာသင်ကျောင်း တစ်ကျောင်းစီတွင် ရှိနေမည့် ကျောင်းသား/ကျောင်းသူအရေအတွက်သည်လည်း ၂၀၁၄ ခုနှစ်တွင် ရှိနေသည့် အခြေအနေအတိုင်း ရှိနေမည်ဟု ယူဆထားပါသည်။
- ထို့အတူ ၂၀၁၆ ၊ ၂၀၁၈ နှင့် ၂၀၃၀ ခုနှစ်များတွင် ဆရာ၊ကျောင်းသား အချိုးသည်လည်း ၂၀၁၄ ခုနှစ်တွင် ရှိနေသည့် အချိုးအတိုင်း ရှိနေသည့်အတိုင်း ဖြစ်သည်ဟု ယူဆ ခန့်မှန်းတွက်ချက်ထားပါသည်။

[14] ပုဂ္ဂလိကနှင့် ဘုန်းတော်ကြီးသင်စာသင်ကျောင်းများရှိ ကျောင်းနေအရွယ်ကလေးများ၏ အချိုးကို မရရှိ နိုင်သောကြောင့် အစိုးရကျောင်းများအတွက်သာ ခန့်မှန်းရေးဆွဲရန် ခက်ခဲပါသည်။

## ကျောင်းအိမ်သာနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး

- လက်ရှိကျောင်းသား/ကျောင်းသူအရေအတွက်နှင့် အိမ်သာအချိုး- ဤအချိုးကို ၂၀၁၀ ခုနှစ်တွင် ယူနီဆက်မှ မူလတန်းအဆင့်သင်ကျောင်းများ၌ နမူနာ လေ့လာထားချက်တွင်သာ တွေ့ရှိရပါသည်။ ဆိုလိုသည်မှာ လေ့လာဆန်းစစ်ချက်ပါ အချက်များကို အခြေခံပြီး အောက်ပါယူဆချက်များပြုလုပ်ထားပါသည်-
  - (က) ကျောင်းသား-အိမ်သာ အချိုး (အလယ်တန်းနှင့် အထက်တန်း အဆင့်များ အတွက်)
  - (ခ) ဆရာ-အိမ်သာ အချိုး (မူလတန်း၊အလယ်တန်းနှင့် အထက်တန်းအဆင့်သင် ကျောင်းအားလုံး)
  - အလယ်တန်းဆင့်နှင့် အထက်တန်းဆင့်သင် ကျောင်းများရှိ ကျောင်းသား-အိမ်သာအချိုးသည် မူလတန်းအဆင့်သင် ကျောင်းများရှိ ကျောင်းသား-အိမ်သာ အချိုးနည်းတူ ဖြစ်ပါမည်။
  - စာသင်ကျောင်းတိုင်းတွင် ဆရာ/ဆရာမများအတွက် အိမ်သာတစ်လုံးသာ ရှိမည်။
  - အခန်း-၄ တွင် ဖော်ပြထားခဲ့သည့်အတိုင်း ၂၀၃၀ ခုနှစ်တွင် ကျောင်းသူ/သားများနှင့် အိမ်သာအရေအတွက်အချိုး၊ ဆရာ/ဆရာမများနှင့် အိမ်သာအရေအတွက် အချိုးတို့သည် သတ်မှတ်လျာထားချက်များနှင့် တူညီနေရမည် ဖြစ်သည်။
- ကျောင်းအိမ်သာများ၏ သက်တမ်းနှင့်ပတ်သက်၍ ၎င်းတို့သည် အသုံးများမည်ဖြစ်၍ ပုဂ္ဂလိက အိမ်သာများလောက် ရေရှည်ခံမည်မဟုတ်ပေ၊ ၎င်းကျောင်းအိမ်သာများ၏ သက်တမ်းကို (၁၀) နှစ်ဟု ခန့်မှန်းတွက်ချက်ထားပါသည်။

## ကျောင်းများရေရရှိရေး

- ယူနီဆက်၏ ၂၀၁၀ ခုနှစ်တွင် မူလတန်းကျောင်းများအပေါ် နမူနာလေ့လာမှုပြုရာတွင် လေ့လာမှုတွင်ပါဝင်သော ကျောင်းများ၏ (၅၉) % ၌ ကျောင်းရေရရှိရေးရှိနေသည်၊ အခြားသော အလားတူလေ့လာချက်များ အလယ်တန်းနှင့် အထက်တန်းကျောင်းများအတွက် ထပ်မံပြုလုပ်ထားခြင်းမရှိသောကြောင့် ဤရာခိုင်နှုန်းကိုပင် အခြေပြု၍စစ်ဆေး ခန့်မှန်းချက်တွင် အသုံးပြုထားပါသည်၊ ၂၀၃၀ ခုနှစ်အတွက် လျာထားချက်မှာ ကျောင်းအားလုံးအတွက် (၁၀၀) % ဖြစ်ပါသည်။

- ကျောင်းများရေရရှိရေးစနစ်(အဆောက်အဦ)၏ သက်တမ်းကို (၁၅)နှစ်ဟု ခန့်မှန်း ယူဆထားပါသည်၊ ဤယူဆချက်သည် ကျေးရွာများတွင်ရှိသော စက်ရေတွင်းများ၏ သက်တမ်းနှင့် ကိုက်ညီမှုရှိပါသည်။

## တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ လေ့ကျင့်သင်ကြားမှုများ

- မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်တိုင်းတွင် ဆရာ/မများ၏ ၅ဝ (%) သည် တစ်ကိုယ်ရည်သန့်ရှင်းရေးမြှင့်တင်မှုဆိုင်ရာ သင်တန်းကို ရရှိနေရမည်။
- စာသင်ခန်းများတွင် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာမြှင့်တင်ခြင်းအတွက် ကုန်ကျမည့် ရန်ပုံငွေကို ပညာရေးဘတ်ဂျက်မှ ကျခံရန်ဖြစ်သဖြင့် ဤရင်းနှီးမြှုပ်နှံမှု၌ ထည့်သွင်း ထားခြင်းမရှိပါ။

## သင်ရိုးညွှန်းတမ်းပြင်ပ တစ်ကိုယ်ရည်သန့်ရှင်းရေးစီမံချက်များ

- ကျောင်းတစ်ကျောင်းစီတွင်သင်ရ ိုးညွှန်းတမ်းပြင်ပ တစ်ကိုယ်ရည်သန့်ရှင်းရေး စီမံချက်များအတွက် နှစ်စဉ်ဘတ်ဂျက်ထားရှိရမည်ဖြစ်ပါသည်။
- ဇယား-၁၃ တွင် ဖော်ပြထားသော ကျောင်းအရေအတွက်မှာ ၂၀၁၇ မှ ၂၀၃၀ အထိ ပျဉ်းမျှအရေအတွက်ကိုသာ ရည်ညွှန်းပြထားပါသည်။

## ဆေးရုံ၊ဆေးပေးခန်းများဆိုင်ရာ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး ကြားကာလထွက်ပေါ်ရလဒ်များ

ဇယား-၁၃ တွင် ရေရရှိရေး၊ အိမ်သာနှင့် မိလ္လာစနစ်၊ ရေဆိုးသန့်စင်ရေးစနစ်နှင့် ဆေးရုံ၊ ဆေးပေးခန်းထွက် အန္တရာယ်ရှိပစ္စည်းများ ဘေးကင်းစွာစွန့်ပစ်စနစ်များ လိုအပ်မည့် ဆေးရုံများ အရေအတွက်ကို ဖော်ပြထားပါသည်။

## ရပ်ပိုင်းဆိုင်ရာလိုအပ်ချက်များ

ရပ်ပိုင်းဆိုင်ရာလိုအပ်ချက်များကို ခန့်မှန်းရာတွင် ပါဝင်သောအချက်အလက်များမှာ-

- ဆေးရုံ၊ ဆေးပေးခန်းများ အရေအတွက်ကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ထုတ်ပြန်ပေး ထားပါသည်။
- ၂၀၁၆၊ ၂၀၁၈ နှင့် ၂၀၃၀ ခုနှစ်တို့တွင် ရှိမည့် ဆေးရုံ၊ ဆေးပေးခန်းများ၌ ရေရရှိမှုဆိုင်ရာ လွှမ်းခြုံမှု အခြေအနေ၊
- ၂၀၁၆၊ ၂၀၁၈ နှင့် ၂၀၃၀ ခုနှစ်တို့တွင် ရှိမည့် ဆေးရုံ၊ ဆေးပေးခန်းများဆိုင်ရာ အိမ်သာနှင့် မိလ္လာစနစ်ဆိုင်ရာလွှမ်းခြုံမှုအခြေအနေ၊

**ဇယား-၁၃။** ဆေးရုံ၊ဆေးပေးခန်းများအတွက် ရေ၊ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေး ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များ

| ဆေးရုံဆေးပေးခန်း | အသစ်တည် ဆောက်ခြင်း | ပြုပြင်ခြင်း | စုစုပေါင်း |
|---|---|---|---|
| **ရေပေးရေး ( အရေအတွက်)** | | | |
| ကျေးလက်ကျန်းမာရေးဌာနခွဲ | ၂၀,၂၉၁ | ၁၈,၂၄၉ | ၃၈,၅၄၀ |
| ကျေးလက်ကျန်းမာရေးဌာန | ၂,၉၆၄ | ၄,၀၅၁ | ၇,၀၁၅ |
| တိုက်နယ်ဆေးရုံ | ၅၅ | ၈၇၀ | ၉၂၅ |
| မြို့နယ်ဆေးရုံ | ၁၀၀ | ၃၉၂ | ၄၉၂ |
| စုစုပေါင်း | ၂၃,၄၁၀ | ၂၃,၅၆၂ | ၄၆,၉၇၂ |
| **အိမ်သာ (အရေအတွက်)** | | | |
| ကျေးလက်ကျန်းမာရေးဌာနခွဲ | ၈၅,၅၈၅ | ၁၁၉,၁၄၂ | ၂၀၄,၇၂၇ |
| ကျေးလက်ကျန်းမာရေးဌာန | ၂၆,၉၃၆ | ၄၈,၂၀၃ | ၇၅,၁၃၉ |
| တိုက်နယ်ဆေးရုံ | - | ၂၁,၅၇၄ | ၂၁,၅၇၄ |
| မြို့နယ်ဆေးရုံ | ၃,၀၇၁ | ၁၉,၈၀၇ | ၂၂,၈၇၈ |
| စုစုပေါင်း | ၁၁၅,၅၉၂ | ၂၀၈,၇၂၆ | ၃၂၄,၃၁၈ |
| **ရေဆိုးသန့်စင်စနစ်များ (အရေအတွက်)** | | | |
| တိုက်နယ်ဆေးရုံ | ၆၁၀ | ၁၅၉ | ၇၆၉ |
| မြို့နယ်ဆေးရုံ | ၃၂၅ | ၈၅ | ၄၁၀ |
| စုစုပေါင်း | ၉၃၅ | ၂၄၃ | ၁,၁၇၈ |
| **ဆေးရုံ/ဆေးခန်းထွက် အန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း စွန့်ပစ်စနစ်** | | | |
| မြို့နယ်ဆေးရုံ | ၃၀၀ | ၂၃၇ | ၅၃၇ |
| စုစုပေါင်း | ၃၀၀ | ၂၃၇ | ၅၃၇ |

- ဆေးရုံ၊ ဆေးပေးခန်းဆိုင်ရာ ရေရရှိရေး၊ အိမ်သာနှင့် မိလ္လာစနစ်(အဆောက်အဦ) များ၏ ခန့်မှန်းခြေသက်တမ်း။

## ယူဆချက်များ

ဆေးရုံ၊ ဆေးပေးခန်းများအတွက် -

- ၂၀၁၈ တွင် ရှိမည့် ဆေးရုံ၊ ဆေးပေးခန်းများ အရေအတွက်သည် ၂၀၁၆ တွင်ရှိ သည့် အရေအတွက်နှင့်အတူတူပင် ဖြစ်မည်။

- ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဌာနခွဲမှ ထုတ်ပြန်ပေးသော အချက်အလက်များအပေါ် မူတည်၍ ၂၀၃၀ တွင် ရှိမည့် ဆေးရုံ၊ ဆေးပေး ခန်းများ၏ အရေအတွက်ကို ခန့်မှန်းတွက်ချက်ရေးဆွဲထားပါသည်။ ဆေးရုံ၊ ဆေးပေးခန်း အရေအတွက် လိုအပ်ချက်များကို ဒေသအလိုက်အောက်ပါ အတိုင်း သတ်မှတ်တွက်ချက်မှု ပြုထားပါသည်။

| | |
|---|---|
| - ကျေးရွာအုပ်စုတစ်စုလျှင် | - ကျေးလက်ကျန်းမာရေးဌာနခွဲ - ၁ ခု |
| - ကျေးရွာအုပ်စု ၅ ခု - ၆ ခုအတွက် | - ကျေးလက်ကျန်းမာရေးဌာန - ၁ ခု |
| - မြို့နယ်တစ်မြို့နယ်လျှင် | - တိုက်နယ်ဆေးရုံ - ၁ ရုံ |
| | နှင့် မြို့နယ်ဆေးရုံ - ၁ ရုံ |

## ဆေးရုံ၊ ဆေးပေးခန်းရေရရှိရေး

- ရင်းနှီးမြှုပ်နှံမှုအတွက် လိုအပ်ချက်များကို ခန့်မှန်းတွက်ချက်မှုပြုရာတွင် ၂၀၁၆ ခုနှစ် အတွက် ဆေးရုံ၊ ဆေးပေးခန်းဆိုင်ရာ ရေရရှိရေးလွှမ်းခြုံမှုရာခိုင်နှုန်းများကို ဇယား-၆ တွင် တင်ပြထားပါသည်၊ ၂၀၃၀ ခုနှစ်အရောက်တွင် (၁၀၀) % ဖြစ်မည်ဖြစ်ပါသည်။
- ဆေးရုံ၊ ဆေးပေးခန်းများရှိ ရေရရှိရေးစနစ်(အဆောက်အဦ)တို့၏ ခန့်မှန်းသက်တမ်း သည် (၁၅)နှစ်ဖြစ်မည်၊ ဤယူဆချက်သည် ကျေးရွာများရှိ စက်ရေတွင်းများ၏ သက်တမ်းနှင့်လည်း ကိုက်ညီမှုရှိနေပေသည်။

## ဆေးရုံ၊ ဆေးပေးခန်းဆိုင်ရာအိမ်သာနှင့် မိလ္လာစနစ်

- ဆေးရုံ၊ ဆေးပေးခန်းများ၌ အိမ်သာနှင့်မိလ္လာစနစ်အရေအတွက် လိုအပ်ချက်များကို မဟာဗျူဟာတွင် ပါရှိသော လူမမာများနှင့် ဝန်ထမ်းများအတွက် သတ်မှတ်ထားသော ဝန်ဆောင်မှုများအပေါ် အခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။
- ဆေးရုံ၊ ဆေးပေးခန်းများ၏ အိမ်သာနှင့်မိလ္လာစနစ် (အဆောက်အဦ)များ တို့၏ သက်တမ်းသည် (၁၅)နှစ် ဖြစ်မည်၊ ဤယူဆချက်သည် ကျေးလက်ဒေသရှိ အိမ်သာ များ၏ သက်တမ်းယူဆချက်နှင့်လည်း ကိုက်ညီမှုရှိနေသည်။

## ရေဆိုးသန့်စင်စနစ် (အဆောက်အဦ)

- ၂၀၃၀ ခုနှစ်အရောက်တွင် မြို့နယ်ဆေးရုံနှင့် တိုက်နယ်ဆေးရုံများတွင် မိလ္လာ ပိုက်လိုင်းသို့ စွန့်ထုတ်မှု မရှိသော ရေဆိုးသန့်စင်စနစ် (DEWATS)များ ရှိနေမည်၊ ၂၀၁၆ တွင် ဤစနစ်များ လုံးဝမရှိသေးပေ။
- DEWATS ၏ သက်တမ်းမှာ (၂၅)နှစ် ရှိမည်ဖြစ်သည်။

## ဆေးရုံ၊ ဆေးပေးခန်းထွက် အန္တရာယ်ရှိပစ္စည်းများ မီးရှို့စက်

- ၂၀၃၀ တွင် မြို့နယ်ဆေးရုံ အားလုံး၌ ဆေးရုံထွက်ဘေးအန္တရာယ်ရှိပစ္စည်းများ ဘေးကင်းစွာ စွန့်ပစ်သောစနစ် (အဆောက်အဦ)များရှိနေရမည်၊ ၂၀၁၆ ခုနှစ်တွင် ဤစနစ်များ လုံးဝမရှိ သေးပေ။
- ဤစနစ်များ၏ သက်တမ်းသည် (၁၀)နှစ် ဖြစ်မည်။

## အရေးပေါ်အခြေအနေများတွင် လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး

အရေးပေါ်အခြေအနေများဆိုင်ရာ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးကဏ္ဍတွင် အစိတ်အပိုင်း(၂)ခု ရှိပါသည်၊ တစ်ခုမှာ အရေးပေါ်ကာလများတွင် အသင့်တုန့်ပြန်နိုင်ရန် ဗဟိုအဆင့်၌ ကဏ္ဍဆိုင်ရာ ပြင်ဆင်မှုနှင့် ပစ္စည်းကရိယာများ အသင့်သိုလှောင်ထားနိုင်မှုတို့ဖြစ်ပါသည်။

ဤသို့ ပစ္စည်းကရိယာများ ကြိုတင်သိုလှောင်ထားမှုပြုနိုင်ရန် ခန့်မှန်းတွက်ချက်ရာတွင် အောက်ပါတို့အပေါ်၌ အခြေခံထားပါသည်-

- တိုင်းဒေသကြီး/ပြည်နယ် တစ်ခုစီအတွက် ပေ(၄၀)ရှည် ကုန်သေတ္တာ တစ်လုံးဖြင့် ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ ပစ္စည်းများ အသင့်သိုလှောင်ထားရှိခြင်း၊
- နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး အချက်အချာမြို့ကြီးများ၌ ရေပိုက်နှင့် အခြားတန်ဘိုးကြီးပစ္စည်းကရိယာများကို အဆင်သင့်သိုလှောင်ထားရှိခြင်း။

## ယူဆချက်များ

- အစီအစဉ်ရေးဆွဲရာ၌ ပထမနှစ်တွင် အရေးပေါ်ကာလများ၌ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ တုန့်ပြန်မှုအတွက် ပြင်ဆင်ခြင်းကို အပြီးသတ်ရေးဆွဲထားရန် ဖြစ်သည်၊ ဤလုပ်ငန်းစဉ်တွင် အတိုင်ပင်ခံပုဂ္ဂိုလ်များ၊ ဝန်ထမ်းများအတွက် ကုန်ကျစရိတ်များ၊ ရုံးခန်းများနှင့် ရုံးပစ္စည်းများ ငှားရမ်းခများ အတွက်လည်းကောင်း ဆွေးနွေးပွဲများ၊ အကြံပေးမှုများနှင့် သတင်းအချက်အလက် ရယူခွဲခြမ်းစိတ်ဖြာမှုများအတွက် လည်းကောင်း၊ ကုန်ကျစရိတ်များကို ထည့်သွင်းထားရန် လိုအပ်ပါသည်။
- ၎င်းနောက်လေ့လာဆန်းစစ်ချက်များ၊ စဉ်ဆက်မပြတ်အကဲဖြတ်စောင့်ကြည့်မှုများနှင့် အစီအစဉ်ရေးဆွဲခြင်းများကို လိုအပ်သလိုပြန်လည် ပြင်ဆင်နိုင်ရန်အတွက် လိုအပ်သော ရန်ပုံငွေခွဲဝေထားမှုကိုလည်း နှစ်စဉ်ထားရှိရမည်။ ကြိုတင်အသင့် ရှိနေရန်အတွက် သိုလှောင်ထားသော ပစ္စည်းများကို မတည်ရန်ပုံငွေအနေဖြင့် ရင်းနှီးမြှုပ်နှံ

ထားရမည်ဖြစ်ပါသည်၊ ၎င်းတို့ကို အသုံးပြုပြီးသွားတိုင်း အရေး ပေါ်ကာလအတွက် ထားရှိသော ရန်ပုံငွေကို အသုံးပြု၍ ပြန်လည်ဖြည့်စွက်ထားရ မည်ဖြစ်ပါသည်။

- ထပ်မံလိုအပ်သော အရေးပေါ်ကာလတွင်သုံးရန် ပစ္စည်းများကို နှစ်စဉ်ရန်ပုံငွေမှ အသုံးပြုရန်ဖြစ်ပါသည်။ အရေးပေါ်တုန့်ပြန်မှုတစ်ခုစီတိုင်းအတွက် သီးခြားမတည်ရန်ပုံငွေနှင့် လုပ်ငန်း လည်ပတ် ထိန်းသိမ်းရေးအတွက် ရန်ပုံငွေတို့ကို ဤရင်းနှီးမြှုပ်နှံမှုအစီအစဉ်တွင် ထည့်သွင်းတွက်ချက်ထားခြင်းမရှိပါ။

## ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာကဏ္ဍစီမံအုပ်ချုပ်မှု

ကဏ္ဍစီမံအုပ်ချုပ်မှုတွင် အောက်ပါကုန်ကျစရိတ်များ ပါဝင်နေမည်ဖြစ်ပါသည်-

- ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် လိုအပ်သောပစ္စည်းများ ပံ့ပိုးခြင်းတို့ အတွက် ကုန်ကျစရိတ်များကို မတည်ရင်းနှီးမှုငွေအဖြစ် သတ်မှတ်ထားရှိခြင်း၊
- ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ ဝန်ဆောင်မှုများ ဖော်ထုတ် ဆောင်ရွက်ခြင်းနှင့် ပုံမှန်လည်ပတ်စေရေးတို့အတွက် စီမံခန့်ခွဲ အုပ်ချုပ်မှု ဆိုင်ရာ ကုန်ကျစရိတ်များကို နှစ်စဉ်ပုံမှန်လိုအပ်ငွေများအဖြစ် သတ်မှတ်ထားရှိခြင်း။

## ယူဆချက်များ

ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးကဏ္ဍကို စီမံခန့်ခွဲအုပ်ချုပ်မှု ပြုလုပ် နိုင်ရန် ဇယား-၁၄ တွင် ဖော်ပြထားသည့်အတိုင်း ရုံး သို့မဟုတ် အဖွဲ့များ ဖွဲ့စည်းထားရန် လိုအပ်မည်ဖြစ်ပါသည်၊ မြို့နယ်အဆင့်အဖွဲ့များရှိရန်ဖြစ်ပြီး ၎င်းတို့ကို တိုင်းဒေသကြီး/ပြည်နယ် အဆင့် အဖွဲ့/ရုံးများက တာဝန်ခံရန်ဖြစ်ပါသည်၊ အဖွဲ့အားလုံးကိုမူ အမျိုးသားအဆင့် အဖွဲ့/ရုံးမှ ညှိနှိုင်းဦးဆောင်မှုပြုလုပ်ရမည်ဖြစ်ပါသည်။

**ဇယား-၁၄။** ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးကဏ္ဍ စီမံခန့်ခွဲရေး အတွက် လိုအပ်သော အဖွဲ့ /ရုံး လိုအပ်ချက်စာရင်း

| ပြည်နယ်/ တိုင်းဒေသကြီး | အဖွဲ့ (သို့) ရုံးများ | | |
|---|---|---|---|
| | မြို့နယ် အဆင့် | တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | အမျိုးသား အဆင့် |
| ကချင် | ၁၇ | ၁ | ၀ |
| ကယား | ၆ | ၁ | ၀ |
| ကရင် | ၆ | ၁ | ၀ |
| ချင်း | ၈ | ၁ | ၀ |
| စစ်ကိုင်း | ၃၆ | ၁ | ၀ |
| တနင်္သာရီ | ၉ | ၁ | ၀ |
| ပဲခူး | ၂၇ | ၁ | ၀ |
| မကွေး | ၂၄ | ၁ | ၀ |
| မန္တလေး | ၃၀ | ၁ | ၀ |
| မွန် | ၉ | ၁ | ၀ |
| ရခိုင် | ၁၆ | ၁ | ၀ |
| ရန်ကုန် | ၄၄ | ၁ | ၀ |
| ရှမ်း | ၅၄ | ၁ | ၀ |
| ဧရာဝတီ | ၂၆ | ၁ | ၀ |
| နေပြည်တော် | ၁၃ | ၁ | ၀ |
| ပြည်ထောင်စု | | | ၁ |
| စုစုပေါင်း | ၃၂၅ | ၁၅ | ၁ |

အမျိုးသားအဆင့်၌ဖြစ်စေ၊ တိုင်းဒေသကြီး/ပြည်နယ်၌ဖြစ်စေ၊ မြို့နယ်၌ဖြစ်စေ၊ အဖွဲ့ အသီးသီးတွင် အဖွဲ့ဝင် (၁၀)ယောက်ဖြင့် ဖွဲ့စည်းထားမည်ဖြစ်သည်၊ ဤအဖွဲ့များကို ၂၀၁၇ ခုနှစ်မှ စတင်ဖွဲ့စည်း၍ ၂၀၃၀ ခုနှစ်အထိ ဆက်လက်တည်ရှိနေရမည်ဖြစ်သည်၊ အဖွဲ့ဝင်များသည် အောက်ပါအတိုင်း တာဝန်ခံရမည်ဖြစ်သည်-

- ကျေးလက်ဒေသရေရရှိရေး (၂ ဦး - ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ အခြေစိုက်ရန်)
- ကျေးလက်ဒေသပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး (၂ ဦး - ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ အခြေစိုက်ရန်)
- ကျောင်းများရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး (၁ ဦး - အခြေခံပညာဦးစီးဌာန၌အခြေစိုက်ရန်)

- ဆေးရုံ၊ဆေးပေးခန်းများရေရရှိရေး၊ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေး (၁ ဦး- ပြည်သူ့ကျန်းမာရေးဦးစီးဌာနခွဲ အခြေစိုက်ရန်)

ဖော်ပြပါ အဖွဲ့ဝင်/ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများကို ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ်အတွင်း ပြုလုပ်ဆောင်ရွက်ရန်ဖြစ်သည်၊ အဖွဲ့တစ်ဖွဲ့လျှင် ကွန်ပျူတာ(၄)စုံနှင့် မော်တော်ယာဉ်(၂)စီးစီ ထားရှိရန်ဖြစ်သည်၊ အဖွဲ့ဝင်/ဝန်ထမ်းများအတွက် လစာများအပြင် လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နိုင်ရန်အတွက် ဘတ်ဂျက်ခွဲဝေထားမှုများကိုလည်း ၎င်းရုံးများအတွက် ထားရှိပေးရန်ဖြစ်သည်။

နှစ်စဉ်လိုအပ်သော ရန်ပုံငွေများ တွက်ချက်ရာတွင် လူတစ်ယောက်အပေါ် တစ်နှစ်ကုန်ကျမည့် နှုန်းကို အခြေခံတိုင်းတာတွက်ချက်ထားပါသည်၊ ဤကုန်ကျမှုနှုန်းများတွင် ဝန်ထမ်းလစာများသာမက လုပ်ငန်းလည်ပတ်မှုနှင့် ပတ်သက်သော ကုန်ကျစရိတ်များလည်း ပါဝင်ပါသည်၊ လုပ်ငန်းလည်ပတ်မှုအတွက် ကုန်ကျစရိတ်တွင် "သောက်သုံးရေ လုံခြုံစိတ်ချ ရရေးစီမံချက်"နှင့် "ရေအရည်အသွေး စောင့်ကြည့်ခြင်းအစီအစဉ်" အတွက်လည်း ထည့်သွင်းစဉ်းစားနိုင်ပါသည်။

# အခန်း (၆)

## မတည်ရင်းနှီးမြှုပ်နှံရန် လိုအပ်ချက်

ဤအခန်းတွင် ရေ၊ ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေးကဏ္ဍ မတည်ရင်းနှီးမြှုပ်နှံရန် လိုအပ်ချက်များကို ဖော်ပြထားပါသည်။ အခန်း-၅ တွင် ဖော်ပြထားပြီးဖြစ်သော အခြေခံလိုအပ်ချက်များ၊ နောက်ဆက်တွဲ ဇယား- ၂.၅ တွင်ဖော်ပြထားသော ကျေးလက်ဒေသရေပေးရေးနှင့် ယင်လုံအိမ်သာများ၏ ယူနစ်တန်ဘိုးများနှင့် ဇယား- ၆ တွင်ဖော်ပြထားသော အခြားသော လုပ်ငန်းများ၏ ယူနစ်တန်ဘိုးများကို အခြေခံပြီး တွက်ချက်ထားခြင်းဖြစ်ပါသည်။ ၂၀၁၅ ခုနှစ် အခြေခံ ဈေးနှုန်းများပေါ်တွင် မူတည်တွက်ချက်ထားပြီး အမေရိကန်ဒေါ်လာဖြင့် ဖော်ပြထားပါသည်။

## ကျေးလက် ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး

### ရေပေးရေး

၂၀၃၀ ခုနှစ်တွင် ဖြစ်ပေါ်တည်ရှိနေရမည့် လျာထားချက်ကိုပြည့်မီရန် နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၆၃ သန်းခန့် ရင်းနှီးမြှုပ်နှံရန်လိုအပ်ပုံကို ဇယား-၁၅ တွင် ဖော်ပြထားပါသည်။ ၁၄ နှစ်တာ ကာလအတွင်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၂.၃ ဘီလီယံခန့် လိုအပ်မည်ဖြစ်ပါသည်။ စုစုပေါင်းရင်းနှီးမြှုပ်နှံရမည့်ပမာဏ၏ ၉၁ ရာခိုင်နှုန်း (အမေရိကန်ဒေါ်လာ ၁၄၈ သန်း/နှစ်) သည် လိုအပ်မည့် ပစ္စည်းများ (အသစ်တည်ဆောက်ခြင်းနှင့် အစားထိုးခြင်း) ပံ့ပိုးပေးရန် အတွက် ဖြစ်ပါသည်။

ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးများ လုံခြုံစိတ်ချရသော သောက်သုံးရေ အရင်းအမြစ်များ ရရှိနိုင်မှု အခက်အခဲများရှိခြင်းကြောင့် ခန့်မှန်းကုန်ကျစရိတ်များသည် လျော့နည်းကောင်း လျော့နည်းနေနိုင်ပါသည်။ ရခိုင်ပြည်နယ်တွင် ကျေးလက်နေ ပြည်သူအများစုသည် ပင်လယ်ဆားငံရေ ဝင်ရောက်သောဒေသများ၊ မြေအောက်ရေ ထုတ်ယူသုံးစွဲရန် ခက်ခဲသော နေရာဒေသများတွင် နေထိုင်ကြ၍ သန့်ရှင်းသော သောက်သုံးရေ ထောက်ပံ့ရန် ကုန်ကျစရိတ်များပြားပါလိမ့်သည်။ ထို့အတူ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး နေရာအချို့တို့တွင် မြေအောက်ရေတွင် စိန်ခဲတ်ခေါ် အာဆင်းနစ်များ ပါဝင်နေမှုကြောင့် တန်ဘိုးကြီးမားပြီး နည်းပညာမြင့်သည့် နည်းစနစ်များ လိုအပ်ကောင်း လိုအပ်လိမ့်မည် ဖြစ်ပါ သည်။

**ဇယား-၁၅။** တိုင်းဒေသကြီး/ ပြည်နယ်အလိုက် စိတ်ချရသော သောက်သုံးရေ ရရှိရေးအတွက် မတည်ရင်းနှီးမြှုပ်နှံရမည့် ငွေပမာဏ

| ပြည်နယ်/ တိုင်းဒေသကြီး | ပျှမ်းမျှ နှစ်စဉ် လိုအပ်ချက် (အမေရိကန်ဒေါ်လာ (ထောင်ပေါင်း)) | | | စုစုပေါင်း |
|---|---|---|---|---|
| | ပစ္စည်းပံ့ပိုးခြင်း | နည်းပညာပံ့ပိုးခြင်း | စုစုပေါင်း | (၂၀၁၇-၂၀၃၀) |
| ကချင် | ၂,၄၆၈ | ၂၄၇ | ၂,၇၁၅ | ၃၈,၀၁၁ |
| ကယား | ၅၅၉ | ၅၆ | ၆၁၅ | ၈,၆၀၈ |
| ကရင် | ၃,၁၂၄ | ၃၁၂ | ၃,၄၃၇ | ၄၈,၁၁၃ |
| ချင်း | ၁,၂၁၀ | ၁၂၁ | ၁,၃၃၁ | ၁၈,၆၃၃ |
| စစ်ကိုင်း | ၂၆,၆၁၅ | ၂,၆၆၂ | ၂၉,၂၇၇ | ၄၀၉,၈၇၇ |
| တနင်္သာရီ | ၂,၅၅၆ | ၂၅၆ | ၂,၈၁၁ | ၃၉,၃၅၇ |
| ပဲခူး | ၁၃,၂၇၃ | ၁,၃၂၇ | ၁၄,၆၀၁ | ၂၀၄,၄၁၁ |
| မကွေး | ၂၀,၄၂၇ | ၂,၀၄၃ | ၂၂,၄၇၀ | ၃၁၄,၅၈၀ |
| မန္တလေး | ၂၅,၃၀၈ | ၂,၅၃၁ | ၂၇,၈၃၉ | ၃၈၉,၇၅၀ |
| မွန် | ၃,၄၉၅ | ၃၄၉ | ၃,၈၄၄ | ၅၃,၈၁၆ |
| ရခိုင် | ၆,၇၇၇ | ၆၇၈ | ၇,၄၅၄ | ၁၀၄,၃၆၂ |
| ရန်ကုန် | ၇,၀၇၃ | ၇၀၇ | ၇,၇၈၁ | ၁၀၈,၉၂၈ |
| ရှမ်း | ၁၁,၆၀၇ | ၁,၁၆၁ | ၁၂,၇၆၈ | ၁၇၈,၇၅၂ |
| ဧရာဝတီ | ၁၆,၈၅၃ | ၁,၆၈၅ | ၁၈,၅၃၉ | ၂၅၉,၅၄၂ |
| နေပြည်တော် | ၆,၅၁၅ | ၆၅၂ | ၇,၁၆၇ | ၁၀၀,၃၃၂ |
| ပြည်ထောင်စု | ၁၄၇,၈၆၂ | ၁၄,၇၈၆ | ၁၆၂,၆၄၈ | ၂,၂၇၇,၀၇၄ |

## ပတ်ဝန်းကျင်သန့်ရှင်းရေး

၂၀၃၀ ခုနှစ်တွင် ဖြစ်ပေါ်တည်ရှိနေရမည့် လျာထားချက်ကိုပြည့်မီရန် နှစ်စဉ် အမေရိ ကန်ဒေါ်လာ ၁၀၅ သန်းခန့် ရင်းနှီးမြှုပ်နှံရန်လိုအပ်ပုံကို ဇယား-၁၆ တွင် ဖော်ပြထားပါသည်။ ၂၀၁၇ မှ ၂၀၃၀ ကာလအတွင်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၁.၅ ဘီလီယံခန့် လိုအပ် မည်ဖြစ်ပါသည်။ ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲခြင်း (ပစ္စည်းပံ့ပိုးခြင်း)နှင့် အမှိုက်စွန့်ပစ်သည့် စနစ်များ ပေါ်ပေါက်လာစေရေးအတွက် နှစ်စဉ်ရင်းနှီးမြှုပ်နှံရမည့်ပမာဏမှာ အမေရိကန် ဒေါ်လာ ၆၁ သန်းခန့်နှင့် ၁၃ သန်းခန့် ဖြစ်ပါသည်။

ထို့အတူ နည်းပညာပိုင်းပံ့ပိုးပေးခြင်းဆိုင်ရာ ပံ့ပိုးပေးခြင်းများအတွက်လည်း နှစ်စဉ် အမေရိကန် ဒေါ်လာ ၃၂ သန်းခန့် ရင်းနှီးမြှုပ်နှံရန်လိုအပ်ပါမည်။ သက္ကရာဇ် ၂၀၁၇ မှ ၂၀၃၀ ကာလအတွင်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၄၆ သန်းခန့် လိုအပ်မည်ဖြစ်ပါသည်။ ဖော်ပြပါ အသုံး စရိတ်များသည် အောက်ဖော်ပြပါ လုပ်ငန်းများအတွက် အလွန်အရေးကြီးပါသည်-

- ကျေးလက်နေပြည်သူများ၏ အပြုအမူများပြောင်းလဲ လာစေရေးနှင့် ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲလာစေရေးတို့ကို ရပ်ရွာလူထုဦးဆောင်သော အလုံးစုံသန့်ရှင်းရေး လုပ်ငန်းများနှင့် မိလ္လာနှင့်ရေဆိုးဆိုင်ရာ ဈေးကွက်မြင့်တင်မှုများမှတဆင့် တိုက်တွန်း အားပေးခြင်းလုပ်ငန်းများ။
- ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတို့တွင် မိလ္လာနှင့်ရေဆိုးဆိုင်ရာ ဈေးကွက် မြှင့်တင်မှုများကို နားလည်သဘောပေါက်လာစေရန် ဆောင်ရွက်သည့် လုပ်ငန်းများ။
- အသေးစား လုပ်ငန်းရှင်များ ပေါ်ထွန်းလာစေခြင်းနှင့် အိမ်သာသုံးပစ္စည်းများ ဝယ်လို အား မြှင့်တင်ပေးခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ အခြေခံအဆောက်အဦများ ပံ့ပိုးခြင်းနှင့် မိလ္လာနှင့်ရေဆိုးဆိုင်ရာ ဈေးကွက်မြင့်တင်မှု ဆောင်ရွက်ပေးနေခြင်းများ ကို အားပေးပံ့ပိုးခြင်းလုပ်ငန်းများ။
- တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အသိပညာပေးမှု ပုံစံ အမျိုးကို ဖော်ဆောင်ခြင်း လုပ်ငန်းများ။

ကျေးလက်ဒေသပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ ပစ္စည်းများထောက်ပံ့ခြင်းနှင့် နည်းပညာ ပံ့ပိုးပေးခြင်းတို့အတွက် ရင်းနှီးမြှုပ်နှံရမည့်အချိန်မှာ ထပ်တူမကျပေ။ ပစ္စည်းများ ထောက်ပံ့ ပေးခြင်းအတွက် ရင်းနှီးမြှုပ်နှံမှုများကို ၂၀၁၉ မှသည် ၂၀၃၀ ခုနှစ်များအထိ တဖြည်း ဖြည်းခြင်း ဆောင်ရွက်ရမည်ဖြစ်ပြီး နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုများအတွက် ရင်းနှီးမြှုပ်နှံမှု အမြောက် အများကို ၂၀၁၉ ခုနှစ်မှသည် ၂၀၃၃ ခုနှစ်အထိ ကာလများအတွင်း ဆောင်ရွက်ရမည် ဖြစ်ပါ သည်၊ ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲမှု လွှမ်းခြုံမှု လျော့ကျမသွားမီ ကာလအတွင်း ဖြစ်ပါ သည်။ (ပုံ-၄ တွင် ရှုပါ)။ အကြောင်းမှာ ပထမ (၅)နှစ်တာ ကာလအတွင်း မိလ္လာနှင့်ရေဆိုး စနစ်

တကျသုံးစွဲမှု အလေ့အထမြှင့်တက်လာစေရေးကို မနေမနား ကြိုးပမ်းလုပ်ဆောင်မှု၏ ရလဒ်ကြောင့် ဖြစ်ပါသည်။[15]


**ဇယား-၁၆။** ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးအတွက် မတည်ရင်းနှီးမြှုပ်နှံရန် လိုအပ်ချက် (အမေရိကန်ဒေါ်လာ ထောင်ပေါင်း)

| ပြည်နယ်/ တိုင်းဒေသကြီး | ပစ္စည်းထောက်ပံ့ခြင်း (နှစ်စဉ် ပျှမ်းမျှ) | | နည်းပညာထောက်ပံ့ခြင်း | | | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|---|
| | အိမ်သာ | အမှိုက် စွန့်ပစ်ခြင်း | အလုံးစုံ သန့်ရှင်းရေး (CLTS) | ပတ်ဝန်းကျင် သန့်ရှင်းရေး ဈေးကွက်မြှင့်တင်ခြင်း | | H Promo | နှစ်စဉ် | ၂၀၁၇-၂၀၃၀ |
| | | | | FR | Devt | | | |
| ကချင် | ၁,၆၀၄ | ၂၉၂ | ၂၁၂ | ၆၉၄ | ၇ | | ၂,၈၁၁ | ၃၉,၃၅၂ |
| ကယား | ၃၅၄ | ၆၈ | ၄၂ | ၁၅၃ | ၇ | | ၆၂၄ | ၈,၇၃၉ |
| ကရင် | ၂,၀၃၂ | ၄၀၉ | ၁၇၀ | ၈၈၉ | ၇ | | ၃,၅၀၇ | ၄၉,၁၀၄ |
| ချင်း | ၆၂၁ | ၁၁၄ | ၁၁၁ | ၂၇၁ | ၇ | | ၁,၁၂၅ | ၁၅,၇၄၈ |
| စစ်ကိုင်း | ၇,၁၄၈ | ၁,၄၆၂ | ၄၉၄ | ၃,၁၂၀ | ၇ | | ၁၂,၂၃၁ | ၁၇၁,၂၃၄ |
| တနင်္သာရီ | ၁,၇၅၆ | ၃၄၆ | ၈၆ | ၇၇၁ | ၇ | | ၂,၉၆၆ | ၄၁,၅၃၀ |
| ပဲခူး | ၆,၄၈၇ | ၁,၄၄၇ | ၅၀၅ | ၂,၈၃၁ | ၇ | | ၁၁,၂၇၈ | ၁၅၇,၈၈၆ |
| မကွေး | ၅,၅၀၃ | ၁,၂၆၂ | ၄၀၂ | ၂,၄၀၈ | ၇ | | ၉,၅၈၃ | ၁၃၄,၁၅၆ |
| မန္တလေး | ၆,၈၁၆ | ၁,၄၅၃ | ၃၉၃ | ၂,၉၅၇ | ၇ | | ၁၁,၆၂၆ | ၁၆၂,၇၇၀ |
| မွန် | ၂,၄၂၆ | ၄၉၄ | ၉၅ | ၁,၀၅၅ | ၇ | | ၄,၀၇၆ | ၅၇,၀၆၃ |
| ရခိုင် | ၄,၅၉၁ | ၁,၀၁၆ | ၃၀၉ | ၂,၀၆၄ | ၇ | | ၇,၉၈၈ | ၁၁၁,၈၃၂ |
| ရန်ကုန် | ၃,၈၉၅ | ၈၂၃ | ၁၆၅ | ၁,၆၈၆ | ၇ | | ၆,၅၇၆ | ၉၂,၀၆၂ |
| ရှမ်း | ၇,၀၃၆ | ၁,၄၂၄ | ၁,၁၆၅ | ၃,၀၉၃ | ၇ | | ၁၂,၇၂၅ | ၁၇၈,၁၄၉ |
| ဧရာဝတီ | ၉,၀၃၉ | ၂,၀၆၂ | ၉၇၉ | ၃,၉၄၂ | ၇ | | ၁၆,၀၂၉ | ၂၂၄,၄၁၂ |
| နေပြည်တော် | ၁,၂၉၃ | ၂၉၄ | ၁၈ | ၅၅၇ | ၇ | | ၂,၁၇၀ | ၃၀,၃၇၄ |
| အခြား | | | | | | ၁၁ | ၁၁ | ၁၅၀ |
| စုစုပေါင်း | ၆၀,၆၀၃ | ၁၂,၉၆၈ | ၅,၁၄၇ | ၂၆,၄၉၀ | ၁၀၅ | ၁၁ | ၁၀၅,၃၂၆ | ၁,၄၇၄,၅၆၁ |

FR = Formative research (သုသေတနလုပ်ငန်းများ)
Devt = Development (ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ)
H Promo = hygiene promotion(တစ်ကိုယ်ရည် သန့်ရှင်းရေးမြှင့်တင်ခြင်းလုပ်ငန်းများ)

[15] အသေးစိတ်ကို ဇယား-၃ နှင့် ၁၂ တွင်ကြည့်ပါ။


ပုံ-၄။ ကျေးလက်ဒေသ ပတ်ဝန်းကျင်သန့်ရှင်းရေး ကဏ္ဍတွင် အချိန်နှင့်အမျှ (နှစ်အလိုက်) သုံးစွဲရမည့် မတည်ရင်းနှီးလိုအပ်ချက်ပြပုံ။




## နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့် အိမ်ထောင်စုများမှ ထည့်ဝင်မှုများ

ကျေးလက်ဒေသ ရေ၊ ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည် လုပ်ငန်းများအတွက် အိမ်ထောင်စုများမှ ထည့်ဝင်ရန်များနှင့် ပြည်သူ့ဘဏ္ဍာမှ မတည်ရင်းနှီးမြှုပ်နှံရမည့် အသုံးစရိတ်များကို ပုံ-၅ တွင် ဖော်ပြထားပါသည်။ ဇယား-၂ တွင် ဖော်ပြထားသည့် ယူဆချက်များအပေါ် အခြေခံပြီး ခန့်မှန်းကုန်ကျစရိတ်များကို ဇယား-၁၅ နှင့် ၁၆ တို့တွင် ဖော်ပြထားပါသည်။ ပြည်သူ့ဘဏ္ဍာမှ စုစုပေါင်းခန့်မှန်းကုန်ကျစရိတ်၏ ၆၃ % ဖြစ်သော အမေရိကန်ဒေါ်လာ ၁၆၉ သန်းကို နှစ်စဉ် ရင်းနှီးမြှုပ်နှံရမည် ဖြစ်ပါသည်။ အိမ်ထောင်စုများမှ နှစ်စဉ် အမေရိကန်ဒေါ်လာ ၉၉ သန်းခန့် ကျေးလက်ရေပေးရေးအတွက် ရင်းနှီးမြှုပ်နှံမည်ဟု မျှော်လင့်ရပါသည်။ မိသားစုသုံးအိမ်သာများ အတွက်မူ မိသားစုများမှပင် ရင်းနှီးမြှုပ်နှံမည်ဟု မျှော်မှန်းထားပါသည်။

ပုံ-၅။ ကျေးလက်ဒေသ ရေ၊ ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည် သန့်ရှင်းရေး ကဏ္ဍ၊ မတည်ရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံတော်နှင့် မိသားစုများမှ ပျမ်းမျှ နှစ်စဉ် ထည့်ဝင်ရမည့် ပမာဏပြပုံ။ (အမေရိကန်ဒေါ်လာ (ထောင်ပေါင်း))





| | ရေပေးရေး - ပစ္စည်းပံ့ပိုးခြင်း | ရေပေးရေး - နည်းပညာပံ့ပိုးခြင်း | အိမ်သာ | ပတ်ဝန်းကျင် သန့်ရှင်းရေး - နည်းပညာပံ့ပိုးခြင်း | အမှိုက်စွန့်ပစ်ခြင်း |
|---|---|---|---|---|---|
| အိမ်ထောင်စုများ | ၁၀၃၅၀၃ | ၁၄၇၈၆ | ၆၀၆၀ | ၃၁၈၆၆ | ၁၂၉၆၈ |
| ပြည်သူ့ဏ္ဍာ | ၄၄၃၅၉ | | ၅၄၅၄၃ | | |

"အများပြည်သူဆိုင်ရာကဏ္ဍ"ဆိုသည်မှာ အစိုးရဌာနများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ အလှူရှင်အဖွဲ့အစည်းများ၊ ပုဂ္ဂလိက လူသားခြင်းစာနာ ထောက်ထားသည့် အဖွဲ့အစည်းများ၊ အခြားအိမ်ထောင်စုများနှင့် မသက်ဆိုင်သော အဖွဲ့အစည်းများ ပေါင်းစပ်ပါဝင် ဖွဲ့စည်းထားပါသည်။ အချက်အလက်များ ရရှိနိုင်ပါက အိမ်ထောင်စုများမှအပ အထက်ဖော်ပြပါ အဖွဲ့အစည်းများ၏ ထည့်ဝင်မှုများကိုလည်း ဖော်ထုတ်ထားသင့်ပါသည်။ ငွေလုံးငွေရင်း အနေဖြင့် ပစ္စည်းထောက်ပံ့ခြင်း၏ ၄၀ % သော ကုန်ကျစရိတ်များကို နိုင်ငံတော်ဘဏ္ဍာမှ ကျခံရမည်ဖြစ်ကြောင်းကို ပုံ-၆ တွင် ဖော်ပြထားပါသည်။[16] ဤသည်မှာ ဥဒါဟရဏ်အနေမျှသာ ဖော်ပြထားခြင်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုအစီအစဉ်တွင် ပါဝင်သော အခြားကဏ္ဍများအတွက်လည်း အဆိုပါ ထည့်ဝင်မှု အချိုးအစားကို အသုံးပြုနိုင်ပါသည်။ ရရှိနိုင်သော ရန်ပုံငွေအနေအထားကို မူတည်ပြီး ဌာနဆိုင်ရာ အသီးသီး၏ ထည့်ဝင်မှုအချိုးအစားများသည် အချိန်နှင့်အမျှ အပြောင်းအလဲ ရှိနိုင်ပါသည်။

[16] အိမ်ထောင်စုများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ ဆတူထည့်ဝင်ရန် ဖြစ်ပါသည်။

ပုံ-၆။ ကျေးလက်ဒေသ ရေရရှိရေးကဏ္ဍ၊ မတည်ရင်းနှီး မြှုပ်နှံမှု (ပစ္စည်းထောက် ပံ့ခြင်း) တွင် နိုင်ငံတော်အစိုးရ၊ မိသားစုများနှင့် အခြားသော အဖွဲ့အစည်းများမှ နှစ်အလိုက် ထည့်ဝင်ရမည့် ပမာဏပြပုံ။ (အမေရိကန်ဒေါ်လာ (သန်းပေါင်း))




| | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ | ၂၀၂၇ | ၂၀၂၈ | ၂၀၂၉ | ၂၀၃၀ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| အိမ်ထောင်စုများ | ၃၁ | ၃၁ | ၄၇ | ၄၇ | ၄၇ | ၄၇ | ၄၇ | ၄၇ | ၄၇ | ၄၇ | ၄၇ | ၄၇ | ၄၇ | ၄၇ |
| ပြည်သူ့ဘဏ္ဍာ - အခြား | ၃၁ | ၃၁ | ၄၇ | ၄၇ | ၄၇ | ၄၇ | ၄၇ | ၄၇ | ၄၇ | ၄၇ | ၄၇ | ၄၇ | ၄၇ | ၄၇ |
| ပြည်သူ့ဘဏ္ဍာ - အစိုးရ | ၄၁ | ၄၁ | ၆၂ | ၆၂ | ၆၂ | ၆၂ | ၆၂ | ၆၂ | ၆၂ | ၆၂ | ၆၂ | ၆၂ | ၆၂ | ၆၂ |

■ ပြည်သူ့ဘဏ္ဍာ - အစိုးရ ■ ပြည်သူ့ဘဏ္ဍာ - အခြား ■ အိမ်ထောင်စုများ

## စာသင်ကျောင်းများ ရေ၊ ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေး

စာသင်ကျောင်းများ ရေ၊ ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည် သန့်ရှင်းရေးအတွက် မတည် ရင်းနှီးမြှုပ်နှံရန် နှစ်စဉ် အမေရိကန်ဒေါ်လာ ၃၅ သန်းခန့် (၂၀၁၇ မှ ၂၀၃၀ ကာလအတွင်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၉၂ သန်းခန့်) လိုအပ်ပုံကို ဇယား-၁၇ တွင် ဖော်ပြ ထားပါ သည်။ ၇၁ % (နှစ်စဉ် အမေရိကန်ဒေါ်လာ ၂၅ သန်းခန့်) သော ရန်ပုံငွေမှာ ရေပေးရေး စနစ်များ ထောက်ပံ့ပေးရေးအတွက်သုံးစွဲရမည် ဖြစ်ပါသည်။


ဇယား-၁၇ တွင် ဖော်ပြထားသော ခန့်မှန်းကုန်ကျစရိတ်များမှာ လျော့ပေါ့တွက်ချက် ထားခြင်းဖြစ်ပါသည်။ မူကြိုကျောင်းများ အရေအတွက်ကို မရရှိ၍ ယင်လုံအိမ်သာ ဆောက် လုပ်သုံးစွဲခြင်း (ပစ္စည်းပံ့ပိုးခြင်း)နှင့် အမှိုက်စွန့်ပစ်သည့် ခန့်မှန်းကုန်ကျစရိတ် တွက်ချက်ရာတွင် ချန်လှပ်ထားခဲ့ရပါသည်။

**ဇယား-၁၇။** စာသင်ကျောင်းများတွင် ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးအတွက် မတည်ရင်းနှီး မြှုပ်နှံရန် လိုအပ်ချက် (အမေရိကန်ဒေါ်လာ (ထောင်ပေါင်း))

| အဆင့် | ပျှမ်းမျှ နှစ်စဉ်ရင်းနှီးမြှုပ်နှံရန်လိုအပ်ချက် (အမေရိကန်ဒေါ်လာ ထောင်ပေါင်း) | | | | (၂၀၁၇-၂၀၃၀) |
|---|---|---|---|---|---|
| | ရေပေးရေး | ပတ်ဝန်းကျင် သန့်ရှင်းရေး | တစ်ကိုယ်ရည် သန့်ရှင်းရေး | စုစုပေါင်း | |
| မူလတန်းဆင့် | ၂၀၃၉၃ | ၄၂၆၈ | ၇၀ | ၂၄၇၃၁ | ၃၄၆၂၃၄ |
| အလယ်တန်းဆင့် | ၂၀၅၈ | ၃၉၅၄ | ၃၂ | ၆၀၄၄ | ၈၄၆၁၆ |
| အထက်တန်းဆင့် | ၂၄၃၉ | ၁၈၈၃ | ၁၇ | ၄၃၃၉ | ၆၀၇၄၆ |
| စုစုပေါင်း | ၂၄၈၉၀ | ၁၀၁၀၅ | ၁၁၉ | ၃၅၁၁၄ | ၄၉၁၅၉၆ |

ဇယား-၂ တွင် ဖော်ပြထားသော အဆိုပြုထားသည့် ထည့်ဝင်မှု အချိုးအစားများအရ ဇယား-၁၇ ကို ပြုစုထားခြင်းဖြစ်ပါသည်။ စာသင်ကျောင်းများအတွက် ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးကဏ္ဍတွင် လိုအပ်သော ရန်ပုံငွေအား နိုင်ငံတော်မှ သိသိသာသာ ထည့်ဝင်ရန် လိုအပ်ပုံကို ပုံ-၇ တွင် ဖော်ပြထားပါသည်။

ပုံ-၇။ စာသင်ကျောင်းများ ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးကဏ္ဍ၊ မတည်ရင်းနှီး မြှုပ်နှံမှုတွင် နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့မှ နှစ်အလိုက် ပျမ်းမျှ ထည့်ဝင်ရမည့် ပမာဏပြပုံ။ (အမေရိကန်ဒေါ်လာ (ထောင်ပေါင်း))



## ဆေးရုံ၊ဆေးပေးခန်းများ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေး


ဇယား-၁၈ တွင် ဆေးရုံ၊ ဆေးပေးခန်းများအတွက် ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးကဏ္ဍ၊ ခန့်မှန်းတွက်ချက်ထားသော မတည်ရင်းနှီး မြှုပ်နှံရန် လိုအပ်ချက်ကို ဖော်ပြထားပါသည်။ နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၆ သန်းခန့် လိုအပ်မည်ဖြစ်ပြီး ၂၀၁၇ မှ ၂၀၃၀ ကာလအထိ အမေရိကန်ဒေါ်လာ ၂၂၁ သန်းခန့် လိုအပ်မည်ဖြစ်ပါသည်။

**ဇယား-၁၈။** ဆေးရုံဆေးပေးခန်းများတွင် ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေးအတွက် မတည်ရင်းနှီး မြှုပ်နှံရန် လိုအပ်ချက် (အမေရိကန်ဒေါ်လာ ထောင် ပေါင်း)

| ဆေးရုံ/ဆေးပေးခန်း | ရေပေး ရေး | အိမ် သာ | ရေဆိုး သန့်စင် စနစ် | ဆေးရုံ/ ဆေးခန်းထွက် ပစ္စည်း စွန့်ပစ်စနစ် | စုစုပေါင်း | ၂၀၁၇-၂၀၃၀ |
|---|---|---|---|---|---|---|
| ကျေးလက်ကျန်းမာရေးဌာနခွဲ | ၁,၇၁၆ | ၇,၃၁၂ | | | ၉,၀၂၈ | ၁၂၆,၃၉၆ |
| ကျေးလက်ကျန်းမာရေးဌာန | ၆၂၅ | ၂,၇၃၉ | | | ၃,၃၆၄ | ၄၇,၀၈၉ |
| တိုက်နယ်ဆေးရုံ | ၃၄၅ | ၈၂၀ | ၁၇၀ | | ၁,၃၃၅ | ၁၈,၇၀၅ |
| မြို့နယ်ဆေးရုံ | ၁၈၄ | ၁,၃၅၀ | ၁၅၁ | ၃၈၄ | ၂,၀၆၉ | ၂၈,၉၅၂ |
| စုစုပေါင်း | ၂,၈၇၀ | ၁၂,၂၂၁ | ၃၂၁ | ၃၈၄ | ၁၅,၇၉၆ | ၂၂၁,၁၄၂ |

ဇယား-၂ တွင် ဖော်ပြထားသော အဆိုပြုထားသည့် ထည့်ဝင်မှု အမျိုးအစားများအရ ဇယား-၁၈ ကို ပြုစုထားခြင်းဖြစ်ပါသည်။ ဆေးရုံ၊ ဆေးပေးခန်းများအတွက် ရေရရှိရေး၊ ပတ်ဝန်း ကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးကဏ္ဍတွင် လိုအပ်သော ရန်ပုံငွေအား နိုင်ငံတော်မှ အလေးပေး ထည့်ဝင်ရန် လိုအပ်ပုံကို ပုံ-၈ တွင် ဖော်ပြထားပါသည်။

ပုံ-၈။ ဆေးရုံ၊ ဆေးပေးခန်းများ ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေး ကဏ္ဍ၊ မတည်ရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့မှ ပျှမ်းမျှ နှစ်အလိုက် ထည့်ဝင်ရမည့် ပမာဏပြပုံ။ (အမေရိကန်ဒေါ်လာ (ထောင်ပေါင်း))




## အရေးပေါ်ကာလ ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး

ဇယား-၁၉ တွင် အရေးပေါ်ကာလများအတွက် ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးကဏ္ဍ၊ ခန့်မှန်းတွက်ချက်ထားသော မတည်ရင်းနှီး မြှုပ်နှံရန် လိုအပ်ချက်ကို ဖော်ပြထားပါသည်။ နှစ်စဉ် အမေရိကန်ဒေါ်လာ ၂ သိန်းခန့် လိုအပ်မည်ဖြစ်ပါသည်။ ( ၂၀၁၇ မှ ၂၀၃၀ ကာလအထိ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃ သန်းခန့် လိုအပ်မည်ဖြစ်ပါသည်) ရင်းနှီးမြှုပ်နှံရန် လိုအပ်ချက်၏ ၃ ပုံ၊ ၂ ပုံခန့်သည် အရေးပေါ်အခြေအနေတွင် လိုအပ်မည့် ပစ္စည်း များကို ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတို့တွင် ပေးပို့ထားရန်နှင့် နေပြည်တော်၊ ရန်ကုန် နှင့် မန္တလေးတို့တွင် အရံစုဆောင်းထားရှိရန်တို့အတွက် ကုန်ကျစရိတ်များဖြစ်ပါသည်။ အရေးပေါ် အခြေအနေသုံး ပစ္စည်းများကြိုတင် စုဆောင်းထားရှိခြင်းသည် တစ်ကြိမ်တည်း အတွက်သာ ရင်းနှီးမြှုပ်နှံထားခြင်းဖြစ်ပါသည်။ အနာဂါတ်ကာလတွင် ထုတ်ယူ သုံးစွဲသည့် ပစ္စည်းတိုင်းကို ပြန်လည်ဖြည့်တင်းခြင်းအား ထိရောက်သော တုံ့ပြန်မှု ဆောင်ရွက်ခြင်း၏ အစိတ်အပိုင်းတစ်ခု အနေဖြင့် ဆောင်ရွက်မည်ဟု မျှော်လင့်ရပါသည်။

**ဇယား-၁၉။** အရေးပေါ်ကာလများအတွက် ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေး ဆိုင်ရာ မတည်ရင်းနှီး မြှုပ်နှံရန် လိုအပ်ချက် (အမေရိကန်ဒေါ်လာ ထောင်ပေါင်း)

| အကြောင်းအရာ | နှစ်စဉ် | စုစုပေါင်း (၂၀၁၇-၂၀၃၀) |
|---|---|---|
| စီမံချက်များ ရေးဆွဲပြင်ဆင်ခြင်း | ၇၁ | ၁,၀၀၀ |
| လိုအပ်မည့်ပစ္စည်းများ စုဆောင်းထားရှိခြင်း | ၁၂၉ | ၁,၈၀၀ |
| စုစုပေါင်း | ၂၀၀ | ၂,၈၀၀ |

## ရေ၊ ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာကဏ္ဍ စွမ်းဆောင်ရည်မြင့်မားရေး

ဇယား-၂၀ တွင် ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးကဏ္ဍ၊ ထိရောက် သော စီမံခန့်ခွဲမှုများအတွက် လိုအပ်သော စွမ်းဆောင်ရည် မြှင့်တင်ရေး မတည်ရင်းနှီး မြှုပ်နှံ ရန် လိုအပ်ချက်ကို ဖော်ပြထားပါသည်။ ကုန်ကျစရိတ်များသည် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် အဖွဲ့ အစည်း အသီးသီးအတွက် သင်တန်းများ၊ လိုအပ်သော ပစ္စည်းကိရိယာများ၊ ယာဉ်များအတွက် ဖြစ်ပါသည်။ နှစ်စဉ် ပျှမ်းမျှ (၂ နှစ်စာ လိုအပ်ချက် တွက်ချက်မှုကို အခြေခံ၍ ) ကုန်ကျစရိတ် သည် အမေရိကန်ဒေါ်လာ ၁၁ သန်းခန့် ဖြစ်ပါသည်။ ကဏ္ဍအတွက် ကုန်ကျစရိတ် အားလုံးကို ပြည်သူ့ဘဏ္ဍာမှ ကျခံသုံးစွဲရမည် ဖြစ်ပါသည်။

**ဇယား-၂၀။** သက်ဆိုင်ရာလုပ်ငန်းဌာနများအလိုက် လုပ်ဆောင်မှုစွမ်းရည် မြှင့်တင်ရေးအတွက် မတည်ရင်းနှီးမြှုပ်နှံရန် လိုအပ်ချက် (အမေရိကန်ဒေါ်လာ ထောင်ပေါင်း)

| ပြည်နယ်/ တိုင်းဒေသကြီး | ကျေးလက် ဒေသများ | စာသင် ကျောင်းများ | ဆေးရုံ/ ဆေးပေးခန်းများ | စုစုပေါင်း |
|---|---|---|---|---|
| ကချင် | ၅၅၀ | ၂၂ | ၂၂ | ၅၉၄ |
| ကယား | ၂၁၄ | ၈ | ၈ | ၂၃၀ |
| ကရင် | ၂၁၄ | ၈ | ၈ | ၂၃၀ |
| ချင်း | ၂၇၅ | ၁၁ | ၁၁ | ၂၉၇ |
| စစ်ကိုင်း | ၁၁၃၂ | ၄၄ | ၄၄ | ၁၂၂၀ |
| တနင်္သာရီ | ၃၀၆ | ၁၂ | ၁၂ | ၃၃၁ |
| ပဲခူး | ၈၅၆ | ၃၄ | ၃၄ | ၉၂၄ |
| မကွေး | ၇၆၅ | ၃၀ | ၃၀ | ၈၂၄ |
| မန္တလေး | ၉၄၈ | ၃၇ | ၃၇ | ၁၀၂၂ |
| မွန် | ၃၀၆ | ၁၂ | ၁၂ | ၃၃၀ |
| ရခိုင် | ၅၂၀ | ၂၀ | ၂၀ | ၅၆၁ |
| ရန်ကုန် | ၁၃၇၆ | ၅၄ | ၅၄ | ၁၄၈၄ |
| ရှမ်း | ၁၆၈၂ | ၆၆ | ၆၆ | ၁၈၁၄ |
| ဧရာဝတီ | ၈၂၆ | ၃၂ | ၃၂ | ၈၉၀ |
| နေပြည်တော် | ၄၂၈ | ၁၇ | ၁၇ | ၄၆၂ |
| အမျိုးသားအဆင့် | ၃၁ | ၁ | ၁ | ၃၃ |
| **စုစုပေါင်း** | **၁၀၄၂၉** | **၄၀၈** | **၄၀၈** | **၁၁၂၄၆** |

## အကျဉ်းချုပ်

၂၀၃၀ ခုနှစ်တွင် ရှိနေရမည့် ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေး ကဏ္ဍ မျှော်မှန်းလျာထားချက်များ ပြည့်မီရေးအတွက် နှစ်စဉ် အမေရိကန်ဒေါ်လာ ၃၂၁ သန်းခန့် (၂၀၁၇-၂၀၃၀ ကာလအတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၄.၅ ဘီလီယံခန့်) မတည်ရင်းနှီး မြှုပ်နှံရန် လိုအပ်ပုံကို ဇယား-၂၁ တွင် ဖော်ပြထားပါသည်။ ကုန်ကျစရိတ်များ၏ ၈၄ % ခန့် သည် ကျေးလက်ဒေသ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေး ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရမည် ဖြစ်ပါသည်။ ဖော်ပြပါ ၈၄% ခန့်သည် ပစ္စည်းများ ပံ့ပိုးပေးခြင်းအတွက် လိုအပ်ချက် ပင်ဖြစ်ပါသည်။ ပစ္စည်းများပံ့ပိုးပေးရန်အတွက် များစွာ ရင်းနှီးမြှုပ်နှံရသော်လည်း အိမ်ထောင်စု များမှ ဆောင်ရွက်လိုမှုနှင့် ၎င်းတို့မှ ထည့်ဝင်လာစေရန် လှုံ့ဆော်ပေးရေးဆိုင်ရာ နည်းပညာပံ့ပိုးခြင်းအတွက် အရေးပါပုံနှင့် ကျေးလက်ဒေသတွင် ပတ်ဝန်းကျင်သန့်ရှင်းရေး ဆိုင်ရာ ဈေးကွက်တစ်ခု ပေါ်ထွန်းလာစေရေးအတွက်တို့ကိုလည်း လစ်လျူရှု မထားသင့်ပေ။


**ဇယား-၂၁။** ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးကဏ္ဍအတွက် စုစုပေါင်း မတည်ရင်းနှီးမြှုပ်နှံရန် လိုအပ်ချက် (အမေရိကန်ဒေါ်လာ ထောင်ပေါင်း)

| အကြောင်းအရာ | နှစ်စဉ်လိုအပ်ချက် | | | ၂၀၁၇-၂၀၃၀ |
|---|---|---|---|---|
| | ပစ္စည်း ထောက်ပံ့ခြင်း | နည်းပညာ ပံ့ပိုးခြင်း | စုစုပေါင်း | |
| ကဏ္ဍစီမံခန့်ခွဲရေး | ၁,၂၆၇ | ၃၄၀ | ၁,၆၀၇ | ၂၂,၄၉၁ |
| ကျေးလက်ဒေသများ | ၂၂၀,၁၆၆ | ၄၇,၉၁၉ | ၂၆၈,၀၈၅ | ၃,၇၅၃,၁၉၀ |
| စာသင်ကျောင်းများ | ၃၄,၉၉၅ | ၁၁၈ | ၃၅,၁၁၄ | ၄၉၁,၅၉၄ |
| ဆေးရုံ/ဆေးပေးခန်းများ | ၁၅,၇၉၆ | ၀ | ၁၅,၇၉၆ | ၂၂၁,၁၄၂ |
| အရေးပေါ်ကာလများ | ၁၂၉ | ၇၁ | ၂၀၀ | ၂,၈၀၀ |
| စုစုပေါင်း | ၂၇၂,၃၅၃ | ၄၈,၄၅၉ | ၃၂၀,၈၁၁ | ၄,၄၉၁,၂၁၇ |

တွက်ချက်ရရှိထားသော ခန့်မှန်းကုန်ကျစရိတ်များနှင့် ပတ်သက်ပြီး အခြားမှတ်သား ထားသင့်သည့် အချက်များမှာ-


- ရေရရှိရေး၊ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးကဏ္ဍ မတည်ရင်းနှီးမြှုပ်နှံမှု များကို တွက်ချက်ရာတွင် အရေးပေါ်အခြေအနေများအတွက် ကြိုတင်ပြင်ဆင် တွက်ချက်မှုများ မပါဝင်ပါ၊ မတည်ရင်းနှီးမြှုပ်နှံရမည့် လိုအပ်ချက်အများစုသည် ရေပေးရေးအတွက် ဖြစ်ပါသည်။(ပုံ-၉)[17]
- ကျေးလက်ဒေသ ရေ၊ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု အများစုသည် ရေပေးရေးအတွက် ဖြစ်ပါသည်။(ပုံ-၁၀)
- မျှော်မှန်းထည့်ဝင်မှုများတွင် နိုင်ငံတော်ပိုင်းမှ မတည်ရင်းနှီးမြှုပ်နှံမှုသည် အိမ်ထောင်စုများမှ ထည့်ဝင်မှုထက် ပိုမိုများပြားပါသည်။ (ပုံ-၁၁)

ပုံ-၉။ ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးကဏ္ဍ၊ မတည်ရင်းနှီး မြှုပ်နှံ ရမည့် အသုံးစရိတ်။ (နှစ်စဉ် ရင်းနှီးမြှုပ်နှံရမည့် အမေရိကန်ဒေါ်လာ (သန်းပေါင်း))





[17] အရေးပေါ်ကာလ ကြိုတင်ပြင်ဆင်မှုများအတွက် ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကဏ္ဍ လိုအပ်ချက်များကို ခွဲခြားဖော်ပြနိုင်ခြင်းမရှိပါ။

ပုံ-၁၀။ ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးကဏ္ဍ၊ စီမံခန့်ခွဲရေးအတွက် မတည်ရင်းနှီး မြှုပ်နှံရမည့် အသုံးစရိတ်။ (အမေရိကန်ဒေါ်လာ (သန်းပေါင်း))




ပုံ-၁၁။ အဖွဲ့အစည်းအသီးသီး၏ ကဏ္ဍအလိုက် နှစ်စဉ် မတည်ရင်းနှီး မြှုပ်နှံရမည့် အသုံးစရိတ်။ (အမေရိကန်ဒေါ်လာ (ထောင်ပေါင်း))




| | ကျေးလက် | ဆေးရုံ/ဆေးခန်း | စာသင်ကျောင်းများ | အရေးပေါ် ကာလ | စီမံခန့်ခွဲမှု |
|---|---|---|---|---|---|
| ပြည်သူ့ဘဏ္ဍာ | ၁၆၉၁၈၄ | ၁၂၇၇၈ | ၂၈၁၁၅ | ၂၀၀ | ၁၆၀၇ |
| အိမ်ထောင်စုများ | ၉၈၉၀၁ | ၃၀၁၈ | ၆၉၉၉ | | |

# အခန်း(၇)

## နှစ်စဉ်ကုန်ကျစရိတ်များ

ရင်းနှီးမြှုပ်နှံမှုဟု သီးသန့်မသတ်မှတ်နိုင်သော်လည်း လုပ်ငန်းနှင့်ဝန်ဆောင်မှုများ ပုံမှန်လည်ပတ်စေရန်နှင့် ပြုပြင်ထိန်းသိမ်းမှုများ ပြုလုပ်နိုင်ရန် လုံလောက်သော ရန်ပုံငွေများ နှစ်စဉ်ထားရှိရန် အရေးကြီးပါသည်၊ သို့မှသာ ၎င်းလုပ်ငန်းများနှင့် ဝန်ဆောင်မှုများ ရေရှည်တည်တံ့မည်ဖြစ်ပါသည်၊ ဤသို့ လုပ်ငန်းပုံမှန်လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် လိုအပ်သော နှစ်စဉ်ရန်ပုံငွေများ မထားရှိနိုင်ပါက လုပ်ငန်းများနှင့် ဝန်ဆောင်မှုများအတွက် စိုက်ထုတ်ထားသော မတည်ရင်းနှီးငွေများ အလဟဿ ဆုံးရှုံးခြင်း ဖြစ်သွားနိုင်ပါသည်။

နှစ်စဉ်ကုန်ကျစရိတ်များတွင် အောက်ဖော်ပြပါများ ပါဝင်မည်ဖြစ်ပါသည်-

- **ရေရရှိရေး။**
  - ရေစုပ်စက်များပါဝင်သော ရေပေးရေးစနစ်များအတွက် လောင်စာဆီစွမ်းအင်
  - ပုံမှန် သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း
  - ပျက်စီးမှုများအတွက် ပြန်လည်ပြုပြင်ခြင်း
  - မီတာဖတ်ခြင်းနှင့် သုံးစွဲခကောက်ခံခြင်း
  - သုံးစွဲသူများအတွက် ဝန်ဆောင်မှုလုပ်ငန်းများ (အကြီးစားပိုက်လိုင်း ရေပေးရေးစနစ်များအတွက်)
  - ဝန်ဆောင်မှုများ ပုံမှန်လည်ပတ်နိုင်စေရေးအတွက် စီမံခန့်ခွဲအုပ်ချုပ်မှု
  - ကျေးရွာရေ ကော်မတီများအတွက် ထောက်ပံ့ခြင်းဆိုင်ရာ ဝန်ဆောင်မှုများ
  - ဆောင်ရွက်မှုစီမံခန့်ခွဲအုပ်ချုပ်မှုနှင့် စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်း
- **မိသားစု အိမ်သာ/မိလ္လာစနစ်များ။**
  - အိမ်သာများ ပုံမှန်သန့်ရှင်းရေးနှင့် ပြုပြင်ထိန်းသိမ်းခြင်း
  - မိလ္လာကျင်းများ ပြည့်လျှင် စနစ်တကျစွန့်ထုတ်ခြင်း
  - အိမ်သာ/မိလ္လာစနစ်များ ပြန်လည်အသစ်ဆောက်လုပ်ခြင်း
- **အမှိုက်စွန့်ခြင်းဆိုင်ရာ စီမံခန့်ခွဲအုပ်ချုပ်မှု။**
  - အမှိုက်များကို စနစ်တကျခွဲခြားခြင်း
  - အမှိုက်သိမ်းခြင်း
  - အမှိုက်များ ခွဲခြား၍ ပြန်လည်အသုံးပြုနိုင်သည်တို့ကို ပြန်လည်အသုံးပြုနိုင် ရန် ဆောင်ရွက်ခြင်း

- မြေဆွေးအဖြစ် အသုံးပြုနိုင်သောအမှိုက်များကို မြေဆွေးအဖြစ်သို့ပြောင်းလဲခြင်း
- ကျန်အမှိုက်များကို မြေဖို့နိုင်ရန်အတွက် စွန့်ပစ်ခြင်း

- **တစ်ကိုယ်ရည်သန့်ရှင်းရေး။**
  - ကျေးရွာလူထုအတွက် မွမ်းမံသင်တန်းများပြုလုပ်ပေးခြင်း
  - ကျောင်းများ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး။
  - ရေရရှိရေးစနစ်များကို ပုံမှန်လည်ပတ်စေရေးနှင့် ပြုပြင်ထိန်းသိမ်းရေး
  - ရေရရှိရေး ဝန်ဆောင်မှုပေးသူများကို ဝန်ဆောင်ခပေးဆောင်ခြင်း
  - ရေရရှိရေးစနစ်(အဆောက်အဦ)များကို သန့်ရှင်းရေးနှင့် ပြန်လည်ပြင်ဆင်ခြင်း
  - အမှိုက်စွန့်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ
- **ဆေးရုံ၊ ဆေးပေးခန်းများ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး။**
  - ရေရရှိရေးစနစ်များကို ပုံမှန်လည်ပတ်စေရေးနှင့် ပြုပြင်ထိန်းသိမ်းရေး
  - ရေရရှိရေးဝန်ဆောင်မှု ပေးသူများကို ဝန်ဆောင်ခ ပေးဆောင်ခြင်း
  - ရေရရှိရေးစနစ်(အဆောက်အဦ)များ သန့်ရှင်းရေးနှင့် ပြန်လည်ပြင်ဆင်ခြင်း
  - ဆေးရုံ၊ ဆေးပေးခန်းများအား သန့်ရှင်းရေးဆောင်ရွက်ခြင်း
  - ရေဆိုးသန့်စင်စနစ်(အဆောက်အဦ)များကို ပုံမှန်လည်ပတ်စေခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း
  - ဆေးရုံ၊ ဆေးပေးခန်းအတွက် အန္တရာယ်ရှိပစ္စည်းများ စနစ်တကျစွန့်ပစ်မှုကို ပုံမှန်လည်ပတ်စေခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း
  - အမှိုက်စွန့်ပစ်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ
- **အရေးပေါ်ကာလအတွက် ရေရရှိရေး၊ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေး။**
  - အရေးပေါ်ကာလအတွက်လိုအပ်မည့် ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ ပစ္စည်းများ ကြိုတင်သိုလှောင်ထားရှိခြင်း
- **ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး အဖွဲ့အစည်းများ ပုံမှန်လည်ပတ်နိုင်ရေး၊ စီမံခန့်ခွဲအုပ်ချုပ်ရေး၊ စောင့်ကြည့် ကြီးကြပ်ခြင်းနှင့် လုပ်ထုံးလုပ်နည်းစည်းမျဉ်းများ**
  - ဝန်ထမ်းများ ခန့်အပ်ခြင်း
  - ရုံးနှင့် အသုံးဆောင်ပစ္စည်းများ
  - စဉ်ဆက်မပြတ်စောင့်ကြည့်အကဲခတ်စနစ်ကို ထိန်းသိမ်းထားရှိခြင်း

မတည်ရင်းနှီးငွေကဲ့သို့ပင် နှစ်စဉ်လိုအပ်ရန်ပုံငွေကို ခန့်မှန်းချက်ပြုရာတွင် ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များ (အခန်း-၅)နှင့် အရေအတွက်နှုန်းထားများ (နောက်ဆက်တွဲဇယား ၂-၅ နှင့် ၂-၆) ကို သိရှိရန်လိုအပ်ပါသည်။

## ကျေးလက်ဒေသရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး


၂၀၃၀ ခုနှစ်အထိ ဝန်ဆောင်မှုလုပ်ငန်းများ တည်တံ့နိုင်စေရန် နှစ်စဉ်လိုအပ်ငွေပမာဏ မှာ ပျမ်းမျှတစ်နှစ်လျှင် အမေရိကန်ဒေါ်လာ သန်းပေါင်း (၃၈၃)သန်း လိုအပ်မည်ဖြစ်သည်၊ (ဇယား-၂၂ တွင် ရှုပါ) ဤရင်းနှီးမြှုပ်နှံမှု အစီအစဉ်ကာလ တလျှောက်လုံးအတွက်ဆိုလျှင် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ (၅.၄)ဘီလျံ ဖြစ်ပေမည်၊ ၎င်းတို့အနက် (၆၃) % ခန့် ဖြစ်သော (နှစ်စဉ် အမေရိကန်ဒေါ်လာ- (၂၄၂) သန်း) မှာ ကျေးလက်ဒေသရေရရှိရေးစနစ်များ ပုံမှန်လည်ပတ်စေရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက်ဖြစ်ပါသည်။ အမှိုက်စွန့်ပစ်ခြင်းဆိုင်ရာ စီမံခန့်ခွဲအုပ်ချုပ်မှု အတွက် နှစ်စဉ် အမေရိကန်ဒေါ်လာ (၆၆)သန်းခန့် လိုအပ်မည်ဖြစ်ပြီး၊ တစ်ကိုယ်ရည်သန့်ရှင်း ရေးမြှင့်တင်မှုဆိုင်ရာသင်တန်းများ တိုင်းဒေသကြီး/ပြည်နယ်များ၌ ပြုလုပ်နိုင်ရန် နှစ်စဉ်အမေရိကန် ဒေါ်လာ သန်း(၃၀) ခန့်လိုအပ်မည် ဖြစ်ပါသည်။

ပုံ -၁၂ ၌ နှစ်စဉ်လိုအပ်သော ရန်ပုံငွေကို ထည့်ဝင်မည့် သက်ဆိုင်သောကဏ္ဍများ၏ ထည့်ဝင်မှုကို ဖော်ပြထားပါသည်၊ ၎င်း၌ တစ်ကိုယ်ရည်သန့်ရှင်းရေးမြှင့်တင်မှုဆိုင်ရာ လုပ်ငန်း များနှင့် ရေရရှိရေးအတွက် နှစ်စဉ်လိုအပ်ရန်ပုံငွေအနည်းငယ် (၅ % ခန့်)ကို နိုင်ငံတော်ဘဏ္ဍာ မှကျခံရန် ရန်ပုံငွေဖော်ညွှန်းထားပါသည်၊ ကျန်ရှိသော နှစ်စဉ်လိုအပ်ရန်ပုံငွေကိုမူ ဝန်ဆောင်မှု ပေးသူများထံ သုံးစွဲခအနေဖြင့် အိမ်ထောင်စုများက ကျခံရန်ဖြစ်ပါသည်။

**ဇယား-၂၂။** ရေ၊ ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည် သန့်ရှင်းရေးကဏ္ဍ အစားထိုးပြင်ဆင်ရန် စုစုပေါင်းကုန်ကျမည့်စရိတ် (အမေရိကန်ဒေါ်လာ ထောင်ပေါင်း)

| | နှစ်စဉ်လိုအပ်ချက် | | | | | |
|---|---|---|---|---|---|---|
| ပြည်နယ်/ တိုင်းဒေသကြီး | ရေပေးရေး | ယင်လုံ အိမ်သာ ဆောက်လုပ် သုံးစွဲခြင်း | အမှိုက်စွန့်ပစ်ခြင်း | တစ်ကိုယ်ရည် သန့်ရှင်းရေး | စုစုပေါင်း | စုစုပေါင်း (၂၀၁၇-၂၀၃၀) |
| ကချင် | ၁၂,၇၉၃ | ၂,၄၉၄ | ၁,၄၉၂ | ၁,၅၈၂ | ၁၈,၃၆၀ | ၂၅၇,၀၄၃ |
| ကယား | ၇,၄၁၈ | ၂,၁၆၇ | ၃၄၈ | ၅၅၈ | ၁၀,၄၉၁ | ၁၄၆,၈၇၈ |
| ကရင် | ၆,၄၈၂ | ၂,၂၁၁ | ၂,၀၈၉ | ၅၅၈ | ၁၁,၃၄၀ | ၁၅၈,၇၆၄ |
| ချင်း | ၄,၆၁၂ | ၁,၈၅၁ | ၅၈၃ | ၇၄၄ | ၇,၇၉၀ | ၁၀၉,၀၆၆ |
| စစ်ကိုင်း | ၂၂,၇၀၉ | ၄,၀၀၇ | ၇,၄၆၀ | ၃,၃၄၉ | ၃၇,၅၂၅ | ၅၂၅,၃၅၁ |
| တနင်္သာရီ | ၇,၆၀၂ | ၂,၀၂၂ | ၁,၇၆၇ | ၈၃၇ | ၁၂,၂၂၈ | ၁၇၁,၁၉၃ |
| ပဲခူး | ၂၃,၄၅၄ | ၃,၈၁၆ | ၇,၃၈၅ | ၂,၅၁၂ | ၃၇,၁၆၇ | ၅၂၀,၃၃၅ |
| မကွေး | ၂၃,၀၉၃ | ၃,၃၈၈ | ၆,၄၄၂ | ၂,၂၃၃ | ၃၅,၁၅၆ | ၄၉၂,၁၈၂ |
| မန္တလေး | ၃၃,၂၂၃ | ၄,၀၇၃ | ၇,၄၁၅ | ၂,၇၉၁ | ၄၇,၅၀၂ | ၆၆၅,၀၂၅ |
| မွန် | ၉,၉၄၄ | ၂,၅၇၉ | ၂,၅၂၀ | ၈၃၇ | ၁၅,၈၈၁ | ၂၂၂,၃၃၁ |
| ရခိုင် | ၁၃,၈၂၀ | ၂,၁၅၅ | ၅,၁၈၇ | ၁,၄၈၉ | ၂၂,၆၅၀ | ၃၁၇,၁၀၂ |
| ရန်ကုန် | ၁၂,၃၀၀ | ၃,၂၄၂ | ၄,၁၉၈ | ၄,၀၉၄ | ၂၃,၈၃၄ | ၃၃၃,၆၇၃ |
| ရှမ်း | ၂၂,၀၅၈ | ၃,၇၁၁ | ၇,၂၆၈ | ၅,၀၂၄ | ၃၈,၀၆၂ | ၅၃၂,၈၇၂ |
| ဧရာဝတီ | ၂၄,၂၀၀ | ၄,၆၈၅ | ၁၀,၅၂၃ | ၂,၄၁၉ | ၄၁,၈၂၇ | ၅၈၅,၅၇၂ |
| နေပြည်တော် | ၁၈,၃၀၃ | ၂,၅၀၃ | ၁,၄၉၉ | ၁,၂၁၀ | ၂၃,၅၁၅ | ၃၂၉,၂၀၆ |
| **စုစုပေါင်း** | **၂၄၂,၀၁၀** | **၄၄,၉၀၃** | **၆၆,၁၇၇** | **၃၀,၂၃၈** | **၃၈၃,၃၂၈** | **၅,၃၆၆,၅၉၃** |

ပုံ-၁၂။ ကျေးလက်ဒေသ ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးကဏ္ဍ အတွက် ပတ်သက်ဆက်နွယ်သူ အသီးသီးမှ နှစ်စဉ်ထည့်ဝင်ရမည့် အစားထိုးပြင်ဆင်စရိတ်။




| | ရေပေးရေး - ပစ္စည်းပံ့ပိုးခြင်း | အိမ်သာ | တစ်ကိုယ်ရေသန့်ရှင်းရေးမြှင့်တင်ခြင်း | အမှိုက်စွန့်ပစ်ခြင်း |
|---|---|---|---|---|
| ပြည်သူ့ဘဏ္ဍာ | ၁၂၁၀၁ | | ၃၀၂၃၈ | |
| အိမ်ထောင်စုများ | ၂၂၉၉၁၀ | ၄၄၉၀၃ | | ၆၆၁၇၇ |

## ကျောင်းများ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေး


ကျောင်းများရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးအတွက် နှစ်စဉ်လိုအပ်မည့် ကုန်ကျစရိတ်မှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ (၈၁)သန်း ရှိမည်ဟု ခန့်မှန်းတွက်ချက်ရရှိပါသည်(ဇယား-၂၃)။ ၂၀၁၇ မှ ၂၀၃၀ အထိဆိုလျှင် အမေရိကန်ဒေါ်လာ (၁.၁) ဘီလျံ ကုန်ကျမည်ဖြစ်ပါသည်၊ ကျောင်းများအတွက် အိမ်သာနှင့် မိလ္လာစနစ်အတွက် ကုန်ကျစရိတ်သည် ကျောင်းများ ရေရရှိရေးအတွက် ကုန်ကျမည့် စရိတ်ထက် (၆)သန်းနီးပါး ပိုမည်ဖြစ်ပါသည်၊ အကြောင်းမှာ ကျောင်းအိမ်သာနှင့် မိလ္လာစနစ်များကို ပြုပြင်ထိန်းသိမ်းရန် လုပ်အားခများကြောင့် ဖြစ်ပါသည်၊ ကျောင်းများ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးအတွက် နှစ်စဉ်ကုန်ကျမည့်စရိတ်၏ (၁၁ %)ကျော်ခန့်သည် သင်ရိုးပြင်ပ တစ်ကိုယ်ရည်သန့်ရှင်းရေးမြှင့်တင်မှု(ကျောင်းကျန်းမာရေး)လုပ်ငန်းများအတွက် ဖြစ်သည်၊ ကျောင်းများ ရေရရှိရေး ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးအတွက် နှစ်စဉ်ကုန်ကျ မည့်စရိတ်၏ (၉၀ %) ကျော်ကို ပြည်သူ့ဘဏ္ဍာ(အစိုးရ)မှ ကျခံရမည်ဖြစ်သည်ကို ပုံ-၁၃ တွင် ဖော်ပြထားပါသည်။

**ဇယား-၂၃။** စာသင်ကျောင်းများအတွက် ရေရရှိရေး၊ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးကဏ္ဍ အစားထိုး ပြင်ဆင်ရန် စုစုပေါင်း ကုန်ကျမည့်စရိတ် (အမေရိကန်ဒေါ်လာ ထောင်ပေါင်း)

| | ပျှမ်းမျှ နှစ်စဉ်ရင်းနှီးမြှုပ်နှံရန်လိုအပ်ချက် (အမေရိကန်ဒေါ်လာ ထောင်ပေါင်း) | | | | ၂၀၁၇-၂၀၃၀ |
|---|---|---|---|---|---|
| အဆင့် | ရေပေးရေး | ပတ်ဝန်းကျင် သန့်ရှင်းရေး | တစ်ကိုယ်ရည် သန့်ရှင်းရေး[a] | စုစုပေါင်း | |
| မူလတန်းဆင့် | ၈,၄၄၅ | ၃၂,၂၇၄ | ၆,၀၅၃ | ၄၆,၇၇၂ | ၆၅၄,၈၁၅ |
| အလယ်တန်းဆင့် | ၇၅၆ | ၂၀,၅၉၁ | ၁,၀၆၂ | ၂၂,၄၀၉ | ၃၁၃,၇၂၂ |
| အထက်တန်းဆင့် | ၈၂၁ | ၉,၀၆၀ | ၁,၇၀၅ | ၁၁,၅၈၆ | ၁၆၂,၂၀၈ |
| စုစုပေါင်း | ၁၀,၀၂၂ | ၆၁,၉၂၅ | ၈,၈၂၁ | ၈၀,၇၆၈ | ၁,၁၃၀,၇၄၅ |

[a] ကျောင်းသင်ခန်းစာပြင်ပ တစ်ကိုယ်ရည် သန့်ရှင်းရေးဆိုင်ရာ အတွက်ဖြစ်ပါသည်။ ကျောင်းသင်ခန်းစာ အတွင်း ပါဝင်သည့် တစ်ကိုယ်ရည် သန့်ရှင်းရေးဆိုင်ရာ သင်ကြားမှု များသည် ပညာရေးဘတ်ဂျက်တွင် ပါဝင်ပြီးဖြစ်သည်ဟု စဉ်းစားထားပါသည်။ သို့ဖြစ်ပါ၍ ယခုပြုစု ထားသော ရင်းနှီးမြှုပ်နှံမှုအစီအစဉ်တွင် ထည့်သွင်းတွက်ချက် ထားခြင်း မရှိပါ။

ပုံ-၁၃။ စာသင်ကျောင်းများ ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးကဏ္ဍ အတွက် ပတ်သက်ဆက်နွယ်သူ အသီးသီးမှ နှစ်စဉ်ထည့်ဝင်ရမည့် အစားထိုး ပြင်ဆင် စရိတ်။




## ဆေးရုံ၊ဆေးပေးခန်းများအတွက် ရေရရှိရေး၊ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေး

ဆေးရုံ၊ ဆေးပေးခန်းများအတွက် ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးအတွက် နှစ်စဉ်ကုန်ကျစရိတ်မှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ(၁၆)သန်းခန့် ရှိမည်ဟု ခန့်မှန်းတွက်ချက်ရပါသည် (ဇယား -၂၄)။ ၂၀၁၇ မှ ၂၀၃၀ အထိဆိုမူ အမေရိကန်ဒေါ်လာသန်း (၂၂၀)ခန့်ရှိမည်ဖြစ်ပါသည်၊ ၎င်းကုန်ကျစရိတ်၏ (၉၂ %)ခန့်မှာ အိမ်သာနှင့် မိလ္လာစနစ်များ ပုံမှန်လည်ပတ်နေစေနိုင်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်တို့အတွက် ဖြစ်ပါသည်၊ ပုံ-၁၄ တွင် ၎င်းနှစ်စဉ် ကုန်ကျစရိတ်၏ (၉၀ %)ခန့်ကို ပြည်သူ့ဘဏ္ဍာ(အစိုးရ)မှ ကျခံရမည်ကို ဖော်ပြထားပါသည်။

**ဇယား-၂၄။** ဆေးရုံ/ဆေးပေးခန်းများအတွက် ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးကဏ္ဍ အစားထိုး ပြင်ဆင်ရန် စုစုပေါင်း ကုန်ကျမည့်စရိတ် (အမေရိကန် ဒေါ်လာ ထောင်ပေါင်း)

| ဆေးရုံဆေးပေးခန်း | ပျှမ်းမျှ နှစ်စဉ်ကုန်ကျစရိတ် | | | | | ၂၀၁၇-၂၀၃၀ |
|---|---|---|---|---|---|---|
| | ရေပေးရေး | အိမ်သာ | ရေဆိုးသန့်စင်စနစ် | ဆေးရုံ/ဆေးခန်းထွက်စွန့်ပစ်ပစ္စည်းများစွန့်ပစ် စနစ် | စုစုပေါင်း | |
| ကျေးလက်ကျန်းမာရေးဌာနခွဲ | ၄၈၁ | ၆,၇၁၉ | | | ၇,၁၉၉ | ၁၀၀,၇၉၁ |
| ကျေးလက်ကျန်းမာရေးဌာန | ၁၉၇ | ၃,၂၆၄ | | | ၃,၄၆၂ | ၄၇,၄၆၃ |
| တိုက်နယ်ဆေးရုံ | ၁၅၂ | ၂,၂၄၅ | ၄၀ | | ၂,၄၃၈ | ၃၄,၁၃၁ |
| မြို့နယ်ဆေးရုံ | ၇၂ | ၂,၂၇၂ | ၃၆ | ၂၂၅ | ၂,၆၀၄ | ၃၆,၄၆၀ |
| **စုစုပေါင်း** | **၉၀၂** | **၁၄,၅၀၀** | **၇၆** | **၂၂၅** | **၁၅,၇၀၃** | **၂၁၉,၈၄၅** |

ပုံ-၁၄။ ဆေးရုံ၊ ဆေးပေးခန်းများ ရေ၊ ပတ်ဂန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေး ကဏ္ဍ တွက် ပတ်သက်ဆက်နွယ်သူ အသီးသီးမှ နှစ်စဉ်ထည့်ဂင်ရမည့် အစားထိုး ပြင်ဆင်စရိတ်။




## အရေးပေါ်အခြေအနေများအတွက် ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေး

အရေးပေါ်ကာလများအတွက် ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး အတွက် နှစ်စဉ်ကုန်ကျစရိတ်မှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ(၁၄၄,၀၀၀)ရှိမည်ဟု ခန့်မှန်း တွက်ချက်ရရှိပါသည်၊(ဇယား- ၂၅)။ ၎င်းကုန်ကျစရိတ်၏ (၆၀) % ခန့်မှာ နှစ်စဉ် စဉ်ဆက် မပြတ်စောင့်ကြည့်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် အရေးပေါ်တုန့်ပြန်မှု အစီအစဉ်များ၏ ရေရရှိ ရေး၊ ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေးကဏ္ဍကို လိုအပ်သလို ပြန်လည်ပြင်ဆင်နိုင်ရန် အတွက် လျာထားခြင်းဖြစ်ပါသည်၊ ကျန်ကုန်ကျစရိတ်မှာ ဝန်ထမ်းများအတွက်နှင့် အရေးပေါ် တုန့်ပြန်နိုင်ရန် ပစ္စည်းများဝယ်ယူသိုလှောင်ထားနိုင်ရန်အတွက် ဖြစ်ပါသည်။

**ဇယား-၂၅။** အရေးပေါ်အခြေအနေများအတွက် ရေ၊ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးကဏ္ဍ အစားထိုး ပြင်ဆင်ရန် စုစုပေါင်း ကုန်ကျမည့်စရိတ် (အမေရိ ကန်ဒေါ်လာ ထောင်ပေါင်း)

| အကြောင်းအရာ | နှစ်စဉ် | စုစုပေါင်း (၂၀၁၇-၂၀၃၀) |
|---|---|---|
| စီမံချက်များ ရေးဆွဲပြင်ဆင်ခြင်း | ၈၆ | ၁,၂၀၀ |
| လိုအပ်မည့်ပစ္စည်းများ စုဆောင်း ထားရှိခြင်း | ၅၉ | ၈၂၂ |
| **စုစုပေါင်း** | **၁၄၄** | **၂,၀၂၂** |

**ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေးကဏ္ဍ စီမံခန့်ခွဲအုပ်ချုပ်မှု**

၂၀၁၇ မှ ၂၀၃၀ အထိ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေးကဏ္ဍ စီမံခန့်ခွဲအုပ်ချုပ်မှုအတွက် နှစ်စဉ်လိုအပ်မည့် ကုန်ကျစရိတ်ကို ဇယား -၂၆ တွင် ဖော်ပြထားပါသည်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့၏ လုပ်ငန်း ပုံမှန်လည်ပတ်နိုင်မှုအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များအတွက် နှစ်စဉ်ကုန်ကျစရိတ်မှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ စုစုပေါင်း (၁၆) သန်းကုန်ကျမည်ဟု ဖော်ညွှန်းထားပါသည်၊ ၎င်း၏ (၈၅ %)ခန့်သည် (တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၄ သန်း)မှာ ကျေးလက်ဒေသရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးတို့အတွက် ဖြစ်ပါသည်။

**ဇယား-၂၆။** ရေပတ်ဂန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေးကဏ္ဍ စီမံခန့်ခွဲရေးအတွက် အစားထိုးပြင်ဆင်ရန် စုစုပေါင်းကုန်ကျမည့်စရိတ် (အမေရိကန်ဒေါ်လာ ထောင်ပေါင်း)

| ပြည်နယ်/ တိုင်းဒေသကြီး | ကျေးလက် | စာသင်ကျောင်း | ဆေးရုံ/ ဆေးပေးခန်း | စုစုပေါင်း |
|---|---:|---:|---:|---:|
| ကချင် | ၇၃၃ | ၆၅ | ၆၅ | ၈၆၂ |
| ကယား | ၂၈၅ | ၂၅ | ၂၅ | ၃၃၅ |
| ကရင် | ၂၈၅ | ၂၅ | ၂၅ | ၃၃၅ |
| ချင်း | ၃၆၆ | ၃၂ | ၃၂ | ၄၃၁ |
| စစ်ကိုင်း | ၁,၅၀၇ | ၁၃၃ | ၁၃၃ | ၁,၇၇၂ |
| တနင်္သာရီ | ၄၀၇ | ၃၆ | ၃၆ | ၄၇၉ |
| ပဲခူး | ၁,၁၄၀ | ၁၀၁ | ၁၀၁ | ၁,၃၄၁ |
| မကွေး | ၁,၀၁၈ | ၉၀ | ၉၀ | ၁,၁၉၇ |
| မန္တလေး | ၁,၂၆၂ | ၁၁၁ | ၁၁၁ | ၁,၄၈၅ |
| မွန် | ၄၀၇ | ၃၆ | ၃၆ | ၄၇၉ |
| ရခိုင် | ၆၉၂ | ၆၁ | ၆၁ | ၈၁၄ |
| ရန်ကုန် | ၁,၈၃၂ | ၁၆၂ | ၁၆၂ | ၂,၁၅၅ |
| ရှမ်း | ၂,၂၃၉ | ၁၉၇ | ၁၉၇ | ၂,၆၃၄ |
| ဧရာဝတီ | ၁,၀၉၉ | ၉၇ | ၉၇ | ၁,၂၉၃ |
| နေပြည်တော် | ၅၇၀ | ၅၀ | ၅၀ | ၆၇၁ |
| အမျိုးသားအဆင့် | ၄၆ | ၄ | ၄ | ၅၄ |
| **စုစုပေါင်း** | **၁၃,၈၉၀** | **၁,၂၂၅** | **၁,၂၂၅** | **၁၆,၃၃၉** |


## အကျဉ်းချုပ်

ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး ဝန်ဆောင်မှုအားလုံး ရေရှည်တည်တံ့နိုင်ရန်အတွက် နှစ်စဉ်လိုအပ်သော ကုန်ကျစရိတ်မှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ (၄၉၆)သန်းခန့် ရှိမည်ဟု ခန့်မှန်းတွက်ချက်ရရှိပါသည်၊ တနည်းဆိုသော် ၂၀၁၇ မှ ၂၀၃၀ အထိ စုစုပေါင်းအမေရိကန်ဒေါ်လာ (၆.၉)ဘီလျံ ကုန်ကျမည်ဖြစ်ပါသည်၊ (ဇယား - ၂၇)။ ဤကုန်ကျစရိတ်၏ အများစု (၆၁ % ခန့်)မှာ ရေပေးရေးအတွက် ဖြစ်ပြီး ကျေးလက်ဒေသ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး ကဏ္ဍခွဲအတွက် (၇၅)% လိုအပ်မည် ဖြစ်ပါသည်၊ နှစ်စဉ်လိုအပ်မည့် ကုန်ကျစရိတ်၏ (၇၀) % ကိုမူ သုံးစွဲသူအိမ်ထောင်စုများမှ ကျခံမည်ဟု အဆိုပြုတွက်ချက်ထားပါသည်၊ (ပုံ -၁၅) ဤသို့တွက်ချက်ရခြင်းမှာ ကျေးလက်ဒေသရေရရှိရေး ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးအတွက် နှစ်စဉ်လိုအပ်သော ရန်ပုံငွေမှာ ကြီးမားသောကြောင့် ဖြစ်ပါသည်။

**ဇယား-၂၇။** ရေ၊ ပတ်ဂန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးကဏ္ဍ အားလုံးအတွက် အစားထိုးပြင်ဆင်ရန် စုစုပေါင်းကုန်ကျမည့်စရိတ်စာရင်းချုပ် (အမေရိကန်ဒေါ်လာ ထောင်ပေါင်း)

| အကြောင်းအရာ | ပျှမ်းမျှ နှစ်စဉ်လိုအပ်ချက် | | | | ၂၀၁၇-၂၀၃၀ |
|---|---|---|---|---|---|
| | ရေပေးရေး | ပတ်ဂန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေး | အခြား လိုအပ်ချက်များ | စုစုပေါင်း | |
| ကဏ္ဍစီမံခန့်ခွဲရေး | | | ၁၆၃၃၉ | ၁၆,၃၃၉ | ၂၂၈,၇၄၃ |
| ကျေးလက်ဒေသများ | ၂၄၂,၀၁၀ | ၁၄၁,၃၁၈ | - | ၃၈၃,၃၂၈ | ၅,၃၆၆,၅၉၃ |
| စာသင်ကျောင်းများ | ၁၀,၀၂၂ | ၇၀,၇၄၆ | - | ၈၀,၇၆၈ | ၁,၁၃၀,၇၄၅ |
| ဆေးရုံ/ဆေးပေးခန်းများ | ၉၀၂ | ၁၄,၈၀၁ | - | ၁၅,၇၀၃ | ၂၁၉,၈၄၅ |
| အရေးပေါ်ကာလများ | - | - | ၁၄၄ | ၁၄၄ | ၂,၀၂၂ |
| **စုစုပေါင်း** | **၂၅၂,၉၃၄** | **၂၂၆,၈၆၅** | **၁၆,၄၈၃** | **၄၉၆,၂၈၂** | **၆,၉၄၇,၉၄၈** |

## ပုံ-၁၅။ နှစ်စဉ်ထည့်ဝင်ရမည့် အစားထိုး ပြင်ဆင်စရိတ် စာရင်းချုပ်။




| | ကျေးလက် | ဆေးရုံ ဆေးခန်း | စာသင်ကျောင်းများ | အရေးပေါ် ကာလ | စီမံခန့်ခွဲခြင်း |
|---|---|---|---|---|---|
| ပြည်သူ့ဘဏ္ဍာ | ၄၂၃၃၉ | ၁၄၁၆၃ | ၇၃၅၇၃ | ၁၄၄ | ၁၆၃၃၉ |
| အိမ်ထောင်စုများ | ၃၄၀၉၉၀ | ၁၅၄၀ | ၇၁၉၅ | - | - |

# အခန်း (၈)

## စုစုပေါင်း ရန်ပုံငွေလိုအပ်ချက်နှင့် ရရှိနိုင်မှု အခြေအနေ

ဤအခန်းတွင် အခန်း-၆ နှင့်အခန်း-၇ တို့တွင် ဖော်ပြထားသည့် ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးကဏ္ဍအတွက် ခန့်မှန်းကုန်ကျစရိတ်များနှင့် ရရှိနိုင်သောဘဏ္ဍာငွေ တို့ကို နှိုင်းယှဉ်ပြီး အကျဉ်းချုပ်ဖော်ပြထားပါသည်။ တွေ့ရှိချက်များအရ ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးကဏ္ဍတွင် ရန်ပုံငွေလိုအပ်ချက် သိသိသာသာ များပြားပုံကို ဖော်ပြ ထားပါသည်။

## ဘဏ္ဍာငွေလိုအပ်ချက် အကျဉ်းချုပ်

ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးကဏ္ဍအတွက် ဘဏ္ဍာငွေလိုအပ်ချက် မှာ အလွန်များပြားပါသည်။ ခန့်မှန်းတွက်ချက်မှုများအရ ၂၀၁၇ မှ ၂၀၃၀ ကာလအတွင်း ကဏ္ဍ အတွက် ရင်းနှီးမြှုပ်နှံရန် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၁.၄ ဘီလီယံခန့် (နှစ်စဉ် အမေရိ ကန်ဒေါ်လာ ၈၁၇ သန်းခန့်) လိုအပ်ပါမည်။ လိုအပ်ချက်၏ ၈၀ % ( နှစ်စဉ် အမေရိကန် ဒေါ်လာ ၆၅၁ သန်း)ခန့်သည် ကျေးလက်ဒေသ ရေ၊ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေး အတွက် လိုအပ်ချက် ဖြစ်ပါသည်။ ၎င်းအနက်မှ ရေရရှိရေးအတွက် နှစ်စဉ် ပျမ်းမျှ ၄၀၅ သန်းခန့် ကုန်ကျ မည်ဖြစ်ပါသည်။

ခန့်မှန်းကုန်ကျစရိတ်တွင် ကဏ္ဍ ရေရှည် တည်တံ့ရေးအတွက် နှစ်စဉ်အသုံးစရိတ်များ လိုအပ်ပုံနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အသုံးစရိတ်များ လိုအပ်ပုံတို့ကိုလည်း အလေးပေးဖော်ပြ ထားပါသည်။ ၎င်းအသုံးစရိတ်များသည် နှစ်စဉ် အမေရိကန်ဒေါ်လာ ၄၉၆ သန်းခန့်ရှိနေ၍ မတည်ရင်းနှီးရမည့် ပမာဏထက်တွင် ပိုမိုများနေပါသည်။ (ဇယား-၂၈ နှင့် ၂၉ တို့တွင် အသေးစိတ် ဖော်ပြထားပါသည်)

**ဇယား-၂၈။** ရေ၊ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးကဏ္ဍ လိုအပ်သော ရင်းနှီးမြှုပ်နှံမှု စာရင်းချုပ် (အမေရိကန် ဒေါ်လာ(ထောင်ပေါင်း)) (၂၀၁၇-၂၀၃၀)

| ကဏ္ဍ | အသစ် တည်ဆောက်ခြင်း | အစားထိုး ပြင်ဆင်ခြင်း | စုစုပေါင်း | စုစုပေါင်း လိုအပ်ချက် (၂၀၁၇-၂၀၃၀) |
|---|---|---|---|---|
| ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးကဏ္ဍ | | | | |
| - စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း။ | ၁,၆၀၇ | | ၁,၆၀၇ | ၂၂,၄၉၁ |
| - လုပ်ငန်းလည်ပတ်ခြင်း။ | | ၁၆,၃၃၉ | ၁၆,၃၃၉ | ၂၂၈,၇၄၃ |
| ပေါင်း | ၁,၆၀၇ | ၁၆,၃၃၉ | ၁၇,၉၄၅ | ၂၅၁,၂၃၅ |
| ကျေးလက်ဒေသ ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးကဏ္ဍ | | | | |
| - ရေရရှိရေး | ၁၆၂,၆၄၈ | ၂၄၂,၀၁၀ | ၄၀၄,၆၅၈ | ၅,၆၆၅,၂၁၄ |
| -ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲခြင်း | ၆၀,၆၀၃ | ၄၄,၉၀၃ | ၁၀၅,၅၀၆ | ၁,၄၇၇,၀၇၈ |
| -အမှိုက်စွန့်ပစ်ခြင်း | ၁၂,၉၆၈ | ၆၆,၁၇၇ | ၇၉,၁၄၅ | ၁,၁၀၈,၀၃၀ |
| -အလုံးစုံ သန့်ရှင်းရေး (CLTS) | ၅,၂၅၈ | | ၅,၂၅၈ | ၇၃,၆၁၂ |
| -သင့်တော်မည့်အရောင်း မြှင့်တင်ခြင်း။ | ၂၆,၄၉၀ | | ၂၆,၄၉၀ | ၃၇၀,၈၆၃ |
| -သက်ဆိုင်ရာသုတေသနများပြုလုပ်ခြင်း | ၁၀၇ | | ၁၀၇ | ၁,၅၀၀ |
| -တစ်ကိုယ်ရည်သန့်ရှင်းရေးမြှင့်တင်ခြင်း | ၁၁ | ၃၀,၂၃၈ | ၃၀,၂၄၉ | ၄၂၃,၄၈၅ |
| ပေါင်း | ၂၆၈,၀၈၅ | ၃၈၃,၃၂၈ | ၆၅၁,၄၁၃ | ၉,၁၁၉,၇၈၃ |
| စာသင်ကျောင်းများ၏ ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး ကဏ္ဍ | | | | |
| - ရေရရှိရေး | ၂၄,၈၉၁ | ၁၀,၀၂၂ | ၃၄,၉၁၃ | ၄၈၈,၇၇၆ |
| -ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲခြင်း | ၁၀,၁၀၅ | ၆၁,၉၂၅ | ၇၂,၀၃၀ | ၁,၀၀၈,၄၁၉ |
| -တစ်ကိုယ်ရည် သန့်ရှင်းရေး | ၁၁၈ | ၈,၈၂၁ | ၈,၉၃၉ | ၁၂၅,၁၄၅ |
| ပေါင်း | ၃၅,၁၁၄ | ၈၀,၇၆၈ | ၁၁၅,၈၈၁ | ၁,၆၂၂,၃၃၉ |
| ဆေးရုံ၊ ဆေးပေးခန်းများ၏ ရေ၊ ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည် သန့်ရှင်းရေး ကဏ္ဍ | | | | |
| - ရေရရှိရေး | ၂,၈၇၀ | ၉၀၂ | ၃,၇၇၂ | ၅၂,၈၀၈ |
| -ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲခြင်းနှင့် ရေဆိုးသန့်စင် စနစ် | ၁၂,၅၄၂ | ၁၄,၅၇၆ | ၂၇,၁၁၈ | ၃၇၉,၆၅၇ |
| -စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲခြင်း | ၃၈၄ | ၂၂၅ | ၆၀၉ | ၈,၅၂၂ |
| ပေါင်း | ၁၅,၇၉၆ | ၁၅,၇၀၃ | ၃၁,၄၉၉ | ၄၄၀,၉၈၇ |
| လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာ ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေး ကဏ္ဍ | | | | |
| -စီမံချက်များရေးဆွဲ ပြင်ဆင်ခြင်း | ၇၁ | ၈၆ | ၁၅၇ | ၂,၂၀၀ |
| -လိုအပ်မည့်ပစ္စည်းများစုဆောင်းခြင်း | ၁၂၉ | ၅၉ | ၁၈၇ | ၂,၆၂၂ |
| ပေါင်း | ၂၀၀ | ၁၄၄ | ၃၄၄ | ၄,၈၂၂ |
| **စုစုပေါင်း** | **၃၂၀,၈၀၁** | **၄၉၆,၂၈၂** | **၈၁၇,၀၈၃** | **၁၁,၄၃၉,၁၆၆** |

**ဇယား-၂၉။** ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးကဏ္ဍ လိုအပ်သော ရင်းနှီးမြှုပ်နှံမှု စာရင်းချုပ် (အမေရိကန်ဒေါ်လာ(ထောင်ပေါင်း)) (၂၀၁၇-၂၀၃၀)

| ပြည်နယ်/ တိုင်းဒေသကြီး | နှစ်စဉ်ကုန်ကျစရိတ် | | | စုစုပေါင်း (၂၀၁၇-၂၀၃၀) |
|---|---|---|---|---|
| | ငွေလုံးငွေရင်း | သာမန် အသုံးစရိတ် | စုစုပေါင်း | |
| ကချင် | ၅,၅၂၆ | ၁၉,၂၂၂ | ၂၄,၇၄၈ | ၃၄၆,၄၇၆ |
| ကယား | ၁,၂၃၉ | ၁၀,၈၂၇ | ၁၂,၀၆၆ | ၁၆၈,၉၁၉ |
| ကရင် | ၆,၉၄၄ | ၁၁,၆၇၆ | ၁၈,၆၂၀ | ၂၆၀,၆၇၅ |
| ချင်း | ၂,၄၅၆ | ၈,၂၂၁ | ၁၀,၆၇၇ | ၁၄၉,၄၈၂ |
| စစ်ကိုင်း | ၄၁,၅၀၈ | ၃၉,၂၉၇ | ၈၀,၈၀၅ | ၁,၁၃၁,၂၇၂ |
| တနင်္သာရီ | ၅,၇၉၃ | ၁၂,၇၀၇ | ၁၈,၅၀၀ | ၂၅၉,၀၀၃ |
| ပဲခူး | ၂၅,၉၀၈ | ၃၈,၅၀၇ | ၆၄,၄၁၅ | ၉၀၁,၈၁၅ |
| မကွေး | ၃၂,၀၄၅ | ၃၆,၃၅၃ | ၆၈,၃၉၉ | ၉၅၇,၅၇၉ |
| မန္တလေး | ၃၉,၄၆၆ | ၄၈,၉၈၇ | ၈၈,၄၅၂ | ၁,၂၃၈,၃၃၃ |
| မွန် | ၇,၉၂၀ | ၁၆,၃၆၀ | ၂၄,၂၈၀ | ၃၃၉,၉၁၅ |
| ရခိုင် | ၁၅,၄၄၂ | ၂၃,၄၆၄ | ၃၈,၉၀၇ | ၅၄၄,၆၉၅ |
| ရန်ကုန် | ၁၄,၃၆၇ | ၂၅,၉၈၉ | ၄၀,၃၅၆ | ၅၆၄,၉၈၃ |
| ရှမ်း | ၂၅,၅၀၈ | ၄၀,၆၉၇ | ၆၆,၂၀၅ | ၉၂၆,၈၇၁ |
| ဧရာဝတီ | ၃၄,၆၉၆ | ၄၃,၁၂၀ | ၇၇,၈၁၆ | ၁,၀၈၉,၄၁၈ |
| နေပြည်တော် | ၉,၃၈၄ | ၂၄,၁၈၅ | ၃၃,၅၆၉ | ၄၆၉,၉၆၅ |
| **စုစုပေါင်း** | **၂၆၈,၂၀၂** | **၃၉၉,၆၁၂** | **၆၆၇,၈၁၄** | **၉,၃၄၉,၄၀၃** |

မှတ်ချက်။ ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးကဏ္ဍ စီမံခန့်ခွဲမှုစရိတ် မပါဝင်ပါ။


## ဘဏ္ဍာငွေလိုအပ်ချက် ကွာဟမှုများ
## ကျေးလက်ဒေသရေရရှိရေး

၂၀၁၂-၁၃ မှ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်များအတွင်း ပျှမ်းမျှနှစ်စဉ် အသုံးစရိတ်မှာ အမေရိကန်ဒေါ်လာ ၂၅ သန်းခန့် ရှိပါသည်။ (ပုံ-၁၆ (က))။ ပစ္စည်းထောက်ပံ့ခြင်းကို ပိုမို အလေးပေးပြီး တွက်ချက်ထားပါသည်။ အဓိက ဖွံ့ဖြိုးရေးမိတ်ဘက် အဖွဲ့အစည်းများဖြစ်သည့် DFID (ယူနီဆက်မှတဆင့် ပံ့ပိုးသည်) ၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)၊ အမေရိကန်ပြည်ထောင်စု ကူညီထောက်ပံ့မှုအစီအစဉ် (USAID) (PACT နှင့် UN-HABITAT တို့မှတဆင့် ပံ့ပိုးသည်) နှင့် ကမ္ဘာ့ဘဏ်စသည်တို့၏ (ကဏ္ဍစုံ ဖွံ့ဖြိုး တိုးတက်ရေး အစီအစဉ်၏ တစ်စိတ်တစ်ပိုင်း) ထည့်ဝင်မှုများကိုလည်း ထည့်သွင်းတွက်ချက် ထားပါသည်။


နှစ်စဉ်သုံးစွဲရမည့် လိုအပ်ချက်နှင့် ရရှိနိုင်သော ဘဏ္ဍာငွေကို တိုက်ဆိုင်ကြည့်ပါက ကွာဟချက်များစွာ ရှိသည်ကို ရှင်းလင်းစွာတွေ့မြင်ရမည် ဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၏ နှစ်စဉ်ရရှိနေသော ဘတ်ဂျက်သည် လိုအပ်ချက်၏ ၁၇ % ခန့်သာ ရှိပါသည်။ ဤအချက်မှ အိမ်ထောင်စုများမှ ၎င်းတို့ထည့်ဝင်ရမည့် ပမာဏကို ထည့်ဝင်စေကာမူ ဘဏ္ဍာငွေလိုအပ်ချက်များစွာ ရှိနေပုံကို ဖော်ညွှန်းလျက်ရှိပါသည်။ (ပုံ-၁၆ (ခ))

ပုံ-၁၆ တွင်ဖော်ပြထားချက်များအရ ဘဏ္ဍာငွေလိုအပ်ချက် ကွာဟမှုသည် ပိုမိုလျော့နည်း နိုင်ပါသည်၊ အကြောင်းမှာ ဖွံ့ဖြိုးမှု မိတ်ဘက်အဖွဲ့အစည်းများနှင့် အခြားသော အုပ်စုများ၏ ထည့်ဝင်မှုများသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှတဆင့် ကဏ္ဍတွင် ရင်းနှီး မြှုပ်နှံခြင်းမဟုတ်၍ ချန်လှပ်ထားခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ကျေးလက်နေပြည်သူများမှ အသစ် တည်ဆောက်ခြင်း၊ နှစ်စဉ်အသုံးစရိတ်များတွင် ထည့်ဝင်ခြင်းစသည်တို့လည်း ပါဝင်ပါသည်။

ပုံ-၁၆ (က)။ ကျေးလက်ဒေသ ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေး ကဏ္ဍအတွက် ဘဏ္ဍာငွေ ရရှိနိုင်မှုနှင့် လိုအပ်ချက် အခြေအနေ။




ပုံ-၁၆ (ခ)။ ကျေးလက်ဒေသ ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး ကဏ္ဍအတွက် ဘဏ္ဍာငွေ ရရှိနိုင်မှုနှင့် လိုအပ်ချက် အခြေအနေ။




မှတ်ချက်။ “ရင်းနှီးမြှုပ်နှံမှုအစီအစဉ်” တွင် ပါဝင်သော တွက်ချက်မှုများသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရရှိသော အချက်အလက်များပေါ်တွင် အခြေခံပြီး ခန့်မှန်းတွက်ချက်ထားခြင်းဖြစ်ပါသည်။

## ကျေးလက်ဒေသ ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေး

ကျေးလက်ဒေသများ မိသားစုဝင်များ၏ ပတ်ဝန်းကျင်သန့်ရှင်းရေးကဏ္ဍ ဘဏ္ဍာငွေ ကွာဟချက်ကို ခန့်မှန်းရာတွင် ပစ္စည်းထောက်ပံ့ခြင်း (မိသားစုသုံး အိမ်သာများအတွက်) ပတ်ဝန်းကျင်သန့်ရှင်းရေး မြှင့်တင်ခြင်း (ရပ်ရွာလူထု အခြေပြု အလုံးစုံသန့်ရှင်းရေး၊ မိလ္လာစွန့်ပစ်ခြင်း ဆိုင်ရာ ဈေးကွက်မြှင့်တင်ခြင်း စသည်)၊ တစ်ကိုယ်ရည်သန့်ရှင်းရေးမြှင့်တင်ခြင်းနှင့် အမှိုက်စွန့်ပစ်ခြင်း စသည်တို့ပါဝင်နေ၍ ပိုမိုရှုပ်ထွေးပါသည်။

မဟာဗျူဟာ ရည်မှန်းချက်သည် ပြည်သူ့ဘဏ္ဍာမှ (ဖွံ့ဖြိုးမှု မိတ်ဘက် အဖွဲ့အစည်းများ၏ ထည့်ဝင်မှုများ အပါအဝင်) အနည်းငယ်မျှသာ အသုံးပြုပြီး အိမ်ထောင်စုများမှ ထည့်ဝင်မှုကို နည်းလမ်း (၂)သွယ်ဖြင့် အများဆုံးပါဝင်လာစေရန် ဆောင်ရွက်သွားရန် ဖြစ်ပါသည်။


- -ပထမနည်း။ ။မိသားစုများ ကိုယ်တိုင် အိမ်သာများဆောက်လုပ် သုံးစွဲလာစေရေး လှုံ့ဆော်ပေးသည့် အပြုအမူ ပြောင်းလဲရေးဆိုင်ရာ အစီအစဉ်များကို မြှင့်တင်ပေးရန်။
- -ဒုတိယနည်း။ ။ပစ္စည်းများထောက်ပံ့ပေးခြင်း- ပုဂ္ဂလိကကဏ္ဍမှ ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်လာစေနိုင်မည့် ပတ်ဝန်းကျင် အခြေအနေကောင်းများကို ဖန်တီးပေးရန်။

ဤသို့ဆောင်ရွက်ရာတွင် အပိုင်း (၂) ပိုင်းပါဝင်ပါမည်။ အဆင်းရဲဆုံး မိသားစုများမှအပ ကျန်မိသားစုများ အားလုံး အိမ်သာများကို ကိုယ်တိုင် ဆောက်လုပ်သုံးစွဲစေခြင်း၊ ကျေးလက်နေပြည်သူလူထုမှ ပူးပေါင်းပါဝင်ဆောက်လုပ်စေခြင်းနှင့် ကဏ္ဍအတွက် ဘဏ္ဍာငွေ လိုအပ်ချက် အားဖြည့်တင်းပြီးဖြစ်စေခြင်းနှင့် ရပ်ရွာလူထု အခြေပြု အလုံးစုံသန့်ရှင်းရေး ဆောင်ရွက်မှုများ နှင့် မိလ္လာစွန့်ပစ်ခြင်းဆိုင်ရာ ဈေးကွက်မြှင့်တင်ခြင်းတို့မှတဆင့် ပုဂ္ဂလိကကဏ္ဍ စွမ်းဆောင်ရည်မြင့်မားလာစေရေးနှင့် အိမ်သာဆောက်လုပ်သုံးစွဲရေး လှုံ့ဆော်မှုများအတွက်သာ ပြည်သူ့ဘဏ္ဍာကို သုံးစွဲစေခြင်းတို့ ဖြစ်ပါသည်။ အိမ်သာဆောက်လုပ်ရန် အဆင်းရဲဆုံး မိသားစုများ အတွက်သာ ပံ့ပိုးပေးမည်ဖြစ်ပါသည်။

## မိသားစုနှင့် အများသုံးအိမ်သာများ ပံ့ပိုးပေးမှု အခြေအနေ

၂၀၁၃-၁၄ မှ ၂၀၁၅-၁၆ ကာလများအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မိသားစုနှင့်အများသုံးအိမ်သာများ ဆောက်လုပ်သုံးစွဲနိုင်ရေးအတွက် ငွေလုံးငွေရင်း ပံ့ပိုးပေးခဲ့ပါသည်။ နှစ်စဉ် အမေရိကန်ဒေါ်လာ (၁)သန်းကျော်ခန့်ဖြစ်ပါသည်။ (ပုံ-၁၇)။ ၂၀၃၀ ခုနှစ်တွင် ဖြစ်ပေါ်တည်ရှိရမည့် မျှော်မှန်းချက်အရ နှစ်စဉ် အမေရိကန်ဒေါ်လာ ၆၁ သန်းခန့် ငွေလုံးငွေရင်း မတည်ရင်းနှီးမြှုပ်နှံရမည်ဖြစ်၍ အလွန်ပင်နည်းပါးနေပါသည်။ သို့သော်လည်း မိသားစုများမှ ထည့်ဝင်မှုသည် နှစ်စဉ် အမေရိကန်ဒေါ်လာ ၅၅ သန်းခန့်ရှိနိုင်မည်ဟု မျှော်မှန်းထား၍ ဘဏ္ဍာငွေကွာဟချက် အလွန်နည်းပါး ပါ သည်။ အထက်ဖော်ပြပါ အချက်များကြောင့် ရေရရှိရေးကဏ္ဍ ဘဏ္ဍာငွေ ကွာဟချက် ခန့်မှန်းမှုများနည်းတူ မိသားစုသုံး အိမ်သာများ ဆောက်လုပ်သုံးစွဲခြင်းတွင်လည်း ပိုမိုခန့်မှန်းထားခြင်းဖြစ်ပါသည်။

ပုံ-၁၇။ ကျေးလက်ဒေသ ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲရေးအတွက် ဘဏ္ဍာငွေ ရရှိနိုင်မှုနှင့် လိုအပ်ချက် အခြေအနေ။



## မိသားစုသုံးအိမ်သာများနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးမြှင့်တင်ခြင်း- နည်းပညာပံ့ပိုးပေးခြင်း

ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ နည်းပညာပံ့ပိုးခြင်းအတွက် နှစ်စဉ်ကုန်ကျစရိတ်သည် အချိန်နှင့်အမျှ ပြောင်းလဲလျက်ရှိပါသည်။ မိလ္လာစွန့်ပစ်ခြင်းဆိုင်ရာ သန့်ရှင်းရေး ဈေးကွက်မြှင့်တင်ခြင်းနှင့် တစ်ကိုယ်ရည် သန့်ရှင်းရေး မြှင့်တင်ခြင်းဆိုင်ရာ သုတေသနလုပ်ငန်းများသည် ပထမ(၅)နှစ်တာ ကာလအတွင်းတွင်သာ လုပ်ဆောင်ရပါမည်။ ဖော်ပြပါလုပ်ငန်းများနှင့် ရပ်ရွာလူထုအခြေပြု အလုံးစုံသန့်ရှင်းရေး လှုပ်ရှားမှုများတွင် စုစုပေါင်းအမေရိကန်ဒေါ်လာသန်း(၈၀) ခန့်ကို သုံးစွဲရမည်ဖြစ်ပါသည်။ နောက်ပိုင်းနှစ်များတွင် ရပ်ရွာလူထုအခြေပြု အလုံးစုံသန့်ရှင်းရေး လုပ်ငန်းများနှင့် ပတ်ဝန်းကျင်တွင် အပေါ့အလေးသွားသည့် အလေ့အထ သို့မဟုတ် အပြုအမူများ ပပျောက်သွားခြင်း ရှိ/မရှိ အတည်ပြုနိုင်ရန် ပြန်လည်စိစစ်ခြင်းနှင့် အသိအမှတ် ပြုပေးခြင်းတို့အတွက် နှစ်စဉ် အမေရိကန်ဒေါ်လာ (၆)သန်းခန့် ရင်းနှီးမြှုပ်နှံရမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ရပ်ရွာလူထုအခြေပြုအလုံးစုံသန့်ရှင်းရေးအစီအစဉ်ကို အကောင်အထည်ဖော်လျက်ရှိပါသည်။ မြန်မာနိုင်ငံကျန်းမာရေးမှူးများအသင်း၊ အပြည်ပြည်ဆိုင်ရာကယ်ဆယ်ရေးကော်မတီ၊ ကျန်းမာပညာဌာန၊ မော်လ်တီဇာနှင့် ယူနီဆက် အစရှိသော အဖွဲ့အစည်းများသည် ဤအစီအစဉ်တွင်တက်ကြွစွာပါဝင်လျှက်ရှိကြောင်း မြန်မာနိုင်ငံ ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးကဏ္ဍ အခြေအနေ ဆန်းစစ်မှုတွင် ဖော်ပြထားပါသည်။

၂၀၁၄-၂၀၁၅ ခုနှစ်တွင် ယူနီဆက်သည် တစ်ကိုယ်ရည်သန့်ရှင်းရေး မြှင့်တင်မှုအစီအစဉ်များ ဆောင်ရွက်နိုင်စေရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအား အမေရိကန်ဒေါ်လာ (၈)သောင်းခန့်စီ နှစ်စဉ် ထောက်ပံ့ခဲ့သည်။

အမှန်တကယ်အားဖြင့် ၂၀၁၇-၂၀၂၁ ကာလများအတွင်း နှစ်စဉ် အမေရိကန်ဒေါ်လာ သန်း (၈၀) ခန့်နှင့် နောက်ပိုင်းနှစ်များတွင် နှစ်စဉ် အမေရိကန်ဒေါ်လာ (၅) သန်းခန့် ရင်းနှီးမြှုပ်နှံရန် လိုအပ်ပါသည်။

### အမှိုက်စွန့်ပစ်ခြင်းဆိုင်ရာစီမံမှု

လက်ရှိအခြေအနေတွင် လုပ်ငန်းဆောင်ရွက်မှု မရှိသေးချေ၊ အလားတူ ရန်ပုံငွေ ခွဲဝေချထားခြင်းလည်း မရှိသေးချေ။ ထို့ကြောင့် နှစ်စဉ် အမေရိကန်ဒေါ်လာ (၁၁) သန်းခန့် ရင်းနှီးမြှုပ်နှံရန် လိုအပ်လျက်ရှိပါသည်။

**စုစုပေါင်း ပတ်ဝန်းကျင်သန့်ရှင်းရေးကဏ္ဍ ဘဏ္ဍာငွေလိုအပ်မှု ကွာဟချက်**

အချိန်နှင့်အမျှ ပတ်ဝန်းကျင်သန့်ရှင်းရေးကဏ္ဍအတွက် စုစုပေါင်းဘဏ္ဍာငွေ ကွာဟချက်ကို ဇယား-၃၀ တွင် ဖော်ပြထားပါသည်။

**ဇယား-၃၀။** ပတ်ဝန်းကျင်သန့်ရှင်းရေး ကဏ္ဍအတွက် လိုအပ်သော မတည်ရင်းနှီးမြှုပ်နှံမှု ကွာဟချက် စာရင်းချုပ် (အမေရိကန် ဒေါ်လာ(ထောင်ပေါင်း))

| နှစ် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉-၂၀၃၀ (ပျမ်းမျှ) | ၂၀၂၄-၂၀၃၀ (ပျမ်းမျှ) |
|---|---|---|---|---|
| **ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲခြင်း** | | | | |
| ပြည်သူ့ဘဏ္ဍာ | ၄,၀၀၂ | ၄,၀၀၂ | ၆,၄၀၃ | ၆,၄၀၃ |
| အိမ်ထောင်စုများမှထည့်ဝင်မှု | ၃၆,၀၁၆ | ၃၆,၀၁၆ | ၅၇,၆၃၁ | ၅၇,၆၃၁ |
| -အလုံးစုံ သန့်ရှင်းရေး (CLTS) | ၀ | ၀ | ၆,၁၃၄ | ၆,၁၃၄ |
| အရောင်းမြင့်တင်ခြင်း | ၇၅၀ | ၇၅၀ | ၀ | ၀ |
| သုတေသနလုပ်ငန်းများ | ၀ | ၀ | ၇၄,၁၇၃ | ၀ |
| တစ်ကိုယ်ရည် သန့်ရှင်းရေးမြှင့်တင်ခြင်း | ၀ | ၁၅၀ | ၀ | ၀ |
| အမှိုက်စွန့်ပစ်သည့်စနစ် | ၀ | ၀ | ၁၁,၄၁၈ | ၁၁,၄၁၈ |
| စုစုပေါင်း | ၄၀,၇၆၇ | ၄၀,၉၁၇ | ၁၅၅,၇၅၉ | ၈၁,၅၈၆ |
| **Effective gap**[a] | ၄,၇၅၂ | ၄,၉၀၂ | ၉၈,၁၂၉ | ၂၃,၉၅၆ |
| မှတ်ချက်: Effective gap = စုစုပေါင်းကုန်ကျစရိတ် - အိမ်ထောင်စုများမှ ထည့်ဝင်မှု | | | | |

## ကျောင်းများနှင့် ဆေးရုံ၊ဆေးပေးခန်းများ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေး

စာသင်ကျောင်းများ၏ လက်ရှိရေ၊ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာကဏ္ဍအတွက် ဘဏ္ဍာငွေ သုံးစွဲမှုဆိုင်ရာ အချက်အလက်များ အနည်းငယ်သာရရှိပါသည်။ အတည်မပြုနိုင်သော သတင်းအချက်အလက်များအရ စာသင်ကျောင်းများတွင် ရေနှင့်အိမ်သာများပါ တစ်ပါတည်း တည်ဆောက်ပေးခဲ့သည်ဟု သိရှိရပါသည်။ သို့သော်လည်း ကျောင်းတည်ဆောက်ရေးလုပ်ငန်းများတွင် ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းများအတွက် ဘဏ္ဍာငွေ၏ ရာခိုင်နှုန်းမည်မျှကို သုံးစွဲကြောင်း သတင်းအချက်အလက်များ မရရှိပေ။

အခြေခံပညာဦးစီးဌာနနှင့် တွေ့ဆုံဆွေးနွေးချက်များအရ နိုင်ငံတော် ဘတ်ဂျက်မှ လက်ရှိတည်ဆောက်ပြီး စာသင်ကျောင်းများ၏ ရေရရှိရေးလုပ်ငန်းများအတွက် ရန်ပုံငွေခွဲဝေ ချထားပေးခြင်း မရှိကြောင်းသိရှိရပါသည်။ ဒေသခံပြည်သူများ၊ စေတနာရှင်များနှင့် အခြားသော အလှူရှင်များမှ စာသင်ကျောင်းများ ရေရရှိရေးအတွက် လိုအပ်ရန်ပုံငွေ ထည့်ဝင်ပေးကြောင်း ဖော်ပြကြသော်လည်း ပမာဏအားဖြင့် မည်ရွေ့မည်မျှရှိကြောင်း သတင်းအချက်အလက်များ မရရှိပေ။

ပညာရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် စာသင်ကျောင်း တစ်ကျောင်းလျှင် နှစ်ခန်းတွဲ အိမ်သာ တစ်လုံးဆောက်လုပ်ရန် မြန်မာကျပ်ငွေ(၁)သန်းနှုန်း ပံ့ပိုးပေးပါသည်။[18] ၂၀၁၁-၂၀၁၃ ကာလအတွင်း UNICEF၊ UN-HABITAT၊ CARE၊ MALTESER နှင့် UNDP စသည့် အဖွဲ့အစည်းများမှ ကျောင်းများ ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး ကဏ္ဍအတွက် နှစ်စဉ် အမေရိကန်ဒေါ်လာ ၀.၇ သန်းခန့် ထည့်ဝင်ခဲ့ကြောင်း မြန်မာနိုင်ငံ ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးကဏ္ဍ အခြေအနေ ဆန်းစစ်မှု (၂၀၁၅) တွင် ဖော်ပြ ထားပါသည်။ ၎င်းလေ့လာဆန်းစစ်ချက်မှပင် ကျောင်းများ ရေ၊ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့် ပြုပြင်ထိန်းသိမ်းရေးအတွက် ငွေစာရင်းခေါင်းစဉ် ၀၃၁၃ (သို့မဟုတ်) ၀၃၁၅ တို့မှ ကျခံသုံးစွဲနိုင်ကြောင်းနှင့် ၂၀၁၂-၂၀၁၃ ကာလအတွင်း အမေရိကန်ဒေါ်လာ ၃၇.၆ သန်းခန့် (တစ်ကျောင်း လျှင် ၉၄၀ ဒေါ်လာခန့်) သုံးစွဲခဲ့ကြောင်း ဖော်ပြထားပါသည်။ ကဏ္ဍအတွက် နှစ်စဉ် လိုအပ် ချက်သည် အမေရိကန်ဒေါ်လာ (၃၅) သန်းခန့်ဖြစ်၍ နှစ်ခုပေါင်း ထည့်ဝင်မှုများကပင် များစွာ လျော့နည်း နေဟန်ရှိပါသည်။

ဆေးရုံ၊ ဆေးပေးခန်းများ၏ ရေ၊ ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည် သန့်ရှင်းရေး ကဏ္ဍအတွက် ဘဏ္ဍာငွေ ခွဲဝေချထားမှုဆိုင်ရာ သတင်းအချက်အလက်များ မရရှိပါ။

---

[18] အခြေခံပညာဦးစီးဌာန၏ ကျောင်းတစ်ကျောင်းလျှင် နှစ်ခန်းတွဲ အိမ်သာ တစ်လုံးဆောက်လုပ်ရန် မြန်မာကျပ် (၁)သန်းနှုန်းပံ့ပိုးကြောင်းဖော်ပြချက်။

# အခန်း (၉)

## ရန်ပုံငွေ ရရှိရေးမဟာဗျူဟာ

ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာကဏ္ဍအတွက် ရန်ပုံငွေ ကွာဟမှုကို ဖြေရှင်းရန် သက်ဆိုင်သည့် အဖွဲ့အစည်းများ စိတ်ဝင်စားမှုရှိလာစေရန် အားသွန် ခွန်စိုက် ဆောင်ရွက်ရန်လိုအပ်ပေသည်၊ မတည်ရန်ပုံငွေရရှိရန် တာဝန်ရှိသည့် ဌာနအနေဖြင့် အစိုးရက လုံလောက်သော ရန်ပုံငွေခွဲဝေစေရန်လည်းကောင်း၊ ပြည်သူလူထုမှလည်း ထည့်ဝင် ရမည့်ငွေများ ထည့်ဝင်စေရန်လည်းကောင်း၊ အလှူရှင်များထံမှလည်း ရန်ပုံငွေများ ရရှိရန် လည်းကောင်း ဆောင်ရွက်ရပေမည်၊ ဤသို့လုပ်ဆောင်ရာ၌ အောက်ဖော်ပြပါအချက်များတို့ကို ငြင်းချက်ထုတ်အသုံးပြုနိုင်ပါသည်-

- ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်း များကို မဆောင်ရွက်ခြင်းကြောင့် ဆုံးရှုံးနစ်နာလာမည့် တန်ဘိုးပမာဏ။
- ဤကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုကြောင့် ရရှိမည့် အကျိုးကျေးဇူးများ။
- ကျန်းမာရေးကဏ္ဍကဲ့သို့ အခြားသောကဏ္ဍများတွင် ထည့်ဝင်ရမည့် ရန်ပုံငွေများ လျော့နည်းစေခြင်း။
- ဤကဏ္ဍအားဖြင့်အခြားသော စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ (SDGs)ကိုလည်း အောင်မြင်ပြည့်မှီစေခြင်း။

နှစ်စဉ်လိုအပ်သောရန်ပုံငွေအများစုမှာ ဝန်ဆောင်မှုများကို ရရှိခံစားရသော သုံးစွဲသူများမှ ကျခံရန်ဖြစ်ပါသည်၊ ဤသို့ဖြစ်ရန် ဒေသဆိုင်ရာအာဏာပိုင်များအနေဖြင့် သုံးစွဲခ/အခွန်များ သတ်မှတ်၍ ဝန်ဆောင်မှုလုပ်ငန်းများ ပုံမှန်လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းမှုများ ပြုလုပ်နိုင်ရန် အသုံးပြုစေရပါမည်၊ ဤငွေကြေးဆိုင်ရာကိစ္စများကို လုပ်ဆောင်သည့်အခါ ဝန်ဆောင်မှု လုပ်ငန်း များ ဆင်းရဲမှုနှုန်းမြင့်မားသော ကျေးလက်ဒေသများ ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိကိုလည်း ထည့်သွင်း စဉ်းစားရပေမည်၊ ဤသို့သော အခြေအနေများတွင် တနည်းနည်းဖြင့် ပံ့ပိုးမှုများပေးရန် လိုအပ် ပေမည်။

## အချိန်ကာလ

ဤရင်းနှီးမြှုပ်နှံမှုအစီအစဉ်ကို ပြုလုပ်ဆောင်ရွက်နိုင်ရန် အောက်ဖော်ပြပါအဆင့်များ အတိုင်း နှစ်စဉ်လိုအပ်မည့် ကုန်ကျစရိတ်များကို ပုံ-၁၈ ၌ ဖော်ပြထားပါသည်-


- အဆင့်-၁ (၂၀၁၇-၂၀၁၈) ဤပြောင်းလဲခြင်းကာလတွင် အသုံးစရိတ် မတည်ရန်ပုံငွေ အတွက် ပျမ်းမျှအမေရိကန်ဒေါ်လာ (၂၀၇)သန်းလိုအပ် မည်ဖြစ်သည်၊ အများစုမှာ ရေရရှိရေး၊ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး လက်ရှိလွှမ်းခြုံမှု အခြေအနေ ကို လျော့နည်းမသွားစေရန် သက်တမ်းကုန်ဆုံးသွားသော စနစ်(အဆောက်အဦ)များ

ကို ပြန်လည် အစားထိုးဆောက်လုပ်ရန်နှင့် စနစ် (အဆောက်အဦ)အသစ်များ ထပ်မံ တည်ဆောက်ရန်တို့အတွက် ဖြစ်ပါသည်၊ နှစ်စဉ် အမေရိကန်ဒေါ်လာ သန်း(၃၉၀)ခန့် ဖြစ်ပါမည်၊ ၎င်း၏ အများစုမှာ လက်ရှိ ဝန်ဆောင်မှုလုပ်ငန်းများ ပုံမှန်လည်ပတ်စေရေးနှင့် ပြုပြင်ထိန်းသိမ်းရေးတို့ အတွက် ဖြစ်ပြီး အမေရိကန်ဒေါ်လာ(၂၈၄)သန်းမှာ ဝန်ဆောင်မှုများရရှိ၍ အကျိုး ခံစားနေသော သုံးစွဲသူများမှ ကျခံရန် ဖြစ်ပါသည်။

- အဆင့်-၂ (၂၀၁၉-၂၀၂၃) ဤအချိန်ကာလတွင် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ကို တိုးချဲ့ ဆောင်ရွက်မည်ဖြစ်သည်၊ မတည်ရင်းနှီးငွေ နှစ်စဉ်ပျမ်းမျှ အမေရိကန် ဒေါ်လာ (၃၈၃) သန်းကို သုံးစွဲ၍ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ စနစ် (အဆောက်အဦ)များ ပိုမိုများပြားလာပြီး လွှမ်းခြုံမှုနှုန်းလည်း မြင့်တက်လာမည် ဖြစ်သည်၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၌လည်း ရပ်ရွာလူထု ဦးဆောင်သော အလုံးစုံ သန့်ရှင်းရေးနှင့် မိလ္လာနှင့် ရေဆိုးဆိုင်ရာ ဈေးကွက်မြှင့်တင်ရေးကို ဆောင်ရွက်ခြင်းအားဖြင့် လွှမ်းခြုံမှုနှုန်း မြင့်မားလာ စေရန်ဖြစ်သည်၊ လုပ်ငန်းများ လည်ပတ်စေရန် အတွက် နှစ်စဉ် လိုအပ်ရန်ပုံငွေမှာ တိုးလာမည့် ဝန်ဆောင်မှု လုပ်ငန်းများအပေါ် တည်၍ တစ်နှစ်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၅၆၃)သန်း ဖြစ်မည်ဖြစ်၍ အများစုမှာ သုံးစွဲသူများက ကျခံရန်ဖြစ်ပါသည်၊ ဤအချိန်ကာလ၌ တစ်ကိုယ်ရည်သန့်ရှင်းရေး မြှင့်တင်မှု လုပ်ငန်းများကိုလည်း အပြည့်အဝ ဆောင်ရွက်နေမည်ဖြစ်ပါသည်။
- အဆင့်-၃ (၂၀၂၄-၂၀၃၀) ဤအချိန်ကာလတွင် ရင်းနှီးမြှုပ်နှံမှုအစီအစဉ် ဆောင်ရွက်မှု ပြီးစီးမှုအပိုင်းကို ရောက်ရှိလာမည်ဖြစ်ပါသည်၊ မတည်ရင်းနှီးမှု ရန်ပုံငွေမှာ တစ်နှစ်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ(၃၀၉)သန်း လိုအပ်မည် ဖြစ်သည်၊ မတည်ရင်းနှီးငွေ လျော့နည်းလာခြင်းမှာ အိမ်သာနှင့်မိလ္လာစနစ်များ ဆောက်လုပ် သုံးစွဲမှု မြင့်တက်လာစေရန် ဆွဲဆောင်ခြင်းလုပ်ငန်းများ ပြီးစီးမှုကြောင့်ဖြစ်သည်၊ နှစ်စဉ်လိုအပ်ငွေမှာလည်း တစ်နှစ်လျှင်ပျမ်းမျှအမေရိကန်ဒေါ်လာ(၃၈၃)သန်းဖြစ်မည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ(၃၈၃)သန်းမှာ ရေရရှိရေး၊ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းများအတွက်ဖြစ်ပြီး အများစုမှာ ဝန်ဆောင်မှု သုံးစွဲသူများထံမှ ရရှိမည်ဖြစ်သည်၊ နှစ်စဉ်လိုအပ်ငွေလျော့နည်းလာခြင်းမှာ တစ်ကိုယ်ရည်သန့်ရှင်းရေးမြှင့်တင်မှု လုပ်ငန်းများ ပြီးဆုံးနေမည်ဖြစ်သောကြောင့် ဖြစ်သည်။

ပုံ-၁၈။ ကျေးလက်ဒေသ၊ စာသင်ကျောင်းများနှင့် ဆေးရုံ၊ ဆေးပေးခန်းများ၏ ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေး ကဏ္ဍအတွက် နှစ်အလိုက် လိုအပ်သော ဘဏ္ဍာငွေ အခြေအနေ။
(က) မတည်ရင်းနှီးရန်ပုံငွေ။(ခ) နှစ်စဉ် အစားထိုးပြင်ဆင်စရိတ်နှင့် (ဂ) နှစ်ရပ်ပေါင်းလိုအပ် ရန်ပုံငွေ အခြေအနေ။


(က) မတည်ရင်းနှီးရန်ပုံငွေ။




| | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ | ၂၀၂၇ | ၂၀၂၈ | ၂၀၂၉ | ၂၀၃၀ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| အရေးပေါ်ကာလ | - | ၂.၃ | ၀.၅ | - | - | - | - | - | - | - | - | - | - | - |
| ဆေးရုံ ဆေးခန်း | ၉.၁ | ၁၈.၀ | ၁၆.၂ | ၁၆.၂ | ၁၆.၂ | ၁၆.၂ | ၁၆.၂ | ၁၆.၂ | ၁၆.၂ | ၁၆.၂ | ၁၆.၂ | ၁၆.၂ | ၁၆.၂ | ၁၆.၂ |
| စာသင်ကျောင်း | ၂၆.၅ | ၂၆.၅ | ၃၆.၆ | ၃၆.၆ | ၃၆.၆ | ၃၆.၆ | ၃၆.၆ | ၃၆.၆ | ၃၆.၆ | ၃၆.၆ | ၃၆.၆ | ၃၆.၆ | ၃၆.၆ | ၃၆.၆ |
| ကျေးလက် | ၁၅၄.၆ | ၁၅၄.၈ | ၃၃၀.၂ | ၃၃၀.၂ | ၃၃၀.၂ | ၃၃၀.၂ | ၃၃၀.၂ | ၂၅၆.၁ | ၂၅၆.၁ | ၂၅၆.၁ | ၂၅၆.၁ | ၂၅၆.၁ | ၂၅၆.၁ | ၂၅၆.၁ |
| စီမံခန့်ခွဲခြင်း | ၂၀.၁ | ၂.၄ | - | - | - | - | - | - | - | - | - | - | - | - |


■ စီမံခန့်ခွဲခြင်း ■ ကျေးလက် ■ စာသင်ကျောင်း ■ ဆေးရုံ ဆေးခန်း ■ အရေးပေါ်ကာလ

## (ခ) နှစ်စဉ် အစားထိုးပြင်ဆင်စရိတ်




| | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ | ၂၀၂၇ | ၂၀၂၈ | ၂၀၂၉ | ၂၀၃၀ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| အရေးပေါ်ကာလ | - | - | ၀.၁ | ၀.၂ | ၀.၂ | ၀.၂ | ၀.၂ | ၀.၂ | ၀.၂ | ၀.၂ | ၀.၂ | ၀.၂ | ၀.၂ | ၀.၂ |
| ဆေးရုံ ဆေးခန်း | ၁၅.၄ | ၁၅.၄ | ၁၅.၈ | ၁၅.၈ | ၁၅.၈ | ၁၅.၈ | ၁၅.၈ | ၁၅.၈ | ၁၅.၈ | ၁၅.၈ | ၁၅.၈ | ၁၅.၈ | ၁၅.၈ | ၁၅.၈ |
| စာသင်ကျောင်း | ၇၁.၉ | ၇၁.၉ | ၈၂.၂ | ၈၂.၂ | ၈၂.၂ | ၈၂.၂ | ၈၂.၂ | ၈၂.၂ | ၈၂.၂ | ၈၂.၂ | ၈၂.၂ | ၈၂.၂ | ၈၂.၂ | ၈၂.၂ |
| ကျေးလက် | ၂၈၆.၉ | ၂၈၆.၉ | ၄၂၁.၈ | ၄၂၁.၈ | ၄၂၁.၈ | ၄၂၁.၈ | ၄၂၁.၈ | ၃၈၃.၄ | ၃၈၃.၄ | ၃၈၃.၄ | ၃၈၃.၄ | ၃၈၃.၄ | ၃၈၃.၄ | ၃၈၃.၄ |
| စီမံခန့်ခွဲခြင်း | ၁၆.၃ | ၁၆.၃ | ၁၆.၃ | ၁၆.၃ | ၁၆.၃ | ၁၆.၃ | ၁၆.၃ | ၁၆.၃ | ၁၆.၃ | ၁၆.၃ | ၁၆.၃ | ၁၆.၃ | ၁၆.၃ | ၁၆.၃ |

## (ဂ) နှစ်ရှပ်ပေါင်းလိုအပ် ရန်ပုံငွေ အခြေအနေ။




| | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ | ၂၀၂၇ | ၂၀၂၈ | ၂၀၂၉ | ၂၀၃၀ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| အရေးပေါ်ကာလ | - | ၂.၃ | ၀.၆ | ၀.၂ | ၀.၂ | ၀.၂ | ၀.၂ | ၀.၂ | ၀.၂ | ၀.၂ | ၀.၂ | ၀.၂ | ၀.၂ | ၀.၂ |
| ဆေးရုံ ဆေးခန်း | ၂၄.၅ | ၃၃.၄ | ၃၁.၉ | ၃၁.၉ | ၃၁.၉ | ၃၁.၉ | ၃၁.၉ | ၃၁.၉ | ၃၁.၉ | ၃၁.၉ | ၃၁.၉ | ၃၁.၉ | ၃၁.၉ | ၃၁.၉ |
| စာသင်ကျောင်း | ၉၈.၄ | ၉၈.၄ | ၁၁၈.၈ | ၁၁၈.၈ | ၁၁၈.၈ | ၁၁၈.၈ | ၁၁၈.၈ | ၁၁၈.၈ | ၁၁၈.၈ | ၁၁၈.၈ | ၁၁၈.၈ | ၁၁၈.၈ | ၁၁၈.၈ | ၁၁၈.၈ |
| ကျေးလက် | ၄၄၁.၅ | ၄၄၁.၇ | ၇၅၂.၁ | ၇၅၂.၁ | ၇၅၂.၁ | ၇၅၂.၁ | ၇၅၂.၁ | ၆၃၉.၄ | ၆၃၉.၄ | ၆၃၉.၄ | ၆၃၉.၄ | ၆၃၉.၄ | ၆၃၉.၄ | ၆၃၉.၄ |
| စီမံခန့်ခွဲခြင်း | ၃၆.၅ | ၁၈.၇ | ၁၆.၃ | ၁၆.၃ | ၁၆.၃ | ၁၆.၃ | ၁၆.၃ | ၁၆.၃ | ၁၆.၃ | ၁၆.၃ | ၁၆.၃ | ၁၆.၃ | ၁၆.၃ | ၁၆.၃ |

## မရေရာမှုများနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်း

ရင်းနှီးမြှုပ်နှံမှုအစီအစဉ်နှင့် ဘတ်ဂျက်များရေးဆွဲရာတွင် လိုအပ်သော အချက်အလက်များ ပြည့်စုံစွာမရရှိနိုင်မှုနှင့် နောင်ဖြစ်လာမည့် အခြေအနေများကို ကြိုတင် သိရှိနိုင်ခြင်းတို့ကြောင့် မရေရာမှုများရှိနိုင်ပါသည်၊ ဤလက်ရှိ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်တွင်လည်း ခိုင်လုံသော လက်ရှိအခြေအနေ အခြေခံအချက်အလက်များကို စုစည်းရာတွင် စိန်ခေါ်မှုများရှိနေသည့် အချက်ကို တင်ပြထားပါသည်၊ သို့ဖြစ်၍ လက်ရှိအခြေအနေ အခြေခံအချက်အလက်များ ခိုင်ခန့်အောင်ပြုလုပ်၍ ဆက်လက် ထိန်းသိမ်းဆောင်ရွက်ရန်အတွက် လျင်မြန်စွာ ဆောင်ရွက်ရန် အကြံပြုတင်ပြထားပါသည်၊ ယင်းအခြေခံအချက်အလက်များရရှိလာလျှင် ဤရင်းနှီးမြှုပ်နှံမှုအစီအစဉ်၌ ပါဝင်သော ခန့်မှန်းခြေကုန်ကျစရိတ်များကို ပြန်လည်စစ်ဆေး၍ ပြောင်းလဲမှုများ ပြုလုပ်နိုင်ပေမည်၊ ပို၍တိကျခိုင်လုံသော အချက်အလက်များ လိုအပ်မည့် ကဏ္ဍများကို အောက်တွင် ဖော်ပြထားပါသည်-

- **လူဦးရေ**
  - တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျေးလက်ဒေသရှိ လူဦးရေတိုးနှုန်း
  - အသက်အုပ်စုအလိုက် လူဦးရေတိုးနှုန်း
- **ဈေးနှုန်းအပြောင်းအလဲများ**
  - ဤရင်းနှီးမြှုပ်နှံမှုအစီအစဉ်ပြုစုရာတွင် ၂၀၁၅ ခုနှစ် ဈေးနှုန်းများကို အခြေပြု ၍ ခန့်မှန်းတွက်ချက်မှုများပြုလုပ်ထားပါသည်၊ ပစ္စည်းများနှင့် ဝန်ဆောင်မှုနှုန်းထားများနှင့် ငွေလဲနှုန်းထားများသည် မတည်ငြိမ်နိုင်သောကြောင့် ဤအစီအစဉ်ပါ ခန့်မှန်းခြေများသည်လည်း အချိန်နှင့်အမျှ ပြောင်းလဲနိုင်ပါသည်၊ အချိန်ပေး၍ တတ်နိုင်မည်ဆိုပါက အစီအစဉ်တွင် ပါရှိသော ခန့်မှန်းခြေတွက်ချက်မှုများကို အချိန်နှင့်တပြေးညီ ပြုပြင်ပြောင်းလဲနိုင်ပါသည်။
  - အောက်ဖော်ပြပါ Formular ကို အသုံးပြု၍ ဤတွက်ချက်မှုများကို လျင်မြန်စွာ ပြုပြင်ပြောင်းလဲနိုင်ပါသည်။

$$\textbf{Adjusted Estimate}(\textbf{US\$}) = \frac{\textbf{Original Cost Estimate}(\textbf{US\$})\textbf{ x E2015}}{\textbf{E}_{\textbf{current year}}} \times \frac{\textbf{CPI}_{\textbf{current year}}}{\textbf{CPI}_{\textbf{2015}}}$$

Where

| | |
|---|---|
| $E_{2015}$ | = Exchange rate for 2015 = MMK 1,149/US$ |
| $E_{current\ year}$ | = Exchange rate for the current year |
| $CPI_{2015}$ | = Consumer Price index for 2015 |
| $CPI_{current\ year}$ | = Consumer Price index for the current year |

- သတိပြုရန်အချက်မှာ ဤတွက်ချက်နည်းသည် လက်ရှိဈေးနှုန်းများကို အသုံးပြု၍ ခန့်မှန်းတွက်ချက်မှုများကို အကြမ်းဖျဉ်း ပြန်လည်ညှိနိုင်းရန်ဖြစ်သည်၊ ဤတွက်ချက်မှု၌ ခန့်မှန်းတွက်ချက်မှုတွင် ပါဝင်သော ပစ္စည်းနှင့် ဝန်ဆောင်မှုနှုန်းထားများအတိုင်း လားရာနှင့်ပမာဏတူလျက်ရွေ့လျားနေသည်ဟု ယူဆချက်ပြုလုပ်ထားပါသည်။

- **လွှမ်းခြုံမှုနှုန်းများ**
  - အမှိုက်စွန့်စနစ်(အဆောက်အဦ) ရရှိသော အိမ်ထောင်စုလွှမ်းခြုံမှုနှုန်း။
  - ကျေးလက်ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ မဟာဗျူဟာတွင် ပါရှိသော စံချိန်စံနှုန်းများအတိုင်း ရရှိနေသော ကျောင်းများ လွှမ်းခြုံမှုနှုန်း။
  - ကျေးလက်ဒေသရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ ဆေးရုံ၊ ဆေးပေးခန်းများ လွှမ်းခြုံမှုနှုန်း (ဆေးရုံ၊ ဆေးပေးခန်းထွက် ဘေးအန္တရာယ်ရှိ ပစ္စည်းများစနစ်တကျစွန့်ပစ်ခြင်းအပါအဝင်)
  - အထက်ဖော်ပြပါ စနစ်အားလုံး၏ ပုံမှန်လည်ပတ်မှုအခြေအနေ။

- **ကျောင်းများဆိုင်ရာအချက်အလက်များ**
  - မူကြိုကျောင်းများနှင့် ပတ်သက်သော အချက်အလက်များ။

- **စနစ်(အဆောက်အဦ)များဆိုင်ရာ နည်းပညာအချက်အလက်များ**
  - မတည်ရင်းနှီးငွေနှင့် နှစ်စဉ်လိုအပ်သော အသုံးစရိတ်များအတွက် အခြေခံနှုန်းထားများ။
  - စနစ်(အဆောက်အဦ)များ၏ ခန့်မှန်းခြေသက်တမ်း။

- **ငွေကြေးဆိုင်ရာအချက်အလက်များ**
  - အိမ်ထောင်စု၊ ကျောင်းများ၊ ဆေးရုံ၊ ဆေးပေးခန်းများအတွက် ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ အသုံးစရိတ်အချက်အလက်များကို အမျိုးသားအဆင့်၌ Data Base ပြုစုရန်။
    - (က) အလှူရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အစိုးရတို့၏ ရန်ပုံငွေများ
    - (ခ) ပစ္စည်းပံ့ပိုးခြင်းနှင့် နည်းပညာပံ့ပိုးခြင်းတို့အတွက် သီးခြားရန်ပုံငွေခွဲဝေထားခြင်းများ။

- **ရပ်ရွာလူထု အခြေပြု အလုံးစုံသန့်ရှင်းရေး** - ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံရှိ ကျေးရွာပေါင်း(၃၆၀)စမ်းစစ်လေ့လာမှုပြုလုပ်ရာတွင် "ရပ်ရွာလူထု အခြေပြု အလုံးစုံ သန့်ရှင်းရေး" စီမံချက်၏ အောင်မြင်မှုမှာ (၆၀ %) ရှိသည်ဟု ယူနီဆက်မှ ထုတ်ဝေသော "ရပ်ရွာလူထု အခြေပြု အလုံးစုံသန့်ရှင်းရေး ပြန်လည်သုံးသပ်ခြင်း အစီရင်ခံစာ" တွင် ဖော်ပြထားပါသည်၊ သို့ဖြစ်၍ ၂၀၃၀ ခုနှစ်၌ ပတ်ဝန်းကျင်တွင် အညစ်အကြေး စွန့်ခြင်း လုံးဝပျောက်သွားစေရန် "ရပ်ရွာလူထု အခြေပြု အလုံးစုံ သန့်ရှင်းရေး" စီမံချက်ကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ပါသည်၊ ဤလေ့လာ ဆန်းစစ်မှု စာတမ်းတွင် (က) မည်သို့သော "ရပ်ရွာလူထု အခြေပြု အလုံးစုံ သန့်ရှင်းရေး" အပိုင်းများကို ပိုမိုလုပ်ဆောင်ရန်နှင့် ( ခ ) ၎င်း၏ကုန်ကျစရိတ် တန်ဘိုးစသည်တို့ကို ဖော်ပြထားခြင်း မရှိပေ။
- **အိမ်သာနှင့်မိလ္လာစနစ်များ ဆောက်လုပ်သုံးစွဲမှုမြှင့်တက်လာစေရန် ဆွဲဆောင်ခြင်းနှင့်သုတေသန** - အထက်လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ဤရင်းနှီးမြှုပ်နှံမှု အစီအစဉ်တွင် အခြားနိုင်ငံများမှ ရရှိသော အချက်အလက်များ ပေါ်မူတည်၍ ရေးဆွဲထားရပါသည်၊ မြန်မာနိုင်ငံတွင်း၌ ဤလုပ်ငန်းစဉ်နှင့် ပတ်သက်၍ အကျိုးထိရောက်မှုနှင့် ကုန်ကျမည့်စရိတ်များကို ပိုမိုသိရှိလာရန် လိုအပ်နေပါသည်။
- **ကျောင်းများ၌ တစ်ကိုယ်ရည်သန့်ရှင်းရေးမြှင့်တင်မှုဆိုင်ရာစီမံချက်များ** - သင်တန်းများ တက်ရောက်ရမည့် ဆရာ/မဦးရေနှင့် သင်တန်းများ၏ ကုန်ကျ စရိတ်ခန့်မှန်းချက်များ ရေးဆွဲရာ၌ အသုံးပြုသော ယူဆချက်များ၌ ခိုင်လုံမှု လျော့နည်းနေပါသေးသည်။
- **အရေးပေါ်အခြေအနေများ** - အရေးပေါ်အခြေအနေများအတွက် ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ ကြိုတင်စုဆောင်းထားသော ပစ္စည်းနှင့် ကိရိယာများ၏ အရေအတွက်နှင့် ခန့်ခွဲစီမံမှုအပိုင်းသည် အသင့်ပြင်ဆင်ထားခြင်း ဆိုင်ရာ စီမံချက်များရေးဆွဲပြီးနောက် ပြောင်းလဲရန်လိုအပ်နိုင်သည်ကို သတိပြုရန် အရေးကြီးပါသည်၊
- **သဘာဝဘေးအန္တရာယ်နှင့်အခြားအကြောင်းအရာများကြောင့် ထိခိုက်ပျက်စီးမှုများ** - အရေးပေါ်အခြေအနေများအတွက် တုန့်ပြန်နိုင်ရန် ရန်ပုံငွေခွဲဝေမှုကို ဤရင်းနှီးမြှုပ်နှံမှု အစီအစဉ်တွင် ထည့်သွင်းပါရှိသော်လည်း အိမ်ထောင်စုများ၊ ကျောင်းများနှင့် ဆေးရုံ၊ ဆေးပေးခန်းများရှိစနစ်(အဆောက်အဦ)များ အသစ်ပြန်လည်တည်ဆောက်ခြင်းအတွက် ထည့်သွင်းထားခြင်းမရှိပေ။ ထိခိုက်ပျက်စီးနိုင်မှု အခြေအနေ ခန့်မှန်းချက်များအပေါ် မူတည်ကာ အချိန်ကာလနှင့်အညီ စီမံချက်များ အသစ် ပြန်လည်ရေးဆွဲထားနိုင်ရန် စဉ်းစားသင့်ပါသည်။

## Sensitivity Analysis

မရေရာမှုများရှိနေခြင်းကို ဖြေရှင်းနိုင်ရန် Sensivity Analysis ပြုလုပ်ခြင်းသည် နည်းလမ်း တစ်ခုဖြစ်ပေသည်၊ ဤနည်းလမ်းသည် ယူဆချက်များကို ပြောင်းလဲခြင်းအားဖြင့် ခန့်မှန်းတွက်ချက်မှုများ မည်သို့ပြောင်းလဲသွားသည်ကို စစ်ဆေးခြင်းအားဖြင့် တွက်ချက်ထားသော ရလဒ်များ၏ ခိုင်လုံစိတ်ချမှုကို ရရှိရန်ဖြစ်ပါသည်၊ ဤရင်းနှီးမြှုပ်နှံမှုအစီအစဉ်၌ ကဏ္ဍများစွာကို စစ်ဆေးရန် လိုအပ်သောကြောင့် ပြောင်းလဲနိုင်ခြေအနည်းငယ်ရှိသော ကဏ္ဍများကိုသာ သတ်မှတ်ရွေးချယ်၍ Sensivity Analysis ကို ပြုလုုပ်ထားပါသည်၊ ပို၍တိကျစွာဖော်ပြရလျှင် စမ်းစစ်ချက်ကို ကျေးလက်ဒေသရေပေးရေး၏ မတည်ရင်းနှီးငွေပေါ်ကို မူတည်၍ ပြုလုပ်သည်၊ အကြောင်းမှာ ယင်းမတည်ငွေသည် ရင်းနှီးမြှုပ်နှံမှုအားလုံး၏ (၂၀)% ရှိနေသောကြောင့်ဖြစ်ပါသည်။

အောက်ဖော်ပြပါ ဖြစ်နိုင်ခြေများကို ဆန်းစစ်ထားပါသည်-

- **ဖြစ်နိုင်ခြေ-၁(သက်တမ်း)-** ပိုက်လိုင်းရေသွယ်စနစ်များသည် သက်တမ်း (၂၀)နှစ်ရှိမည်၊ ကနဦးခန့်မှန်းတွက်ချက်မှု၌ (၁၅)နှစ်ဖြစ်သည်၊
- **ဖြစ်နိုင်ခြေ-၂(လျော့နည်းသော ကနဦးလွှမ်းခြုံမှုနှုန်းများ)** - ၁၉၉၀ ပြည့်နှစ် JMP လေ့လာမှုပေါ်မူတည်၍ တစ်နိုင်ငံလုံး ရေရရှိရေးလွှမ်းခြုံမှုသည် (၅၁) % ဖြစ်သည်ဟု စမ်းစစ်ချက်အစ၌ ယူဆခဲ့သည်၊[19] မူလအမှန်ခန့်မှန်းချက်၌မူ ၂၀၁၄ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူချက်မှရရှိသော လွှမ်းခြုံမှု(၆၁)%ကို အခြေပြုထားပါသည်။
- **ဖြစ်နိုင်ခြေ-၃ (မြင့်မားသော ကနဦးလွှမ်းခြုံမှုနှုန်းများ)** - ၂၀၁၅ JMP ခန့်မှန်းချက်ပေါ်မူတည်၍ တစ်နိုင်ငံလုံးရေရရှိရေးလွှမ်းခြုံမှုရာနှုန်းကို (၇၄) %ဟု စစ်ဆေးချက်၏အစ၌ ယူဆထားသည်။

လေ့လာစမ်းစစ်ချက်မှ ရလဒ်အချို့ကိုထုတ်နုတ်၍ ဇယား-၃၁ တွင် ဖော်ပြထားပါသည်၊ ဖြစ်နိုင်ခြေ-၁ မှ ရလဒ်များအရ ရေရရှိရေးစနစ်(အဆောက်အဦ)များ၏ သက်တမ်းကို ၃၃ (%) (၁၅ နှစ်မှ ၂၀ နှစ်သို့)တိုးမြှင့်ခြင်းဖြင့် မတည်ရင်းနှီးမြှုပ်နှံရမည့် ငွေပမာဏ (၅) % ကျဆင်းသွားပြီး စုစုပေါင်းရင်းနှီးမြှုပ်နှံရမည့် ငွေပမာဏ (၂) % ကျဆင်းသွားသည်ကို တွေ့ရှိရသည်၊ ဤသို့လျော့နည်းရသည့် အကြောင်းအရင်းမှာ စမ်းစစ်လေ့လာချက်ကာလအတွင်း စနစ်

[19] စိတ်ဝင်စားသော စာဖတ်သူအနေဖြင့် ဇယား-၃ တွင် ပါရှိသော ခန့်မှန်းတွက်ချက်မှုများကို ဖြစ်နိုင်ခြေ ၂ နှင့် ၃ တို့အတွက် ကြည့်ရှုနိုင်ပါသည်။

(အဆောက်အဦ)များ ရေရှည်တည်တံ့မှုကြောင့် အစားထိုးတည်ဆောက်ရမည့်စနစ် (အဆောက်အဦ)များ လျော့နည်းသွားသောကြောင့် ဖြစ်ပါသည်၊ ထို့ကြောင့် စုစုပေါင်းရင်းနှီးမြှုပ်နှံရမည့် ငွေပမာဏသည်လည်း (၂) % လျော့နည်းသွားပါသည်၊ ဖြစ်နိုင်ခြေ - ၂ နှင့် ၃ မှ ရရှိသော ရလဒ်များ၏ အကျိုးသက်ရောက်မှုမှာ ဖြစ်နိုင်ခြေ - ၁ မှ ရရှိသောရလဒ် စုစုပေါင်းရင်းနှီးမြှုပ်နှံရမည့် ငွေပမာဏအပေါ် အကျိုးသက်ရောက်မှုထက် ပို၍နည်းပါးပါသည်။

**ဇယား-၃၁။** ကဏ္ဍအား ထိခိုက်လွယ်မှု အလားအလာ ဆန်းစစ်ချက် အဖြေ။
(Results of Sensitivity analysis)

| အကျိုးသက်ရောက်နိုင်သည့် ကဏ္ဍများ | မူလခန့်မှန်းချက် (အမေရိကန်ဒေါ်လာ (သန်းပေါင်း)) | ဖြစ်နိုင်ခြေ-၁ (Life) | ဖြစ်နိုင်ခြေ-၁ (Lower access) | ဖြစ်နိုင်ခြေ-၁ (Higher access) |
|---|---|---|---|---|
| **စုစုပေါင်းကုန်ကျစရိတ်** | ၁၁,၄၃၉,၁၆၆ | -၂ % | ၀% | ၀% |
| -မတည်ရင်းနှီးမြှုပ်နှံရမည့် ဘဏ္ဍာငွေ | ၄,၄၉၁,၂၁၇ | -၄% | ၀% | ၀% |
| ကျေးလက် ရေ၊ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေး | ၉,၃၇၁,၀၁၈ | -၂% | ၀% | ၀% |
| -မတည်ရင်းနှီးမြှုပ်နှံရမည့် ဘဏ္ဍာငွေ | ၃,၇၇၅,၆၈၁ | -၅% | ၀% | ၀% |
| ကျေးလက် ရေပေးရေး | ၅,၆၆၅,၂၁၄ | -၃% | ၀% | ၀% |
| -မတည်ရင်းနှီးမြှုပ်နှံရမည့် ဘဏ္ဍာငွေ | ၂,၂၇၇,၀၇၄ | -၈% | ၁% | -၁% |

မှတ်ချက်။ ။**စုစုပေါင်းကုန်ကျစရိတ်** ဆိုသည်မှာ ကျေးလက်ဒေသများ၊ ကျောင်းများ၊ ဆေးရုံဆေးပေးခန်းများနှင့် အရေးပေါ်ကာလ များအတွက် ရေ၊ ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းများအတွက် ကုန်ကျမည့် မတည်ရင်းနှီးမြှုပ်နှံမှုနှင့် အစားထိုးပြင်ဆင်ရန်စရိတ်များကို ဆိုလိုပါသည်။

# ကျမ်းကိုးစာရင်း


Asian Development Bank, 2015. Key Indicators for Asia and the Pacific 2015: Myanmar. Access on 4 December 2015 at <www.adb.org/statistics>

BORDA, undated. DEWATS: Decentralized Wastewater Treatment Solutions. Accessed on 20 January 2016 at <http://www.borda-net.org/dewats-service-packages/dewats-the-system.html>

JMP. 2015. Estimates on the Use of Water Sources and Sanitation Facilities: Myanmar.Access on 27 December 2015 at< http://www.wssinfo.org/documents/?tx_displaycontroller[type]=country_files>

GoM, 2015. The 2014 Myanmar Population and Housing Census: The Union Report. Volume 2. Department of Population, Ministry of Immigration and Population, May.

Hutton, G., U. Rodriguez, A. Winara, N. Anh, S. Heng, P. Kov and L. Chuan. 2012. Economic Assessment of Sanitation Interventions in Southeast Asia. Water and Sanitation Program, World Bank.

JMP, 2015a. Progress on Sanitation and Drinking Water: 2015 Update and MDG Assessment. UNICEF/WHO, Geneva.

JMP, 2015b. Estimates on the Use of Water Sources and Sanitation Facilities. WHO/UNICEF, <wssinfo.org>, June.

Ministry of Health, 2016. Nation-wide Service Availability and Readiness Assessment (SARA) Myanmar 2016. MoH.

Ministry of Health, 2011. Health Profile for the Republic of the Union of Myanmar.MoH.

Nguyen, V., G. Hutton, H. Lan, P.Dan, L. Hoa and B. Nhung. 2012. Economic Assessment of Sanitation Interventions in Vietnam. Water and Sanitation Program, World Bank.

Robinson, 2012. A. Sanitation Finance in Rural Cambodia. WSP: Guidance Note, February.

UNICEF, forthcoming. CLTS Review Report. Draft as of January 2016, UNICEF, Myanmar.

UNICEF. 2011. Knowledge, Attitude and Practice Study into Water, Sanitation and Hygiene in 24 Townships of Myanmar. UNICEF, October.

UNICEF and Myanmar Survey Research, 2010. Report on WASH in School Survey in Myanmar, UNICEF, Yangon, October.

United Nations, 2014. World Statistics Pocketbook 2014 Edition. Series V, No. 38. Statistics Division, Department of Economic and Social Affairs, United Nations, New York.

World Bank and UNICEF, 2015. Myanmar Water, Sanitation and Hygiene Sector Situation Analysis. Draft final report, January.

World Bank, 2015. Turning Finance into Services for the Future: A Regional Synthesis of the Service Delivery Assessments for Water Supply and Sanitation in the East Asia and the Pacific. Water and Sanitation Program, World Bank, June.

World Bank, 2012. Handbook on Scaling Up Solid and Liquid Waste Management in Rural Areas. WSP, World Bank.

**နောက်ဆက်တွဲ-၁**

အဓိပ္ပါယ်ဖွင့်ဆိုချက်များ။

| ဝေါဟာရ (အသုံးအနှုန်းများ) | အဓိပ္ပါယ် ဖွင့်ဆိုချက် / ရှင်းလင်းဖော်ပြချက် |
|---|---|
| ရေရရှိရေး ဝန်ဆောင်မှုများအား ရရှိအသုံးပြုနိုင်ခြင်း။ | နေအိမ်နှင့် မီတာ ၂၅၀ အကွာအဝေးအတွင်း သန့်ရှင်းသော ရေအရင်းအမြစ် တည်ရှိခြင်း။ သန့်ရှင်းသော ရေအရင်းမြစ် ဟုဆိုရာတွင် စက်ရေတွင်းနက်များ၊ အိမ်သွယ်ရေပိုက်လိုင်း စနစ်များကဲ့သို့သော "သန့်ရှင်းသော" ရေကိုပေးနိုင်ခြေ ပိုရှိသော ရေအရင်းအမြစ်ကို ဆိုလိုသည်။ |
| လုံလောက်သည့်မိလ္လာနှင့်ရေဆိုးစနစ်ကိုရရှိအသုံးပြုနိုင်ခြင်း | နေအိမ်၊ ခြံဝင်းအတွင်း၊ ကောင်းမွန်သော မိလ္လာ၊ ရေဆိုးထုတ်စနစ် တစ်ခုရှိခြင်း။ |
| ရပ်ရွာလူထု | ရေ၊ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာကဏ္ဍ လုပ်ငန်းများ၊ ဝန်ဆောင်မှုများမှ အကျိုးခံစားရသော သီးခြားသက်ဆိုင်သောလူတစ်စု |
| ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များ | အလှူရှင်များ၊ ဖွံ့ဖြိုးရေးဘဏ်များနှင့် ဖွံ့ဖြိုးရေးလုပ်ဆောင်ရန် အလွှာအသီးသီး ပါဝင်သည့်အဖွဲ့များ |
| သောက်ရေ | သတ်မှတ်စံချိန်စံညွှန်းများနှင့်ကိုက်ညီပြီး မပြုပြင်သော်လည်း သောက်သုံးရန် စိတ်ချရသည့်ရေ။ |
| ပစ္စည်းပံ့ပိုးခြင်း | အခြေခံအဆောက်အဦများဖြစ်သည့် ပိုက်လိုင်း ရေပေးစနစ်၊ အဝီစိတွင်း၊ လက်တူးတွင်းကျယ်၊ လက်နှိပ်တုံကင်တွင်း (သို့မဟုတ်) အိမ်သာ စသည်ဖြင့်။ |
| တစ်ကိုယ်ရည် သန့်ရှင်းရေး | အိမ်တွင် ရေသိုလှောင်သုံးစွဲမှု၊ မိလ္လာ၊ ရေဆိုးစွန့်ခြင်း ဆိုင်ရာ အမူအကျင့်များ။ တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ အလေ့အထကောင်းဆိုသည်မှာ ရောဂါနှင့် နေထိုင် မကောင်းဖြစ်ခြင်းများမှ ကာကွယ်ရန် မိမိကိုယ်တိုင်၊ မိမိနေထိုင်၊ လုပ်ကိုင်သည့် နေရာများကို သန့်ရှင်းအောင် ထားတတ်သည့် အလေ့အထဖြစ်သည်။ |
| ကျန်းမာရေးနှင့်ညီညွတ်သည့် အိမ်သာ | အသုံးပြုခြင်းဖြင့် ရောဂါပြန့်ပွားမှု စက်ဝန်းကို ပြတ်တောက်စေသည့်အိမ်သာ။ မစင်များကို ဘေးပတ်ဝန်းကျင်နှင့် ဝေးရာတွင် ထားခြင်း။ ယင်ကောင်များ၊ အခြားအင်းဆက်များမလာနိုင်အောင် ပြုလုပ်ခြင်း၊ ယင်ကောင်မဝင်နိုင်သည့် ပိုက်များဖြင့် မိလ္လာကျင်းများကို လေဝင် လေထွက် ကောင်းမွန်အောင် လုပ်ခြင်း။ |

| | |
|---|---|
| တစ်ကိုယ်ရည်သန့်ရှင်းမှု မြှင့်တင်ခြင်း | ကောင်းမွန်သည့် တစ်ကိုယ်ရည်သန့်ရှင်းရေး အလေ့အထများကို လက်ခံကျင့်သုံးခြင်းဖြင့်၊ မစင်နှင့် နီးနွယ်သည့် ရောဂါများ ဖြစ်ပွားမှုမှ ကာကွယ်သည့် ချဉ်းကပ်မှုနည်းလမ်း။ |
| အဆင့်မြှင့်ထားသည့် မိလ္လာနှင့်ရေဆိုးစနစ် | မိလ္လာပိုက်လိုင်းစနစ်နှင့် ဆက်သွယ်ထားသည့် ရေလောင်းအိမ်သာ(သို့မဟုတ်)ရေဆွဲအိမ်သာ၊ ရေသိုးကန်(သို့မဟုတ်) ဖုံးကာထားသည့် မိလ္လာကျင်းနှင့်ဆက်သွယ်ထားသည့် ရေလောင်းအိမ်သာ၊ ဖုံးကာထားသည့် တွင်းအိမ်သာ (သို့မဟုတ်) လေဝင်လေထွက် ကောင်းအောင် အဆင့်မြှင့်ထားသည့် မိလ္လာကျင်းနှင့် တွဲဆောက်ထားသော အိမ်သာ။ |
| အဆင့်မြှင့်ထားသည့် ရေရရှိရေး | စိတ်ချရသည့်ရေ ရရှိနိုင်သည့် ရေအရင်းအမြစ်။ ပိုက်လိုင်းရေပေးရေးစနစ်၊ အဝီစိတွင်း စသည်။ [20] |
| ပြုပြင်ထိန်းသိမ်းခြင်း။ | ရေရရှိရေးစနစ်များ ကောင်းစွာအလုပ်လုပ်စေရန် ထိန်းသိမ်းရသည့်လုပ်ဆောင်ချက်များကိုဆိုလိုပါသည်။ |
| - ကြိုတင်ကာကွယ်သည့် ထိန်းသိမ်းမှု။<br>- ပြင်ဆင်ထိန်းသိမ်းခြင်း။<br>- အရေးပေါ်ပြင်ဆင်ခြင်းနှင့် ထိန်းသိမ်းခြင်း။ | - စက်ပစ္စည်းများ ပျက်စီးမှုလျော့ပါးစေရန် ပစ္စည်းများအား ပုံမှန်စစ်ဆေးခြင်းနှင့် ပြုပြင်ခြင်း၊<br>- ရေပေးရေးစနစ် ရေရှည်တည်တံ့စေရန် အသေးစား ပြုပြင်ခြင်း၊ ပျက်စီးနေသော အစိတ်အပိုင်းများနှင့် ကာလကြာရှည်စွာအသုံးပြုပြီးသော အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ခြင်း။<br>- ရုတ်တရက်စက်ချို့ယွင်းမှုများနှင့်သုံးစွဲသူများက စောဒကတက်မှုများကြောင့် ရပ်တန့်သွားသည့် ရေပေးဝေမှုကို ပြန်လည်ပေးဝေနိုင်စေရန် ကြိုတင်စီစဉ်ထားမှု မရှိသောသော ဆောင်ရွက်မှုများ။ |
| စောင့်ကြည့်စစ်ဆေးခြင်း | လက်ရှိ ဆောင်ရွက်လျက်ရှိသည့် စီမံချက်များ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပိုမိုကောင်းမွန်သော လုပ်ငန်းအကောင်အထည်ဖော်မှုများ၊ ဆောင်ရွက်ချက်များနှင့် ရလာဒ်များ ရရှိစေရေးအတွက် စစ်ဆေးခြင်း၊ သတင်းအချက်အလက်များ စုဆောင်းခြင်းနှင့် စိစစ်ခြင်း။ |

[20] လုံခြုံစိတ်ချရသောရေ ရရှိသုံးစွဲနေမှုနှင့် သန့်ရှင်းသော ရေပင်ရေရင်းတည်ရှိနေမှုဆက်သွယ်ချက်ကိုဖော်ပြနိုင်ရန် ပြည့်စုံသော အချက်အလက်များ မရှိပါ။ ဤဝေါဟာရ နှစ်ခုကို လွဲမှား သုံးစွဲခြင်း၊ လဲလှယ် သုံးစွဲခြင်းတို့ မပြုသင့်ပါ။

| | |
|---|---|
| အစိုးရမဟုတ်သည့် အဖွဲ့ အစည်းများ။ | အစိုးရ မဟုတ်သည့် အဖွဲ့အစည်းများ၊ အထူးသဖြင့် အမြတ်အစွန်းအတွက် ဆောင်ရွက်ခြင်း မဟုတ်သည့် အဖွဲ့အစည်းများ၊ (ပြည်တွင်း၊ပြည်ပ အဖွဲ့အစည်းများ)-<br>အကျိုးအမြတ်ရရှိရန် ဦးတည်မှုမရှိ၊ လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာ၊ ဖွံ့ဖြိုးရေးဆိုင်ရာနှင့် လူ့အဖွဲ့အစည်းအား အကျိုးပြုစေမည့်လုပ်ငန်းများကို ဦးတည် ဆောင်ရွက်နေသော သီးခြားအဖွဲ့အစည်းများ။ |
| ရည်ရွယ်ချက် | လုပ်ဆောင်ချက် အစီအစဉ်တစ်ခု၏ တိကျသည့် ရည်မှန်းချက်/ရည်မှန်းချက်များ။ ရည်ရွယ်ချက်များသည် အောင်မြင်နိုင်သော၊ တိုင်းတာ၍ရသော အပြောင်းအလဲဖြစ် စေသည့် လုပ်ငန်းများဖြစ်ရမည်။ |
| လုပ်ငန်းလည်ပတ် လုပ်ဆောင်ခြင်း | ရေပေးဝေခြင်းအတွက် နေ့စဉ် စီမံဆောင်ရွက်ခြင်း။ ၎င်းတွင် အောက်ပါလုပ်ငန်းများပါဝင်သည်-<br>-အဓိကလုပ်ငန်းမှာ စိတ်ချရသည့် သောက်ရေကို သုံးစွဲသူများထံ အရောက်ပေးပို့ခြင်း ဖြစ်သည်။ (ဥပမာ။ ။ မော်တာသုံးရေစက်များအား မောင်းနှင်ခြင်း/ပိတ်ခြင်း၊ စက်သုံးဆီတိုင်ကီများနှင့် ရေထိန်းဘားများကို ဖွင့်ခြင်း/ပိတ်ခြင်း။)<br>-ရေပေးဝေရေးဆိုင်ရာ စက်ပစ္စည်းများကို ရေရှည်သုံးစွဲနိုင်စေရန် မောင်းနှင်ကိုင်တွယ်သူများအား မှန်မှန်ကန်ကန် သုံးစွဲစေခြင်း။ |
| တွင်းအိမ်သာ | မစင်များကို ကျင်းအတွင်းစုဆောင်းထားပြီး ဓာတ်ပြု ကျေမွပျက်စီးသွားစေကာ ထွက်ရှိလာသောအရည်များကို အနီးဝန်းကျင်မြေလွှာများထဲသို့ စိမ့်ဝင်သွားစေသည့် ကျင်းပါ တွင်းအိမ်သာ။ |
| ရေဆွဲအိမ်သာ | ရေပမာဏအနည်းငယ်ကိုကန်ငယ်တစ်ခုအတွင်းမှ လက်ဖြင့်ဆွဲချပြီးမစင်များအား မစင်စွန့်ရာနေရာမှ ပိုက်လိုင်းမှတဆင့် အခြားတစ်နေရာသို့ ရောက်ရှိသွား စေသည့်စနစ်။ |
| နှစ်စဉ် ကုန်ကျစရိတ် (ထပ်တလဲလဲ ကုန်ကျရန် ရှိသည့် စရိတ်) | စနစ်တစ်ခု(သို့မဟုတ်)တပ်ဆင်ထားသည်များကို ကောင်းစွာလည်ပတ် အလုပ်လုပ်စေရန် ကာလအလိုက် (နှစ်စဉ်) ကုန်ကျစရိတ်။ |

| | |
|---|---|
| ကျေးလက်ဒေသ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သတ်မှတ်ထားသည့် ကျေးရွာအုပ်စုများ အောက်ရှိ ဒေသများ။ အများအားဖြင့် ယင်းဒေသများသည် လူနေကျဲပြီး စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်နေသည့် ဒေသများ။[21] |
| ကျေးလက်နေရပ်ရွာလူထုများ | စည်ပင်သာယာနယ်နိမိတ်ပြင်ပတွင်အခြေချနေထိုင်သူများ။ |
| စိတ်ချရသည့်သောက်သုံးရေရင်းမြစ် | မြန်မာနိုင်ငံ၏ သောက်ရေစံနှုန်း (သို့မဟုတ်) အခြားသင့်လျော်သည့် စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် ရေကို တစ်သမတ်တည်း ရရှိနိုင်သော ရေအရင်းမြစ်။ |
| မိလ္လာနှင့်ရေဆိုးစနစ် | လူတို့စွန့်ထုတ်သည့် ဆီး၊ မစင်နှင့် အိမ်ထောင်စုများမှ ထွက်သည့် စွန့်ပစ်ရေများအား စွန့်ပစ်ခြင်းနှင့် စီမံခန့်ခွဲခြင်း။ |
| -သန့်ရှင်းလုံလောက်သော မိလ္လာနှင့်ရေဆိုးစနစ် (စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်) | လူတိုင်း မိသားစုတိုင်း အခြားမိသားစုများနှင့် မျှဝေသုံးစွဲခြင်း မရှိသော၊ မစင်များကို နေရာတွင် (သို့မဟုတ်) အခြားနေရာတွင် လုံခြုံစိတ်ချအောင် စွန့်ပစ်သည့် ပါရှိသည့် အခြေခံ မိလ္လာစနစ် ရှိရမည်။ [22] |
| -သန့်ရှင်းသော မိလ္လာစနစ် | လူတို့စွန့်ထုတ်သည့် ဆီး၊မစင်များနှင့် လူတို့ ပြန်လည် ထိတွေ့ခြင်း မရှိစေရန် တစ်ကိုယ်ရည်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် စီစဉ်ထားသည့် စနစ်။ |
| အခြေခံ မိလ္လာစနစ်။ | လူတို့စွန့်ထုတ်သည့် ဆီး၊မစင်များနှင့် လူတို့ပြန်လည် ထိတွေ့ခြင်း မရှိစေရန်နှင့် ထိဆက်နေသည့် အိမ်ပတ်ဝန်းကျင်သို့ တဖန် ပြန်လည်ဝင်ရောက်လာခြင်း မရှိစေရန် ထိရောက်စွာ ခွဲခြားထားသည့်စနစ်။<br>-မိသားစု(၅)ဦးထက် မပိုသော (သို့မဟုတ်) တစ်ဦးနှင့်တစ်ဦး သိရှိသည့် လူဦးရေ (၃၀) ထက်မပိုသောသူများ အတူတကွ အသုံးပြုနေသည့် အိမ်သာ (မိလ္လာစနစ်)[23] |

[21] The 2014 Myanmar Population and Housing Census: The Union Report: Census Report Volume 2

[22] Consolidated technical input from UN agencies on water and sanitation related indicators: List of proposed indicators and metadata for proposed indicators, Inter-agency and Expert Group on Sustainable Development Goal Indicators (IAEG-SDGs), July 2015,

[23] Consolidated technical input from UN agencies on water and sanitation related indicators: List of proposed indicators and metadata for proposed indicators, Inter-agency and Expert Group on Sustainable Development Goal Indicators (IAEG-SDGs), July 2015,

| | |
|---|---|
| | -တာရှည်ခံ အိမ်သာခွက်နှင့် အဆောက်အဦ ရှိသော ကျင်းအိမ်သာ။ အခန်းတွဲအိမ်သာများ၊ ရေလောင်းအိမ်သာအမျိုးမျိုးနှင့်အနံ့ထွက်ပိုက် တပ်ဆင်ထားသော ကျင်းအိမ်သာများသည် ဤ အိမ်သာအမျိုးအစားတွင် ပါဝင်ပါသည်။<br>-ရေသိုးကန် (မိလ္လာပိုးစားကန်) (သို့မဟုတ်) ရေဆိုးတွင်းများနှင့် ဆက်သွယ်ထားသည့် ရေဆွဲအိမ်သာများ။ |
| အိမ်သာနှင့်မိလ္လာစနစ်များ ဆောက်လုပ်သုံးစွဲမှု မြင့်တက်လာစေရန် ဆွဲဆောင်ခြင်း။ | သန့်ရှင်းသည့် ယင်လုံအိမ်သာများ ပိုမိုဆောက်လုပ်၊ သုံးစွဲလာစေရန် ဆွဲဆောင်သည့် နည်းလမ်းများကို အသုံးပြုခြင်း။ ဆောက်လုပ် သုံးစွဲမည့်သူများကို ဦးတည်အုပ်စုများအဖြစ် စဉ်းစားထားပါသည်။ ပုဂ္ဂလိက ကဏ္ဍ၏ အတွေ့အကြုံများကို မှီငြမ်းပြီးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း၊ ဆွဲဆောင်ခြင်း၊နေရာတိုင်းတွင်ဖြစ်ပေါ်လာအောင် ဆောင်ရွက်ခြင်းစသည်တို့ကိုဆောင်ရွက်ရပါမည်။ ရလာဒ်မှာ အိမ်သာများ ဆောက်လုပ်သုံးစွဲခြင်း၊ မိလ္လာလိုင်းများ၊ ကျင်းများနှင့် ဆက်သွယ်ထားသော အညစ်အကြေး စွန့်ပစ်စနစ်များ ပေါ်ပေါက်လာစေခြင်းတို့ဖြစ်ပါသည်။ အညစ်အကြေးစွန့်ပစ်ခြင်းဆိုင်ရာ အဆောက်အဦများ၊ ပစ္စည်းများ အသင့်ရှိနေစေရန်၊ ဝယ်ယူသုံးစွဲနိုင်သော ဈေးနှုန်းဖြစ်နေစေရန်နှင့် အချိန်ကိုက်နေရာကိုက် ရှိနေစေရန်တို့မှာ အလွန် အရေးကြီးပါသည်။ |
| ရေသိုးကန်<br>(မိလ္လာပိုးစားကန်) | “Anaerobic” နှင့် “Aerobic” ဘက်တီးရီးယားများမှ (“လေမလို၊ အလင်းမလို” ပိုးနှင့်“လေနှင့် အလင်းရောင်လို ”ပိုး) မစင်များကို ချေဖျက် (စားသုံး)စေနိုင်ရန်နှင့် အရည်နှင့် အနှစ် သီးခြားစီ ခွဲခြားထွက်လာစေရန် စီမံထားသော မြေအောက်ကန်။<br>ထွက်ရှိလာသော အရည်များသည် စီမံထားသော စုပ်ကျင်းအတွင်းသို့၎င်း၊ ရေဆိုးတွင်းများထဲသို့၎င်း ရောက်ရှိသွားပြီး အနှစ်များကိုမူ အခါအားလျော်စွာ စုပ်ထုတ်ရပါမည်။ |
| နည်းပညာပံ့ပိုးခြင်း။ | ရေရရှိရေး၊ မိလ္လာ၊ ရေဆိုးစနစ်ကို အဆင့်မြှင့်ရန်အတွက် အဆောက်အဦများဆောက်လုပ်ခြင်း၊ အခြေခံအဆောက်အဦ အသုံးပြုခြင်း စသည်တို့နှင့် မသက်ဆိုင်သော လုပ်ဆောင်ချက်များ။<br>- လုပ်ထုံးလုပ်နည်းများ၊ စည်းစနစ်များကို ဖြေလျှော့ပေးခြင်းဖြင့် ဆောင်ရွက်နိုင်ဖွယ်ရှိသော ပတ်ဝန်းကျင်ဖန်တီးပေးခြင်းများ၊ တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့် မိလ္လာနှင့် ရေဆိုးစနစ် |

| | |
|---|---|
| | သုံးစွဲမှုမြှင့်တင်ခြင်း(ရပ်ရွာလူထုအခြေပြုအလုံးစုံသန့်ရှင်းရေး နှင့် လူမှုရေးရာဈေးကွက်မြှင့်တင်ခြင်း အပါအဝင်)၊ သင်တန်းများ ပို့ချပေးခြင်း၊ လူထုကိုလှုံ့ဆော်ခြင်းနှင့် စွမ်းဆောင်ရည်မြှင့်ခြင်းလုပ်ငန်းများ။ |
| အမှိုက်စွန့်ပစ်ခြင်းဆိုင်ရာ စီမံခန့်ခွဲမှု | ပြည်သူ့ကျန်းမာရေး၊ စီးပွားရေး၊ အင်ဂျင်နီယာလုပ်ငန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ လူအများလက်ခံနိုင်ရန် အခြားသဘာဝဝန်းကျင်ဆိုင်ရာ အကောင်းဆုံးစံနှုန်းများနှင့် ကိုက်ညီသည့် အပြုအမူများဖြင့် ထွက်ရှိလာမည့် အညစ်အကြေး အမှိုက်သရိုက်များကို ထိန်းချုပ်ခြင်း၊ သိုလှောင်ခြင်း၊ ကောက်ယူခြင်း၊ ပြောင်းလွှဲခြင်း၊ ပို့ဆောင်ခြင်း၊ စနစ်တကျ ဖျက်ဆီးခြင်း၊ ပြန်လည်အသုံးပြုခြင်းနှင့်၊ စွန့်ပစ်ခြင်း။ ယင်းလုပ်ဆောင်ချက်များသည် ပြည်သူ့သဘောထားကို တုံ့ပြန်လုပ်ဆောင်ပေးခြင်းမျိုးလည်း ဖြစ်ရမည်။[24] |
| မြို့ပြဒေသ | အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ရပ်ကွက်များဟု သတ်မှတ်ထားသည့် ဒေသများ။ အများအားဖြင့် ယင်းဒေသများသည် လူနေစိတ်၍ အဆောက်အဦများပြားပြီး ပိုမိုကောင်းမွန်သော အခြေခံ အဆောက်အဦများရှိသည့် ဒေသများ။ |
| ရေဆိုး | အိမ်များ၊ ပြည်သူလူထုများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများမှ အသုံးပြုပြီး ထွက်ရှိလာသည့် ရေ အရည်အသွေးကို ထိခိုက်စေနိုင်သော အရာဝတ္ထုများ ပါဝင်နေသည့်ရေ။ ရေဆိုးဆိုသည်မှာ အိမ်များနှင့် စက်မှုဇုန်များမှ ထွက်ရှိသည့် ရေဆိုးများလည်း ပါဝင်ပါသည်။ |
| ရေရင်းမြစ် | စိမ့်စမ်းရေ၊ ရေတွင်းစသည့် ရေထုတ်ယူနိုင်သည့်နေရာ။ မြစ်၊ ချောင်း၊ ရေကန် စသည့်ဖြင့် ဒေသအနေအထား လိုက်၍ ဖြစ်နိုင်ပါသည်။ |
| ရေရရှိရေး | အိမ်သုံးရေ - သောက်သုံးခြင်း၊ ဆေးကြောခြင်း၊ ရေချိုးခြင်းနှင့် အိမ်တွင်း စီးပွားလုပ်ငန်းအတွက် အသုံးပြုသည့်ရေ။ |

[24] Philippines Ecological Solid Waste Management Act of 2000

## နောက်ဆက်တွဲ-၂။

## ၂:၁။ တွက်ချက်ပုံနည်းလမ်းများနှင့် အချက်အလက်များ

- ငွေလုံးငွေရင်းနှင့် အစားထိုးပြင်ဆင်ခြင်းစသည့် နှစ်စဉ်လိုအပ်ချက်များကို ခန့်မှန်း တွက်ချက်ရာတွင် နည်းလမ်းအမျိုးမျိုးကို အသုံးပြုပြီးတွက်ချက်နိုင်ပါသည်။ မည်သည့် နည်းကို အသုံးပြုမည်နည်းဆိုသည့် အချက်သည် အသုံးစရိတ်ခန့်မှန်းရာတွင် မည်မျှ ရှုပ်ထွေးသနည်းဆိုသည့်အချက်ပေါ်တွင် မူတည်နေပါသည်။ သက်တမ်း ကန့်သတ်ချက် ရှိသော လုပ်ငန်းများအတွက် ရင်းနှီးမြုပ်နှံမှုများအတွက်မူ ကမ္ဘာ့ဘဏ်မှ ပြုစုထား သော ခန့်မှန်းတွက်ချက်မှုနည်းလမ်းကို အသုံးပြုနိုင်ပါသည်။ သက်တမ်းကို ထည့်သွင်း တွက်ချက်ရန် မလိုအပ်သော လုပ်ငန်းများအတွက်မူ ပိုမိုရိုးရှင်းသော နည်းလမ်းကို အသုံးပြုနိုင်ပါသည်။

- **အသုံးပြုသောတွက်ချက်နည်းများနှင့် ရေ၊ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေး အခန်းကဏ္ဍ**
  - ကမ္ဘာ့ဘဏ်၏ ကုန်ကျစရိတ်တွက်ချက်ခြင်းနည်းကို ပစ္စည်းများ ပံ့ပိုးပေးရသည့် လုပ်ငန်းများဖြစ်သော-ကျေးလက်ဒေသ ရေရရှိရေး၊ အိမ်သာများ၊ အမှိုက်စွန့်ပစ် ခြင်း၊ စာသင်ကျောင်းများ ရေရရှိရေး၊တစ်ကိုယ်ရည်သန့်ရှင်းရေးစနစ်များ တွဲဖက် ထားသည့် အိမ်သာများ၊ ဆေးရုံဆေးပေးခန်းများ၏ ရေရရှိရေး၊ တစ်ကိုယ်ရည် သန့်ရှင်းရေး စနစ်များတွဲဖက်ထားသည့် အိမ်သာများ၊ ရေဆိုးသန့်စင်စနစ်များနှင့် ဆေးရုံ ဆေးခန်းထွက် အန္တရာယ်ရှိသော ပစ္စည်းများကို မီးရှို့သည့် စနစ်များ တည်ဆောက်ခြင်းအတွက် သုံးစွဲထားပါသည်။
  - ကျေးလက်ဒေသများ၊စာသင်ကျောင်းများ၊ ဆေးရုံဆေးပေးခန်းများနှင့် အရေးပေါ် ကာလအတွက် ရေ၊ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ နည်းပညာ ပံ့ပိုးပေးရခြင်းများ အတွက်ကိုမူ အခြားသော နည်းများကို အသုံးပြု ထားပါ သည်။

- **ကမ္ဘာ့ဘဏ်၏ တွက်ချက်မှု နည်းစနစ်-** ဤတွက်ချက်နည်းသည် spreadsheet file တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် အရှေ့အာရှဒေသများတွင် ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးဆိုင်ရာ ရန်ပုံငွေလိုအပ်ချက်များကို တွက်ချက်ရန် ကျယ်ကျယ် ပြန့်ပြန့် အသုံးပြုလျက်ရှိပါသည်။ (ကမ္ဘာ့ဘဏ်၊ ၂၀၁၅။ ကမ္ဘာ့ဘဏ်နှင့် ယူနီဆက်၊ ၂၀၁၅)။ ရပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို တွက်ချက်ရန် လူဦးရေနှင့် မျှော်မှန်းထားသော လူဦးရေတိုးနှုန်း၊ ပါဝင်မည့် နည်းစနစ်များ၏ ကနဦးနှစ်နှင့် မျှော်မှန်းထားသော နှစ်တွင်တည်ရှိမည့် အခြေအနေ၊ နည်းစနစ် တစ်ခုခြင်းစီ၏

ကုန်ကျစရိတ်တို့နှင့် ၎င်းတို့၏ခန့်မှန်းသက်တမ်း စသည်တို့ လိုအပ်ပါသည်။ လူဦးရေ၊ ပါဝင်မည့်နည်းစနစ်များနှင့် တည်ဆောက်မည့် နည်းစနစ်များ၏ သက်တမ်းတို့သည် ရုပ်ပိုင်းဆိုင်ရာ ပံ့ပိုးများကို အဓိကအဆုံးအဖြတ်ပေးသည့် အချက်များဖြစ်ပါသည်။ တွက်ချက် ရရှိသောအဖြေများသည် ပြည်သူများ၏ လိုအပ်ချက်များပင် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော်-

(က) ကနဦးနှစ်တွင် ပြည်သူများ၌ ယင်းကဲ့သို့သော အခြေအနေ၊ အဆောက်အဦများ မရှိသေးခြင်း။

(ခ) လက်ရှိ တည်ရှိနေပြီးသည့် အခြေအနေ၊ အဆောက်အဦများ/နည်းစနစ်များကို အဆင့်မြှင့်တင်ရန် လိုအပ်နေခြင်း သို့တည်းမဟုတ်

(ဂ) လက်ရှိတည်ရှိနေပြီးသား အဆောက်အဦ/နည်းစနစ်ကို အသစ်လဲလှယ်ပေးရန် လိုအပ်နေခြင်းတို့ ကြောင့်ဖြစ်ပါသည်။

ထို့နောက် တစ်ခုခြင်းကုန်ကျစရိတ်များပေါ်အခြေခံပြီး ခန့်မှန်းကုန်ကျစရိတ်များကို တွက်ချက်ခြင်း ဖြစ်ပါသည်။ အခန်း-၁၊ ပုံ-၂ တွင် မည်သို့တွက်ချက်ထားပုံကို ဖော်ပြထားပါသည်။

- **ထပ်မံလိုအပ်ချက်များ**

- ဖော်ပြပါနည်းလမ်းသည် ငွေလုံးငွေရင်း ရင်းနှီးမြုပ်နှံရန် လိုအပ်ချက်အတွက်သာ အသုံးပြုထားပါသည်။ အစားထိုးပြင်ဆင်ခြင်းကဲ့သို့သော နှစ်စဉ်လိုအပ်ချက်များနှင့် ရန်ပုံငွေ လိုအပ်ချက် ကွာဟနေမှုများတွက်ချက်ရာတွင် အသုံးမပြုပါ။
- အဆောက်အဦ/နည်းစနစ်များ လိုအပ်နေသော လူဦးရေလည်း လိုအပ်ပါသည်။ စာသင်ကျောင်းများတွင် လိုအပ်နေသော တစ်ကိုယ်ရည် သန့်ရှင်းရေးစနစ် ပူးတွဲပါရှိသည့် အိမ်သာလိုအပ်ချက်၊ စာသင်ကျောင်း ဆေးရုံ၊ဆေးပေးခန်းစသည့် အများနှင့်ဆိုင်သော လုပ်ငန်းများ၊ အဆောက်အဦများအတွက်ကိုမူ ၎င်းအရေအတွက်ကို လူဦးရေအစား အသုံးပြုရပါသည်။ ခန့်မှန်းတွက်ချက်ရာတွင် အသုံးပြုရမည့် လိုအပ်သောအချက်အလက်များ ရရှိနိုင်မှုအပေါ်မူတည်ပြီး ချိန်ညှိရခြင်းများလည်း ပါဝင်နေပါသည်။

## အသုံးပြုသော အခြားဖော်မြူလာများ (နည်းလမ်းများ)

| |
|---|
| CLTS (Rural sanitation)<br>*Capital expenditures for CLTS (2017-2030) =*<br>*cost of implementing CLTS per village x number of rural villages*<br>*Recurrent expenditures = none* |
| Sanitation Marketing<br>*Capital expenditures for sanitation marketing (2017-2030) =*<br>*ratio of sanitation marketing cost to hardware cost x annual Hardware costs x 5 years*<br>*Recurrent expenditures = none* |
| Sanitation research<br>*Capital expenditures for sanitation research = unit cost per region x no. of regions*<br>*Recurrent expenditures = none* |
| Hygiene promotion<br>*Capital expenditure (2017-2030) = fixed amount*<br>*Recurrent expenditure (2017-2030) =*<br>*cost per township x number of visits per township x number of townships* |
| School hygiene<br>*Capital expenditures = number of teachers to be trained x cost per trainee* |
| Emergency WASH (preparedness)<br>*Capital expenditures (2017-2030) = fixed amount*<br>*Recurrent expenditure (2017-2030) = cost of re-assessment and revision per year x 14 years* |
| Emergency WASH (contingency stocks)<br>*Capital expenditure (2017-2030) =*<br>*cost of contingency stock x number of regions with contingency stocks + cost of emergency kits x 14 regions*<br>*Recurrent expenditure (2017-2030) =*<br>*(warehousing rental per year x 14 years + number of warehouse staff x salary per person per year x 14 years) x number of regions with contingency stocks* |
| Capacity development<br>*Capital expenditure =*<br>*training cost x number of staff x 5 trainings per year x 2 years + (computers + vehicles) x (number of townships + number of state/region + union)* |

| |
|---|
| Sector management<br><br>*Recurrent cost =*<br>*Staff cost incl. overheads x number of staff x (number of townships + number of state/region + union)* |
| O&M cost per year:<br><br>Applies to all hardware expenditures of rural water supply, rural toilets, solid waste management in rural areas, water supply facilities in schools toilets in schools, water supply facilities in hospitals, toilets in hospitals, wastewater facilities in hospitals and incinerators in hospitals. The formulae assume a constant increase in access from 2017 to 2030 and include labour costs<br><br>*O&M cost per year = (O&M cost 2030 – O&M cost 2017)/2*<br><br>*O&M cost (2017-2030) = O&M cost per year x 14 years* |

## ၂.၂။ အချက်အလက်များဆိုင်ရာ အခက်အခဲများ

- အသုံးပြုသော နည်းလမ်းနှင့် ခန့်မှန်းတွက်ချက်ရမည့် အတိုင်းအတာအတွက် အချက်အလက်များစွာ လိုအပ်ပါသည်။ တွက်ချက်ရမည့်အခြေအနေအများစုတွင် ဒေသကြီး၏ အမျိုးမျိုးသော နည်းစနစ်များအလိုက် အသေးစိတ် အချက်အလက်များ လိုအပ်ပါသည်။ အချက်အလက်များစုဆောင်းရာတွင် အစိုးရဌာနများ၏ မှတ်တမ်းမှတ်ရာများ၊ အစီရင်ခံစာများ၊ ယခင်လေ့လာထားချက်များ၊ အစိုးရဌာနများနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း အသီးသီး၏ ထုတ်ဝေထားသည့် အချက်အလက်များနှင့် သက်ဆိုင်ရာ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် တွေ့ဆုံဆွေးနွေးချက်များ စသည်တို့ ပါဝင်ပါသည်။ အချို့သော အချက်အလက်များကို အလွယ်တကူရရှိနိုင်သော်လည်း အချို့မှာမူ အလွယ်တကူ မရရှိနိုင်ပေ။ ရရှိသော ချက်အလက်အချို့၏ အရည်အသွေးမှာလည်း မေးခွန်းထုတ်စရာ ဖြစ်နေပါသည်။
- အချက်အလက်များရရှိနိုင်မှုနှင့် တိကျခိုင်မာမှုပိုင်းဆိုင်ရာ အားနည်းချက်များ ရှိနေလျှင် အောက်ပါအတိုင်း ဆောင်ရွက်ထားပါသည်-
  - မြန်မာနိုင်ငံတွင် ယခင်က လေ့လာထားသော အချက်အလက်များကိုမှီငြမ်းခြင်း (ဥပမာ။ ။ ကမ္ဘာ့ဘဏ်နှင့် ယူနီဆက် (၂၀၁၅))
  - ဒေသဆိုင်ရာ အချက်အလက်များအစား အမျိုးသားအဆင့် အချက်အလက်များကို အသုံးပြုခြင်း။ (ဥပမာ။ ။လူဦးရေတိုးနှုန်း)
  - အခြားအလားတူ နိုင်ငံများ၏ အချက်အလက်များကို အသုံးပြုခြင်း။ (ဥပမာ။ ။ ပတ်ဝန်းကျင်သန့်ရှင်းရေးကဏ္ဍရင်းနှီးမြှုပ်နှံမှုတွင် ပစ္စည်းပံ့ပိုးပေးမှုနှင့် နည်းပညာပံ့ပိုးခြင်း အချိုးအစား)
  - ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် တွေ့ဆုံ ဆွေးနွေးခြင်း (ဥပမာ။ ။ အသုံးစရိတ်များ၊ တစ်ခုခြင်းစီ၏ ကုန်ကျစရိတ်များ၊ စနစ်များ၏ သက်တမ်းများ စသည်)
  - ခန့်မှန်းချက်များပြုလုပ်ခြင်း။ (ကျန်းမာရေးဌာနများ၏ ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ ကနဦး ရရှိနေမှုများ)

ရရှိသော အချက်အလက်များ၏ တိကျခိုင်မာမှုများကို လုပ်ငန်းအဖွဲ့နှင့် ဆွေးနွေးပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများတွင် တွေ့ဆုံရသော ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ ပါဝင်ပတ်သက်သူများနှင့်ဆွေးနွေး အတည်ပြုခဲ့ပါသည်။ သတင်းအချက်အလက်များ၏ မရေရာမသေချာမှုများက ဤရင်းနှီးမြှုပ်နှံမှု အစီအစဉ်တွင်ပါဝင်သော ခန့်မှန်းတွက်ချက်မှုများနှင့် ရင်းနှီးမြှုပ်နှံရန်လိုအပ်ချက်များကို ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ရန်လိုအပ်ကြောင်း ညွှန်ပြနေပါသည်။ အနာဂတ်ကာလတွင် ပိုမိုတိကျ ခိုင်လုံသော အချက်အလက်များ ရရှိသောအခါ ရင်းနှီးမြှုပ်နှံရန်လိုအပ်ချက်ပမာဏကို ပြန်လည်ခန့်မှန်းတွက်ချက်ရန် လိုအပ်မည်ဖြစ်ပါသည်။

နောက်ဆက်တွဲဇယား၂:၃ တွင် ခန့်မှန်းတွက်ချက်ရာတွင် အသုံးပြုသော အချက်အလက်များကို ဖော်ပြထားပါသည်။

## ၂:၃။ နောက်ဆက်တွဲဇယားများ

**နောက်ဆက်တွဲဇယား-၂:၁။**မြန်မာနိုင်ငံ၏ အိမ်ထောင်စုနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| ပြည်နယ်/ တိုင်းဒေသကြီး | လူဦးရေ (သန်းပေါင်း)[a] | | | | အိမ်ထောင်စုပေါင်း (သန်းပေါင်း)[b] | | | | ပျှမ်းမျှအိမ်ထောင်စု အရွယ်အစား (၂၀၁၄)[c] |
|---|---|---|---|---|---|---|---|---|---|
| | ၂၀၁၄ | ၂၀၁၆ | ၂၀၁၈ | ၂၀၃၀ | ၂၀၁၄ | ၂၀၁၆ | ၂၀၁၈ | ၂၀၃၀ | |
| ကချင် | ၀.၉ | ၀.၉ | ၀.၉ | ၀.၉ | ၀.၂ | ၀.၂ | ၀.၂ | ၀.၂ | ၅.၁ |
| ကယား | ၀.၂ | ၀.၂ | ၀.၂ | ၀.၂ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၄.၈ |
| ကရင် | ၁.၂ | ၁.၂ | ၁.၂ | ၁.၂ | ၀.၃ | ၀.၃ | ၀.၃ | ၀.၃ | ၄.၇ |
| ချင်း | ၀.၄ | ၀.၄ | ၀.၄ | ၀.၄ | ၀.၁ | ၀.၁ | ၀.၁ | ၀.၁ | ၅.၁ |
| စစ်ကိုင်း | ၄.၂ | ၄.၂ | ၄.၂ | ၄.၁ | ၀.၉ | ၀.၉ | ၀.၉ | ၀.၉ | ၄.၆ |
| တနင်္သာရီ | ၁.၀ | ၁.၀ | ၁.၀ | ၁.၀ | ၀.၂ | ၀.၂ | ၀.၂ | ၀.၂ | ၄.၈ |
| ပဲခူး | ၃.၈ | ၃.၈ | ၃.၈ | ၃.၇ | ၀.၉ | ၀.၉ | ၀.၉ | ၀.၉ | ၄.၂ |
| မကွေး | ၃.၂ | ၃.၂ | ၃.၂ | ၃.၂ | ၀.၈ | ၀.၈ | ၀.၈ | ၀.၈ | ၄.၁ |
| မန္တလေး | ၄.၀ | ၄.၀ | ၄.၀ | ၃.၉ | ၀.၉ | ၀.၉ | ၀.၉ | ၀.၉ | ၄.၄ |
| မွန် | ၁.၄ | ၁.၄ | ၁.၄ | ၁.၄ | ၀.၃ | ၀.၃ | ၀.၃ | ၀.၃ | ၄.၆ |
| ရခိုင် | ၂.၈ | ၂.၈ | ၂.၈ | ၂.၇ | ၀.၆ | ၀.၆ | ၀.၆ | ၀.၆ | ၄.၄ |
| ရန်ကုန် | ၂.၃ | ၂.၃ | ၂.၃ | ၂.၂ | ၀.၅ | ၀.၅ | ၀.၅ | ၀.၅ | ၄.၄ |
| ရှမ်း | ၄.၂ | ၄.၂ | ၄.၂ | ၄.၁ | ၀.၉ | ၀.၉ | ၀.၉ | ၀.၉ | ၄.၇ |
| ဧရာဝတီ | ၅.၃ | ၅.၃ | ၅.၃ | ၅.၂ | ၁.၃ | ၁.၃ | ၁.၃ | ၁.၃ | ၄.၁ |
| နေပြည်တော် | ၀.၈ | ၀.၈ | ၀.၈ | ၀.၇ | ၀.၂ | ၀.၂ | ၀.၂ | ၀.၂ | ၄.၁ |
| ပြည်ထောင်စုချုပ် | ၃၅.၇ | ၃၅.၆ | ၃၅.၅ | ၃၅.၁ | ၈.၁ | ၈.၁ | ၈.၁ | ၈.၀ | ၄.၄ |

[a] ၂၀၁၄ ခုနှစ်အတွက် လူဦးရေကို ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ ရယူထားပါသည်။ အခြားသော နှစ်များအတွက်မူ ခန့်မှန်းတွက်ချက်ထားပါသည်။

[b] လူဦးရေကို ပျှမ်းမျှအိမ်ထောင်စု အရွယ်အစားနှင့် "စား" ထားခြင်းဖြစ်ပါသည်။

[c] ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းမှ

**နောက်ဆက်တွဲ ဇယား-၂:၂။** ၂၀၃၀ ခုနှစ်တွင် ရရှိသုံးစွဲနေမည့် ရေနှင့် ပတ်ဝန်းကျင်ဆိုင်ရာ နည်းစနစ်များ

| ပြည်နယ်/ တိုင်းဒေသကြီး | အများသုံး ရေတိုင်/ ပိုက်လိုင်းစနစ် | အဝီစိတွင်း / စက်ရေတွင်း | အခြားအဆင့် မြင့်ထားသည့် ရေပင်ရေရင်းများ[c] | ရေဆွဲ အိမ်သာ | ရေဆွဲ အိမ်သာ |
|---|---|---|---|---|---|
| ၂၀၃၀ ခုနှစ်တွင် ရရှိသုံးစွဲနေမှုအခြေအနေ (လူဦးရေ %)[a] | | | | | |
| ကချင် | ၂၀% | ၃၀% | ၅၀% | ၁၀% | ၉၀% |
| ကယား | ၃၀% | ၁၀% | ၆၀% | ၁၀% | ၉၀% |
| ကရင် | ၂၀% | ၂၀% | ၆၀% | ၁၀% | ၉၀% |
| ချင်း | ၉၀% | ၀% | ၁၀% | ၁၀% | ၉၀% |
| စစ်ကိုင်း | ၂၀% | ၇၀% | ၁၀% | ၁၀% | ၉၀% |
| တနင်္သာရီ | ၁၅% | ၁၅% | ၇၀% | ၁၀% | ၉၀% |
| ပဲခူး | ၂၀% | ၆၀% | ၂၀% | ၁၀% | ၉၀% |
| မကွေး | ၂၀% | ၇၀% | ၁၀% | ၁၀% | ၉၀% |
| မန္တလေး | ၂၀% | ၇၀% | ၁၀% | ၁၀% | ၉၀% |
| မွန် | ၂၀% | ၅% | ၇၅% | ၁၀% | ၉၀% |
| ရခိုင် | ၁၅% | ၅% | ၈၀% | ၁၀% | ၉၀% |
| ရန်ကုန် | ၂၀% | ၃၅% | ၄၅% | ၁၀% | ၉၀% |
| ရှမ်း | ၂၅% | ၂၅% | ၅၀% | ၁၀% | ၉၀% |
| ဧရာဝတီ | ၁၅% | ၅၀% | ၃၅% | ၁၀% | ၉၀% |
| နေပြည်တော် | ၂၅% | ၇၀% | ၅% | ၁၀% | ၉၀% |
| ပြည်ထောင်စုချုပ် | ၂၀% | ၄၅% | ၃၅% | ၁၀% | ၉၀% |
| မျှော်မှန်းသက်တမ်း (နှစ်)[b] | ၁၅ | ၁၅ | ၁၅ | ၂၀ | ၁၀ |

မှတ်ချက်-

[a] တွက်ချက် ခန့်မှန်းထားချက်

[b] ရေရရှိရေးနှင့် အိမ်သာများ၏ မျှော်မှန်း သက်တမ်းသည်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကမ္ဘာ့ဘဏ်နှင့် ယူနီဆက်တို့မှ ရရှိပါသည်။

[c] အခြားအဆင့် မြင့်ထားသည့် ရေပင်ရေရင်းများတွင် ကာကွယ်ထားသည့် လက်တူးတွင်းကျယ်များ၊ စိမ့်စမ်းရေသွယ်များနှင့် ရေသန့်စင်နည်းစနစ်ပူးတွဲတည်ဆောက်ထားသည့် သောက်ရေကန်များ ပါဝင်ပါသည်။

**နောက်ဆက်တွဲ ဇယား-၂:၃။** ၂၀၃၀ ခုနှစ်တွင် စာသင်ကျောင်းများ၌ ရရှိသုံးစွဲနေမည့် ရေနှင့် ကျောင်းအိမ်သာ ဆိုင်ရာအချက်အလက်များ

| အကြောင်းအရာ | မူလတန်း ဆင့်သင် | အလယ်တန်း ဆင့်သင် | အထက်တန်း ဆင့်သင် |
|---|---|---|---|
| ကျောင်းသူ၊ကျောင်းသား အရေအတွက် | | | |
| ၂၀၁၄[a] | ၅,၀၉၈,၂၁၁ | ၂,၈၃၉,၇၂၂ | ၉၁၉,၆၄၄ |
| ၂၁၀၆[b] | ၅,၁၁၆,၁၂၉ | ၂,၉၄၆,၃၃၆ | ၉၉၈,၄၇၅ |
| ၂၀၁၈[b] | ၅,၁၅၁,၉၆၅ | ၃,၁၅၉,၅၆၆ | ၁,၁၅၆,၁၃၈ |
| ၂၀၃၀[b] | ၅,၃၆၆,၉၈၀ | ၄,၄၃၈,၉၄၂ | ၂,၁၀၂,၁၁၁ |
| ဆရာဆရာမ အရေအတွက် | | | |
| ၂၀၁၄[a] | ၂၀၄,၂၂၃ | ၈၁,၉၁၇ | ၃၅,၉၃၅ |
| ၂၁၀၆[b] | ၂၀၅,၆၆၄ | ၈၈,၃၀၈ | ၄၂,၆၇၃ |
| ၂၀၁၈[b] | ၂၀၇,၁၀၄ | ၉၄,၆၉၉ | ၄၉,၄၁၁ |
| ၂၀၃၀[b] | ၂၁၅,၇၄၈ | ၁၃၃,၀၄၄ | ၈၉,၈၄၁ |
| ကျောင်းအရေအတွက် | | | |
| ၂၀၁၄[a] | ၃၉,၁၇၃ | ၂,၅၆၀ | ၁,၉၆၅ |
| ၂၁၀၆[b] | ၃၉,၄၄၉ | ၂,၇၆၀ | ၂,၃၃၃ |
| ၂၀၁၈[b] | ၃၉,၇၂၆ | ၂,၉၅၉ | ၂,၇၀၂ |
| ၂၀၃၀[b] | ၄၁,၃၈၄ | ၄,၁၅၈ | ၄,၉၁၃ |
| ကျောင်းသား အိမ်သာအချိုး | | | |
| ၂၀၁၄[c] | ၅၀ | ၅၀ | ၅၀ |
| ၂၁၀၆[b] | ၅၀ | ၅၀ | ၅၀ |
| ၂၀၁၈[b] | ၅၀ | ၅၀ | ၅၀ |
| ၂၀၃၀[d] | ၂၀ | ၂၅ | ၂၅ |
| ဆရာအိမ်သာ အချိုး | | | |
| ၂၀၁၄[e] | ၉ | ၆ | ၁၀ |
| ၂၁၀၆[b] | ၉ | ၆ | ၁၀ |
| ၂၀၁၈[b] | ၉ | ၆ | ၁၀ |
| ၂၀၃၀[f] | ၁၀ | ၁၀ | ၁၀ |

| အကြောင်းအရာ | မူလတန်း ဆင့်သင် | အလယ်တန်း ဆင့်သင် | အထက်တန်း ဆင့်သင် |
|---|---|---|---|
| ရေရရှိရေး စနစ်များနှင့် ပြည့်စုံသောကျောင်း (%) | | | |
| ၂၀၁၄[c] | ၅၉% | ၅၉% | ၅၉% |
| ၂၀၁၆[b] | ၅၉% | ၅၉% | ၅၉% |
| ၂၀၁၈[b] | ၅၉% | ၅၉% | ၅၉% |
| ၂၀၃၀[d] | ၁၀၀% | ၁၀၀% | ၁၀၀% |
| မျှော်မှန်းသက်တမ်း(နှစ်)e | | | |
| ကျောင်းအိမ်သာများ | ၁၀ | ၁၀ | ၁၀ |
| ရေရရှိရေး စနစ်များ | ၁၅ | ၁၅ | ၁၅ |

[a] ရင်းမြစ်။ လူ့စွမ်းအား အရင်းအမြစ်နှင့် ပညာရေးစီမံကိန်းဦးစီးဌာန၊
b တွက်ချက် ခန့်မှန်းထားချက်

c ကျောင်းမူလတန်းဆင့်သင် ကျောင်းအရေအတွက်ကို ယူနီဆက် (၂၀၁၁) ခုမှ ရယူပြီး အလယ်တန်းဆင့်သင် နှင့် အထက်တန်းဆင့်သင် ကျောင်းအရေအတွက် မူဆင့်သင်များတူ ယူဆ တွက်ချက်ထားပါသည်။

d ရင်းမြစ်။ ။ရေပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေး မဟာဗျူဟာ

e ယူဆချက်များ

f ရေပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေး မဟာဗျူဟာအရ

**နောက်ဆက်တွဲ ဇယား-၂:၄။** ၂၀၃၀ ခုနှစ်တွင် ဆေးရုံ၊ ဆေးပေးခန်းများ၌ ရရှိသုံးစွဲနေမည့် ရေနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များ

| အကြောင်းအရာ | ကျေးလက် ကျန်းမာရေးဌာနခွဲ | ကျေးလက် ကျန်းမာရေးဌာန[g] | တိုက်နယ် ဆေးရုံ[h] | မြို့နယ် ဆေးရုံ |
|---|---|---|---|---|
| ဆေးရုံ၊ဆေးပေးခန်း အရေအတွက် | | | | |
| ၂၀၁၄[a] | ၆,၇၇၃ | ၁,၄၁၈ | ၅၃၀ | ၂၄၁ |
| ၂၁၀၆[c] | ၉,၂၄၃ | ၁,၇၇၈ | ၅၄၉ | ၂၄၇ |
| ၂၀၁၈[c] | ၉,၂၄၃ | ၁,၇၇၈ | ၅၄၉ | ၂၄၇ |
| ၂၀၃၀[b] | ၂၅,၀၂၀ | ၄,၅၄၉ | ၅၄၉ | ၃၂၅ |
| ဌာနအလိုက် လိုအပ်အိမ်သာအရေအတွက် | ၆.၂၅ | ၁၂.၅၀ | ၂၅.၈၀ | ၅၂.၅၀ |
| အိမ်သာအရေအတွက် | | | | |
| ၂၀၁၄[d] | ၂၂,၈၁၉ | ၁၀,၈၉၀ | ၇,၀၈၂ | ၆,၄၈၄ |
| ၂၁၀၆[c] | ၂၂,၈၁၉ | ၁၀,၈၉၀ | ၇,၀၈၂ | ၆,၄၈၄ |
| ၂၀၁၈[c] | ၂၂,၈၁၉ | ၁၀,၈၉၀ | ၇,၀၈၂ | ၆,၄၈၄ |
| ၂၀၃၀[e] | ၄၅,၆၃၇ | ၂၁,၇၈၁ | ၁၄,၁၆၄ | ၁၂,၉၆၈ |
| ရေရရှိရေး စနစ်များနှင့် ပြည့်စုံသော ဆေးရုံ၊ဆေးပေးခန်း (%) | | | | |
| ၂၀၁၄[f] | ၅၇% | ၉၃% | ၉၁% | ၉၁% |
| ၂၁၀၆[c] | ၅၇% | ၉၃% | ၉၁% | ၉၁% |
| ၂၀၁၈[c] | ၅၇% | ၉၃% | ၉၁% | ၉၁% |
| ၂၀၃၀[c] | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% |
| မျှော်မှန်းသက်တမ်း (နှစ်) | | | | |
| ရေရရှိရေး စနစ်များ | ၁၅ | ၁၅ | ၁၅ | ၁၅ |
| အိမ်သာများ | ၁၅ | ၁၅ | ၁၅ | ၁၅ |
| ရေဆိုးသန့်စင်စနစ်များ | - | - | ၂၅ | ၂၅ |
| မီးရှို့စက် (ဆေးရုံ၊ဆေးခန်းထွက် ပစ္စည်းများအတွက်) | ၁၀ | ၁၀ | ၁၀ | ၁၀ |

a ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန။

b ပတ်ဝန်းကျင်သန့်ရှင်းရေးဌာနစိတ်မှ ပေးပို့ချက်ပေါ်မူတည်ပြီးခန့်မှန်းတွက်ချက် ထားပါသည်။

c ရေ၊ ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေးမဟာဗျူဟာကို အခြေခံထားပါသည်။

d လက်ရှိအခြေအနေတွင် လိုအပ်ချက်၏ ထက်ဝက်မျှသာရှိသည်ဟု ယူဆတွက်ချက်ထားပါသည်။

e ၂၀၃၀ ခုနှစ်တွင် ကျန်းမာရေးဌာန အားလုံးတွင် လိုအပ်ချက်များ ပြီးပြည့်စုံမည်ဟု ယူဆတွက်ချက်ထားပါသည်။

f ယူဆချက်များ။ g ၂၀၁၆ ခုနှစ်ပါ အချက်အလက်များအရ မြို့ပြရှိ ကျန်းမာရေးဌာန ၃၂ ခုပါဝင်ပါသည်။

h ၂၀၁၆ ခုနှစ်ပါ အချက်အလက်များအရ မြို့ပြရှိ ကျန်းမာရေးဌာန ၆၁ ခုပါဝင်ပါသည်။

**နောက်ဆက်တွဲဇယား-၂:၅။** ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ စနစ် တစ်ခုခြင်း၏ ကုန်ကျစရိတ်များ။

| ပြည်နယ်/ တိုင်းဒေသကြီး | ရေပေးရေး [a] | | | အိမ်သာ [b] | |
|---|---|---|---|---|---|
| | အများသုံး ရေတိုင်/ ပိုက်လိုင်းစနစ် | အဝီစိတွင်း/ စက်ရေတွင်း | ကာကွယ်ထားသည့် လက်တူးတွင်းကျယ်/ စိမ့်စမ်းရေသွယ် [c] | ရေဆွဲ အိမ်သာ | ရေလောင်း အိမ်သာ |
| ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံခြင်း (ပစ္စည်းထောက်ပံ့ခြင်း) (အမေရိကန်ဒေါ်လာ / မိသားစု) | | | | | |
| ကချင် | ၂၀၂ | ၁၄၀ | ၈၉ | ၃၄၃ | ၄၄ |
| ကယား | ၂၀၂ | ၁၃၁ | ၉၅ | ၃၄၃ | ၄၄ |
| ကရင် | ၁၈၆ | ၁၃၂ | ၉၀ | ၃၂၃ | ၄၂ |
| ချင်း | ၁၃၇ | ၀ | ၇၉ | ၂၈၃ | ၃၆ |
| စစ်ကိုင်း | ၄၁၂ | ၂၄၁ | ၈၂ | ၂၉၆ | ၃၈ |
| တနင်္သာရီ | ၁၈၇ | ၁၂၉ | ၈၈ | ၃၁၆ | ၄၁ |
| ပဲခူး | ၁၉၈ | ၁၃၃ | ၇၅ | ၂၇၆ | ၃၅ |
| မကွေး | ၄၄၀ | ၂၅၈ | ၈၈ | ၃၁၆ | ၄၁ |
| မန္တလေး | ၃၈၄ | ၂၂၅ | ၇၇ | ၂၇၆ | ၃၅ |
| မွန် | ၁၇၁ | ၁၂၁ | ၈၂ | ၂၉၆ | ၃၈ |
| ရခိုင် | ၁၇၆ | ၁၁၉ | ၇၇ | ၂၇၆ | ၃၅ |
| ရန်ကုန် | ၂၃၂ | ၁၅၆ | ၉၀ | ၃၂၃ | ၄၂ |
| ရှမ်း | ၁၈၃ | ၁၂၆ | ၈၆ | ၃၀၉ | ၄၀ |
| ဧရာဝတီ | ၂၁၂ | ၁၄၃ | ၈၂ | ၂၉၆ | ၃၈ |
| နေပြည်တော် | ၄၃၁ | ၃၇၁ | ၈၆ | ၃၀၉ | ၄၀ |
| ငွေလုံးငွေရင်း ရင်းနှီး မြှုပ်နှံခြင်း(နည်းပညာ ပံ့ပိုးခြင်း) (စီမံကိန်း ကုန်ကျစရိတ်၏ %) [d] | ၁၀ | ၁၀ | ၁၀ | ၀ | ၀ |

| ပြည်နယ်/ တိုင်းဒေသကြီး | ရေပေးရေး [a] | | | အိမ်သာ [b] | |
|---|---|---|---|---|---|
| | အများသုံး ရေတိုင်/ ပိုက်လိုင်းစနစ် | အဝီစိတွင်း/ စက်ရေတွင်း | ကာကွယ်ထားသည့် လက်တူးတွင်းကျယ်/ စိမ့်စမ်းရေသွယ် [c] | ရေဆွဲ အိမ်သာ | ရေလောင်း အိမ်သာ |
| နှစ်စဉ်ကုန်ကျစရိတ် (အစားထိုးပြင်ဆင်ခြင်း)၊ ပစ္စည်းထောက်ပံ့ခြင်း (အမေရိကန်ဒေါ်လာ / မိသားစု/နှစ်) | | | | | |
| ကချင် | ၄၃ | ၄၁ | ၉ | ၁၈ | ၅ |
| ကယား | ၄၃ | ၄၀ | ၁၀ | ၁၈ | ၅ |
| ကရင် | ၄၀ | ၃၉ | ၉ | ၁၇ | ၄ |
| ချင်း | ၁၁ | ၀ | ၈ | ၁၅ | ၄ |
| စစ်ကိုင်း | ၄၀ | ၃၈ | ၉ | ၁၆ | ၄ |
| တနင်္သာရီ | ၄၉ | ၄၂ | ၈ | ၁၅ | ၄ |
| ပဲခူး | ၃၆ | ၃၄ | ၇ | ၁၄ | ၄ |
| မကွေး | ၅၂ | ၄၄ | ၉ | ၁၆ | ၄ |
| မန္တလေး | ၄၆ | ၃၉ | ၈ | ၁၄ | ၄ |
| မွန် | ၃၇ | ၃၆ | ၈ | ၁၅ | ၄ |
| ရခိုင် | ၃၇ | ၃၅ | ၈ | ၁၄ | ၄ |
| ရန်ကုန် | ၄၃ | ၄၀ | ၉ | ၁၇ | ၄ |
| ရှမ်း | ၃၉ | ၃၇ | ၉ | ၁၆ | ၄ |
| ဧရာဝတီ | ၃၉ | ၃၇ | ၈ | ၁၅ | ၄ |
| နေပြည်တော် | ၅၁ | ၄၈ | ၉ | ၁၆ | ၄ |

[a] ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံခြင်း (ပစ္စည်းထောက်ပံ့ခြင်း) ဆိုင်ရာ အချက်အလက်များကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပံ့ပိုးပါသည်။ နှစ်စဉ်ကုန်ကျစရိတ်တွင် လုပ်ငန်းလည်ပတ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ ကုန်ကျစရိတ်များ ပါဝင်ပါသည်။ နှစ်စဉ် ပြုပြင်ထိန်းသိမ်းစရိတ်သည် စနစ်တစ်ခုခြင်း ကုန်ကျစရိတ်၏ ၅ % ခန့်ဖြစ်ပါသည်။ လုပ်ငန်းလည်ပတ်စရိတ်တွင် လုပ်အားခများ၊ လောင်စာဆီဘိုး စသည်တို့ ပါဝင်ပြီး ကျေးလက်ဦးစီးမှပင် အချက်အလက်များကို ပံ့ပိုးပေးပါသည်။

[b] ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံခြင်း(ပစ္စည်းထောက်ပံ့ခြင်း)ဆိုင်ရာ ကုန်ကျစရိတ်များသည် ယူနီဆက်နှင့်ကမ္ဘာ့ဘဏ် (၂၀၁၅)ကို ရယူထားပါသည်။ ပစ္စည်းပံ့ပိုးခြင်းဆိုင်ရာ နှစ်စဉ်ကုန်ကျစရိတ်သည် လုပ်ငန်းလည်ပတ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့အတွက်ဖြစ်ပြီး စနစ်တစ်ခုခြင်းကုန်ကျစရိတ်၏ ၅ % ခန့်ဖြစ်ပါ သည်။ ဤခန့်မှန်းကုန်ကျစရိတ် ရာခိုင်နှုန်းသည် ကျေးလက်ဦးစီးမှပံ့ပိုးသည့် အချက်အလက်များကို အခြေခံပြီး တွက်ချက်ထားခြင်းဖြစ်ပါသည်။

[c] အခြားအဆင့်မြင့်ထားသည့် ရေပင်ရေရင်းများတွင် ကာကွယ်ထားသည့် လက်တူးတွင်းကျယ်များ၊ စိမ့်စမ်းရေသွယ်များနှင့် ရေသန့်စင်နည်းစနစ်ပူးတွဲတည်ဆောက်ထားသည့် သောက်ရေကန်များ ပါဝင်ပါသည်။

[d] ယူဆချက်များ

**နောက်ဆက်တွဲဇယား-၂:၆။** အခြားသော တစ်ခုခြင်း၏ ကုန်ကျစရိတ်များ။

US$= အမေရိကန်ဒေါ်လာ

| အကြောင်းအရာ | အမျိုးအစား | ယူနစ်[a] | တန်ဘိုး |
|---|---|---|---|
| **အခြား ကျေးလက် ရေရှိရေး၊ ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည် သန့်ရှင်းရေးဆိုင်ရာ** | | | |
| အမှိုက်စွန့်ပစ်ခြင်း[b] | ငွေလုံးငွေရင်း | US$/ အိမ်ထောင်စု | ၁၇ |
| အမှိုက်စွန့်ပစ်ခြင်း[b] | နှစ်စဉ်လိုအပ်ချက် | US$/အိမ်ထောင်စု/နှစ် | ၁၉ |
| အိမ်သာနှင့် မိလ္လာစနစ်များ ဆောက်လုပ်သုံးစွဲမှု မြင့်တက်လာစေရန် ဆွဲဆောင်ခြင်း။ [c] | ငွေလုံးငွေရင်း | နှစ်စဉ်ပစ္စည်းထောက်ပံ့ပေးခြင်း၏ အချိုးအစား | ၁.၂ |
| အိမ်သာနှင့် မိလ္လာစနစ်များ ဆောက်လုပ်သုံးစွဲမှု မြင့်တင်ခြင်းအတွက် သုတေသနပြုလုပ်ခြင်း။ [d] | ငွေလုံးငွေရင်း | US$/ဒေသကြီး | ၁၀၀,၀၀၀ |
| ရပ်ရွာလူထု အခြေပြုအလုံးစုံသန့်ရှင်းရေး [e] | ငွေလုံးငွေရင်း | US$/ကျေးရွာ | ၁,၁၅၂ |
| တစ်ကိုယ်ရည်သန့်ရှင်းရေး မြှင့်တင်ခြင်း [d] | ငွေလုံးငွေရင်း | US$ | ၁၅၀,၀၀၀ |
| တစ်ကိုယ်ရည်သန့်ရှင်းရေးမြှင့်တင်ခြင်း[f] | နှစ်စဉ်လိုအပ်ချက် | US$/ခရီးစဉ်/မြို့နယ် | ၅၉,၂၀၈ |
| **ကဏ္ဍစီမံခန့်ခွဲရေး ဆိုင်ရာ** | | | |
| ဝန်ထမ်းလစာ- မြို့နယ်အဖွဲ့အစည်း [g] | နှစ်စဉ်လိုအပ်ချက် | US$/မြို့နယ်/နှစ် | ၁၈,၈၀၇ |
| ဝန်ထမ်းလစာ-တိုင်းဒေသကြီး/ပြည်နယ်အဖွဲ့အစည်း [g] | နှစ်စဉ်လိုအပ်ချက် | US$/ဒေသကြီး/နှစ် | ၁၈,၈၀၇ |
| ဝန်ထမ်းလစာ-အမျိုးသားအဆင့် အဖွဲ့အစည်း [g] | နှစ်စဉ်လိုအပ်ချက် | US$/နှစ် | ၁၈,၈၀၇ |
| ရုံးအသုံးစရိတ်- မြို့နယ်အဖွဲ့အစည်း [h] | နှစ်စဉ်လိုအပ်ချက် | US$/မြို့နယ်/နှစ် | ၂၇,၀၀၀ |
| ရုံးအသုံးစရိတ်-တိုင်းဒေသကြီး/ပြည်နယ်အဖွဲ့အစည်း [h] | နှစ်စဉ်လိုအပ်ချက် | US$/ဒေသကြီး/နှစ် | ၂၇,၀၀၀ |
| ရုံးအသုံးစရိတ်-အမျိုးသားအဆင့် အဖွဲ့အစည်း [h] | နှစ်စဉ်လိုအပ်ချက် | US$/နှစ် | ၁၈,၀၀၀ |
| **ကဏ္ဍစီမံခန့်ခွဲရေး ဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း** | | | |
| သင်တန်းစရိတ်- မြို့နယ်အဖွဲ့အစည်း [i] | ငွေလုံးငွေရင်း | US$/နှစ် | ၆,၉၇၉ |
| သင်တန်းစရိတ်-တိုင်းဒေသကြီး/ပြည်နယ်အဖွဲ့အစည်း [i] | ငွေလုံးငွေရင်း | US$/နှစ် | ၆,၉၇၉ |
| သင်တန်းစရိတ်-အမျိုးသားအဆင့် အဖွဲ့အစည်း [i] | ငွေလုံးငွေရင်း | US$/နှစ် | ၆,၉၇၉ |
| ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ- မြို့နယ်အဖွဲ့အစည်း[j] | ငွေလုံးငွေရင်း | US$ | ၄,၀၀၀ |
| ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ-တိုင်းဒေသကြီး/ ပြည်နယ်အဖွဲ့အစည်း [j] | ငွေလုံးငွေရင်း | US$ | ၄,၀၀၀ |
| ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ-အမျိုးသားအဆင့် အဖွဲ့အစည်း [j] | ငွေလုံးငွေရင်း | US$ | ၄,၀၀၀ |
| မော်တော်ယာဉ်များ- မြို့နယ်အဖွဲ့အစည်း [k] | ငွေလုံးငွေရင်း | US$ | ၄၈,၀၀၀ |
| မော်တော်ယာဉ်များ -တိုင်းဒေသကြီး/ ပြည်နယ်အဖွဲ့အစည်း [k] | ငွေလုံးငွေရင်း | US$ | ၄၈,၀၀၀ |
| မော်တော်ယာဉ်များ -အမျိုးသားအဆင့် အဖွဲ့အစည်း [k] | ငွေလုံးငွေရင်း | US$ | ၄၈,၀၀၀ |
| **စာသင်ကျောင်းများ ရေပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေး** | | | |

| အကြောင်းအရာ | အမျိုးအစား | ယူနစ်[a] | တန်ဘိုး |
|---|---|---|---|
| အိမ်သာနှင့်တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ [l] | ငွေလုံးငွေရင်း | US$/လူတစ်ဦး | ၆၅၃ |
| အိမ်သာနှင့်တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ [l] | နှစ်စဉ်လိုအပ်ချက် | US$/အိမ်သာတစ်လုံး | ၁၇၄ |
| ရေရရှိရေး [m] | ငွေလုံးငွေရင်း | US$/ကျောင်း | ၅,၂၂၄ |
| ရေရရှိရေး [m] | နှစ်စဉ်လိုအပ်ချက် | US$/ကျောင်း/နှစ် | ၂၆၀ |
| ဆရာ၊ဆရာမများအတွက် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ သင်တန်းများ [n] | ငွေလုံးငွေရင်း | US$/သင်တန်းသားတစ်ဦး | ၉ |
| ကျောင်းသခ်န်းစာပြင်ပ တစ်ကိုယ်ရည်သန့်ရှင်းရေး ဆိုင်ရာ အစီအစဉ်များ-မူလတန်းဆင့်သင် [o] | နှစ်စဉ်လိုအပ်ချက် | US$/ကျောင်း/နှစ် | ၁၇၄ |
| ကျောင်းသခ်န်းစာပြင်ပ တစ်ကိုယ်ရည်သန့်ရှင်းရေး ဆိုင်ရာ အစီအစဉ်များ-အလယ်တန်းဆင့်သင် [o] | နှစ်စဉ်လိုအပ်ချက် | US$/ကျောင်း/နှစ် | ၃၄၈ |
| ကျောင်းသခ်န်းစာပြင်ပ တစ်ကိုယ်ရည်သန့်ရှင်းရေး ဆိုင်ရာ အစီအစဉ်များ-အလယ်တန်းဆင့်သင် [o] | နှစ်စဉ်လိုအပ်ချက် | US$/ကျောင်း/နှစ် | ၅၂၂ |
| **ဆေးရုံဆေးပေးခန်းများ ရေ၊ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေး** | | | |
| အိမ်သာနှင့်တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ[p] | ငွေလုံးငွေရင်း | US$/တစ်ခု | ၅၀၀ |
| အိမ်သာနှင့်တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ-ကျေးလက်ကျန်းမာရေးဌာနခွဲများ[q] | နှစ်စဉ်လိုအပ်ချက် | US$/တစ်ခု/နှစ် | ၂၉၄ |
| အိမ်သာနှင့်တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ-ကျေးလက်ကျန်းမာရေးဌာနခွဲများ[q] | နှစ်စဉ်လိုအပ်ချက် | US$/တစ်ခု/နှစ် | ၂၉၄ |
| အိမ်သာနှင့်တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ-တိုက်နယ်ဆေးရုံများ[q] | နှစ်စဉ်လိုအပ်ချက် | US$/တစ်ခု/နှစ် | ၂၈၅ |
| အိမ်သာနှင့်တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ-မြို့နယ်ဆေးရုံများ[r] | နှစ်စဉ်လိုအပ်ချက် | US$/တစ်ခု/နှစ် | ၃၅၀ |
| ရေရရှိရေးဆိုင်ရာ- ကျေးလက်ကျန်းမာရေး ဌာနခွဲများ[s] | ငွေလုံးငွေရင်း | US$/တစ်ခု | ၆၂၄ |
| ရေရရှိရေးဆိုင်ရာ-ကျေးလက်ကျန်းမာရေးဌာနများ[s] | ငွေလုံးငွေရင်း | US$/တစ်ခု | ၁,၂၄၇ |
| ရေရရှိရေးဆိုင်ရာ- တိုက်နယ်ဆေးရုံများ[s] | ငွေလုံးငွေရင်း | US$/တစ်ခု | ၅,၂၂၄ |
| ရေရရှိရေးဆိုင်ရာ- မြို့နယ်ဆေးရုံများ[s] | ငွေလုံးငွေရင်း | US$/တစ်ခု | ၅,၂၂၄ |
| ရေရရှိရေးဆိုင်ရာ[d] | နှစ်စဉ်လိုအပ်ချက် | ငွေလုံးငွေရင်း ရင်းနှီးမြုပ်နှံမှု၏ % | ၅ |
| ရေဆိုးသန့်စင်စနစ်များ-တိုက်နယ်ဆေးရုံ[t] | ငွေလုံးငွေရင်း | US$/တစ်ခု | ၃,၀၉၈ |
| ရေဆိုးသန့်စင်စနစ်များ-မြို့နယ်ဆေးရုံ[t] | ငွေလုံးငွေရင်း | US$/တစ်ခု | ၅,၁၆၃ |
| ရေဆိုးသန့်စင်စနစ်များ-တိုက်နယ်ဆေးရုံ[t] | နှစ်စဉ်လိုအပ်ချက် | US$/တစ်ခု/နှစ် | ၁၅၅ |
| ရေဆိုးသန့်စင်စနစ်များ-မြို့နယ်ဆေးရုံ[u] | နှစ်စဉ်လိုအပ်ချက် | US$/တစ်ခု/နှစ် | ၂၅၈ |
| မီးရှို့စက် (ဆေးရုံဆေးခန်းထွက် ပစ္စည်းများ)- | ငွေလုံးငွေရင်း | US$/တစ်ခု | ၁၀,၀၀၀ |

| အကြောင်းအရာ | အမျိုးအစား | ယူနစ်[a] | တန်ဘိုး |
|---|---|---|---|
| မြို့နယ်ဆေးရုံ [v] | | | |
| မီးရှို့စက် (ဆေးရုံဆေးခန်းထွက် ပစ္စည်းများ)- မြို့နယ်ဆေးရုံ | နှစ်စဉ်လိုအပ်ချက် | US$/တစ်ခု/နှစ် | ၁,၅၀၀ |
| **အရေးပေါ်ကာလ ရေပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေး** | | | |
| အရေးပေါ်ကာလများအတွက် ကြိုတင်စီမံထားရှိခြင်း [d] | ငွေလုံးငွေရင်း | US$ | ၁,၀၀၀,၀၀၀ |
| နှစ်စဉ်ဆန်းစစ်ချက်များပြုလုပ်ခြင်း/ ပြန်လည်ရေးဆွဲခြင်း [d] | နှစ်စဉ်လိုအပ်ချက် | US$/နှစ် | ၁၀၀,၀၀၀ |
| ရေပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေး အသုံးအဆောင်များ [d] | ငွေလုံးငွေရင်း | US$/ဒေသကြီး | ၂၀,၀၀၀ |
| ရေပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရာ အသုံးအဆောင်များ စုဆောင်းထားရှိခြင်း [d] | ငွေလုံးငွေရင်း | US$/နေရာ | ၅၀၀,၀၀၀ |
| သိုလှောင်ရုံများတည်ဆောက်ခြင်း [w] | နှစ်စဉ်လိုအပ်ချက် | US$/နေရာ/နှစ် | ၁၀,၄၈၈ |
| ဝန်ထမ်းများခန့်ထားခြင်း [x] | နှစ်စဉ်လိုအပ်ချက် | US$/လူတစ်ဦး/နှစ် | ၁,၅၆၇ |
| သိုလှောင်ရုံဝန်ထမ်းများခန့်ထားခြင်း [y] | နှစ်စဉ်လိုအပ်ချက် | US$/လူတစ်ဦး/နှစ် | ၃,၁၃၅ |

[a] ဖော်ပြထားသည့် တန်ဘိုးများသည် ၂၀၁၅ ခုနှစ်ဈေးနှုန်းများဖြစ်ပါသည်။

[b] ငုရင်နှင့်အဖွဲ့ (၂၀၁၂) ၏ အချက်အလက်များကို မူတည်ပြီးတွက်ချက်ထားပါသည်။

[c] ၅ နှစ်တာ ကာလအတွင်း အကောင်အထည်ဖော်မှုဖြစ်ပါသည်။ အချိုးအစားကို ရိဘင်ဆန် (၂၀၁၂)၏ အချက်အလက်များကို အသုံးပြုထားပါသည်။

[d] ယူဆချက်များ

[e] ကုန်ကျစရိတ်များမှာ ယူနီဆက်မှ မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်သော ကုန်ကျစရိတ်များကို အခြခံထားပါသည်။

[f] ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ရရှိသော အချက်အလက်များပေါ်မူတည်ပြီးတွက်ချက်ထားပါသည်။

[g] တစ်လပျှမ်းမျှလစာ ၂၀၀,၀၀၀ ကျပ်ရရှိသည့် ဝန်ထမ်း (၁၀) ဦး ကိုယ်စားပြုတွက်ချက်ထားပါသည်။

[h] ရုံးသုံးစရိတ်များနှင့်ယာဉ်စက်များ၏ ပြုပြင်ထိန်းသိမ်းစရိတ်များကို ကိုယ်စားပြုပါသည်။

[i] ဝန်ထမ်း (၁၀)ဦး၊ တစ်နှစ်တာ ကာလအတွင်း တက်ရောက်ရမည့် အမျိုးမျိုးသော အလုပ်ရုံဆွေးနွေးပွဲ ကုန်ကျစရိတ်များဖြစ်ပါသည်။ ၎င်းစရိတ်များတွင် သင်တန်းသုံးပစ္စည်းများ၊ နေ့လည်စာ၊ ခရီးစရိတ်၊ ဟိုတယ် အခန်းခနှင့် သင်တန်းကြေးများ ပါဝင်ပါသည်။ ကုန်ကျစရိတ်များသည် ယူနီဆက်မှ အစိုးရဝန်ထမ်းများအတွက် ပြုလုပ်သည့် ကုန်ကျစရိတ် နှုန်းထားများအတိုင်းဖြစ်ပါသည်။

[j] ကွန်ပျူတာ (၄)စုံ၊ ပရင်တာနှင့် ကွန်ပျူတာ ဆော့ဖ်ဝဲများအတွက် ကုန်ကျစရိတ် ဖြစ်ပါသည်။

[k] မော်တော်ယာဉ် (၂)စီးကုန်ကျစရိတ်ဖြစ်ပြီး တစ်စီးလျှင် အမေရိကန်ဒေါ်လာ ၂၄,၀၀၀ ခန့်ဖြစ်ပါသည်။

[l] အခြေခံပညာဦးစီးဌာန၏ မြို့ပြနှင့် ကျေးလက်ဒေသများရှိ တစ်ကိုယ်ရည် သန့်ရှင်းရေးစနစ်ပူးတွဲပါရှိသော အိမ်သာများကုန်ကျစရိတ်ကို အခြေခံထားပါသည်။ မြို့ပြဒေသများရှိ အိမ်သာများတွင် ရေသိုးကန်များပါရှိပြီး၊ ကျေးလက်ဒေသတွင် ကွန်ကရိခွေများသာ ဖြစ်ပါသည်။ တစ်ဦးခြင်းကုန်ကျစရိတ်ကို အသုံးပြုသော

| အကြောင်းအရာ | အမျိုးအစား | ယူနစ်[a] | တန်ဘိုး |
|---|---|---|---|

ကျောင်းသူ၊ကျောင်းသားအရေအတွက်ကို အခြေခံပြီးတွက်ချက်ထားပါသည်။ နှစ်စဉ်ကုန်ကျစရိတ် ၂၀၀,၀၀၀ ကျပ်ခန့်ရှိပါသည်၊ အခြေခံပညာဦးစီးဌာနမှ အချက်အလက်များကို ပံ့ပိုးပါသည်။

[m] ဆေးရုံ၊ဆေးခန်းများ၏ စက်ရေတွင်းကုန်ကျစရိတ်နှင့် အတူတူဖြစ်သည်ဟု ယူဆတွက်ချက်ထားပါသည်။ နှစ်စဉ်ကုန်ကျစရိတ်သည် ၃၀၀,၀၀၀ ကျပ်ခန့် ဖြစ်ကြောင်း အခြေခံပညာဦးစီးဌာနမှ ဖော်ပြထားပါသည်။

[n] အခြေခံပညာဦးစီးဌာနမှ ရရှိသော အချက်အလက်များကို အသုံးပြုပြီးတွက်ချက်ထားခြင်း ဖြစ်ပါသည်။

[o] အခြေခံပညာဦးစီးဌာနမှ ရရှိပါသည်။

[p] ပတ်ဝန်းကျင်သန့်ရှင်းရေးဌာနစိတ်မှ ရရှိပါသည်။

[q] ပြုပြင်ထိန်းသိမ်းစရိတ်သည် မူလငွေလုံးငွေရင်းကုန်ကျစရိတ်၏ ၅ % ခန့် ဖြစ်သည်ဟု ယူဆတွက်ချက်ထားပါသည်။ လုပ်အားခအပေါ်မူတည်ပြီး ခန့်မှန်းထားပါသည်။

[r] ဆေးရုံတစ်ရုံရှိ လူနာနှင့်ဝန်ထမ်းဦးရေအလိုက် ရေပေးရေးစနစ် ကုန်ကျစရိတ် ဖြစ်ပါသည်။

[s] ပတ်ဝန်းကျင်သန့်ရှင်းရေးဌာနစိတ်မှ ရရှိသည့် စက်ရေတွင်းကုန်ကျစရိတ်များနှင့် တူညီသည်ဟု ယူဆတွက်ချက်ထားပါသည်။

[t] ဘော်ဒါ အဖွဲ့၏ ခန့်မှန်းတွက်ချက်မှု အပေါ်တွင် အခြေခံထားပါသည်။ မြို့နယ်နှင့်တိုက်နယ်ဆေးရုံများ၏ အရွယ်အစားပေါ်မူတည်ပြီး ခန့်မှန်းတွက်ချက်ထားပါသည်။ နှစ်စဉ်ကုန်ကျစရိတ်ကို မူလငွေလုံးငွေရင်းကုန်ကျစရိတ်၏ ၅% ခန့်ဖြစ်သည်ဟု ယူဆထားပါသည်။

[u] ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပေးပို့ပါသည်။

[v] ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အဆိုပြုသည့်အတိုင်း ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်၏ ၁၅ % ဖြစ်ပါသည်။

[w] ၄၀၀ စတုရန်းမီတာ ကျယ်ဝန်းသော သိုလှောင်ရုံ ငှားရမ်းခ ကုန်ကျစရိတ် ဖြစ်ပါသည်။

[x] လုံခြုံရေးဝန်ထမ်းအပါအဝင် တစ်နေ့ရာလျှင် ဝန်ထမ်း (၅)ဦးစီ၏ ကုန်ကျစရိတ် ယူဆချက်ဖြစ်ပါသည်။


[y] တစ်နေ့ရာလျှင် မန်နေဂျာတစ်ဦးကျစီ၏ ကုန်ကျစရိတ် ယူဆချက်ဖြစ်ပါသည်။

## နောက်ဆက်တွဲ-၃။ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်၏ နောက်ခံအချက်အလက်များ

### ဘဏ္ဍာရေးနှင့် ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ချဉ်းကပ်ပုံ

- ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ရေရှည်တည်တံ့ နေစေရေးအတွက် ဘဏ္ဍာရေး မဖြစ်မနေချထားပေးရန် လိုအပ်ပါသည်။ ဤဘဏ္ဍာသတ်မှတ်မှုတွင်လည်း ဝန်ဆောင်မှုလုပ်ငန်းများ၏ ကုန်ကျစရိတ်ကိုလည်း ကုန်ကျရန် တတ်နိုင်ရန်လည်း အရေးကြီးပေးသည်၊ အကယ်၍ နိုင်ငံတော်အစိုးရ၊ ပြည်နယ်/တိုင်းဒေသကြီးတို့မှတဆင့် အိမ်ထောင်စုများအထိ အဆင့်ဆင့်အကုန်ကျခံရန် တတ်နိုင်မှုမရှိလျှင် ၎င်းဝန်ဆောင်မှုလုပ်ငန်းများမှာ တဖြည်းဖြည်းယိုယွင်းလာပြီး အဆုံး၌ ပျက်စီးဆုံးရှုံး သွားရဖွယ်ရှိပါသည်။
- ရင်းနှီးမြှုပ်နှံမှုအစီအစဉ်အတွက် စဉ်းစားရာ၌ မတည်ရင်းနှီးရန်ပုံငွေအတွက်သာမဟုတ်ဘဲ ဝန်ဆောင်မှုလုပ်ငန်း၏ကုန်ကျစရိတ်အားလုံးကို စဉ်းစားရမည်ဖြစ်ပါသည်၊ သို့ဖြစ်၍ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ကုန်ကျစရိတ်များ၊ ကျေးလက်ပြည်သူလူထုများ ပါဝင်နိုင်ရန် ကနဦး လုပ်ဆောင်ရမည့်စရိတ်များ၊ တစ်ကိုယ်ရည်သန့်ရှင်းရေးမြှင့်တင်မှု ဆိုင်ရာစရိတ်များ စသည့် မတည်ရင်းနှီးရန်ပုံငွေနှင့်အတူ လုပ်ငန်းပုံမှန်လည်ပတ်နေနိုင်စေ ရေး၊ အသေးစားနှင့် အကြီးစားပြင်ဆင်ထိန်းသိမ်းမှုများ ပြုလုပ်နိုင်ရေးနှင့် အစားထိုးအသစ်ပြန်လည်ဆောက်လုပ်ပေးနိုင်ရေး စသည့် ကုန်ကျစရိတ်များအတွက်ပါ အားလုံးထည့်သွင်း စဉ်းစားရမည်ဖြစ်ပါသည်။ (ပုံ - ၃ တွင် ကြည့်ရန်)

***Annex Figure 3.1***



## ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးကဏ္ဍ ဘဏ္ဍာခွဲဝေရေး၌ စိန်ခေါ်မှုများ[25]

- ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရေပေးရေးကို ယေဘူယျအားဖြင့် ပြည်သူ့အခြေခံအဆောက်အအုံ တစ်ခုအနေဖြင့် ထည့်သွင်းစဉ်းစားပြီး ဘဏ္ဍာငွေခွဲဝေခြင်းသည် စိန်ခေါ်မှုတစ်ခုအနေဖြင့် ရှိနေပါသည်။ ရေရရှိရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများသည် စီးပွားရေးအခြေခံအဆောက်အအုံ (ဥပမာ-ပို့ဆောင်ရေး၊ လျှပ်စစ်စွမ်းအင်၊ ဆက်သွယ်ရေး) နှင့် လူမှုရေးအခြေခံအဆောက်အအုံ (ဥပမာ-ကျန်းမာရေး၊ပညာရေး)တို့အကြား၌ ရောက်ရှိနေပါသည်၊ စီးပွားရေးအခြေခံအဆောက်အအုံများတွင် သုံးစွဲသူအများစုက ကုန်ကျစရိတ် ကျခံရခြင်း (ဥပမာ- စွမ်းအင်၊ လမ်းပန်းဆက်သွယ်ရေး၊ ဆိပ်ကမ်း၊ ဆက်သွယ်ရေး) သို့မဟုတ် ပြည်သူ့ဘဏ္ဍာမှ ကျခံစေခြင်း (ဥပမာ- လမ်း၊တံတား) တို့ ရှိကြပါသည်။
- လူမှုရေးအခြေခံအဆောက်အအုံများ၌မူ အဓိကပြည်သူ့ဘဏ္ဍာမှ ကျခံခြင်းများရှိပါသည်၊ ရေရရှိရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့အတွက်မူ ယင်းကဏ္ဍနှစ်ခုအကြားတွင် ကျရောက်နေပါသည်၊ ရေရရှိရေးကို လူတစ်ယောက်၏ အခြေခံရပိုင်ခွင့်အနေဖြင့် သတ်မှတ်ထားရှိသင့်မသင့်၊ အခမဲ့ သို့မဟုတ် လျှော့ပေါ့၍ ကျခံစေရန် သင့် မသင့် သို့မဟုတ် စီးပွားရေး ဝန်ဆောင်မှုအနေဖြင့် သတ်မှတ်၍ ဝန်ဆောင်ခ ပေးဆောင်သင့် မသင့် တို့ကို မူဝါဒချမှတ်သူများနှင့်အတူ သုံးစွဲမှုများကပါ ဝေခွဲရန် ခက်ခဲလျက်ရှိနေပေသည်၊ အဖြေအနေဖြင့် များသော အားဖြင့် မလွယ်ကူသော ဆုံးဖြတ်ချက်အနေဖြင့် ရေပေးရေး၊ ဝန်ဆောင်မှုလုပ်ငန်းများ အတွက် စီးပွားရေးဆိုင်ရာ အဆင့်တွင် အနိမ့်ပိုင်း၌ သတ်မှတ်ခြင်းများဖြစ်ပါ၍ ရေပေးရေး ကဏ္ဍအတွက် ဘဏ္ဍာခွဲဝေပေးရာ၌ အစဉ်အဆက်လျော့နည်းလျက် ရှိနေပေသည်။ ရေရရှိ ရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ဘဏ္ဍာငွေခွဲဝေမှု အပေါ်တွင် အကျိုးသက်ရောက်မှုရှိနေသော အခြားအကြောင်းအရာများမှာ-
  - ရေရရှိရေးနှင့် ရေတန်ဘိုးနှုန်းသည် မကြာခဏဆိုသကဲ့သို့ ပြည်သူအကြား ခြယ်လှယ်မှုကို ပြုရန် နိုင်ငံရေးလုပ်သူတို့က ဝင်ရောက်၍ စွက်ဖက်ကြခြင်း
  - ရေရရှိမှု၏ အကျိုးကျေးဇူးများကို ရေ၏တန်ဘိုး သတ်မှတ်ရာ၌ ထင်ဟပ်မှုမရှိခြင်း
  - ရေရရှိရေးဝန်ဆောင်မှုလုပ်ငန်းများအတွက် လိုအပ်သော အခြေခံအဆောက်အအုံများသည် ကုန်ကျစရိတ်ကြီးမား၍ နှစ်ရှည်လများ ပေးဆောင်ရ၍ ငွေကြေးဆိုင်ရာ အကျိုးရလဒ်ပြန်ရရှိရန်လည်း ကြာမြင့်ပါသည်။

[25] This section is taken from: EUWI-FWG, 2011, Financing for Water and Sanitation: A Primer for Practitioners and Students in Developing Countries, EU Water Initiative Finance Working Group and Global Water Partnership, http://www.gwp.org/Global/About%20GWP/Publications/EUWI/EUWI%20FWG%20Primer%20on%20Financing%20Final.pdf

- ပတ်ဝန်းကျင်သန့်ရှင်းရေး(အိမ်သာနှင့်မိလ္လာစနစ်)များအတွက် ရန်ပုံငွေဘဏ္ဍာရရှိရေး၌လည်း ပို၍ စိန်ခေါ်မှုများရှိနေပါသည်၊ တစိတ်တဒေသအနေဖြင့် အစဉ်အလာအရ ရေရရှိရေးနှင့် ဆက်နွယ်နေမှုကြောင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအပိုင်းသည် ရေရရှိရေးအပိုင်း၏ အရိပ်လွှမ်းမိုးခြင်းအောက်၌ နေရ၍ အရေးပေးခြင်းလျော့၍ ခံစားနေရပါသည်၊ ဤအစိတ်အပိုင်း၏ လိုအပ်ချက်များကို လုံလောက်စွာခွဲခြမ်းစိတ်ဖြာမှုများ မပြုလုပ်ကြပေ၊ ၎င်း၏ စိန်ခေါ်မှုများ၊ အဖွဲ့အစည်းများနှင့် မူဝါဒများနှင့်အတူ ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် လုပ်ဆောင်ရာတွင် ပစ္စည်းနှင့်ငွေကြေးတို့ကို နည်းပညာဆိုင်ရာ အဆင်ပြေစေရေးအတွက် ပံ့ပိုးပေးမှုအနေဖြင့် အများအားဖြင့် ရှုမြင်ဆောင်ရွက်ကြပါသည်၊ ဤသို့ လုပ်ဆောင်ခြင်း ကြောင့် မဆီလျော်သော အဆောက်အဦး သို့မဟုတ် စနစ်များကို တည်ဆောက်ပေးမိပြီး ၎င်းတို့ကို အသုံးမပြုကြခြင်း၊ ဂရုမစိုက်ခြင်းတို့အပြင် အခြားရည်ရွယ်ချက်များဖြင့် အသုံးပြုခြင်း (ဥပမာ- ပစ္စည်းသိုလှောင်ခြင်း)တို့ကို ဖြစ်စေသည်၊
- ရေရရှိရေး၏ အကျိုးရလဒ်သည် အများအားဖြင့် ပုဂ္ဂလိကဆိုင်ရာအတွက် ဖြစ်စေပြီး လူတို့၏ မစင်များနှင့် အိမ်ထောင်စုများမှ ထွက်သော ရေဆိုးများကို စနစ်တကျစွန့်ပစ်ခြင်း၏ အကျိုးရလဒ်သည် ပုဂ္ဂလိကအတွက်သာမက ပတ်ဝန်းကျင်လူ့အသိုင်းအဝိုင်းတစ်ခုလုံးကို ကောင်းကျိုးဖြစ်စေပါသည်၊ ဤအရာကိုထောက်၍ အထူးသဖြင့် ဆင်းရဲသော ကျေးလက်လူထုကို ဦးတည်၍ ပတ်ဝန်းကျင်သန့်ရှင်းရေးကို ဆောင်ရွက်ခြင်းအတွက် ပြည်သူ့ဘဏ္ဍာမှ ထောက်ပံ့ပေးခြင်းသည် မှန်ကန်သည်ဟု ဆိုနိုင်ပေသည်။

## ငွေကြေးမူဝါဒဆိုင်ရာများ

- ရေပေးရေးကဏ္ဍအတွက် စံနမူနာအဖြစ်ထားနိုင်သော အဖွဲ့အစည်းမရှိနိုင်သကဲ့သို့ ရေရရှိရေးအတွက် ဘဏ္ဍာငွေသတ်မှတ်ရာတွင် စံအဖြစ်ထားရှိနိုင်သော စနစ်မရှိနိုင်ပေ၊ နိုင်ငံတိုင်း တွင် တစ်ခုနှင့်တစ်ခု ကွဲပြားခြားနားနေမည်ဖြစ်ပါသည်၊[26] မြန်မာနိုင်ငံအတွက် သင့်လျော်မည်ဟု ဆိုနိုင်သော မူဝါဒဆိုင်ရာများမှာ [27]-
  - ပြည်သူပိုင်ပစ္စည်းအတွက် ပြည်သူ့ဘဏ္ဍာမှ ကျခံစေခြင်း
  - ပြည်သူပိုင်ပစ္စည်းအတွက် ပြည်သူ့အတွက် လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရာ၌ ပြည်သူ့ဘဏ္ဍာမှ ကျခံစေသင့်သည်၊ အကြောင်းပြချက်ကောင်း များစွာရှိပါသည်၊ "ပြည်သူပိုင်ပစ္စည်း" ဟု ဆိုရာတွင် အစိုးရကဲ့သို့သော အာဏာပိုင်အဖွဲ့အစည်းများကသာ လုပ်ဆောင်နိုင်သောပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများကို ဆိုလို၍ ယင်းတို့ကို ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုက လုပ်ဆောင်မည်ဆိုလျှင် အကျိုးအမြတ် ရရှိနိုင်မည် မဟုတ်ပေ၊ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့၌ အမြတ်အစွန်းရရှိရန် သုံးစွဲသူ များအပေါ် ဝန်ဆောင်ခ

[26] EUWI-FWG, 2011
[27] EUWI-FWG, 2011

ကောက်ခံမှု ပြုလုပ်၍ မရနိုင်သကဲ့သို့ ဝန်ဆောင်ခ မရ၍ ဝန်ဆောင်မှုကို ရပ်တန့်ရန်လည်း မဖြစ်နိုင်သောကြောင့် ဖြစ်ပါသည်၊ ဥပမာအားဖြင့် ရေကောင်းရေသန့်ရရှိခြင်း၊ စနစ်တကျ မိလ္လာစွန့်ပစ်ခြင်းနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး မြှင့်တင်ခြင်းတို့သည် အခြားအကျိုးကျေးဇူးများကိုပါ ထပ်ဆင့်ပေးဆောင်သော ကုန်ပစ္စည်း/ဝန်ဆောင်မှုလုပ်ငန်းတို့အဖြစ် ပါဝင်ပါသည်၊ ၎င်းတို့သည် ပြည်သူ့ကျန်းမာရေးကို ပို၍ကောင်းမွန်စေခြင်း၊ ကူးစက်ရောဂါဖြစ်ပွားမှုကို ကာကွယ်စေခြင်း စသည့်အခြားသော လူမှုရေးဆိုင်ရာ အကျိုးကျေးဇူးများကို ဖြစ်ထွန်းစေပါသည်။

**ဘဏ္ဍာရေးဖူလုံမှု**

- ရေရရှိရေးဝန်ဆောင်မှုပေးသူတို့သည် ကုန်ကျစရိတ်များအတွက် ဝင်ငွေရရှိရန် ဘတ်ဂျက်ရန်ပုံငွေ ခွဲဝေခြင်း၊ သုံးစွဲသူများထံမှ အခွန်အခများ၊ နိုင်ငံရပ်ခြားထောက်ပံ့ငွေများနှင့် စေတနာအလှူရှင်များထံမှ ရယူနိုင်သင့်သည်၊ သို့မှသာလျှင် မိမိတို့လုပ်ဆောင်ရမည့် ရင်းနှီးမြှုပ်နှံမှုအပါအဝင် ဝန်ဆောင်မှုလုပ်ငန်းများကို ရေရှည်ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်၊ လုပ်ဆောင်သောအဖွဲ့အစည်းများ၏ နေ့စဉ်လုပ်ငန်းများတွင် နိုင်ငံရေး ဖိအားပေးမှုများနှင့် လွတ်ကင်းမှုရှိရန် လိုအပ်ပေသည်၊ အကယ်၍ အခွန်ကောက်ခံမှုမှ ရရှိသော ဝင်ငွေကို ဝန်ဆောင်မှုလုပ်ငန်းကုန်ကျစရိတ်အားလုံးအတွက် သုံးရန်/အသုံးပြုရန်မှာ ပြည်သူ့အစိုးရ၏ မူဝါဒအပေါ်မူတည်ပါမည်၊ အကယ်၍ ပံ့ပိုးမှုများ ပေးမည်ဆိုပါက ပွင့်လင်းမြင်သာမှု၊ စိတ်ချနိုင်မှုနှင့် ကြိုတင်သိရှိနိုင်မှုတို့ ရှိရမည်ဖြစ်ပါသည်။

**ကုန်ကျစရိတ်များကို သုံးစွဲသူများထံမှ ပြန်လည်ရယူခြင်း**

- သုံးစွဲသူများထံမှ ကုန်ကျစရိတ်များအတွက် ပြန်လည်ရယူမှုရှိနိုင်ရန်၊ သုံးစွဲသူများ၏ အကုန်အကျခံနိုင်မှု ရှိ/မရှိနှင့် ကောက်ခံရန် သင့်လျော်မည့်နည်းလမ်း စသည်တို့အပေါ်တွင် မူတည်ပေမည်၊ ဆင်းရဲခက်ခဲမှုရှိသူများအတွက် အခကြေးအခဲများ လျော့နည်းစေရန် ပံ့ပိုးသင့်သူများကို သေချာစွာစိစစ်၍ အထောက်အပံ့များပြုလုပ်ရန် လိုအပ်ပေသည်။

**ပံ့ပိုးမှုများ**

- စီးပွားရေး၌ ပံ့ပိုးမှုဟုဆိုရာတွင် ချမှတ်ထားသောမူဝါဒတစ်ခု၏ ရည်ရွယ်ချက်ပြည့်မီစေရန် လူတစ်ဦးတစ်ယောက် သို့မဟုတ် လုပ်ငန်းတစ်ခု သို့မဟုတ် စီးပွားရေးကဏ္ဍတစ်ခုခုကို ငွေကြေးအနေဖြင့် အထောက်အကူပေးခြင်းဖြစ်ပေသည်၊ ဥပမာ- ဆုံးရှုံးမည့်အခြေအနေရှိသည့်လုပ်ငန်းတစ်ခု ဆုံးရှုံးမှုမဖြစ်စေရန်၊ မထောက်ပံ့လျှင် မလုပ်နိုင်တော့မည့် လုပ်ငန်းတစ်ခုကို ဆောင်ရွက်နိုင်ရန် ပံ့ပိုးမှုပေးရခြင်းဖြစ်ပေသည်၊ ထို့အတူ ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ပံ့ပိုးမှုဟုဆိုရာတွင် ငွေကြေးအထောက်အပံ့သည် ချက်ချင်းအကျိုးခံစားရသော အိမ်ထောင်စုများမှ ဝန်ဆောင်မှုပေးသူများထံသို့ တိုက်ရိုက်ပေးဆောင်ရခြင်း မဟုတ်ဟု အဓိပ္ပါယ်ယူနိုင်ပါသည်၊[28] ပံ့ပိုးမှုပုံစံအမျိုးမျိုးကို ဇယား ၃-၁ တွင် ဖော်ပြထားပါသည်။

[28] Evans, B., C. v. d. Voorden, et al. (2009). Public Funding for Sanitation: the many faces of sanitation subsidies. Geneva, Water Supply & Sanitation Collaborative Council

နောက်ဆက်တွဲဇယား ၃-၁။ ပံ့ပိုးမှုများကို အမျိုးအစားခွဲခြားခြင်း

| | |
|---|---|
| တိုက်ရိုက်ပံ့ပိုးခြင်း | တိုက်ရိုက်ပံ့ပိုးခြင်းတွင် လက်ခံရရှိမည့် အိမ်ထောင်စုများထံသို့ တိုက်ရိုက် ထောက်ပံ့ခြင်းဖြစ်၍ အိမ်ထောင်စုများအနေဖြင့် အမျိုးမျိုးသော ဆောင် ရွက်ပေးမှုများအတွက် သုံးစွဲနိုင်မည် ဖြစ်ပါသည်။ |
| အခြေခံအဆောက် အဦများအတွက် ပံ့ပိုးခြင်း | ပြည်သူ့ဘဏ္ဍာငွေများကိုအခြေခံအဆောက်အဦအသစ်များ တည်ဆောက် ရာတွင် သုံးစွဲခြင်းသည် အများဆုံးရင်းနှီးနေသည့် ပံ့ပိုးမှု ဖြစ်ပါသည်။ ကျေးလက်ဒေသများနှင့် အချို့သော မြို့ပြဒေသများတွင် မိသားစုသုံး အိမ်သာများ ဆောက်လုပ်ခြင်းအတွက် တစ်စိတ်တစ်ဒေသ/အလုံးစုံ ပံ့ပိုး ခြင်းသည် အများဆုံးတွေ့ရှိရသည့် ပုံစံဖြစ်ပါသည်။ ဤသို့ စိုက်ထုတ် ရင်းနှီးမြှုပ်နှံခြင်းကို မိသားစုတစ်စုခြင်းစီအတွက် ရင်းနှီးမြှုပ်နှံခြင်းဟု ခေါ်ဆိုသည်။ ၎င်းရင်းနှီးမြှုပ်နှံမှုသည် မိသားစုတစ်စုခြင်းစီ၏ အခြေခံ လိုအပ်ချက်များအတွက် စိုက်ထုတ် သုံးစွဲရန် အဓိကအတားအဆီး ဖြစ်နေ သည့် ပမာဏမျှသာ ဖြစ်ပါသည်။ ဦးတည်အုပ်စုများကို စမ်းသပ်အကောင် အထည်ဖော်ခြင်း၊ ဒေသအလိုက် ဆောင်ရွက်ခြင်းနည်းများဖြင့် ရွေးချယ် ပါသည်။ ရိုးရိုးကျင်းအိမ်သာများ ဆောက်လုပ်ရန်ကဲ့သို့သော အခြေခံ လိုအပ်ချက် ပံ့ပိုးခြင်းမျိုးတွင် တိုက်ရိုက် ပံ့ပိုးခြင်းဖြစ်ပါသည်။ မြို့ပြဒေသ များတွင် ရေဆိုးသန့်စင်ကွန်ယက်စနစ်၊ မိလ္လာကွန်ယက်စနစ် ကဲ့သို့သော အများမျှဝေ သုံးစွဲသည့် လုပ်ငန်းများအတွက်သာ ပြည်သူ့ဘဏ္ဍာငွေများ ကို အများအားဖြင့် သုံးစွဲလေ့ရှိပါသည်။ ယင်းသို့ စိုက်ထုတ်ရင်းနှီးမြှုပ်နှံ မှုမျိုးကို ပုံမှန်နည်းလမ်းတကျ ဆောင်ရွက်ခြင်းဟု မှတ်ယူလေ့ရှိပါသည်။ |
| ပိုက်လိုင်းကွန်ယက် နှင့်ဆက်သွယ်ရန် ပံ့ပိုးခြင်း | မြို့ပြဒေသများတွင် ပိုက်လိုင်းကွန်ယက်စနစ်နှင့် ဆက်သွယ်ရန် ကုန်ကျ စရိတ်များကို အိမ်ထောင်စုများမှ ပေးဆောင်ရပါသည်။ အိမ်ထောင်စုများ မှ အသစ်ဆက်သွယ်ခနှင့် လမ်းအလိုက်ရှိသည့် မိလ္လာလိုင်းများအတွက် မူလကုန်ကျစရိတ်များ၏ တစ်စိတ်တစ်ပိုင်း(သို့မဟုတ်) အားလုံးကို မျှဝေ ထည့်ဝင်ရပါသည်။ တစ်ခါတရံ ရရှိသုံးစွဲနေသော စနစ်များအတွက် ကြို တင်ငွေ ပေးဆောင်ရခြင်းမျိုးလည်း ရှိပါသည်။ ပိုက်လိုင်းကွန်ယက်စနစ် နှင့် ကုန်ကျစရိတ်သည် အလွန်များပြီး ဆောင်ရွက်ပေးသူများ အနေဖြင့် အဓိကဝင်ငွေရရှိမည့် နည်းလမ်းများအဖြစ် ယူဆကြပါသည်။ အိမ်ထောင် စုများအတွက်မူ အလွန်ဈေးကြီးပြီး ကွန်ယက်စနစ်နှင့် ဆက်သွယ်ရန်မှာ အမှန်တကယ် အခက်အခဲကြီး ဖြစ်နေပါသည်။ အမှန်အားဖြင့်ဆိုသော် ဤသွယ်တန်းစရိတ်သည် မူလကွန်ယက်နှင့် ဆက်သွယ်ထားခြင်း မရှိ သည့်အနေထားမှ ဆက်သွယ်သုံးစွဲရန် ကုန်ကျစရိတ်ပင်ဖြစ်ပါသည်။ တစ်ခါတစ်ရံ ပိုမိုသက်သာသော အခွန်အခ နှုန်းထားမျိုး ရရှိနိုင်ပါသည်။ |

| | |
|---|---|
| လုပ်ငန်းလည်ပတ် စရိတ်ပံ့ပိုးခြင်း | လုပ်ငန်းလည်ပတ်စရိတ် ပံ့ပိုးခြင်းတွင် လုပ်ငန်းဆောင်ရွက် ပေးနေသူထံ ပေးချေရမည့် ကုန်ကျစရိတ်အားလုံး (သို့မဟုတ်) တစ်စိတ်တစ်ပိုင်းအတွက် ဖြစ်ပါသည်။ ဥပမာအနေဖြင့် မြို့ပြဒေသများတွင် လုပ်ငန်းဆောင်ရွက် ပေးနေသူများ၏ အရှုံးပေါ်နေသောကုန်ကျစရိတ်များကိုကာမိစေရန် ဗဟို အစိုးရထံမှ နှစ်စဉ်ပံ့ပိုးမှုများ ရရှိနိုင်ပါသည်။ သို့တည်းမဟုတ် အများ သုံးစွဲနိုင်စေရန် ဈေးလျှော့ထားသော အခွန်အခများ အတွက်လည်း ပံ့ပိုး မှုများ ရရှိနိုင်ပါသည်။ ဤနည်းသည် ချမ်းသာသော မိသားစုများမှ ကုန်ကျစရိတ်များကို ကျသင့်သော အချိုးအစားထက် ပိုမိုပေးဆောင်ရ သော်လည်း ဆင်းရဲသော မိသားစုများ ရယူသုံးစွဲနိုင်စေမည့် ရိုးရှင်းသော နည်းတစ်ခု ဖြစ်ပါသည်။ ယန္တရားများ လုပ်ငန်းလည်ပတ်စရိတ်၊ နည်း ပညာပံ့ပိုးခြင်းနှင့် ဆော်ဩခြင်း ကုန်ကျစရိတ်များကို ပံ့ပိုးပေးရန် ဆွေးနွေး ခြင်းအား မူဝါဒရေးရာ ဆွေးနွေးပွဲများတွင် ချန်လှပ် ထားလေ့ရှိပါသည်။ |
| အသေးစားလုပ်ငန်း ရှင်များအား ပံ့ပိုး ခြင်း | အသေးစားလုပ်ငန်းရှင်များအား လုပ်ငန်းလည်ပတ်စရိတ် ပံ့ပိုးပေးခြင်း မျိုးကို များစွာမတွေ့ရပေ။ (ဥပမာအားဖြင့် အိမ်သာဆောက်လုပ်ပေးခြင်း၊ ရေပုတ်များစုပ်ထုတ်ခြင်းကဲ့သို့သော အသေးစားလုပ်ငန်းများ)။ သင်တန်း များ ပို့ချပေးခြင်း၊ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန် စီမံချက်ရေးဆွဲ ခြင်း၊ စာရင်းကိုင်သင်တန်းများနှင့် စာရင်းစစ်သင်တန်းများ ပို့ချပေးခြင်း အနေဖြင့်လည်း ပံ့ပိုးပေးနိုင်ပါသည်။ ဤသို့သော သင်တန်းများသည် ပတ်ဝန်းကျင်သန့်ရှင်းရေးကဏ္ဍ၏ နည်းပညာပံ့ပိုးခြင်းအပိုင်းတွင် ပါဝင် နေတတ်ပါသည်။ လုပ်ငန်းစတင်လည်ပတ်နိုင်ရန်အတွက် လိုအပ်သော ပစ္စည်းကိရိယာများ ဝယ်ယူနိုင်ရန် ငွေထုတ်ချေးခြင်း၊ အာမခံပေးခြင်း စသည်တို့သည် ပိုမိုဆီလျော်သော ပံ့ပိုးခြင်းမျိုးဖြစ်ပါသည်။ သို့အတွက် နောက်ဆုံးရယူ သုံးစွဲမည့် သူများအတွက်လည်း ကုန်ကျစရိတ် ပိုမို သက်သာစေနိုင်ပါသည်။ |
| “ဘုံ”လုပ်ငန်းလည် ပတ်စရိတ် ပံ့ပိုးခြင်း | ကွန်ယက်စနစ် သုံးစွဲနေသည့် အုပ်စုတစ်စုမှ ယင်းကွန်ယက်စနစ်အား ဆက်သွယ်သုံးစွဲလိုသည့် အခြားအုပ်စု တစ်ခု၏ ကုန်ကျစရိတ် တစ်စိတ် တစ်ပိုင်းကို ပံ့ပိုးပေးခြင်းဖြစ်ပါသည်။ ရေပေးရေးလုပ်ငန်းများတွင် ရေခွန် ရေခများမှတဆင့် ဤကဲ့သို့ ပံ့ပိုးပေးခြင်းကို ဆောင်ရွက်လေ့ ရှိပါသည်။ မြို့ပြဒေသများတွင် ရေများများသုံးစွဲသူများမှ ရေနည်းနည်း သုံးစွဲသူများ ထက် မိလ္လာစနစ်တွင်လည်း ပိုမိုများများသုံးစွဲကာ အခွန်အခများကို ပေး ဆောင်နေခြင်းအားဖြင့် ရေဆိုးသန့်စင်စနစ်နှင့် မိလ္လာကွန်ယက်တစ်ခုလုံး ညီတူညီမျှ အကျိုးခံစားရလျက် လည်ပတ်နေစေခြင်းသည် ဤသို့သော ရင်းနှီးမြှုပ်နှံမှုမျိုးပင် ဖြစ်သည်ဟု သီအိုရီသဘောအရ ဆိုနိုင်ပါသည်။ |

| | |
|---|---|
| သုံးစွဲမှုစရိတ် ပံ့ပိုးခြင်း | မြို့ပြဒေသများတွင် မိလ္လာစနစ်အတွက် ကောက်ခံသော အခွန်အခများ သည် အနည်းငယ်မျှသာ ဖြစ်ပါသည်။ တနည်းဆိုသော် သုံးစွဲမှု ကုန်ကျ စရိတ်ကို သက်သာစေရန် ပံ့ပိုးခြင်းဖြစ်၍ "သုံးစွဲမှုစရိတ် ပံ့ပိုးခြင်း" ပင် ဖြစ်ပါသည်။ ဤသို့ မိလ္လာခွန်များကို အနည်းအကျဉ်းသာ ကောက်ခံ ရသောကြောင့် လုပ်ငန်းဆောင်ရွက် နေသူများအနေဖြင့် မလွဲမသွေအရှုံး ပေါ်နေမည် ဖြစ်ပါသည်။ ယင်းဆုံးရှုံးနေသည့် ပမာဏကို ကာမိစေရန် လုပ်ငန်းဆောင်ရွက် ပေးနေသူများကို လုပ်ငန်းလည်ပတ်စရိတ် ပံ့ပိုးပေး ရပါမည်။ ထိုသို့ ဆောင်ရွက်ပေးခြင်းမရှိပါက ပုံမှန်ပြုပြင် ထိန်းသိမ်းစရိတ် များနှင့် ကွန်ယက်တစ်ခုလုံးအား အကြီးစားပြန်လည် ပြုပြင်စရိတ်များ တွင် လျော့နည်းစွဲရသည့် အခြေနေဖြစ်ပေါ်လာပေလိမ့်မည်။ |
| ရလာဒ်အခြေပြု ပံ့ပိုးခြင်း | ရလာဒ်အခြေပြုပံ့ပိုးခြင်းဆိုသည်မှာ စနစ်တစ်ခုကို အောင်မြင်စွာဆောင်ရွက် ပေးပြီးမှ ပံ့ပိုးပေးသည့် နည်းဖြစ်သည် (ဥပမာ။ မြေတူးခြင်း၊ လိုအပ်သော ပိုက်များဝယ်ယူခြင်းနှင့် အိမ်သာအမျိုးမျိုး ဆောက်လုပ်ခြင်းများအတွက် ကြိုတင် စိုက်ထုတ်ပေးခြင်းထက် မိလ္လာစနစ်များ ထိရောက်စွာအကောင် အထည်ဖော်ပြီးမှသာ ပံ့ပိုးခြင်း)။ ဤနည်းအားဖြင့် လုပ်ငန်းဆောင်ရွက် သည့်ကုမ္ပဏီအား ဆင်းရဲသောမိသားစုများ၏ အိမ်သာများနှင့် မိလ္လာ ကွန်ယက်စနစ်ကို ဆက်သွယ်ပေး၍ ကြိုတင်သဘောတူထားသည့် ကောင်း မွန်ပြီးစီးအောင် ဆောင်ရွက်ပြီးမှသာ ကုန်ကျစရိတ်များကို ပေးချေမည် ဖြစ်ပါသည်။ ရေဆိုးသန့်စင် စနစ်များကို လည်ပတ်နေသော ကုမ္ပဏီများ၊ ဆင်းရဲသော အိမ်ထောင်စုများ၏ အညစ်အကြေးများကို သိုလှောင်ကန်များမှ ရေဆိုးသန့်စင်စနစ်သို့ ပိုမိုသယ်ဆောင်လာသည့် ပုဂ္ဂလိကရေပုတ်စုပ် လုပ်ငန်း လုပ်ဆောင်နေသူများကိုလည်း ဤနည်းစနစ်ဖြင့် ပံ့ပိုးပေးနိုင် ပါသည်။<br>-အလားတူပင် ကျေးလက်ဒေသများ၌လည်း ကြုံရာနေရာတွင် မစင်စွန့် သည့် အလေ့အထ ၁၀၀ % ပပျောက်သွားအောင် ဆောင်ရွက်ပေးသော ဒေသ ဆိုင်ရာအစိုးရအဖွဲ့များနှင့် အခြားဆောင်ရွက်ပေးသည့် အဖွဲ့အစည်းများကို လည်း ဤနည်းအတိုင်း ပံ့ပိုးပေးနိုင်ပါသည်။ |

| | |
|---|---|
| လုပ်ငန်းလည်ပတ် စရိတ် ပံ့ပိုးပေးခြင်း | လုပ်ငန်းအကောင်အထည်ဖော်ခြင်းကို ပိုမိုအားပေးသည့် မူဝါဒများကြောင့် ပံ့ပိုးမှုများတွင် လစ်ဟာမှုများကို ဖြစ်စေပါသည်။ ဥပမာပြရသော် မြို့ပြဒေသများတွင် လုပ်ငန်းကြီးများကို အကောင်အထည်ဖော် ဆောင်ရွက် သည့် လုပ်ငန်းရှင်ကြီးများသည် တည်ဆဲနည်းဥပဒေများအရ လက်ဝါးကြီးအုပ်ထားနိုင်သည့် အခွင့်အရေးပေးထားခြင်း(သို့မဟုတ်)နည်းပညာဆိုင်ရာ စံချိန်စံညွှန်းများနှင့် စံသတ်မှတ်ချက်များအရ မိလ္လာကွန်ယက်စနစ်အား အခြားသော ကွန်ယက်မဟုတ်သော စနစ်များထက် ပိုမိုအလေးပေးခြင်း တို့ရှိနေပါသည်။ သို့အတွက်ကြောင့် လုပ်ငန်းရှင်အသေးစားများအနေဖြင့် လုပ်ငန်းလည်ပတ်စရိတ်များကို ပိုမိုမြင့်တက်လာစေပါသည်။ ထို့ကြောင့် လုပ်ငန်းရှင်ကြီးများအတွက်သာ ပိုမိုပံ့ပိုးပေးရန် အားပေးနေပါသည်။ |
| ပံ့ပိုးနိုင်ရန် အကြွေးပေးခြင်း။ | အိမ်ထောင်စုများ၏ ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများအတွက် သက်သာသော အတိုးနှုန်းများနှင့် ငွေထုတ်ချေးပေးနိုင်သော အသေးစားချေးငွေလုပ်ငန်း ဆောင်ရွက်နေသည့် အဖွဲ့အစည်းများကို ပံ့ပိုးပေးခြင်း၊ အာမခံပေးခြင်းများမှတဆင့် ပြည်သူ့ဘဏ္ဍာငွေများကို ပတ်ဝန်းကျင်သန့်ရှင်းရေး ကဏ္ဍအတွင်း ရောက်ရှိသွားစေခြင်းသည် နောက်ဆုံးဖော်ထုတ်ထားသော အစီအစဉ်တစ်ခု ဖြစ်သည်။ ဤသို့သော အသေးစားချေးငွေလုပ်ငန်းများမှ အိမ်ထောင်စုများအား ရေရှည်တွင် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ အဆောက်အဦများ ထိန်းသိမ်းခြင်းနှင့် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်စေရန် အခြားအရေးကြီးသည့် လုပ်ငန်းများဖြစ်သည့် အသေးစားအာမခံ လုပ်ငန်းများနှင့် အသေးစား ငွေစုဆောင်းခြင်းကိုလည်း ကူညီထောက်ပံ့ ပေးကောင်းပေးနိုင် ပေလိမ့်မည်။ ဤသို့ ပြည်သူ့ဘဏ္ဍာငွေများကို အသေးစားချေးငွေလုပ်ငန်း ဆောင်ရွက်နေသော အဖွဲ့အစည်းများမှတဆင့် လွှဲပြောင်းပေးခြင်းကြောင့် အသေးစားချေးငွေလုပ်ငန်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်လာစေပါသည်။ |

Source: (Evans, Voorden et al. 2009)

## ဘဏ္ဍာရေးဆိုင်ရာ ချဉ်းကပ်ပုံ

- နယ်သာလန်နိုင်ငံ အခြေစိုက် International Reference Central for Water Sanitation (IRC)အဖွဲ့သည် WASHCost ဟု ခေါ်သော စီမံကိန်းတစ်ခုတွင် ရေရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာစီမံကိန်းများအတွက် ကုန်ကျစရိတ်တွက်ချက်နိုင်ရန် "Life-cycle" Cost Approach ကို ထုတ်ဖော်ခဲ့ပါသည်၊ ဤ Approach မှ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကျေးလက်ဒေသများနှင့် မြို့ဆင်ခြေဖုံးဒေသများ၌ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာကုန်ကျစရိတ်များကို ဆန်းစစ်ရန် မူဘောင်ကို ချမှတ်ထားပါသည်၊ ၎င်းမူဘောင်ကို ဖော်ထုတ်ခြင်းဖြင့် ဝန်ဆောင်မှုလုပ်ငန်းတန်ဘိုးများနှင့် စာရင်းဇယားရေး

ဆွဲခြင်းများ၊ ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ လိုက်လျောညီထွေမှု ရှိ/မရှိ နှိုင်းယှဉ်နိုင်ရန် အထောက်အကူဖြစ်စေပါသည်၊[29]

- "Life-cycle" Cost (LCC) သည် သတ်မှတ်ထားသော ဒေသအတွင်းရှိ လူဦးရေအားလုံးအတွက် လုံလောက်၍ညီမျှမှုရှိပြီး အရှည်တည်တံ့မည့် ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် သန့်ရှင်းရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ အပြည့်အဝလုပ်ဆောင်ရာတွင် ကုန်ကျမည့် စုစုပေါင်းတန်ဘိုးဖြစ်ပါသည်၊ ဤကုန်ကျစရိတ်များတွင် အောက်ဖော်ပြပါအချက်များ ထည့်သွင်းစဉ်းစားလျက် ရေတို/ရေရှည်ကာလများအတွက် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့ပါဝင်ပါသည်-
  - ပစ္စည်းပံ့ပိုးခြင်းနှင့် နည်းပညာပံ့ပိုးခြင်းတို့အတွက် လိုအပ်ချက်များ
  - လုပ်ငန်းပုံမှန်လည်ပတ်မှုနှင့် ပြုပြင်ထိန်းသိမ်းမှုများ
  - အကြီးစားပြုပြင်ထိန်းသိမ်းရေး
  - မတည်ရင်းနှီးငွေ
  - အရင်းအမြစ် ကာကွယ်ထိန်းသိမ်းခြင်းသင်တန်းများ၊ စွမ်းဆောင်ရည် တိုးတက်စေရေး စီမံချက်ရေးဆွဲရေး၊ ဆင်းရဲသူများကို ထောက်ပံ့နိုင်ရန် ဖွဲ့စည်းပုံထားရှိရေး စသည်တို့ ပါဝင်သော တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍ သော်လည်းကောင်း ကုန်ကျမည့် ထောက်ပံ့မှုများ[30]

- ဤကုန်ကျစရိတ်များကို ယေဘူယျအားဖြင့် (၂)မျိုးခွဲခြားထားပါသည်-
  - **နှစ်စဉ်လိုအပ်မည့် ကုန်ကျစရိတ်** - ဤကုန်ကျစရိတ်တွင် လုပ်အားခများ၊ လစာများ၊ လောင်စာဆီ၊ လျှပ်စစ်၊ ဓါတုနှင့်အခြားပစ္စည်းများ၊ ပြင်ဆင်ထိန်းသိမ်းရန်အတွက် လိုအပ်သော အပိုပစ္စည်းများနှင့် အသေးစားပစ္စည်းအမျိုးအစားများ အပါအဝင် ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ စနစ်များ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ဆက်တိုက်ပုံမှန်လည်ပတ်နေစေရန်အတွက် ကုန်ကျစရိတ်များ ပါဝင် ပါသည်၊ အချို့သော နှစ်စဉ်လိုအပ်မည့် ကုန်ကျစရိတ်များမှာ စီမံခန့်ခွဲမှုအမျိုးအစားဖြစ်ပြီး ဝန်ဆောင်မှုလုပ်ငန်းအဆင့် (ဥပမာ- အုပ်ချုပ်မှုအတွက် လစာများ၊ ရုံးငှားရမ်းစရိတ်များ၊ သုတေသနပြုမှုများ၊ စောင့်ကြည့်မှုများ၊ မီတာဖတ်ခြင်းများ၊ ပုံမှန်ပြုပြင် ထိန်းသိမ်းခြင်းများ)နှင့် သက်ဆိုင်မှုမရှိပဲ ပုံမှန်လိုအပ်မည့် စရိတ်ဖြစ်ပေသည်၊ အချို့သော အမျိုးအစားများမှာ

[29] Catarina Fonseca, Franceyset *al.*, 2011, *Briefing Note 1a: Life-cycle costs approach: Costing sustainable services*, IRC International Water and Sanitation Centre, NL

[30] Catarina Fonseca, Franceyset *al.*, 2011, *Briefing Note 1a: Life-cycle costs approach: Costing sustainable services*, IRC International Water and Sanitation Centre, NL

ဂန်ဆောင်မှုလုပ်ငန်းအကြီးအသေးအပေါ်မူတည်၍ အပြောင်းအလဲများ၊ အတက်အကျများ ရှိနိုင်ပေသည် (ဥပမာ- သန့်စင်ရေး အသုံးပြုရန် ဓါတုပစ္စည်းများ၊ ရေစုပ်စက်အတွက် သုံးရန် လျှပ်စစ်စွမ်းအင်) ဤပြောင်းလဲမှု ရှိသော ကုန်ကျစရိတ်များအတွက် ရန်ပုံငွေ သုံးစွဲသူများထံမှ ကောက်ယူခြင်းသည် ရေရှည်တည်တံ့ရန်အတွက် အသင့်အလျော်ဆုံးဖြစ်ပေသည်၊[31] အိမ်သာနှင့် မိလ္လာစနစ် များအတွက် နှစ်စဉ်လိုအပ်မည့် ကုန်ကျစရိတ်များမှာ သန့်ရှင်းရေးပြုလုပ်ခြင်း၊ ရေဆိုးတွင်းများ ပြည့်သောအခါ စုပ်ထုတ်ခြင်းနှင့် ပြုပြင်ဆောက်လုပ်ခြင်းတို့အတွက် ဖြစ်ပါသည်။

- **မတည်ကုန်ကျစရိတ်** - ဤကုန်ကျစရိတ်သည် အကြီးစားပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် အစားထိုး အသစ်ပြန်လည် ဆောက်လုပ်ရေးလုပ်ငန်းများ ခေတ်မီအောင် လုပ်ဆောင်ခြင်းများနှင့် ပြန်လည် မွမ်းမံဆောက်လုပ်ခြင်း လုပ်ငန်းများ[32] အပါအဝင် အကြီးစားရင်းနှီးမြှုပ်နှံရန် လိုအပ်သည့် ကုန်ကျစရိတ်များ ဖြစ်ပါသည်၊ ၎င်း၌ အခြေခံအဆောက်အအုံနှင့် ဖွဲ့စည်းပုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်နွယ်နေသော နည်းပညာပံ့ပိုးခြင်း အပိုင်းများလည်း ပါဝင်ပါသည်။

[31] EUWI-FWG, 2011
[32] EUWI-FWG, 2011

ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှု အစီအစဉ်(၂၀၁၆ - ၂၀၃၀)

**WASH** WATER SANITATION HYGIENE

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
http://www.mali.gov.mm

## ပညာရေးဝန်ကြီးဌာန
http://www.myanmar-education.edu.mm

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
http://www.moh.gov.mm



ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

အခြေခံပညာဦးစီးဌာန

ပြည်သူ့ကျန်းမာရေးဦးစီးဌာန